

# ဘက်စုံစာသင်ကျောင်း
# ဘေးကင်းလုံခြုံရေးသင်တန်း
# လမ်းညွှန်စာအုပ်

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# သင်တန်းစာအုပ် မိတ်ဆက်


ဤသင်တန်းလမ်းညွှန်စာအုပ်သည် နိုင်ငံအဆင့်တွင် ဘေးကင်းလုံခြုံသော စာသင်ကျောင်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်နေကြသော Plan ဌာနေရုံးချုပ်နှင့် ပြည်တွင်း အစိုးရမဟုတ်သည့် မိတ်ဖက်အဖွဲ့ အစည်းများမှ ဝန်ထမ်းများ အတွက် ရည်ရွယ်ပါသည်။ ဤလမ်းညွှန်စာအုပ်တွင် အာရှဒေသများရှိ အခြားနိုင်ငံများတွင် Plan ၏ ဘေးကင်းလုံခြုံသော စာသင်ကျောင်းသင်တန်းများပံ့ပိုးပေးခဲ့သည့် ARO အတွေ့အကြုံအများကို တစုတစည်းတည်း ပြုစုထားသည်။ ဤစာအုပ်ကို Plan အာရှဘေးကင်းလုံခြုံသောစာသင်ကျောင်းအထူး တပ်ဖွဲ့မှ Plan ဆွီဒင်နိုင်ငံ ဘေးအန္တရာယ်ဖြစ်နိုင်ခြေစီမံခန့်ခွဲမှုအကြံပေး Ms Olivia Forsberg, Plan မြန်မာမှ ဘေးဒဏ်ခံနိုင်စွမ်း ကျွမ်းကျင်ပညာရှင် (Resilience Specialist) ဖြိုးဟေမာသန်းထွန်း၊ Plan Pakistan မှ စာသင်ကျောင်းဘေးကင်းလုံခြုံရေး ကျွမ်းကျင်ပညာရှင် Mr Ejaz Ahmad၊ Plan Indonesia မှ မြို့ပြဘေးကင်းလုံခြုံသောစာသင်ကျောင်းစီမံကိန်း ညှိနှိုင်းရေးမှူး Mr Imamul Azam Shahi ၊ Plan Bangladesh မှ DRR နှင့် CCA စီမံချက် မန်နေဂျာ Mr Imamul Azam Shahi နှင့် Plan ARO မှ ဒေသတွင်း ဘေးကင်းလုံခြုံသောစာသင်ကျောင်း စီမံကိန်း ညှိနှိုင်းရေးမှူး Mrs Bun Peuvchenda တို့မှ ပြုစုရေးသားခဲ့ကြသည်။

ပြည့်စုံသည့် စာသင်ကျောင်း ဘေးကင်းလုံခြုံရေး သင်တန်းသည် ဘေးကင်းသည့် စာသင်ကျောင်းတို့တွင် လိုအပ်သည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို သင်ယူရန်လည်းကောင်း၊ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများ တည်ဆောက်ရန်အတွက် ကျောင်းအဆင့်တွင် စစ်တမ်းကောက်ယူမှုပြုလုပ်ရန် နည်းကိရိယာများနှင့် နည်းလမ်းတို့ကို သင်ယူရန်လည်းကောင်း အခွင့်အရေးကို ဖန်တီးပေးသည်။ ဤသင်ခန်းစာပြီးဆုံးသည့်အခါတွင် သင်တန်းသူ/ သားများမှ

(၁) ဘက်စုံ စာသင်ကျောင်းဘေးကင်းလုံခြုံရေး၏ အယူအဆများကို တူညီသည့် နားလည်မှုရှိလာခြင်း။

(၂) ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများ၏ အရည်အသွေးကို မြှင့်တင်ရန်အတွက် သူတို့၏ ဗဟုသုတ နှင့် ကျွမ်းကျင်မှုများကို တိုးမြှင့်နိုင်ခြင်း။

(၃) အခြား ပါဝင်ပတ်သက်သူများအားဘက်စုံစာသင်ကျောင်းဘေးကင်းလုံခြုံမှု သင်တန်းများ ပံ့ပိုးပေး နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြမည်ဖြစ်သည်။



ဤလက်စွဲစာအုပ်ကို ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၅-ခုနှစ် ဩဂုတ်လတွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ဇွန်-ဇူလိုင်တွင်လည်းကောင်း ပြုစုရေးသား၍စမ်းသပ်ခဲ့ပြီး ၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလတွင်ပြန်လည်ပြင်ဆင် ရေးသားခဲ့သည်။ ထို့နောက် Plan International Myanmar မှ ASSI စာသင်ကျောင်းဘေးကင်းလုံခြုံရေး နည်းလမ်းအသွယ်သွယ် လက်စွဲစာအုပ်ကိုက်ညီမှုရှိစေရန် ပြန်လည်သုံးသပ်ပြီး အပြီးသတ်ရေးသားခဲ့ကြသည်။

# ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေး သင်တန်းလမ်းညွှန်စာအုပ်

## မာတိကာ


သင်တန်းစာအုပ်မိတ်ဆက်

ပါဝင်သည့်အခန်းကဏ္ဍများ

အခန်း( ၁ ) ပညာရေးကဏ္ဍမူဝါဒများနှင့် အစီအစဉ်များမှ DRR အပါအဝင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု ( DRM ) အခြေခံအယူအဆ

( ၁.၁ ) ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှုနှင့် အခြေခံအယူအဆများ ၁

( ၁.၂ ) ပညာရေးကဏ္ဍရှိ DRR ကမ္ဘာနှင့်ဒေသတို့၏ ဦးတည်ရာ ၄

ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေးမူဘောင်နှင့် ပညာရေးကဏ္ဍရှိ ဘေးအန္တရာယ်ထိခိုက်မှု လျော့ချရေးမူဝါဒများနှင့် ကမ္ဘာလုံးဆိုင်ရာ ဦးတည်ချက်များ

( ၁.၂ ) ပြည့်စုံသည့်စာသင်ကျောင်း ဘေးကင်းလုံခြုံမှုဆိုတာ ဘာလဲ ၆

( ၁.၃ ) ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေးမူဘောင် ၆

အခန်း( ၂ ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု

( ၂.၁ ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းများ ၁၀

( ၂.၂ ) ဘေးဖြစ်နိုင်ခြေ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်များကို သိရှိခြင်း ၁၁

( ၂.၃ ) သင်၏အစီအစဉ်ကို ပြုစုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ခြင်း ၁၃

( ၂.၄ ) စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ၁၅

( ၂.၅ ) စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်သုံးသပ်ခြင်း ၁၉

( ၂.၆) စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ကို ကျေးရွာအုပ်စု မြို့နယ်အဆင့်တို့နှင့် ချိတ်ဆက်ခြင်း ၂၁

အခန်း( ၃ ) ဘေးဖြစ်နိုင်ခြေလျော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေး

( ၃.၁ ) ဘေးဖြစ်နိုင်ခြေလျော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေး ၂၃

( ၃.၂ ) စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးကို ထည့်သွင်းပြီး ဘေးဖြစ်နိုင်ခြေလျော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေး၏ အကောင်းဆုံး အလေ့အကျင့်များများကိုဝေမျှခြင်း ၅

အခန်း( ၄ ) ဘေးကင်းလုံခြုံသောပညာရေး ပံ့ပိုးပစ္စည်းများ

( ၄.၁ ) အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့် ဘေးကင်းလုံခြုံမှု ၂၉

( ၄.၂ ) ဘေးဒဏ်ခံနိုင်စွမ်းရှိသောစာသင်ကျောင်း ၃၂

အခန်း( ၅ ) ဘေးကင်းလုံခြုံသောစာသင်ကျောင်းများမှ ကဏ္ဍစုံနှင့်ချိတ်ဆက်နေသည့် ကဏ္ဍများ

( ၅.၁ ) ဘေးကင်းလုံခြုံရေးစာသင်ကျောင်းများတွင် ကျား/မရေးရာ ၃၄

( ၅.၂ ) ဘေးကင်းလုံခြုံသောစာသင်ကျောင်းများကို ပါတ်ဝန်းကျင်ရှုထောင့်မှ ကြည့်ရှုခြင်း ၃၈

( ၅.၃ ) ဘေးကင်းလုံခြုံသောစာသင်ကျောင်းများတွင် မသန်စွမ်းများပါဝင်စေရေး လမ်းညွှန်ချက်များ ၄၀

အခန်း( ၆ ) ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းစီမံကိန်းများတွင် ကဏ္ဍပေါင်းစုံကို ထည့်သွင်းခြင်း

( ၆.၁ ) ဘယ်အရာတွေက ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦး ဖြစ်စေသလဲ ၄၂

( ၆.၂ ) ထင်မြင်ချက်ပေးခြင်းနှင့် လက်ခံခြင်း ၄၅

( ၆.၃ ) ဦးဆောင်ဆွေးနွေးသူမှ ပြုလုပ်လေ့ရှိသည့်အမှားများ ၄၇

( ၆.၄ ) သင်ယူမှုအတားအဆီးများ ၄၈

# ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေး သင်တန်းလမ်းညွှန်စာအုပ်

## မာတိကာ


ဦးဆောင်ဆွေးနွေးသူ၏မှတ်စုများ

| | | | |
|---|---|---|---|
| နောက်ဆက်တွဲ ( ၁ ) | ( ၁.၁ ) | ဘေးဖြစ်နိုင်ခြေစီမံခန့်ခွဲမှု အခြေခံအယူအဆများ | ၅၁ |
| | ( ၁.၂ ) | ပညာရေးတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍ၏ တကမ္ဘာလုံးနှင့် ဒေသတွင်းဦးတည်ရာ | ၅၄ |
| | ( ၁.၃ ) | ပြည့်စုံသည့်စာသင်ကျောင်း ဘေးကင်းလုံခြုံရေးဆိုတာ ဘာလဲ | ၅၈ |
| နောက်ဆက်တွဲ ( ၂ ) | ( ၂.၁ ) | စာသင်ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ရှားမှုများ | ၆၂ |
| | ( ၂.၂ ) | သင်၏ဘေးဖြစ်နိုင်ခြေများ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်များ | ၆၄ |
| | ( ၂.၃ ) | သင်၏အစီအစဉ်များကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ချက် | ၇၁ |
| | ( ၂.၄ ) | စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု | ၈၆ |
| | ( ၂.၅ ) | စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း | ၉၁ |
| | ( ၂.၆ ) | စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ် အဆင့်ဖြင့် ချိတ်ဆက်ခြင်း | ၉၈ |
| နောက်ဆက်တွဲ ( ၃ ) | ( ၃.၁ ) | ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေးအတွက် အဓိကသတင်းစကားများ | ၁၀၁ |
| | ( ၃.၂ ) | စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို ထည့်သွင်းရန်အတွက် ဦးဆောင်ဆွေးနွေးသူ၏ မှတ်စု | ၁၀၇ |
| နောက်ဆက်တွဲ ( ၄ ) | ( ၄.၁ ) | အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့်အပိုင်း ဘေးကင်းလုံခြုံရေး | ၁၀၃ |
| | ( ၄.၂ ) | ဘေးအန္တရာယ်ခံနိုင်စွမ်းရှိသော စာသင်ကျောင်း | ၁၁၆ |
| နောက်ဆက်တွဲ ( ၅ ) | ( ၅.၁ ) | ဘေးကင်းလုံခြုံသောစာသင်ကျောင်းများရှိ ကျား/မ ရေးရာကဏ္ဍ | ၁၁၈ |
| | ( ၅.၂ ) | ဘေးကင်းလုံခြုံသောစာသင်ကျောင်းကို ပတ်ဝန်းကျင်ရှုထောင့်မှလေ့လာခြင်း | ၁၂၁ |
| | ( ၅.၃ ) | ဘေးကင်းလုံခြုံသောစာသင်ကျောင်းတွင် မသန်စွမ်းများပါဝင်စေရန် လမ်းညွှန်ချက်များ | ၁၂၂ |
| နောက်ဆက်တွဲ ( ၆ ) | ( ၆.၁ ) | ဘယ်အချက်တွေက ဦးဆောင်ဆွေးနွေးသူကောင်း တစ်ဦးဖြစ်စေသလဲ | ၁၂၆ |
| | ( ၆.၂ ) | ဦးဆောင်ဆွေးနွေးသူတစ်ဦး၏ မှတ်စုများ၊ ထင်မြင်ချက်များပေးခြင်းနှင့် ရယူခြင်း | ၁၄၄ |
| | ( ၆.၃ ) | သင်ယူမှုအတားအဆီးများ | ၁၄၇ |

# NOTE

# အခန်း ( ၁ )

# ပညာရေးကဏ္ဍမူဝါဒများနှင့် အစီအစဉ်များမှ DRR အပါအဝင် ဘေးအန္တရာယ် ဖြစ်နိုင်ခြေစီမံခန့်ခွဲမှု (DRM) အခြေခံအယူအဆ

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# NOTE

# အခန်း ( ၁ )

# ပညာရေးကဏ္ဍမူဝါဒများနှင့် အစီအစဉ်များမှ DRR အပါအဝင် ဘေးအန္တရာယ် ဖြစ်နိုင်ခြေစီမံခန့်ခွဲမှု (DRM) အခြေခံအယူအဆ

## ဖော်ပြချက်

xxxxxxxxxxxxx

၁။ ဤအခန်းတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေစီမံခန့်ခွဲမှု (DRM) အကြောင်းအရာ၏ အခြေခံ အခေါ်အဝေါ်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရှင်းပြထားပြီး လက်ရှိပညာရေးကဏ္ဍ မူဝါဒများနှင့် အစီအစဉ်များရှိ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအကြောင်းအရာများကို ရှင်းလင်းဖော်ပြထားသည်။

## လေ့လာရခြင်း၏ရည်ရွယ်ချက်များ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၂။ ဤအခန်းပြီးဆုံးသည့်အခါတွင် သင်တန်းတက်သူများသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု အကြောင်းအရာ၏ အခြေခံအချက်အလက်များကို ပြောဆိုဖော်ပြနိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် -

( ၁ ) ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု စက်ဝန်းတွင် အသုံးပြုထားသော အခြေခံအသုံးအနှုန်းများနှင့် အယူအဆများကို ပြောဆိုနိုင်ခြင်း ။

( ၂ ) ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို မည်သို့ လျှော့ချရမည်ကို နားလည်ခြင်း ။

( ၃ ) ကမ္ဘာနှင့် ဒေသတွင်းရှိ ပညာရေးကဏ္ဍ၏ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍ ဦးတည်ရာကို နားလည်ခြင်း - စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

## လေ့လာရန် အပိုင်းများ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၃။ အောက်ပါခေါင်းစဉ်များ ပါဝင်မည်ဖြစ်သည်-

အပိုင်း ( ၁.၁ ) ဘေးအန္တရာယ်ဖြစ်နိုင်ခြေစီမံခန့်ခွဲမှု အခြေခံ အယူအဆများ

အပိုင်း ( ၁.၂ ) ကမ္ဘာနှင့် ဒေသတွင်းရှိ ပညာရေးကဏ္ဍ၏ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍ ဦးတည်ရာ

အပိုင်း ( ၁.၃ ) မြန်မာနိုင်ငံရှိပြည့်စုံသည့် စာသင်ကျောင်း ဘေးကင်းလုံခြုံရေး

## အခန်း ( ၁.၁ )

## ဘေးအန္တရာယ်ဖြစ်နိုင်ခြေစီမံခန့်ခွဲမှုအခြေခံ အယူအဆများ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်များ

ဤအပိုင်းပြီးဆုံးသည့်အခါတွင် သင်တန်းတက်သူများသည် အောက်ပါတို့ကို နားလည်နိုင်မည်ဖြစ်သည်-

( ၁ ) ဘေးအန္တရာယ်ဖြစ်နိုင်ခြေစီမံခန့်ခွဲမှုအခြေခံ အသုံးအနှုန်းများ

( ၂ ) ဘေးအန္တရာယ်စီမံခန့်ခွဲမှု စက်ဝန်း

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

## ၂။ လိုအပ်သော ပစ္စည်းများ

မာကာမင် အထူ၊ ရှက်လှန်စာရွက်ကြီးများ၊ တိပ်၊ နောက်ဆက်တွဲ ဖြတ်ညှပ်ထားသည့် DRM အသုံးအနှုန်းများ၊ (အဖွဲ့တစ်ဖွဲ့အတွက်-တစ်စုံ)၊ ရုပ်/သံတင်ဆက်မှု ကိရိယာ ၊ ဗွီဒီယိုပြရန် ပိတ်ကားချပ်(screen) ၊ နှင့် ပါဝါပွိုင့်များ ။

## ၃။ ကြာမြင့်ချိန်

၁ နာရီ နှင့် ၃၀ မိနစ်

## ၄။ သင်ခန်းစာ အစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ရန်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၅ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၁ မိတ်ဆက်ခြင်း နှင့် သိကျွမ်းရင်းနှီးအောင် ပြုလုပ်ခြင်း။ | ပါဝါပွိုင့် |
| လုပ်ဆောင်ချက်၂ | ၆၀ မိနစ် | ၇၅ မိနစ် | လုပ်ဆောင်ချက်၂ အဓိက ဘေးအန္တရာယ်ဖြစ်နိုင်ခြေစီမံခန့်ခွဲမှု အသုံးအနှုန်းများ | ရှက်လှန်စာရွက်ကြီးများ၊တိပ်၊ နောက်ဆက်တွဲ ဖြတ်ညှပ်ထားသည့် DRMအသုံးအနှုန်းများ၊ (အဖွဲ့တစ်ဖွဲ့အတွက် တစ်စုံ)၊ mulmedia ၊ ဗွီဒီယိုပြရန် ပိတ်ကားချပ်၊ နှင့် ပါဝါပွိုင့်များ ။ |
| လုပ်ဆောင်ချက်၃ | ၁၅ မိနစ် | ၉၀ မိနစ် | လုပ်ဆောင်ချက် ၃၊ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေး | ပါဝါပွိုင့် |

## ၅။ သင်တန်း အစီအစဉ်

### လုပ်ဆောင်ချက် ( ၁ ) မိတ်ဆက်ခြင်း နှင့် ကြိုဆိုခြင်း ။

ဦးဆောင်ဆွေးနွေးသူမှ သင်ခန်းစာနှင့် အခန်းတို့၏ ရည်ရွယ်ချက်များကို ရှင်းပြပါ။သင်တန်းမှာ ပထမအပိုင်း အစီအစဉ်ဖြစ်သည့်အတွက် သင်တန်းတက်သူများအတွက် သိကျွမ်းရင်းနှီးစေရန် ကစားနည်းတစ်ခုကို ကစားပါ။

### လုပ်ဆောင်ချက် (၂ ) အဓိက ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု အသုံးအနှုန်းများ

ဦးဆောင်ဆွေးနွေးသူသည် သင်တန်းတက်သူများကို အရွယ်အစားပေါ် မူတည်ပြီး အဖွဲ့ ၃-၄ ယောက်ဖြင့် ဖွဲ့သည်။ ဦးဆောင်ဆွေးနွေးသူသည် အဖွဲ့တစ်ဖွဲ့စီအား စကားလုံးများနှင့် ၎င်းတို့၏ အဓိပ္ပာယ်များပါဝင်သော ကဒ်များကို ပေးထားပါ ၊ (သို့) အောက်ပါစကားလုံးများ ပါဝင်သော ပုံများကို ပေးထားသည်။

( ၁ ) အန္တရာယ်
( ၂ ) ဘေးဖြစ်နိုင်ခြေ
( ၃ ) ထိခိုက်လွယ်မှု
( ၄ ) စွမ်းဆောင်ရည်
( ၅ ) ဘေးအန္တရာယ်များ
( ၆ ) ကယ်ဆယ်ရေး/တုံ့ပြန်ဆောင်ရွက်မှု
( ၇ ) ထိခိုက်မှုလျော့နည်းစေခြင်း
( ၈ ) ကြိုတင်ပြင်ဆင်မှု
( ၉ ) ကြိုတင်ကာကွယ်ခြင်း
(၁၀) ပြန်လည်ထူထောင်ရေး
(၁၁) ပြန်လည်တည်ဆောက်ရေး

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

## ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို မေးရန်

( ၁ ) စကားလုံး/ဝေါဟာရနှင့် ၄င်းတို့၏ အဓိပ္ပာယ် (သို့) ပေးထားသော ရုပ်ပုံများဖြင့် တွဲပါ
( ဦးဆောင်ဆွေးနွေးသူသည် ရုပ်ပုံများကိုအဖွဲ့လိုက်ဆွေးနွေးရန်အတွက် ပေးထားလျှင် ရုပ်ပုံမှာ ရှင်းလင်းပြီး နားလည်ရလွယ်ကူစေရမည်)

( ၂ ) ပေးထားသော ဝေါဟာရများကို အသုံးပြု၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှု စက်ဝန်းကို စီစဉ်ရန် ၊
( မှတ်ချက်။ ။ဦးဆောင်ဆွေးနွေးသူသည် သင်တန်းတက်သူများကို အန္တရာယ်၊ ဘေးဖြစ်နိုင်ခြေ၊ ထိခိုက်လွယ်မှုနှင့်စွမ်းဆောင်ရည်တို့မှာဘေးအန္တရာယ်စီမံခန့်ခွဲမှုစက်ဝန်းနှင့်မသက်ဆိုင်ကြောင်းကို အသိပေးရမည်။ )

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 1.DRM basic Concepts ဖိုင်ကိုကြည့်ပါ )

အဖွဲ့လိုက်ဆွေးနွေးမှုပြီးသည့်အခါ ဦးဆောင်ဆွေးနွေးသူမှ အဖွဲ့တစ်ဖွဲ့စီအား သူတို့၏အဖွဲ့အပေါ်တွင် ဦးဆောင်ဆွေးနွေးသူ၏တင်ဆက်မှု၏ အဖြေမှန်များပေါ်မူတည်ပြီး အမှတ်ပေးရန်ဖြစ်သည်။
ဦးဆောင်ဆွေးနွေးသူသည် slides (၄-၁၆)ကို ရှင်းပြပြီး အဖွဲ့လိုက်လုပ်ဆောင်မှုများမှ အဖြေများကို ပြန်လည်ကြည့်ရှုရမည်။ အဖွဲ့တစ်ဖွဲ့စီသည် သူတို့တွင် အဓိပ္ပာယ်ဖွင့်ဆိုထားမှု မှန်ကန်ခြင်း ရှိ/မရှိကို ဆန်းစစ်ရမည်။ သင်ခန်းစာပြီးသည့်အခါတွင်ဦးဆောင်ဆွေးနွေးသူသည် အဖွဲ့ကို အမှန်ကန်ဆုံးအဖြေနှင့် အသိအမှတ်ပြုရမည်ဖြစ်ပြီး သင်တန်းတက်သူတို့တွင် ရှိနိုင်သည့် မေးခွန်းအားလုံးကို ရှင်းလင်းဖြေကြားရမည်။

## လုပ်ဆောင်ချက် ( ၃ ) ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး

ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို " ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးဆိုတာဘာလဲ " ဆိုသည့် မေးခွန်းကို ကြိုတင်မေးထားပါ။
သင်တန်းတက်သူများထံမှ အဖြေများရရှိသည့်အခါတွင် အဖြေများကို အကျဉ်းချုပ်ပြီး သင်ခန်းစာကို အဆုံးသတ်ရမည်။
( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 1.DRM basic Concepts ဖိုင်ကိုကြည့်ပါ )



# အခန်း ( ၁.၂ )
# ပညာရေးကဏ္ဍ ရှိ DRR ကမ္ဘာနှင့် ဒေသတို့၏ ဦးတည်ရာ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

## ၁။ ရည်ရွယ်ချက်

သင်တန်းတက်သူများကိုကမ္ဘာနှင့် ဒေသအဆင့်တွင် ပညာရေးကဏ္ဍရှိ DRR ကိစ္စတို့ ဖြစ်ရပ်နေမှုများကို နားလည် စေရန်။

## ၂။ ပစ္စည်းများ

ပါဝါပွိုင့် တက်ဆက်မှုများ၊ ပညာပေးကဒ်များ၊ မာကာ၊ ရွက်လှန်စာရွက်ကြီးများ၊ တိပ်များ ၊ ယူဂိုလုပ်ဆောင်ရွက်ရေးမူဘောင် ၂၀၀၅-၂၀၁၅ နှင့် ၂၀၁၅-၂၀၃၀ ခုနှစ် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ဆန်ဒိုင်း မူဘောင် ၏ကြိုတင်ရေးထားသော ကဒ်များ။

## ၃။ ကြာမြင့်ချိန်

၄၅ မိနစ်

## ၄။ သင်တန်းပေးမှု အစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၅ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ( ၁ )<br>ယူဂိုလုပ်ငန်းဆောင်ရွက်ရေး မူဘောင် ၂၀၀၅-၂၀၁၅ နှင့် ၂၀၁၅-၂၀၃၀ခုနှစ် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ဆန်ဒိုင်း မူဘောင် | ပါဝါပွိုင့်ပြသမှုများ၊ ပညာပေး card များ၊ မာကာ ၊ ရွက်လှန်စာရွက်ကြီးများ၊ masking-taps ၊ ယူဂိုလုပ်ငန်းဆောင်ရွက်ရေး မူဘောင် ၂၀၀၅-၂၀၁၅ နှင့် ၂၀၁၅-၂၀၃၀ခုနှစ် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး ဆန်ဒိုင်း မူဘောင် ၏ကြိုတင် ရေးထားသော ကဒ်များ |
| လုပ်ဆောင်ချက် ၂ | ၁၅ မိနစ် | ၃၀ မိနစ် | လုပ်ဆောင်ချက် ( ၂ )<br>စာသင်ကျောင်း ဘေးကင်းလုံခြုံမှုအတွက် ကမ္ဘာတစ်ဝှမ်း ဆောင်ရွက်မှုများ | ပါဝါပွိုင့် တက်ဆက်မှုများ၊ ပညာပေး card များ၊ မာကာမင် ၊ ရွက်လှန်စာရွက်ကြီးများ၊ တိပ်များ၊ |
| လုပ်ဆောင်ချက် ၃ | ၁၅ မိနစ် | ၄၅ မိနစ် | လုပ်ဆောင်ချက် ( ၃ )<br>ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး နှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး ဆိုင်ရာ ကမ္ဘာ့ပံ့ပိုးမှု နှင့် စာသင်ကျောင်းဘေးကင်းလုံခြုံရေး အာရှ ပစိဖိတ် မဟာမိတ်အဖွဲ့ ။ | ပါဝါပွိုင့် တက်ဆက်မှုများ၊ |

Funded by European Union Civil Protection and Humanitarian Aid

၅။ သင်တန်းပေးမှု လုပ်ငန်းစဉ်

လုပ်ဆောင်ချက် ( ၁ ) ယူဂိုလုပ်ငန်းဆောင်ရွက်ရေးမူဘောင် ( ၂၀၀၅-၂၀၁၅ ) နှင့် ( ၂၀၁၅ - ၂၀၃၀ )ခုနစ် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး ဆန်ဒိုင်း မူဘောင်

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်များမှာ -

( ၁ ) ယူဂိုလုပ်ငန်းဆောင်ရွက်ရေး မူဘောင် (၂၀၀၅-၂၀၁၅) နှင့် (၂၀၁၅-၂၀၃၀)ခုနစ် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးဆန်ဒိုင်းမူဘောင်ဆိုသည့် စကားလုံးကို သင်ပုန်းဖြူ နှင့် ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးချပါ။

( ၂ ) သင်တန်းတက်သူများကို ယူဂိုလုပ်ငန်းဆောင်ရွက်ရေးမူဘောင်၏ အဓိကဦးစားပေးဆောင်ရွက်မှုများ အကြောင်းအား ကြိုတင်မေးမြန်းထားရမည်ဖြစ်ပြီး ရရှိမည့်အဖြေများကို ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးချထားရမည်။ထို့နောက် ဆန်ဒိုင်း မူဘောင်အတွက်လည်း ထိုနည်းအတိုင်း ပြုလုပ်ရမည် ။

( ၃ ) သင်တန်းတက်သူများ၏ အဖြေများကို အကျဉ်းချုပ်ဖော်ပြပြီး ယူဂိုမူဘောင်နှင့် ဆန်ဒိုင်းမူဘောင်၏ Slide (၂၀) နှင့် (၂၁) ကို ရှင်းပြပါ။

( ၄ ) လုပ်ငန်းဆောင်ရွက်ရေး ဆန်ဒိုင်းမူဘောင်သည် ကလေးများအတွက်လည်း ရှိကြောင်းကို ပြောပြထားရမည်။

( ၅ ) စာသင်ကျောင်းဘေးကင်းလုံခြုံရေး၏ တကမ္ဘာလုံးလုပ်ငန်းဆောင်ရွက်ရေးနှင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်တို့၏ ဆန်ဒိုင်းမူဘောင်နှင့် ချိတ်ဆက်မှုရှိပုံကို Slide ( ၂၂ ) ဖြင့် ရှင်းပြပါ။ ထို့နောက် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးမှ ဆန်ဒိုင်း မူဘောင်ရှိ ဘေးကင်း လုံခြုံသော စာသင်ကျောင်းများကို ပြသပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 1.DRM basic Concepts ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၂ ) စာသင်ကျောင်းဘေးကင်းလုံခြုံမှု တကမ္ဘာလုံး ဆောင်ရွက်ချက်

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်များမှာ -

( ၁ ) စာသင်ကျောင်းဘေးကင်းလုံခြုံမှု၏ တကမ္ဘာလုံး ဆောင်ရွက်ချက် အကြောင်းကို slide( ၂၃ ) ဖြင့် ရှင်းပြပြီး Slide (၂၄) တွင် ဘေးကင်းလုံခြုံသော စာသင်ကျောင်းဆိုင်ရာ နိုင်ငံခေါင်းဆောင်များ မည်ကဲ့သို့ဖြစ်နိုင်မည်ကို ရှင်းပြပါ။

( ၂ ) သင်တန်းတက်သူများကို စားပွဲတွင် အဖွဲ့လိုက်ဆွေးနွေးခိုင်းပါ။ "ဘေးကင်းလုံခြုံသော စာသင်ကျောင်းခေါင်းဆောင်နိုင်ငံ ဖြစ်လာစေရန်အတွက် သင့်အစိုးရကိုပံ့ပိုးကူညီရန် သင်ဘာတွေလုပ်မလဲ" ။

( ၃ ) စားပွဲတစ်ခုစီအား သူတို့၏အတွေးအခေါ်များကို တင်ပြခိုင်းပြီး နောက်ဆက်တွဲ ဦးဆောင်ဆွေးနွေးသူမှတ်စုများမှ အဖြေများကို ပေးပါ။ ဘေးကင်းသော စာသင်ကျောင်းများ ခေါင်းဆောင်နိုင်ငံများ၏ မျှော်မှန်းချက်များကိုလည်း ဖော်ပြရန် လိုအပ်သည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 1.DRM basic Concepts ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၃ ) ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး နှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး ဆိုင်ရာ Global Alliances နှင့် စာသင်ကျောင်းဘေးကင်းလုံခြုံရေး အာရှ ပစိဖိတ် မဟာမိတ်အဖွဲ့ ။

ဦးဆောင်ဆွေးနွေးသူမှ GADRRRES နှင့် APCSS ကို slide (၂၅-၂၇) ဖြင့် ရှင်းပြသည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 1.DRM basic Concepts ဖိုင်ကိုကြည့်ပါ )

# အခန်း (၁.၃ )

# ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေးမူဘောင်နှင့် ပညာရေးကဏ္ဍရှိ ဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးမူဝါဒများနှင့် ကမ္ဘာလုံးဆိုင်ရာ ဦးတည်ချက်များ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

## ဖော်ပြချက်

ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု မူဘောင်၏အခြေခံ အယူအဆများကို ရှင်းလင်းဖော်ပြထားပြီး နိုင်ငံအဆင့်တွင် ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် ၃ခု ရှိ မူဝါဒများ/လမ်းညွှန်ချက်များ/ မူဘောင်တို့မှ လိုအပ်ချက်များကို ရွေးချယ်ဖော်ပြထားသည်။

## လေ့လာရခြင်း၏ ရည်ရွယ်ချက်များ

ဤသင်ခန်းစာပြီးဆုံးချိန်တွင် သင်တန်းတက်သူများသည် အောက်ပါတို့ကို နားလည်နိုင်မည်ဖြစ်သည်-

( ၁ ) ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံရေးမူဘောင်၏ အခြေခံ အယူအဆများကိုနားလည်ခြင်း

## သင်ခန်းစာ အစီအစဉ်များ

အောက်ပါခေါင်းစဉ်များကို ရှင်းလင်းဖော်ပြသွားမည်ဖြစ်သည် -

အခန်း ( ၁.၃ ) ပြည့်စုံသည့်စာသင်ကျောင်း ဘေးကင်းလုံခြုံမှု ဆိုတာဘာလဲ ။

အခန်း ( ၁.၄ ) မြန်မာနိုင်ငံရှိ ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံရေးမူဘောင်။

## ၁။ ရည်ရွယ်ချက်

ပြည့်စုံသည့် စာသင်ကျောင်း ဘေးကင်းလုံခြုံမှု အယူအဆများကို သင်တန်းတက်သူများမှ နားလည်စေရန်နှင့် နိုင်ငံအဆင့်တွင် ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် ( ၃ )ခုရှိ မူဝါဒများ/ လမ်းညွှန်ချက်များ/ မူဘောင်တို့မှလိုအပ်ချက်များကို ဖော်ထုတ်နိုင်စေရန်။

## ၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီး၊ ပါဝါပွိုင့်တင်ဆက်မှုများ၊ မာကာများ၊ ပညာပေးကဒ်များ၊ ဘေးကင်းလုံခြုံသော သင်ကြားရေး ပံ့ပိုးပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်များကိုကြိုတင်ရေးထားသောကဒ်များ၊ စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ဘေးဖြစ်နိုင်ခြေလျှော့ချရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေး။

**ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေးမှသည်**
**ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေးဆီသို့**

Funded by European Union Civil Protection and Humanitarian Aid

၃။ **ကြာမြင့်ချိန်**

၁ နာရီ နှင့် မိနစ် ၂၀ ။

၄။ **သင်ခန်းစာပံ့ပိုးမှု အစီအစဉ်**

| လုပ်ဆောင်ချက် | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၀ မိနစ် | ၁၀ | လုပ်ဆောင်ချက် ၁၊ | ပါဂါဝွိုင့် တင်ဆက်မှုများ |
| လုပ်ဆောင်ချက် ၂ | ၄၀ မိနစ် | ၅၀ | လုပ်ဆောင်ချက်(၂) ပြည့်စုံသည့်စာသင်ကျောင်း ဘေးကင်းလုံခြုံမှု၏ အဓိက လုပ်ငန်းများ | ရုပ်လုန်စာရွက်၊ ပါဂါဝွိုင့် တင်ဆက်မှုများ၊ မာကာ ၊ ပညာပေး ကဒ်များ၊ ဘေးကင်းလုံခြုံသော သင်ကြားရေး ပံ့ပိုးပစ္စည်းများ၏ အားသာချက်၊ အားနည်းချက်များကို ကြိုတင်ရေးထားသော ကဒ်များ၊ စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု နှင့် ဘေးဖြစ်နိုင်ခြေလျှော့ချရေး နှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး |
| လုပ်ဆောင်ချက် ၃ | ၃၀မိနစ် | ၈၀မိနစ် | လုပ်ဆောင်ချက် ၃၊ နိုင်ငံအဆင့်တွင် ပြည့်စုံသည့် သင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် (၃)ခု၏ မူဝါဒများ/လမ်းညွှန်ချက်များ မှဘောင်တို့တွင် လိုအပ်ချက် များကို ဖော်ထုတ်နိုင်စေရန် | ရုပ်လုန် စာရွက်၊ မာကာ ၊ ပညာပေး ကဒ်များ၊ အားသာချက်၊ အားနည်းချက်များ ကြိုတင်ရေးထားသော ကဒ်ပြားများ |

၅၊ **သင်တန်းအစီအစဉ်**

လုပ်ဆောင်ချက် ( ၁ ) မိတ်ဆက်ခြင်း၊ ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်များမှာ -

( ၁ ) သင်ခန်းစာများနှင့် အခန်းများ၏ ရည်ရွယ်ချက်များကို မိတ်ဆက်ပေးပါ။

( ၂ ) ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှုမူဘောင် ပြုစုရေးဆွဲခြင်းကို အခန်း (၁.၂)မှ ပညာရေး ကဏ္ဍ DRR၏ တကမ္ဘာလုံးဆိုင်ရာ ဦးတည်ရာနှင့် ချိတ်ဆက်ရန် ဆောင်ရွက်မှုကို slide (၅) ဖြင့် ရှင်းပြပါ။

( ၃ ) “ဒါတွေက ဘာကြောင့် အရေးကြီးသလဲ၊ ”ဆိုသည့်မေးခွန်းကို ကြိုတင်မေးထားရမည်။ သင်တန်း တက်သူများမှ အဖြေရပြီးနောက်တွင် ဦးဆောင်ဆွေးနွေးသူသည် slide ၇ ကို အကျဉ်းမျှ ပြောရမည် ဖြစ်ပြီး ပညာရေးကဏ္ဍအပေါ်တွင် ဘေးအန္တရာယ်တို့၏ သက်ရောက်မှုများကို ဒေသအခြေအနေနှင့် နှိုင်းယှဉ် ရှင်းပြပါ။

( ၄ ) ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ပန်းတိုင် (၄) ခုကို slide (၈) ကို ပြသပြီး ရှင်းပြပါ။ ( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 2.CSS ဖိုင်ကိုကြည့်ပါ )

**လုပ်ဆောင်ချက်(၂ )ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် (၃) ခု၏ အဓိက လုပ်ဆောင်မှုများ**

**ရွေးချယ်မှု ( ၁ )**

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်များမှာ -

( ၁ ) ရွက်လုန်စာရွက်ကြီးပေါ်တွင် “ ဘေးကင်းသည့် သင်ကြားရေး ပံ့ပိုးပစ္စည်းများ ” ၊ ကျောင်းဘေး အန္တရာယ်စီမံခန့်ခွဲမှု၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေး ” ဆိုသည့် စကားလုံးများကို ရေးချသည်။

ရွေးချယ်မှု( ၂ )

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်များမှာ -

( ၁ ) သင်တန်းတက်သူများကို အဖွဲ့ (၃) ဖွဲ့ခွဲ၍ဖွဲ့ခိုင်းပြီး ဘေးကင်းသည့် သင်ကြားရေးပံ့ပိုးပစ္စည်းများ၊ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေး တို့၏ အဓိက လုပ်ငန်းတွေမှာ မည်သူဖြစ်သည်ကို စဉ်းစားခိုင်းပါ။

( ၂ ) ရွက်လှန်စာရွက်ကြီးပေါ်တွင် "ဘေးကင်းသည့်သင်ကြားရေးပံ့ပိုးပစ္စည်းများ"၊ ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေး" ဆိုသည့် စကားလုံးများကို ရေးချသည်။

( ၃ ) အဖွဲ့တစ်ဖွဲ့စီကို တန်းစီခိုင်းပြီး ရွက်လှန်စာရွက်ကြီးပေါ်တွင် အဓိက လုပ်ငန်းများကို ရေးချရန် ဘောပင် တစ်ချောင်းစီပေးပါ။ ပထမလူမှ ဒုတိယလူသို့ မလွှဲပြောင်းမီ တွင် ပထမသူသည်ပြီးစီး အောင် ရေးသားရမည်။ ပြိုင်ပွဲသည် အချိန် (၅-၇) မိနစ်ခန့် ကြာမြင့်နိုင်သည် ။

( ၄ ) ထို့နောက် အနိုင်ရသည့်အဖွဲ့ကို ရွေးချယ်ရန်အတွက် လုပ်ဆောင်ချက်များကို ရေတွက်ရမည်။

( ၅ ) လေ့ကျင့်ခန်းပြီးဆုံးသည့်အခါတွင် ဦးဆောင်ဆွေးနွေးသူသည် အကျဉ်းချုပ်ပြောပြရမည်ဖြစ်ပြီး Slide ၁၀-၁၆) ဆွေးနွေးမှုတွင် မပါဝင်သော အချက်များကို ဖြည့်စွက်ပေးရမည်။

( ၆ ) Slide (၁၇)ဖြင့် ဒေါက်တိုင် (၃) ခု၏ ထပ်တူကြိုးပမ်းမှုများနှင့် အန္တရာယ်နည်းလမ်းနှင့် ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ပတ်ဝန်းကျင် ဖြစ်စေရေးကို ရှင်းလင်းပြောကြားရမည်။

( ၇ ) ဦးဆောင်ဆွေးနွေးသူမှ ဒေါက်တိုင် (၃) ခု ၏ ကဏ္ဍပေါင်းစုံနှင့် ချိတ်ဆက်နေမှုကို ရှင်းလင်းပြော ကြားရမည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 2.CSS ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက်( ၃ ) နိုင်ငံအဆင့်တွင် ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် (၃) ရှိ ဝါဒများ/လမ်းညွှန်ချက်များ/မူဘောင်တို့တွင် လိုအပ်ချက်များကို ဖော်ထုတ်ခြင်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်များမှာ -

( ၁ ) အားသာချက်များနှင့် ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် (၃) ခုရှိ လက်ရှိ မူဝါဒ/လမ်းညွှန်ချက်များ/ မူဘောင်တို့၏ ကွာဟချက်များကို အဖွဲ့တစ်ဖွဲ့ကို (၂)ဦးဖြင့် ဆွေးနွေးရန် အတွက် ဖွဲ့စည်းရမည်။

( ၂ ) သူတို့၏ အဖြေများကိုပညာပေး ကဒ်ပြားပေါ်တွင် ရေးချခိုင်းပါ။ သူတို့ရေးနိုင်သမျှရေးနိုင်သည်။

( ၃ ) သင်တန်းတက်သူများထံမှ အဖြေများကို ရယူပြီး ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံရေး၏ အားသာချက်၊ အားနည်းချက်အလိုက် ခွဲထားရမည်။

( ၄ ) ဦးဆောင်ဆွေးနွေးသူသည် အဖြေများကို အကျဉ်းချုပ်ပြီး လိုအပ်ချက်များကို ဖြေရှင်းဖို့ ဘာလုပ်ကြ မလဲဟု ကြိုတင်မေးမြန်းထားရမည်။

( ၅ ) သင်တန်းတက်သူများ၏ အဖြေပေါ်မူတည်ပြီး ဦးဆောင်ဆွေးနွေးသူသည် သင်ခန်းစာကို အကျဉ်း ချုပ်ပြီး အဆုံးသတ်ရမည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

## သင်ခန်းစာ( ၃ )၊ ဒေါက်တိုင်( ၂ )၊ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု

### ဖော်ပြချက်

ဤအခန်းတွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု၏ နည်းပညာ အယူအဆများကို ရှင်းပြထားပြီး ဆန်းစစ်လေ့လာမှု နည်းကိရိယာများ၊ စီမံကိန်း၊ အကောင်အထည်ဖော်ဆောင်ရေးနှင့် စောင့်ကြည့်လေ့လာရေး တို့ပါဝင်သည်။

### လေ့လာသင်ယူရခြင်း၏ ရည်ရွယ်ချက်

ဤသင်ခန်းစာပြီးဆုံးသည့်အခါတွင် သင်တန်းတက်သူများသည် ကျောင်းအဆင့်တွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို မည်သို့ အကောင်အထည်ဖော်ဆောင်ရမည်ကိုသိရှိကြပြီး အောက်ပါတို့ကို ဆောင်ရွက်နိုင်ကြမည်-

( ၁ ) ကျောင်းအဆင့်တွင် အန္တရာယ်များ၊ ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည် ဆန်းစစ်လေ့လာမှု ဆောင်ရွက်ပုံကို သိရှိခြင်း

( ၂ ) သင်၏ အစီအစဉ်များကို ပြုစုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ခြင်း (ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း၊ (ခ) တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ခြင်း (ဂ)၊ ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်)

( ၃ ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများအတွက် စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအစီအစဉ်

### သင်ကြားရေးအခန်းများ

အောက်ပါခေါင်းစဉ်များကို သင်ကြားပေးမည်ဖြစ်သည်.

အခန်း ( ၂.၁ ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းများ၊

အခန်း ( ၂.၂ ) ဘေးဖြစ်နိုင်ခြေ၊ ထိခိုက်လွယ်မှု နှင့် စွမ်းဆောင်ရည်များကို သိရှိခြင်း၊

အခန်း ( ၂.၃ ) သင်၏အစီအစဉ်များကိုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ခြင်း၊

( က ) ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း၊

( ခ ) တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ခြင်း (ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်)

အခန်း ( ၂.၄ ) စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊

အခန်း ( ၂.၅ ) စောင့်ကြည့်လေ့လာရေး နှင့် အကဲဖြတ်သုံးသပ်ခြင်း၊

အခန်း ( ၂.၆ ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့်နှင့် ချိတ်ဆက်ထားခြင်း။

# NOTE

ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေး သင်တန်းလမ်းညွှန်စာအုပ်

# အခန်း ( ၂ )

# ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# အခန်း ( ၂ )
# ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု

## ( ၂.၁ ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းများ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

ဤအခန်းပြီးဆုံးသည့်အခါတွင် သင်တန်းတက်သူများသည် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ လက်ရှိပြုလုပ်နေသည့် အလေ့အကျင့်များကို လေ့လာသုံးသပ်နိုင်မည်ဖြစ်ပြီး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်ချက်များကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

၂။ ပစ္စည်းများ

သင်ပုန်းဖြူမာကာများ ၊ရွက်လှန်စာရွက်ကြီး၊ ပါဝါပွိုင့်များ၊ ကွန်ပြူတာ၊ ပရော့ဂျက်တာ နှင့် ဗွီဒီယိုပြရန် ပိတ်ကားချပ်(SCREEN)၊ လက်ကမ်းစာရွက်များ

၃။ ကြာမြင့်ချိန်

- ၁ နာရီ

၄။ သင်ခန်းစာအစီအစဉ်

| လုပ်ဆောင်ချက် | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်မှုများ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၀ | ၁၀ | ဒေါက်တိုင် ၂ ကို ပြန်လည်ပြောပြပြီး မိတ်ဆက်ပေးခြင်း | ပါဝါပွိုင့် |
| လုပ်ဆောင်ချက် ၂ | ၅၀ | ၆၀ | ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ၏လိုအပ်ချက်များနှင့် အလေ့အကျင့်များ | သင်ပုန်းဖြူ, မာကာ , ရွက်လှန်စာရွက်ကြီး၊ ပါဝါပွိုင့် ၊ ကွန်ပြူတာ၊ ပရော့ဂျက်တာ နှင့် ဗွီဒီယိုပြရန် ပိတ်ကားချပ်(SCREEN)၊ လက်ကမ်းစာရွက်များ |

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ ဒေါက်တိုင် ( ၂ ) ကို ပြန်လည်ပြောပြပြီး မိတ်ဆက်ပေးခြင်း

ဦးဆောင်ဆွေးနွေးသူမှ slide (2-5) ၏ ဒေါက်တိုင် (၂) ကို ပြန်လည်ပြောပြပြီး ထိုအခန်းကို မိတ်ဆက်ပေးခြင်း

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 3.School Disaster Management ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၂ )၊ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လက်ရှိ အလေ့အကျင့်များ

သင်တန်းပေးသူသည် သင်တန်းတက်သူများကို ၃-၄ ဦးပါဝင်သော အဖွဲ့ ဖွဲ့စေပြီး အောက်ပါမေးခွန်းများကို ဆွေးနွေးစေရမည် -

( ၁ ) နိုင်ငံအတွင်းတွင် လက်ရှိ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လက်ရှိအလေ့အကျင့်တွေက ဘာလဲ။ ကော်မတီ၏ အခန်းကဏ္ဍများနှင့် တာဝန်တွေကဘာလဲ ။

( ၂ ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းများတိုးတက်စေရန် လိုအပ်ချက်များကို ဖော်ထုတ်ခြင်း

- ဦးဆောင်ဆွေးနွေးသူသည် အဖွဲ့တစ်ဖွဲ့စီကို တင်ဆက်မှုပြုလုပ်ရန်နှင့် ဆွေးနွေးမှုများကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ slide ၆၏ အခန်းကဏ္ဍများနှင့် တာဝန်များဖြင့် အကျဉ်းချုပ်ဖော်ပြပါ။
  ( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 3.School Disaster Management ဖိုင်ကိုကြည့်ပါ )

## အခန်း ( ၂.၂ )
## ဘေးဖြစ်နိုင်ခြေ၊ ထိခိုက်လွယ်မှု နှင့် စွမ်းဆောင်ရည်များကို သိရှိခြင်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

ဤအခန်းပြီးဆုံးသည့်အချိန်တွင် သင်တန်းတက်သူများသည် ဘေးဖြစ်နိုင်ခြေ၊ ထိခိုက်လွယ်မှု နှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက်များကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်နှင့် ချိတ်ဆက်ပြီး နားလည်နိုင်မည်ဖြစ်သည်။

၂။ ပစ္စည်းများ

မာကာ ၊ ရွက်လှန်စာရွက်ကြီးများ၊ ပါဝါပွိုင့်များ ၊ ကွန်ပြူတာ နှင့် ရုပ်/သံတင်ဆက်မှု ကိရိယာ၊ ပရော့ဂျက်တာ နှင့် ဗွီဒီယိုပြရန် ပိတ်ကားချပ်(SCREEN)၊ လက်ကမ်းစာစောင်များ။

၃။ ကြာမြင့်ချိန်

- ( ၁ )နာရီ နှင့် မိနစ် ( ၃၀ )

၄။ သင်ခန်းစာအစီအစဉ်

| လုပ်ငန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ငန်းများ | ပစ္စည်း |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၉၀ မိနစ် | ၉၀ မိနစ် | လုပ်ဆောင်ချက် ၁၊ ဘေးဖြစ်နိုင်ခြေ၊ ထိခိုက်လွယ်မှု နှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက် | သင်ပုန်းဖြူ၊ မာကာများ ၊ ရွက်လှန်စာရွက်ကြီးများ၊ ပါဝါပွိုင့် slideများ ၊ ကွန်ပြူတာ နှင့် ရုပ်/သံတင်ဆက်မှု ကိရိယာ ပရော့ဂျက်တာ နှင့် ဗွီဒီယိုပြရန် ပိတ်ကားချပ်(SCREEN)၊ လက်ကမ်းစာစောင်များ |

Funded by European Union Civil Protection and Humanitarian Aid

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ ဘေးဖြစ်နိုင်ခြေ၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက်

ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကိုအန္တရာယ်၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက် ( HVCA )ကို စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီစဉ်နှင့် ချိတ်ဆက်ပြီး အတွေ့အကြုံရှိ/မရှိ မေးမြန်းခြင်းဖြင့် ယခင်အခန်း များနှင့်ချိတ်ဆက်ပြီး ဆွေးနွေးမှုကိုစတင်ရမည်။ သင်တန်းတက်သူတစ်ဦးမှ အတွေ့အကြုံ ၊ အကြံဉာဏ်များရှိလျှင် ပြောဆိုဆွေးနွေးရန် အချိန်ပေးပါ (HVCA) နှင့် ပတ်သက်၍ အတွေ့အကြုံရှိသည့် သင်တန်းတက်သူများကို ရွေးချယ်ဖော်ထုတ်ပါ)

ရွေးချယ်မှု (၁)၊ (HVCA)ကျောင်းတွင်းဘေးဖြစ်နိုင်ခြေဆန်းစစ်ခြင်းအတွေ့အကြုံရှိသော သင်တန်းတက်သူများအတွက်

ဦးဆောင်ဆွေးနွေးသူသည် သင်တန်းတက်သူများကို အဖွဲ့ (၃) ဖွဲ့ခွဲပြီး Hazard Vulmnbl Capacity Assessme (HVCA) အတွေ့အကြုံရှိသူများကို ညီတူညီမျှ ပါဝင်ပါစေ-

အဖွဲ့ - ၁။ ဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု

( ၁ ) ကျောင်း (သို့) ရပ်ရွာတွင် သင်အသုံးပြုဖူးသော ဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက် နည်းကိရိယာတွေက ဘာတွေလဲ ။ စာရင်းပြုစုရေးသားပါ။

( ၂ ) ယင်းနည်းကိရိယာများကို မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကို အသေးစိတ် ဖော်ပြပါ။

အဖွဲ့ -၂။ ထိခိုက်လွယ်မှု ဆန်းစစ်လေ့လာချက်

( ၁ ) ကျောင်း (သို့) ရပ်ရွာတွင် သင်အသုံးပြုဖူးသော ထိခိုက်လွယ်မှု ဆန်းစစ်လေ့လာချက် နည်းကိရိယာတွေက ဘာတွေလဲ ။ စာရင်းပြုစုရေးသားပါ။

( ၂ ) ယင်းနည်းကိရိယာများကို မည်သို့ဆောင်ရွက်ရမည်ဆိုသည်အသေးစိတ် ဖော်ပြပါ။

အဖွဲ့ -၃။ ထိခိုက်လွယ်မှု ဆန်းစစ်လေ့လာချက်

( ၁ ) ကျောင်း (သို့) ရပ်ရွာတွင် သင်အသုံးပြုဖူးသော စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက် နည်းကိရိယာတွေက ဘာတွေလဲ ။ စာရင်းပြုစုရေးသားပါ။

( ၂ ) ယင်းနည်းကိရိယာများကို မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကို အသေးစိတ်ဖော်ပြပါ။

ဦးဆောင်ဆွေးနွေးသူသည် သူတို့၏အဖြေများကို နံရံတွင်ချိတ်ဆွဲခိုင်းပြီး ရလဒ်များကို ပြခန်းကဲ့သို့လိုက်လံကြည့်ရှုစေရမည်။ အဖွဲ့တစ်ဖွဲ့တိုင်းအားရှင်းပြရန်အတွက် တစ်ဦးကို တာဝန်ပေးထားရမည်။ သင်တန်းတက်သူသင်တန်းသားအားလုံးကိုအခြားအဖွဲ့နှင့်မတူစေရန် မှင်အရောင်ခွဲသုံးပြီးရေးမှတ်စေရမည်။(သို့)ဦးဆောင်ဆွေးနွေးသူမှသင်ယူလေ့လာမှုများကိုဝေမျှရန်အတွက် ဝိုင်းဖွဲ့စကားပြောသည့်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်။

ဦးဆောင်ဆွေးနွေးသူမှ ဆန်းစစ်လေ့လာမှု နည်းကိရိယာကို အကျဉ်းချုပ်၍ ယင်းကိရိယာတို့၏ အကျိုးရှိပုံများကို ရှင်းပြရမည်။

ရွေးချယ်မှု ၂ (HVCA ကျောင်းတွင်းဘေးဖြစ်နိုင်ခြေဆန်းစစ်ခြင်း အတွေ့အကြုံမရှိသော သင်တန်းတက်သူများအတွက်)

ဦးဆောင်ဆွေးနွေးသူသည် အဖွဲ့ကို ၃-၄ ဦးဖြင့် ဖွဲ့ရမည်။ အဖွဲ့တစ်ဖွဲ့စီသည် အောက်ပါတို့ကို ဆွေးနွေးရမည်ဖြစ်သည်-

( ၁ ) စာသင်ကျောင်း (သို့) စာသင်ကျောင်းပိုင် သတ်မှတ်ဧရိယာသည် အတိတ်ကာလတွင် (၅-၁၀) နှစ်အတွင်းက ထိခိုက်ခံခဲ့ရပါသလား ။ သက်ရောက်မှုတွေက ဘာတွေလဲ ။

( ၂ ) အဆောက်အအုံပိုင်းနှင့် အဆောက်အအုံမဟုတ်သည့်ကဏ္ဍ တို့၏ ဘေးကင်းလုံခြုံမှုက ဘယ်လိုလဲ ။

( ၃ ) ဘေးအန္တရာယ်တွေဘယ်အချိန်မှာ ဖြစ်ခဲ့သလဲ ။ ( ရာသီစက်ဝန်းပြ ပြက္ခဒိန် ဆန်းစစ်လေ့လာမှုဖြစ်သည်)

( ၄ ) စာသင်ကျောင်းအဆင့်တွင် ထိခိုက်လွယ်မှု ဆန်းစစ်လေ့လာမှုကို ဘယ်လိုလုပ်သလဲ ။

( ၅ ) စာသင်ကျောင်းအဆင့်တွင် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာမှုကို ဘယ်လိုလုပ်သလဲ ။

ဦးဆောင်ဆွေးနွေးသူသည် အဖွဲ့တိုင်းမှဆွေးနွေးတင်ဆက်ရန်နှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကိုslide(၉-၁၂) ဖြင့်မြန်မြန်ရှင်းလင်းပြီး စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှုကို အကျဉ်းချုပ်ဆွေးနွေးပေးရမည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 3.School Disaster Management ဖိုင်ကိုကြည့်ပါ )

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

# အခန်း ( ၂.၃ )
# သင်၏ အစီအစဉ်ကို ပြုစုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ခြင်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

ဤအခန်းပြီးဆုံးသည့်အခါတွင် သင်တန်းတက်သူတို့သည် စာသင်ကျောင်းဘေးကင်းလုံခြုံရေးအစီအစဉ်ကို ပြုစုရေး ဆွဲနိုင်မည်ဖြစ်သည်၊ ဆန်းစစ်လေ့လာချက်များ၏ တွေ့ရှိချက်များအပေါ် မူတည်ပြီး-

( က ) ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း၊

( ခ ) တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ခြင်း၊

( ဂ ) စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေး အစီအစဉ်။

၂။ ပစ္စည်းများ

သင်ပုန်းဖြူ, မာကာများ ၊ ရွက်လှန်စာရွက်ကြီး၊ ပါဝါပွိုင့်များ၊ ကွန်ပြူတာ၊ projector ၊ ဗွီဒီယိုပြရန် ပိတ်ကားချပ် ၊ ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်ပုံစံ။

၃။ ကြာမြင့်ချိန်

- ( ၂ ) နာရီ

၄။ သင်ခန်းစာအစီအစဉ်

| လုပ်ဆောင်ချက် | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၄၀ | ၄၀ | လုပ်ဆောင်ချက် ၁ သင်၏ဘေးဖြစ်နိုင်ခြေကို လျှော့ချခြင်းနှင့် မိတ်ဆက်ခြင်း | သင်ပုန်းဖြူ, မာကာ ၊ ရွက်လှန်စာရွက်ကြီး၊ ပါဝါပွိုင့်များ၊ ကွန်ပြူတာ၊ projector ၊ ဗွီဒီယိုပြရန် ပိတ်ကားချပ် ၊ ပညာဆက်လက် သင်ကြားနိုင်ရေး အစီအစဉ်ပုံစံ။ |
| လုပ်ဆောင်ချက် ၂ | ၆၀ | ၁၀၀ | လုပ်ဆောင်ချက် ၂ တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ပါ | သင်ပုန်းဖြူ, မာကာ ၊ ရွက်လှန်စာရွက်ကြီး၊ ပါဝါပွိုင့်များ၊ ကွန်ပြူတာ၊ projector ၊ ဗွီဒီယိုပြရန် ပိတ်ကားချပ် (screen) ၊ ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်ပုံစံ။ |
| လုပ်ဆောင်ချက် ၃ | ၂၀ | ၁၂၀ | လုပ်ဆောင်ချက် ၃၊ ပညာဆက်လက်သင်ကြားနိုင်ရေး အတွက်အစီအစဉ် | ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ် အတွက်ပုံစံ၊ ဘောပင် |

Funded by European Union Civil Protection and Humanitarian Aid

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း နှင့် မိတ်ဆက်ခြင်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) slide (22-24) ကို ရှင်းပြခြင်းဖြင့် သင်ခန်းစာများကို စတင်ပါ။

( ၂ ) ဆွေးနွေးမှုကို (အန္တရာယ်၊ ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည်၊ ဆန်းစစ်ချက်-HVCA) ကျောင်းတွင်းဘေးဖြစ်နိုင်ခြေဆန်းစစ်ခြင်း၏ တွေ့ရှိချက်များဖြင့် စတင်ပြီးသင်တန်းတက်သူများကို ဘေးအန္တရာယ်တို့၏ သက်ရောက်မှုများကို လျှော့ချရန် ဘာတွေဆောင်ရွက်ရမည်ကို မေးပါ။

( ၃ ) သင်တန်းတက်သူများကို အဖွဲ့ (၃-၄) ဦးဖြင့်ခွဲပါ။ အဖွဲ့လိုက်လုပ်ငန်းမစခင် အောက်ပါ ညွှန်ကြားချက်များကိုပေးပါ -

* အခန်း (၄.၂) ၏ အဖွဲ့လုပ်ငန်းမှ ရလဒ်များကို ပြန်ကြည့်ပါ။
* တွေ့ရှိသည့် အခက်အခဲများကို တစ်ခုချင်းအလိုက် ပြန်လည်သုံးသပ်ပါ။
* အခက်အခဲတစ်ခုစီအတွက်၊ ဖြေရှင်းရန်နည်းလမ်းများကို ရှာဖွေပါ။
* အကောင်အထည်ဖော်ဆောင်နိုင်မည့် ဖြေရှင်းနည်းကိုရွေးချယ်ပြီး ဆွေးနွေးပါ။
* ဖြေရှင်းနည်းကို ဆောင်ရွက်ရန် ဘယ်သူ့တွင် တာဝန်ရှိကြောင်းကို ရွေးချယ်သတ်မှတ်ပါ။
* ဘယ်တော့ ဆောင်ရွက်မည် နှင့် ဘယ်လိုအရင်းအမြစ်တွေ လိုအပ်သည်ကို ဆုံးဖြတ်ပါ။

( ၄ ) အဖွဲ့လိုက် လုပ်ငန်းကို မဆောင်ရွက်မီ Slide (၂၆) ကို ပြသပါ။

( ၅ ) အဖွဲ့လိုက်လုပ်ငန်းပြီးဆုံးသည့်အချိန်တွင် အဖွဲ့တစ်ဖွဲ့စီမှ သူတို့၏ တွေ့ရှိချက်များကို နံရံတွင် ချိတ်ဆွဲစေပြီး ရှင်းပြရန် တင်ဆက်သူကိုရွေးချယ်ခိုင်းပါ။

( ၆ ) အဖွဲ့လိုက်တင်ဆက်မှုပြီးသည့်အခါတွင် ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို သူတို့၏အတွေ့အကြုံများမှ ကျောင်းအဆင့်နှင့်ရပ်ရွာအဆင့်တို့တွင်ဘေးဖြစ်နိုင်ခြေလျှော့ချမှုကိုဘယ်လိုဆောင်ရွက်ရမည်ကို မေးပါ။

( ၇ ) ဆွေးနွေးမှုများကို အကျဉ်းချုပ်ပြီး အခြားနိုင်ငံများတွင် ကျောင်းအဆင့် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း ဆောင်ရွက်ပုံ ဥပမာများပေးကာ ကလေးဗဟိုပြု ဘေးဖြစ်နိုင်ခြေလျှော့ချရေး လုပ်ငန်းများကို အထူးပြု ဆွေးနွေးရမည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 3.School Disaster Management ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၂ )၊ တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ခြင်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူများကို ဘေးအန္တရာယ်ဖြစ်သည့်အချိန်များတွင် အန္တရာယ်တစ်ခုချင်းစီမှ ကလေးများအပေါ် သက်ရောက်မှုများကိုမေးပါ။ ဘေးအန္တရာယ်များမဖြစ်မီတွင် မည်သည့်တုံ့ပြန်ဆောင်ရွက်ရေးကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ/အစီအစဉ်များ ဆောင်ရွက်ထားသင့်ပါသလဲ ။

( ၂ ) သင်တန်းတက်သူတို့၏အဖြေများကို ရွက်လှန်စာရွက်ကြီး/ပို့စ်တာ (သို့) သင်ပုန်းဖြူ ပေါ်တွင် ရေးချပါ။

( ၃ ) ရွက်လှန်စာရွက်ကြီးမှ အဖြေများကို ကြည့်ရှုပြီး သင်တန်းတက်သူများကို (၄-၄၀) ဖွဲ့ခွဲပြီး အောက်ပါတို့ကို ဆွေးနွေးခိုင်းပါ-

* သင်လုပ်ငန်းဆောင်ရွက်သည့် စာသင်ကျောင်းများတွင် ဖြစ်လေ့ရှိသည့် အန္တရာယ်တွေက ဘာတွေလဲ ။
* ကျောင်းအဆင့်တွင် ဘယ်လိုတုံ့ပြန်ဆောင်ရွက်ရေး ကြိုတင်ပြင်ဆင်မှု/လုပ်ငန်းများ လုပ်ဆောင်သင့်ပါသလဲ ။
* သင့်စာသင်ကျောင်းမှ သင်ဝေမျှချင်တဲ့ အကောင်းဆုံး ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေက ဘာတွေလဲ။ ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကို အသေးစိတ်ဖော်ပြပါ။
* စာသင်ကျောင်းအရေးပေါ်အစီအစဉ်အတွက် ပုံစံက ဘယ်လိုဖြစ်သင့်သလဲ ။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

( ၄ ) အဖွဲ့တစ်ဖွဲ့စီအား အခြားအဖွဲ့ဝင်များနှင့် ဝေမျှလိုသည့် အကောင်းဆုံး ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းကဏ္ဍ တီထွင်ဆန်းသစ်သည့် အကြံဉာဏ်ကို ရှာခိုင်းပြီး ရွက်လှန်စာရွက်ကြီးပေါ်တွင် စာသင်ကျောင်းအရေးပေါ်အစီအစဉ် ပုံစံကို ရေးချပါ။

( ၅ ) အဖွဲ့တစ်ဖွဲ့စီမှ သူတို့၏အဖြေများကို နံရံပေါ်တွင် ရေးချခိုင်းပြီး အဖွဲ့ထံမှ သူတို့၏အကောင်းဆုံးဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများရလဒ်များကို ကဖေးပုံစံဖြင့် မြင်တွေ့နိုင်စေရန် စီစဉ်ပါ။

( ၇ ) အဖွဲ့တစ်ဖွဲ့တိုင်းသည် ရှင်းပြရန်အတွက် တစ်ဦးကို ရွေးချယ်ရန် လိုအပ်သည်။ အခြားအဖွဲ့များနှင့် ကွဲလွဲစေရန် ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးချသည့်အခါတွင် ဘောလ်ပင်အရောင်ကွဲကို သုံးခိုင်းပါ။

( ၈ ) ဆွေးနွေးမှုများကို အကျဉ်းချုပ်ပေးပြီး ရွက်လှန်စာရွက်ကြီးပေါ်တွင် စာသင်ကျောင်းအရေးပေါ်အစီအစဉ်ကို ပုံစံတစ်ခုဖြစ်စေရန် ပြုလုပ်ပြီး သင်တန်းတက်သူအားလုံးထံမှ သဘောတူညီမှုရယူပါ။ ဤအချိန်တွင် ဦးဆောင်ဆွေးနွေးသူသည် UNISDR မှ slide ၃၀ ၏ ပုံစံကို ပြသနိုင်သည်။

မှတ်ချက် - စာသင်ကျောင်းအရေးပေါ်အစီအစဉ် ပုံစံ၏ အဖွဲ့လိုက်ဆွေးနွေးမှု၏ ရလဒ်များကို ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုစာအုပ်တွင် နောက်ပိုင်းရေးထားရမည်။

( ၉ ) အစမ်းလေ့ကျင့်မှုများ၊ ရှေးဦးပြုစုခြင်းပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်ရေးစံနှုန်းများကို အဖွဲ့လိုက်ဆွေးနွေးမှုတွင်ကောင်းစွာမရှင်းပြထားလျှင် slide ( ၃၁-၃၇ )ဖြင့်ရှင်းရမည်။ ဦးဆောင်ဆွေးနွေးသူသည် စမ်းသပ်လေ့ကျင့်မှုကို အောက်ပါ ဗွီဒီယိုဖြင့် ပြသနိုင်သည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 3.School Disaster Management ဖိုင်ကိုကြည့်ပါ )

( ပူးတွဲပါ DVD အခွေအတွင်းမှ VIDEO 1 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၃ )၊ ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူတို့၏ စားပွဲတွင် ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်ကို နောက်ဆက်တွဲတွင် ဖြည့်စွက်ပြီး ဆွေးနွေးခိုင်းရမည်။

( ၂ ) စားပွဲတစ်ခုစီမှ ပုံစံများကို ကောက်ယူပြီး သူတို့၏အကြံဉာဏ်များကို ကြိုတင်ဝေမျှခိုင်းရမည်။

( ၃ ) ဆွေးနွေးမှုများကို အကျဉ်းချုပ်ပြီး စာသင်ကျောင်းတွင် ဘေးအန္တရာယ်ထိခိုက်သည့်အခါတွင် ပညာဆက်လက်သင်ကြားနိုင်စေရေးအတွက် ဘေးကင်းသည့် စာသင်ကျောင်းစီမံချက်များ၏ အရေးကြီးသည့်အချက်ဖြစ်ကြောင်း ဖော်ပြရမည်။

## အခန်း ( ၂.၄ )
## စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု

xxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

( ၁ ) စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုဖြင့် ဘေးအန္တရာယ်နှင့် ပဋိပက္ခအခြေအနေများမှ ကလေးများကို ကုသခြင်း။

( ၂ ) ကလေးများအတွက် ဘေးကင်းလုံခြုံရေး ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်း။

( ၃ ) စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးရေးနည်းလမ်းများဖြင့် ကလေးများကို ဘယ်လို ပြုမူရမည်ကို သိရှိရန် ။

( ၄ ) သင်တန်းတက်သူများမှ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုမြှင့်တင်ရန်အတွက် ကောင်းမွန်သည့် စာသင်ကျောင်းစီမံခန့်ခွဲမှု ဗျူဟာများကို ဖော်ထုတ်ခြင်း။

၂။ ပစ္စည်းများ

ပညာပေးကဒ်ပြားများ၊ မာကာများ၊ ရွက်လှန်စာရွက်ကြီး၊ masking-taps,

၃။ ကြာမြင့်ချိန်
- ( ၄၅ ) မိနစ်

၄။ သင်ခန်းစာအစီအစဉ်

| လုပ်ဆောင်ချက် | အချိန် | စုစုပေါင်း အသုံး ပြုပြီးချိန် | လုပ်ဆောင်မှုများ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၅ မိနစ် | ၁၅မိနစ် | လုပ်ဆောင်ချက် ၁ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအတွက် ကာကွယ်မှု စက်ဝန်းနှင့် မိတ်ဆက်ခြင်း | ပြဇာတ် |
| လုပ်ဆောင်ချက် ၂ | ၁၅ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၂ ပဋိပက္ခ နှင့် အရေးပေါ်အခြေအနေတွေက ကလေး၊ မိသားစု၊ ရပ်ရွာနှင့် နိုင်ငံ အပေါ်ဘယ်လို သက်ရောက်မှုရှိနိုင်သလဲ ။ | ကြိုတင်ပြင်ဆင်ထားသည့် ရုပ်လုန်ကားရုပ် ၊ မာကာ ပန်၊ |
| လုပ်ဆောင်ချက် ၃ | ၁၅ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၃ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုကို ဖွင့်ဆိုချက် | ဆော်ဒါပူး ကစားနည်း |

သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ ကာကွယ်မှု စက်ဝန်း

( ၁ ) သင်တန်းခန်းမတွင် နေရာရှင်းလင်းပြီး ကိုယ်စားပြုဆွေးနွေးသူ (၂) ဦးခေါ်ထုတ်ပါ ၊ အမျိုးသားတစ်ဦး၊ အမျိုးသမီး ၁ ဦး ၊သူတို့ကို အခန်းအလယ်တွင် ထားစေပြီး ကလေးများအဖြစ် သရုပ်ဆောင်ခိုင်းရမည်။

( ၂ ) တစ်စုံတစ်ခုဖြစ်တဲ့အခါ ကလေးတွေကို ပထမဦးဆုံး အကာအကွယ်ပေးသူတွေက ဘယ်သူတွေဖြစ်မလဲ ။ အဖြေများတွင် မိဘ၊ မိသားစု များပါဝင်သင့်သည်။

( ၃ ) မိသားစုဝင်အဖြစ်သရုပ်ဆောင်မည့် သူ (၃) ဦးကို ခေါ်ထုတ်ပြီး စက်ဝိုင်းပုံသဏ္ဍာနေခိုင်းပြီး ကလေးများပတ်လည်တွင် လက်များဖြင့် ဝိုင်းရံစေပါ။

( ၄ ) မိသားစုတွေကို ဘယ်သူကာကွယ်ပေးမလဲဟုမေးပါ ။ အဖြေများတွင် ရပ်ရွာ၊ စာသင်ကျောင်း၊ ဆရာ/မ၊ ဘာသာရေး ခေါင်းဆောင်များ စသည်တို့ပါဝင်သင့်သည်။ ရပ်ရွာအဖွဲ့ဝင်အဖြစ်သရုပ်ဆောင်ပေးမည့် သူများကို ထပ်မံရွေးချယ်ပြီး မိသားစုအဖြစ်သရုပ်ဆောင်သူများကို စက်ဝိုင်းပုံသဏ္ဍာ ဝန်းရံခိုင်းပါ။

( ၅ ) ရပ်ရွာကို ဘယ်သူကာကွယ်ပေးမလဲ မေးပါ။ အဖြေများတွင် အစိုးရ၊ နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့များ ပါဝင်သင့်သည် ။ ကျန်ရှိသည့် သင်တန်းတက်သူများကို ရပ်ရွာအဖြစ် သရုပ်ဆောင်သူများကို ဝန်းရံခိုင်းပါ။

( ၆ ) မိသားစု၊ ရပ်ရွာ နှင့် နိုင်ငံတော်သည် ပုံမှန်အားဖြင့် ကလေးများကို အရင်ဆုံးဦးစားပေး ကာကွယ်ပေးသည်။ ( ယင်းအခြေအနေကို ဆန့်ကျင်ပြောဆိုနိုင်မည့် ထင်မြင်ချက်များရှိပါက အချိန်ခဏမျှ ခွင့်ပြုပေးပါ၊ သို့ရာတွင် အငြင်းအခုံကြာရှည်စွာဖြစ်စေနိုင်မည့် နိုင်ငံရေးဆွေးနွေးမှုများ မဖြစ်သွားစေရန်ဂရုစိုက်ရမည်။ )

( ၇ ) ယခုအခါအဖွဲ့ကို အရေးပေါ်အခြေအနေဖြစ်သည့်အခါတွင် ဘာဖြစ်သလဲ ဟုမေးပါ ။ အရေးပေါ်အခြေအနေတွင် သဘာဝဘေးအန္တရာယ်များ (သို့) ပဋိပက္ခများ ပါဝင်နိုင်သည်။

( ၈ ) ပဋိပက္ခကြောင့် ကလေးများအပေါ် မည်သို့ သက်ရောက်နိုင်ကြောင်းကို သင်တန်းတက်သူများကို စဉ်စားခိုင်းပါ ။ (ကလေးတစ်ဦးချင်း၊ မိသားစု၊ ရပ်ရွာနှင့် နိုင်ငံတော်)

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL


လုပ်ဆောင်ချက် ( ၂ )၊ ပဋိပက္ခကြောင့် ကလေးများ၊ မိသားစု၊ ရပ်ရွာနှင့် နိုင်ငံတော် အပေါ် ဘယ်လို သက်ရောက်နိုင်မလဲ

( ၁ ) အကာအကွယ်ပေးမှု စက်ဝန်းကို ပြပါ။

( ၂ ) သင်တန်းတက်သူများကို အဖွဲ့ခွဲခိုင်းပြီး စက်ဝိုင်းတစ်ခုစီအတွက် ရွက်လှန်စာရွက်ကြီးဖြင့် အလုပ်လုပ်ရန်(၄)ဖွဲ့ခွဲခိုင်းပါ။ (၁၀) မိနစ်ပြီးနောက်တွင် အဖွဲ့တိုင်းကို သူတို့၏ ဆောင်ရွက်မှုများကို ကြိုတင် တင်ဆက်ခိုင်းပါ။

( ၃ ) အောက်ပါအချက်လက်များ ဖော်ပြထားကြောင်းသေချာပါစေ။

## ကာကွယ်မှုစက်ဝန်း




လုပ်ဆောင်ချက် ( ၃ ) သင်တန်းတက်သူများကို စိတ်ပိုင်းဆိုင်ရာကို အဓိပ္ပာယ်ဖွင့်ဆိုခိုင်းပါ ။ အကြံပြုချက်များရယူပြီးသည့် အခါတွင် စကားလုံးကို ခွဲပြီး ရှင်းပြခိုင်းပါ။

ဆော်ဒါပူး ကစားနည်း

( ၁ ) ၃ ဦးကို ခေါ်ထုတ်ပြီး ကျန်သူများကို အခန်းအပြင်ထွက်ခိုင်းပါ။ အခြားသူများ အပြင်ဘက်ရှိနေစဥ်တွင် ထို (၃) ဦးအား ရှင်းပြထားရမည်မှာ သင်သည် လက်ထဲတွင် coke ဘူးကို လှုပ်ဟန်ဆောင်ရမည်ဖြစ်ကြောင်း ပြောပါ။ (ဘူး (၃)ဘူးရှိသည်ဖြစ်ရာ) သင်တန်းတက်သူများမှ ထိုအတိုင်းလိုက်နာဆောင်ရွက်ရမည်။

( ၂ ) ၃ ဦးကို အခန်းအတွင်းသို့ ပြန်လည် ဝင်ခိုင်းပြီး တစ်ဦးမှာ coke ဘူးကို တစ်လှည့်စီ ဖွင့်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ အရင် ပြုလုပ်မည့်သူကို မေးပါ။ coke ဘူးကိုဖွင့်သည့်အချိန်တွင် သင်တန်းတက်သူများမှ တုံ့ပြန်မှုများကို လေ့လာရမည် (stress reactions)

( ၃ ) လေ့ကျင့်ခန်းပြီးသည့်အခါတွင် အဖွဲ့ကို အတူပြန်ခေါ်ပြီး ဘယ်လို stress မျိုးတွေ့ခဲ့သည်ကို ဆွေးနွေးခိုင်းပါ။

( ၄ ) ဘယ်အရာက အခက်ခဲဆုံးလဲ၊ ဘယ်လိုပြောနိုင်သလဲ ဆိုတာကို ပြောခိုင်းပါ။

( ၅ ) ကျွန်ုပ်တို့သည် လူတို့၏အပြုအမူ၊ ပြောဆိုပုံ (သို့) စိတ်ခံစားချက်များကို လေ့လာခြင်းအားဖြင့် စိတ်ဖိစီးမှုကို တွေ့နိုင်ကြောင်းပြောခိုင်းပါ။ ကလေးများနှင့် အလုပ်လုပ်သည့်အခါတွင် မည်သည့်ကလေး၊ မိသားစုများမှ ပံ့ပိုးမှု အလိုအပ်ဆုံးဖြစ်သည်ကို ရှာဖွေဖော်ထုတ်ပါ။

( ၆ ) အဖွဲ့ကို ဘေးအန္တရာယ် ( ရေကြီးမှု / မြေပြိုမှု ) အကြောင်း စဥ်းစားခိုင်းပြီး သက်ရောက်ခံရသည့် လူထုတွင် ဘယ်လိုစိတ်ဖိစီးမှုမျိုးရှိနိုင်မလဲ မေးပါ။ သူတို့ အဲ့ဒါတွေကို ဘယ်လို ဖော်ပြနိုင်မလဲ။

( ၇ ) စိတ်ဖိစီးမှုကြောင့် လူတို့အပေါ်တွင် ဘယ်လိုသက်ရောက်မှုရှိမလဲ၊ သက်ရောက်နိုင်သလဲ ဆိုသည်ကို အဖွဲ့အားမေးပါ။ မိဘများနှင့် ကလေးများ ဘာကွာသလဲ ဆိုတာကို မေးပါ။

( ၈ ) ကလေးတွေက စိတ်ဖိစီးမှုတွေကို ဘယ်လို ဖော်ပြကြသလဲ အဖွဲ့များကို မေးပါ၊ ကလေးတွေသည် စိတ်ဖိစီးမှုများကို အောက်ပါကဏ္ဍများဖြင့် ဘယ်လိုပုံဖော်ကြသလဲ ဆိုတာကိုမေးပါ -

* ရုပ်ပိုင်းဆိုင်ရာ
* စိတ်ပိုင်းဆိုင်ရာ
* အပြုအမူပိုင်း
* အတွေးအခေါ်



# အခန်း ( ၂.၅ )
# စောင့်ကြည့်လေ့လာရေး နှင့် အကဲဖြတ်သုံးသပ်ခြင်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

ဤသင်ခန်းစာပြီးဆုံးသည့်အခါတွင် သင်တန်းတက်သူများသည် စာသင်ကျောင်းဘေးကင်းလုံခြုံရေး အစီအစဉ်ကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးများ ဆောင်ရွက်ခြင်းအားဖြင့် စောင့်ကြည့်လေ့လာအကဲဖြတ်ရေး လုပ်ငန်း၏လုပ်ငန်းစဉ်များကို နားလည်နိုင်မည်ဖြစ်သည်။

၂။ ပစ္စည်းများ

သင်ပုန်းဖြူ၊ မာကာ၊ ရွက်လှန်စာရွက်ကြီးများ၊ ပါဝါပွိုင့် တင်ဆက်မှုများ၊ ကွန်ပြူတာ၊ ရုပ်/သံတင်ဆက်မှု ကိရိယာ ပရော့ဂျက်တာ နှင့် ဗွီဒီယိုပြရန် ပိတ်ကားချပ် ၊ ကမ္ဘာ့ဒီးယားနိုင်ငံမှ စာသင်ကျောင်းဘေးကင်းလုံခြုံရေး စောင့်ကြည့်လေ့လာရေး ဆောင်ရွက်ရန် စာရင်း။

၃။ ကြာမြင့်ချိန်

- ( ၄၅ ) မိနစ်

၄။ သင်ခန်းစာအစီအစဉ်

| လုပ်ငန်း | အချိန် | စုစုပေါင်း အသုံးပြု ပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၅ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၁၊ အဆင့် ၁၊ စာသင်ကျောင်းဘေးကင်းလုံခြုံမှု အစီအစဉ်အကောင်အထည်ဖော် ဆောင်ရေးကို စောင့်ကြည့်လေ့လာရေး | သင်ပုန်းဖြူ၊ မာကာများ ၊ ရွက်လှန်စာရွက်ကြီးများ၊ ပါဝါပွိုင့် တင်ဆက်မှုများ၊ ကွန်ပြူတာ၊ ရုပ်/သံတင်ဆက်မှု ကိရိယာ ပရော့ဂျက်တာ နှင့် ဗွီဒီယိုပြရန် ပိတ်ကားချပ် ၊ ကမ္ဘောဒီးယားနိုင်ငံမှ စာသင်ကျောင်းဘေးကင်းလုံခြုံရေး စောင့်ကြည့်လေ့လာရေး ဆောင်ရွက်ရန် စာရင်း |
| လုပ်ဆောင်ချက် ၂ | ၁၀ မိနစ် | ၂၀ မိနစ် | လုပ်ဆောင်ချက် ၂၊ အဆင့် ၂၊ စာသင်ကျောင်းဘေးကင်းလုံခြုံမှု အစီအစဉ်၏ ထိရောက်မှုကို စောင့်ကြည့်လေ့လာခြင်း ( အကဲဖြတ်သုံးသပ်ခြင်း) | သင်ပုန်းဖြူ၊ မာကာ၊ ရွက်လှန်စာရွက်ကြီး |
| လုပ်ဆောင်ချက် ၃ | ၂၀ မိနစ် | ၄၅ မိနစ် | လုပ်ဆောင်ချက် ၃၊ အဆင့် ၃၊ စာသင်ကျောင်း ဘေးကင်းလုံခြုံရေး စောင့်ကြည့်လေ့လာခြင်း ဆောင်ရွက်ရန် စာရင်း | ကမ္ဘောဒီးယားနိုင်ငံမှ စာသင်ကျောင်းဘေးကင်းလုံခြုံရေး စောင့်ကြည့်လေ့လာရေး ဆောင်ရွက်ရန် စာရင်း |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

## ၅။ သင်တန်းပေးမှု အစီအစဉ်

### လုပ်ဆောင်ချက် ( ၁ )၊ အဆင့် ( ၁ )၊ စာသင်ကျောင်းဘေးကင်းလုံခြုံမှု အစီအစဉ်အကောင်အထည်ဖော်ဆောင်ရေးကို စောင့်ကြည့်လေ့လာရေး

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူတို့၏ အမြင်များကို အမေး/ အဖြေများပြုလုပ်ပြီး လေ့လာရမည် ။ စာသင်ကျောင်းသည် စာသင်ကျောင်းဘေးကင်းလုံခြုံရေး အစီအစဉ်ကို စီစဉ်ထားသော အချိန်နှင့် ငွေကြေးလျာထားချက် အတိုင်းဆောင်ရွက်နိုင်စေရန် ဘယ်လိုသေချာစီစဉ်မလဲ ။

( ၂ ) သင်တန်းတက်သူတို့၏ အဖြေများကို ရွက်လှန်ကားချပ်/ပို့စ်တာများ (သို့) သင်ပုန်းဖြူ ပေါ်တွင်ရေးချပါ။

( ၃ ) ဆွေးနွေးမှုများ အကျဉ်းချုပ်ပြီး slide (၄၀) နှင့် (၄၁) ၏ စာသင်ကျောင်းဘေးကင်းလုံခြုံမှုအစီအစဉ်ကို မည်သို့ စောင့်ကြည့်လေ့လာမည်ကို ရှင်းလင်းပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 3.School Disaster Management ဖိုင်ကိုကြည့်ပါ )

### လုပ်ဆောင်ချက် ( ၂ )၊ အဆင့် ( ၂ )၊ စာသင်ကျောင်းဘေးကင်းလုံခြုံမှု အစီအစဉ်၏ ထိရောက်မှုကို စောင့်ကြည့် လေ့လာခြင်း( အကဲဖြတ်သုံးသပ်ခြင်း)

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) ယခင်အခန်းများ (စောင့်ကြည့်လေ့လာရေး) နှင့် ချိတ်ဆက်ပြီး ဆွေးနွေးမှုကို စတင်ပါ။

( ၂ ) သင်တန်းတက်သူများကိုမေးပါ။ စာသင်ကျောင်းဘေးကင်းလုံခြုံရေးအစီအစဉ်မှ လုပ်ငန်းများသည် ရည်ရွယ်ထားသည့် သက်ရောက်မှုရှိ/မရှိ (သို့) ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ကျောင်းသား/သူ၊ ဆရာ/ မများနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်နှင့် အသိပညာမြှင့်တင်ရေးနှင့် ဆက်နွယ်မှု ရှိ/မရှိ မေးပါ။

( ၃ ) စာသင်ကျောင်းဘေးကင်းလုံခြုံမှုအစီအစဉ်၏ ထိရောက်မှုကို ကြည့်ရှုရန် စီမံချက် အကဲဖြတ်သုံးသပ်ရေး (သို့) ကာလလည်သုံးသပ်မှုကို ညွှန်းဆိုရမည်။

### လုပ်ဆောင်ချက် ( ၃ )၊ အဆင့် ( ၃ )၊ စာသင်ကျောင်း ဘေးကင်းလုံခြုံမှု စောင့်ကြည့်လေ့လာရေး ဆောင်ရွက်ရန် စာရင်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) စာသင်ကျောင်းဘေးကင်းလုံခြုံမှုတွင် လက်ရှိ စောင့်ကြည့်လေ့လာမှု အလေ့အကျင့်တွေကို ဆွေးနွေးခိုင်းပါ။

( ၂ ) အခြားနိုင်ငံမှ စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဆောင်ရွက်ရန်စာရင်း အတွေ့အကြုံများကို ဝေမျှပြောဆိုပါ။ ၎င်းတို့ကို နောက်ဆက်တွဲများမှ စာရွက်များ ထုတ်ထားပြီး သင်တန်းတက်သူများအား ပေးဝေရမည်။

# အခန်း ( ၂ . ၆ )
## စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ကို ကျေးရွာ၊ကျေးရွာအုပ်စု၊ မြို့နယ်အဆင့်တို့နှင့် ချိတ်ဆက်ခြင်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၆။ ရည်ရွယ်ချက်

စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ကို ကျေးရွာ၊ကျေးရွာအုပ်စုနှင့် မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ၊ အစီအစဉ်များနှင့် ချိတ်ဆက်ရန်၊ သို့မှသာ ပိုမိုကောင်းမွန်သော ချိတ်ဆက်ဆောင်ရွက်မှု၊ အရင်းအမြစ်များ မျှဝေနိုင်ခြင်း၊ အခြားအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး ဖြစ်နိုင်လျှင် လေ့ကျင့်မှုများ အတူတကွ ပြုလုပ်နိုင်မည်ဖြစ်သည်။

၂။ ပစ္စည်းများ

ပါဝါပွိုင့် တင်ဆက်မှုများ၊ ပညာပေးကဒ်ပြားများ၊ မာကာ ၊ ရွက်လှန်စာရွက်ကြီးများ၊ masking taps ၊ ပလပ်စတစ်ကြိုး၊ အဖွဲ့အစည်းနှင့် ဌာနအမည်များကို ကြိုတင်ရေးထားသော ကဒ်များ။

၃။ ကြာမြင့်ချိန်

- ( ၃၀ ) မိနစ်

၄။ သင်ခန်းစာအစီအစဉ်

| လုပ်ငန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ငန်းများ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၅ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၁၊ ကစားနည်း | ပညာပေး ကဒ်များ၊ ကြိုး |
| လုပ်ဆောင်ချက် ၂ | ၁၅ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၂ အဖွဲ့လိုက်ဆွေးနွေးခြင်း | ရွက်လှန်စာရွက်ကြီး၊ မာကာ၊ ဘော်ပင် |
| လုပ်ဆောင်ချက် ၃ | ၁၅မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၃ ကျောင်းဘေးအန္တရာယ်စီမံခန့် ခွဲမှုကော်မတီ နှင့် အစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီနှင့် ဘယ်လိုချိတ်ဆက်မလဲ | ပညာပေး ကဒ်ပြား၊ မာကာ ၊ ရွက်လှန်စာရွက်ကြီးများ၊ masking taps. |

၁၀။ သင်တန်းပို့ပိုးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ ကစားနည်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူများကို စက်ဝန်းပြုလုပ်ခိုင်းပါ၊ သူတို့သည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြောင်း ပြောပါ။

Funded by European Union Civil Protection and Humanitarian Aid

(၂) ကြိုတင်ရေးထားသော ကဒ်ပြားများပေးပါ ( ကျောင်းအုပ်၊ ကျောင်းသား / သူများ၊ ကျေးရွာခေါင်းဆောင်... စသည်ဖြင့်) သင်တန်းတက်သူ အားလုံးကို ပေးဝေရမည်။

(၃) ကြိုတင်ရေးထားသော ကဒ်ပြားများအရ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီသည် အခြားသူများနှင့် ချိတ်ဆက်ရမည် ။

(၄) ကြိုတင်ရေးထားသော ကဒ်များအရ သူတို့၏ ခံစားချက်များကို ဖော်ထုတ်ရမည်။

(၅) ညှိနှိုင်းဆောင်ရွက်ရေးနည်းလမ်း၏ ကောင်းကျိုးသက်ရောက်မှုကို ဦးဆောင်ဆွေးနွေးသူမှ ဖော်ပြရန်၊ ညှိနှိုင်းဆောင်ရွက်ရေး၏ အားသာချက်များနှင့် ဘေးအန္တရာယ်မဖြစ်ခင်၊ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးချိန်တွင် မည်သို့ချိတ်ဆက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးရမည်။

လုပ်ဆောင်ချက် ( ၂ )၊ အဖွဲ့လိုက်ဆွေးနွေးခြင်း

(၁) မည်သည့်အဖွဲ့အစည်းကို ချိတ်ဆက်ရန် လိုအပ်သလဲ ။

(၂) အဖွဲ့အစည်းများနှင့် ဘယ်လိုချိတ်ဆက်မလဲ ။

(၃) ကျွန်ုပ်တို့ ဘာတွေလုပ်နေသလဲ ။

(၄) ဒီအဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ ဘယ်လိုချိတ်ဆက်မလဲ ။

လုပ်ဆောင်ချက်( ၃ ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်အဆင့် နှင့် ဘယ်လိုချိတ်ဆက်မလဲ။

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

(၁) မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ကျေးရွာအုပ်စုဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ဆွေးနွေးခိုင်းရမည်။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ကို ကျေးရွာ၊ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဖွံ့ဖြိုးရေးပံ့ပိုးမှုကော်မတီနှင့် မြို့နယ်တို့နှင့် ဘယ်လို ချိတ်ဆက်မလဲ ။

(၂) စားပွဲတစ်ခုစီမှ သူတို့၏အကြံဉာဏ်များကို တင်ဆက်ခိုင်းပြီး ဦးဆောင်ဆွေးနွေးသူသည် နောက်ဆက်တွဲ သင်တန်းပေးမှတ်စုမှ အဖြေများအား ပေးရမည်။

Funded by European Union Civil Protection and Humanitarian Aid

# အခန်း ( ၃ )

# ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေး

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# NOTE

# အခန်း ( ၃ )

# အခန်း(၃.၁)၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့်ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေး

## ဖော်ပြချက်

ဤအခန်းသည် ဆရာ/မများ၊ ကျောင်းသား/သူများ နှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများအတွက် အဖေ ဘားအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် ဘေးဒဏ်ခံနိုင်သော ပညာရေးအတွက် အဓိက သတင်းစကားများ မည်သို့ပြုစုရမည်ကို သင်ယူရန်ဖြစ်သည်။

၁။ ရည်ရွယ်ချက်

သင်တန်းတက်သူများကို လူထုအသိပညာရေးနှင့် လူထုပညာရေးဘယ်လိုပေးရမည်ကို သိရှိစေရန် ။ ဘေးကင်းလုံခြုံသောစာသင်ကျောင်းစီမံကိန်းအတွက် အဓိက သတင်းစကားများ ။

၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီး၊ ပညာပေးကဒ်ပြားများ၊ ရောင်စုံ စာရွက်များ၊ မာကာ၊ ဘော်ပင်၊ ပါဝါပွိုင့် များ၊ ကပ်ခွာများ၊ ဘေးကင်းအဆင့် ဗွီဒီယိုနှင့် ရွေးချယ်မှု (၁) အတွက် လက်ကမ်းစာစောင်များ၊ ရွေးချယ်မှု (၂) အတွက် IEC ပစ္စည်းများ ။

၃။ ကြာမြင့်ချိန်

- (၁) နာရီ နှင့် (၃၀) မိနစ်

၄။ သင်ခန်းစာအစီအစဉ်

| လုပ်ဆောင်မှု | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ငန်းများ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၀ မိနစ် | ၁၀ မိနစ် | မိတ်ဆက်ခြင်းနှင့် ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်း လုံခြုံမှုမူဘောင် ၏ ဒေါက်တိုင် ၃ ခုနှင့်ချိတ်ဆက်မှု | ပါဝါပွိုင့် တက်ဆက်မှုများ ။ |
| လုပ်ဆောင်ချက် ၂ | ၂၀ မိနစ် | ၃၀ မိနစ် | အဓိက သတင်းစကားတွေက ဘာတွေလဲ | ပညာပေး ကဒ်ပြားများ၊ ရောင်စုံ စာရွက်များ၊ မာကာ၊ ဘော်ပင်၊ ပါဝါပွိုင့် များ၊ ကပ်ခွာများ၊ ဘေးကင်းအဆင့် ဗွီဒီယို နှင့် ရွေးချယ်မှု ၁ အတွက် လက်ကမ်းစာစောင်များ၊ ရွေးချယ်မှု ၂ အတွက် IEC ပစ္စည်းများ ။ |
| လုပ်ဆောင်ချက် ၃ | ၆၀ မိနစ် | ၉၀ မိနစ် | လူထုအသိပညာပေးရေး နှင့် လူထုပညာရေး ပြုစုရေး | ရွက်လှန်စာရွက်ကြီး၊ ပညာပေး ကဒ်ပြားများ၊ ရောင်စုံ စာရွက်များ၊ မာကာ၊ ဘော်ပင်၊ ကပ်ခွာများ ။ |

Funded by European Union Civil Protection and Humanitarian Aid

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )

မိတ်ဆက်ခြင်းနှင့် ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေး မူဘောင်၏ ဒေါက်တိုင် ၃ ခုနှင့် ချိတ်ဆက်ခြင်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ

( ၁ ) slide (၂-၃) မှ သင်ခန်းစာများ၏ ရည်ရွယ်ချက်ကို ရှင်းပြရန် ။

( ၂ ) ဘေးကင်းလုံခြုံရေးစာသင်ကျောင်း မူဘောင် ဒေါက်တိုင် (၃) ခုအကြောင်းကို အမှတ်ရစေရန်အတွက် သင်တန်းတက်သူများကို ဒေါက်တိုင် (၁)၊ ဒေါက်တိုင် (၂)၊ နှင့် ဒေါက်တိုင် (၃)တို့၏ ချိတ်ဆက်မှုကို မေးရမည်။

( ၃ ) ဒေါက်တိုင် (၃) ၏ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း နှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေးကို slide (၅) ဖြင့် ရှင်းပြပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 4 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၂ )

အဓိက သတင်းစကားများက ဘာလဲ ။

ဦးဆောင်ဆွေးနွေးသူမှ ရွေးချယ်မှု ၁ (သို့) ၂ ကို သင်တန်းတက်သူတို့၏ အဓိက သတင်းစကားများအပေါ်နားလည်မှု အပေါ်မူတည်ပြီး ရွေးချယ်နိုင်သည်-

ရွေးချယ်မှု ( ၁ )

( ၁ ) ဦးဆောင်ဆွေးနွေးသူမှမုန်တိုင်း၊မြေငလျင်၊ရေကြီးမှု၊မီးဘေးနှင့်အရေးပေါ်ပစ္စည်းများကဏ္ဍ၏ဘေးကင်းသည့် ခြေလှမ်း ဗွီဒီယိုကို ပြသရမည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ VIDEO 2, VIDEO 3, VIDEO 4, VIDEO 5, VIDEO 6 ဖိုင်ကိုကြည့်ပါ )

မှတ်ချက်- ဦးဆောင်ဆွေးနွေးသူသည် ဘေးကင်းရန်ဆောင်ရွက်မှုအဆင့်များ လက်ကမ်းစာစောင်ကို သင်တန်းတက်သူများအားလုံးကို ပေးဝေနိုင်သော်လည်း ဘေးအန္တရာယ်ဖြစ်နေစဉ်အချိန်အတွင်းနှင့် ဖြစ်ပြီးချိန်များတွင် ကြိုတင်ပြင်ဆင်မှုဆိုသည့် စကားလုံးကို ဖြုတ်ထားရမည်။

( ၂ ) ပြသခဲ့သည့် ဗွီဒီယိုပေါ်တွင် အခြေခံပြီး ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို ဆွေးနွေးခိုင်းရမည်။

၁ - ဗွီဒီယိုမှ အဓိကတင်းစကားတွေက ဘာတွေလဲ

၂- ကြိုတင်ပြင်ဆင်မှု၊ ဘေးအန္တရာယ်အတွင်းနှင့် ဖြစ်ပြီးချိန်အတွက် အဓိက သတင်းစကားတွေကို ရွေးချယ်ပါ ။

( ၃ ) ဦးဆောင်ဆွေးနွေးသူမှ စားပွဲတစ်ပွဲစီအား သူတို့၏အဖြေများကို ပြောကြားခိုင်းပြီး အဓိက သတင်းစကားများကို အကျဉ်းချုပ်ခိုင်းပြီး slide (၇) မှ အဓိက သတင်းစကားတို့၏ အဓိပ္ပာယ်ကို ရှင်းခိုင်းပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 4 ဖိုင်ကိုကြည့်ပါ )

အဓိက သတင်းစကားများကို ရွေးချယ်အသုံးပြုခြင်း

ဦးဆောင်ဆွေးနွေးသူမှ စားပွဲတွင် သင်တန်းတက်သူများအား ဘေးကင်းလုံခြုံရေးအဆင့်များမှ အဓိက သတင်းစကားများကို ရွေးချယ်ခိုင်းပြီး ဒေသနှင့် ကိုက်ညီအောင် ပြင်ဆင်ခိုင်းပါ။ (အနည်းဆုံး ၃ ခုရွေးရမည်)။ လေ့ကျင့်ခန်းပြီးသည့်အခါတွင် ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများအား " အဓိက သတင်းစကားများရရှိပြီးသည့်အခါမှ နောက်တဆင့်ကဘာလဲ" ဟု မေးပါ။

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

ရွေးချယ်မှု ( ၂ )

( ၁ ) သင်တန်ပေးသူမှ စားပွဲတွင် သင်တန်းတက်သူများကို ဆွေးနွေခိုင်းရန်မှာ-

၁ - လက်ရှိ IEC ပစ္စည်းများမှ ဘေးအန္တရာယ်ဖြစ်ပြီး၊ ဖြစ်နေစဉ်တွင် ကြိုတင်ပြင်ဆင်မှုအတွက် အဓိက သတင်းစကားများကို ရွေးချယ်ဖော်ထုတ်ရန် ၂) ဒေသအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် အဓိက သတင်းစကားများကို ပြုစုရေးဆွဲရန် အလေ့အကျင့်ကောင်းတွေနဲ့ အခက်အခဲတွေက ဘာတွေလဲ။

၂ - ဦးဆောင်ဆွေးနွေးသူမှ အဖွဲ့တစ်ဖွဲ့စီအား မေးခွန်း နံပါတ် (၁) မှ အဖြေများကို ဝေမျှခိုင်းပြီး အဓိက သတင်းစကားများကို အကျဉ်းချုပ်ခိုင်းပါ။

၃ - ဦးဆောင်ဆွေးနွေးသူမှ အဖွဲ့တစ်ဖွဲ့စီအား မေးခွန်း နံပါတ် (၂) မှ အဖြေများကို ဝေမျှခိုင်းပြီး အဓိက သတင်းစကားများကို ဒေသနှင့် ကိုက်ညီစေရန် ဆောင်ရွက်လိုအပ်ကြောင်းကိုဝေမျှခိုင်းပါ။

၄ - လေ့ကျင့်ခန်းပြီးဆုံးသည့်အခါတွင်၊ ဦးဆောင်ဆွေးနွေးသူသည် သင်တန်းတက်သူများကို အဓိက သတင်းစကားများ ရသည့်အခါ နောက်တစ်ဆင့်က ဘာလဲ ဟုမေးပါ။

## လုပ်ဆောင်ချက် ( ၃ )

### လူထုအသိပညာပေးရေးနှင့် ပညာရေး ပြုစုခြင်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူများကို အဖွဲ့(၃) ဖွဲ့ခွဲခိုင်းပြီး အောက်ပါတို့ကို မေးရမည်-

အဖွဲ့ ( ၁ )- ကျောင်းအဆင့်တွင် ဘေးကင်းလုံခြုံရေး စာသင်ကျောင်း စည်းရုံးလှုံ့ဆော်မှုကို ရပ်ရွာဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

အဖွဲ့ ( ၂ )- ယဉ်ကျေးမှု အနုပညာများ၊ ပြဇာတ်များ၊ အကများ၊ ကဗျာများ၊ လမ်းဘေးသဘင်များ၊ ရုပ်သေးပွဲများ ဖြင့် ဘေးကင်းလုံခြုံရေးစာသင်ကျောင်းများကို အသိပညာမြှင့်တင်ခြင်း

အဖွဲ့ ( ၃ )- ဘေးကင်းလုံခြုံသောစာသင်ကျောင်းများအပေါ် အသိပညာ မြှင့်တင်ခြင်းကို ကစားပွဲများ၊ ပြိုင်ပွဲများဖြင့် စီစဉ်ခြင်း

-အဖွဲ့တစ်ဖွဲ့ဆီကိုလူထုအသိပညာပေးခြင်း နှင့် ပညာရေးအစီအစဉ်များ ပြုလုပ်နိုင်ရန် (၁၀) မိနစ်စီပေးရမည်။

- slide (၁၁-၂၀) ကို ရွေးချယ်ပြီး အဖွဲ့လိုက်ဆွေးနွေးမှုများတွင် မပါခဲ့ပါက အသေးစိတ်ထပ်မံ ဆွေးနွေး ရှင်းပြရမည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 4 ဖိုင်ကိုကြည့်ပါ )

မှတ်ချက်- ဦးဆောင်ဆွေးနွေးသူသည် အဖွဲ့လိုက်ဆွေးနွေးမှုတွင် ကောင်းစွာဆွေးနွေးခဲ့ပြီးဖြစ်လျှင် Presentation ကို ချန်ထားခဲ့နိုင်သည်)

နောက်ဆက်တွဲ ( ၅.၁ ) မှ ဦးဆောင်ဆွေးနွေးသူ၏ မှတ်ချက်ကို ကြည့်ပါ ။

## အခန်း ၃.၂
## စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို ထည့်သွင်းပြီး ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေး၏ အကောင်းဆုံးအလေ့အကျင့်များကို ဝေမျှခြင်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

ဖော်ပြချက်

ဤသင်ခန်းစာသည် အခြားနိုင်ငံများမှ စာသင်ကျောင်းသင်ခန်းစာတွင် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းအပါအဝင် ဘေးဒဏ်ခံနိုင်သော ပညာရေးကို မည်သို့ထည့်သွင်းရမည်ကို လေ့လာရန်နှင့် အလေ့အကျင့်ကောင်းများကို ဝေမျှရန် ဖြစ်သည်။

၁။ ရည်ရွယ်ချက်

အခြားနိုင်ငံများမှ စာသင်ကျောင်းသင်ရိုးညွှန်းတမ်းတွင် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး အပါအဝင် DRR ကို မည်သို့ထည့်သွင်းခြင်းကဏ္ဍမှ အလေ့အကျင့်ကောင်းများကို လေ့လာရန်နှင့် ဝေမျှရန် ။

၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီး၊ ပါဝါပွိုင့်ဖြင့်ပြသမှု၊ ၊ မာကာများ၊ ပညာပေး ကဒ်ပြားများ၊ ဗွီဒီယို။

၃။ ကြာမြင့်ချိန်

- ၁ နာရီ နှင့် ၃၀ မိနစ်

၄။ သင်ခန်းစာအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ငန်းများ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၄၀ မိနစ် | ၄၀ မိနစ် | စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် DRR ကို ထည့်သွင်းခြင်း | ရွက်လှန်စာရွက်ကြီး၊ ပညာပေး ကဒ်ပြားများ၊ မာကာပါဝါပွိုင့် |
| လုပ်ဆောင်ချက် ၂ | ၂၀ မိနစ် | ၆၀ မိနစ် | စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် DRR ကို ထည့်သွင်းခြင်းဆိုင် အလေ့အကျင့်ကောင်းများ ဝေမျှခြင်း | ပါဝါပွိုင့်ဖြင့် ပြသခြင်း |
| လုပ်ဆောင်ချက် ၃ | ၃၀ မိနစ် | ၉၀ မိနစ် | ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း နှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေး မြှင့်တင်ရာတွင် အလေ့အကျင့်ကောင်းများ ဝေမျှခြင်း | ဗွီဒီယို |

Funded by European Union Civil Protection and Humanitarian Aid

လုပ်ဆောင်ချက်( ၁ )

စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး(DRR) ကို ထည့်သွင်းခြင်း

ရွေးချယ်မှု( ၁ )

စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင်ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး(DRR) ကို နိုင်ငံအဆင့်တွင် ထည့်သွင်းခြင်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူများအား သင်ရိုးညွှန်းတမ်းတွင် DRR ကို ထည့်သွင်းဆောင်ရွက်ခြင်းကဏ္ဍကို အစိုးရနှင့် အတူလက်တွဲဆောင်ရွက်သည့် အတွေ့အကြုံများကို ဝေမျှခိုင်းပါ။ ထို့နောက် slide 22 ကို စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် DRR ထည့်သွင်းခြင်း အရင်းအမြစ်များကို ဝေမျှပါ။

( ၂ ) နိုင်ငံတစ်ခုတွင် သင်ရိုးညွှန်းတမ်း ပါရှိပြီးဖြစ်လျှင် သင်တန်းတက်သူများကို အောက်ပါမေးခွန်းများကို ဆွေးနွေးရန် (၃-၄) ဦးဖြင့် အဖွဲ့ဖွဲ့ပါ။

၁ - ဘယ်အရာတွေ အောင်မြင်ခဲ့သလဲ ( စာသင်ကျောင်းသင်ရိုးညွှန်းတမ်းတွင် DRR ကို ထည့်သွင်းဆောင်ရွက်ခြင်း)

၂ - အခက်အခဲ/လိုအပ်ချက်တွေက ဘာတွေလဲ ။

၃ - ဖြေရှင်းချက်တွေက ဘာတွေလဲ ။

၄ - နောက်လုပ်မည့် အစီအစဉ် ။

( ၃ ) အဖွဲ့တစ်ဖွဲ့စီအား သူတို့၏ အဖြေများကို နံရံပေါ်တွင် ပြသထားပြီး အဖွဲ့များထံမှ ရလဒ်များကို ပြခန်းများတွင် လမ်းလျှောက်ကြည့်ခြင်းနည်းကို သုံးစေရမည်။ အဖွဲ့တစ်ဖွဲ့စီမှ ရှင်းလင်းပြောကြားရန် ရွေးချယ်ထားပါ။ သင်တန်းတက်သူတို့ကို အခြားသူတို့နှင့် မတူကွဲပြားစေရန် ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးသည့်အခါတွင် မတူညီသည့် အရောင်များ အသုံးပြုရန် တိုက်တွန်းပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 4 ဖိုင်ကိုကြည့်ပါ )

ရွေးချယ်မှု ( ၂ )

စာသင်ကျောင်းသင်ရိုးညွှန်းတမ်းတွင် DRR ထည့်မသွင်းသည့် နိုင်ငံများ

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

(၃-၄) ဦးဖြင့် အဖွဲ့ခွဲခိုင်းသည်။ အဖွဲ့တစ်ဖွဲ့သည် အောက်ပါတို့ကို ဆွေးနွေးရမည်။

( ၁ ) DRR ကို စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းလိုပါက ဘယ်လိုအဆင့်တွေ လုပ်ဖို့ လိုအပ်မလဲ ။

( ၂ ) သင်ရိုးညွှန်းတမ်းတွင် DRR ၏ ဘယ်ဘာသာရပ်များကို ထည့်သွင်းချင်ပါသလဲ ။

( ၃ ) အဖွဲ့တစ်ဖွဲ့စီအား သူတို့၏ အဖြေများကို နံရံပေါ်တွင် ပြသထားပြီး အဖွဲ့များထံမှ ရလဒ်များကို ပြခန်းများတွင် လမ်းလျှောက်ကြည့်ခြင်းနည်းကို သုံးစေရမည်။ အဖွဲ့တစ်ဖွဲ့စီမှ ရှင်းလင်းပြောကြားရန် ရွေးချယ်ထားပါ။ သင်တန်းတက်သူ တို့ကို အခြားသူများနှင့် မတူကွဲပြားစေရန် ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးသည့်အခါတွင် မတူညီသည့် အရောင်များ အသုံးပြုရန် တိုက်တွန်းပါသည်။

( ၄ ) အဖွဲ့လိုက်ဆွေးနွေးမှုမှ ရလဒ်များကို အကျဉ်းချုပ်ပြီး Slide (၂၅) နှင့် (၂၆) ကို ရှင်းပြရမည်။

( ၅ ) DRR ဘာသာရပ်ကို အနုပညာ၊ ဘာသာစကားနှင့် ယဉ်ကျေးမှု ၊ ပထဝီ ၊ လူမှုသိပ္ပံ စသည့် ဘာသာရပ်များတွင် ထည့်သွင်းနိုင်ကြောင်းကို ရှင်းပြပါ ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 4 ဖိုင်ကိုကြည့်ပါ )

Funded by European Union Civil Protection and Humanitarian Aid

### လုပ်ဆောင်ချက်( ၂ )

### စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် DRR ကို ထည့်သွင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများကို ဝေမျှခြင်း

( ၁ ) ဦးဆောင်ဆွေးနွေးသူသည် မြန်မာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တရုတ်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့ မှ စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် DRR ကို ထည့်သွင်းသည့် အတွေ့အကြုံများ ကို slide (၂၇-၃၀) မှ ရှင်းပြပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 4 ဖိုင်ကိုကြည့်ပါ )

### လုပ်ဆောင်ချက် ( ၃ )

### ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေးမြှင့်တင်ခြင်း အလေ့အကျင့်ကောင်းများ ဝေမျှခြင်း

( ၁ ) ဦးဆောင်ဆွေးနွေးသူသည် သင်တန်းတက်သူများအား နိုင်ငံအဆင့် (သို့) ကျောင်းအဆင့်တွင် ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေး အစီအစဉ်ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် အတွက် ဝေမျှလိုသည့် အသုံးပြုမည့် ပစ္စည်းများကိုပေးထားပါ ။ ( ဗွီဒီယို၊ စည်းရုံးလှုံ့ဆော်မှု ... )

( ၂ ) (Plan ထိုင်းနိုင်ငံမှ ဗွီဒီယို ဖြင့်) အစပြုပြီး slide (၃၂-၄၆) ၏ Plan ဗီယက်နမ်မှ အကောင်းဆုံး အလေ့အကျင့်များ ကို ဆက်လက်ပြောကြားပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 4 ဖိုင်ကိုကြည့်ပါ )

# အခန်း ( ၄ )

## ဘေးကင်းလုံခြုံသောသင်ကြားရေး ပံ့ပိုးပစ္စည်းများ

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN
INTERNATIONAL

# NOTE

# အခန်း ( ၄ )
# ဘေးကင်းလုံခြုံသောသင်ကြားရေး ပံ့ပိုးပစ္စည်းများ

ဖော်ပြချက်

၄င်းသည် ဘေးကင်းသော သင်ကြားရေး ပံ့ပိုးပစ္စည်းများ၏ နည်းပညာ အယူအဆများကို ရှင်းပြထားသည် ။ အထူးသဖြင့် ဘေးကင်းသော စာသင်ကျောင်းအဆောက်အအုံများဖြစ်စေရန်အတွက် အဆောက်အအုံပိုင်းနှင့် အဆောက်အအုံမဟုတ်သည့်အပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုများကို ရှင်းပြရမည်။

လေ့လာသင်ယူရခြင်း၏ ရည်ရွယ်ချက်များ

ဤသင်ခန်းစာပြီးဆုံးသည့်အခါတွင် သင်တန်းတက်သူများသည် ဘေးကင်းလုံခြုံသော သင်ကြားရေးပံ့ပိုးပစ္စည်းများသည် ကျောင်းအဆင့်တွင် မည်မျှအရေးကြီးကြောင်းကို သိရှိနိုင်မည်ဖြစ်ပြီး အောက်ပါတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

( ၁ ) စာသင်ကျောင်းအဆောက်အအုံအသစ်နှင့် ဖြည့်စွက်တည်ဆောက်ခြင်းအပေါ်တွင် အခြေခံ နားလည်မှုရှိခြင်း

( ၂ ) ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်း စာသင်ကျောင်းအပေါ်တွင် အခြေခံနားလည်မှု

သင်ယူရန် အခန်းများ

အောက်ပါခေါင်းစဉ်များပါဝင်မည်-

- အခန်း ၅.၁ ၊ အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့် ဘေးကင်းလုံခြုံမှု
- အခန်း ၅.၂ ၊ ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်းရှိသော စာသင်ကျောင်းများ

## အခန်း ( ၄.၁ )
## အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့် ဘေးကင်းလုံခြုံမှု

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

သင်တန်းတက်သူများကို စာသင်ကျောင်းဆောင်သစ် နှင့် ဖြည့်စွက်တည်ဆောက်ခြင်းတို့တွင် အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့်ကဏ္ဍ ဘေးကင်းလုံခြုံမှု၏ အခြေခံ အချက်အလက်များကို နားလည်စေရန် ။

၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီး၊ မာကာများ ၊ ပညာပေး ကဒ်များ၊ ပါဝါပွိုင့် များ၊ ရောင်စုံ ဘောပင်များ၊ ရောင်စုံစာရွက်များ၊ အဆောက်အအုံပိုင်းမဟုတ်သည့် ဆန်းစစ်လေ့လာမှု ပုံစံ၊ masking tape ..

၃။ ကြာမြင့်ချိန်

- ( ၁ ) နာရီ ၊ မိနစ် ( ၂၀ )

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၀ မိနစ် | ၁၀ မိနစ် | လုပ်ဆောင်ချက် ၁၊ မိတ်ဆက်ခြင်း နှင့် ဒေါက်တိုင် ၁ - ဘေးကင်းလုံခြုံရေး သင်ကြားရေး ပံ့ပိုးပစ္စည်းများ | ပါဝါပွိုင့် Presentation၊ ရွက်လှန်စာရွက်ကြီး၊ စာရွက်များ |
| လုပ်ဆောင်ချက် ၂ | မိနစ် ၃၀ | မိနစ် ၄၀ | လုပ်ဆောင်ချက် ၂၊ ဘေးကင်းလုံခြုံရေး သင်ကြားရေး နေရာ | ပညာပေး ကဒ်ပြားများ၊ ရောင်စုံ ဘော်ပင်များ၊ ရောင်စုံစာရွက်များ၊ masking tapes |
| လုပ်ဆောင်ချက် ၃ | မိနစ် ၁၀ | မိနစ် ၅၀ | လုပ်ဆောင်ချက် ၃၊ အဆောက်အအုံပိုင်း ဘေးကင်းလုံခြုံမှု | ပညာပေး ကဒ်ပြားများ၊ ရောင်စုံ ဘောပင်များ၊ ရောင်စုံစာရွက်များ၊ masking tapes |
| လုပ်ဆောင်ချက် ၄ | မိနစ် ၃၀ | မိနစ် ၈၀ | လုပ်ဆောင်ချက် ၄၊ အဆောက်အအုံပိုင်း မဟုတ်သည့်ကဏ္ဍ ဘေးကင်းလုံခြုံမှု | ပညာပေး ကဒ်ပြားများ၊ ရောင်စုံ ဘောပင်များ၊ ရောင်စုံစာရွက်များ၊ masking tapes ၊ |

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ မိတ်ဆက်ခြင်းနှင့် ဒေါက်တိုင် ( ၁ )

ဘေးကင်းလုံခြုံသော သင်ကြားရေး ပံ့ပိုးမှုပစ္စည်းများ အကြောင်း ပြန်လည်ပြောကြားခြင်း

- ဦးဆောင်ဆွေးနွေးသူသည် သင်ခန်းစာကို စတင်မိတ်ဆက်မှုဖြင့် စတင်ပြီး အဓိကဘေးကင်းလုံခြုံသောသင်ကြားရေး ပံ့ပိုးမှုပစ္စည်းများ၏ အဓိက အစိတ်အပိုင်းများကို ပြောကြားရမည်။

လုပ်ဆောင်ချက် ( ၂ )၊ ဘေးကင်းလုံခြုံသော သင်ကြားရေးနေရာ

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်များမှာ -

( ၁ ) သင်တန်းတက်သူများကို စားပွဲတွင် ပညာပေးကဒ်ပြားများနှင့် အခြားပစ္စည်းများကို အသုံးပြုပြီး ဘေးကင်းသော သင်ကြားရေး နေရာကို သူတို့ကိုယ်ပိုင် ပုံစံဖြင့် ပုံစံပြုလုပ်ခိုင်းပါ ( မှတ်ချက် - သင်တန်းတက်သူများမှဘေးကင်းသော သင်ကြားရေးနေရာကို ဆန်းသစ်တီထွင်နိုင်သည်၊ နောက်တစ်ခု လုပ်ဆောင်ချက်အတွက် ချန်ထားပါ)

( ၂ ) သင်တန်းတက်သူများမှဘေးကင်းသော သင်ကြားရေးနေရာ ဆွေးနွေးမှုပြီးဆုံးသည့်အခါတွင် မေးခွန်း(၃)ခု မေးရမည်-

၁ - ဘေးကင်းသော သင်ကြာရေးပံ့ပိုးပစ္စည်းတွေက ဘာတွေလဲ။

၂ - ဘေးကင်းသော သင်ကြားရေး ပံ့ပိုးပစ္စည်းများဖြစ်စေရန် အစိတ်အပိုင်းတွေက ဘာတွေလဲ။

၃ - ဘယ်သူတွေ ပါဝင်ဖို့လိုသလဲ။

( ၃ ) စားပွဲတစ်ခုစီအား မေးခွန်းနံပါတ် (၁) အဖြေများကို ဝေမျှခိုင်းပြီး slide (၇)ကို ရှင်းပြခြင်းအားဖြင့် အကျဉ်းချုပ်ပါ။ ထို့နောက် မေးခွန်း (၂) နှင့် (၃) ကို slide (၈) နှင့် (၉) ဖြင့် ပြုလုပ်ပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 5 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက်( ၃ )၊ အဆောက်အအုံပိုင်း ကဏ္ဍ ဘေးကင်းလုံခြုံမှု

( ၁ ) ဦးဆောင်ဆွေးနွေးသူသည် သူတို့၏ဘေးကင်းလုံခြုံရေး သင်ကြားရေးနေရာကို သုံးသပ်ရန်အတွက်စားပွဲတစ်ခုစီမှ သင်တန်းတက်သူများကို မေးပြီး အဆောက်အအုံပိုင်းဆိုင်ရာ အစိတ်အပိုင်းများကို ရွေးချယ်ထားပါ။ အဖြေများကို ပညာပေး ကဒ်ပြားများပေါ်တွင် ရေးစေပြီး နံရံတွင် ချိတ်ဆွဲစေပါ။

( ၂ ) ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးမှုများကို အကျဉ်းချုပ်ပြီး slide (၁၁) ကို ရှင်းပြရမည်။

( ၃ ) ဦးဆောင်ဆွေးနွေးသူသည် အဆောက်အအုံများ ဘာကြောင့် မအောင်မြင်သည်ကို သင်တန်းတက်သူများအား ကြိုတင် ရှင်းပြထားရမည်။ ထို့နောက် သင်တန်းတက်သူ ဆွေးနွေးမှုများကို အကျဉ်းချုပ်ပြီး slide (၁၂-၁၆) ကို ရှင်းပြရမည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 5 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၄ )၊ အဆောက်အအုံပိုင်းမဟုတ်သည့်ကဏ္ဍ ဘေးကင်းလုံခြုံမှု

ရွေးချယ်မှု ( ၁ )

- ဦးဆောင်ဆွေးနွေးသူသည် သူတို့၏ ဘေးကင်းလုံခြုံရေး သင်ကြားရေးနေရာကို သုံးသပ်ရန်အတွက် စားပွဲတစ်ခုစီမှ သင်တန်းတက်သူများကို မေးပြီး အဆောက်အအုံပိုင်းမဟုတ်သည့်ကဏ္ဍ အစိတ်အပိုင်းများကို ရွေးချယ်ထားပါ။ အဖြေများကို ပညာပေး ကဒ်ပြားများပေါ်တွင် ရေးစေပြီး နံရံတွင် ချိတ်ဆွဲစေပါ။

ရွေးချယ်မှု ( ၂ )

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူများကို တကယ့်စာသင်ခန်းကို ပုံဖော်ခိုင်းရမည်ဖြစ်ပြီး စာသင်ခန်းမှ အဆောက်အအုံမဟုတ်သည့်အပိုင်း အစိတ်အပိုင်းများကို ရွေးချယ်သတ်မှတ်ရမည်။

( ၂ ) ယခင်အခန်းနှင့် နောက်ပိုင်းအခန်းကို ချိတ်ဆက်မှုရှာရန်/ ပညာပေး ကဒ်ပြားများအပြင် အခြားနည်းလမ်းများ အသုံးပြုမှုကိုလည်း ရှာဖွေရမည်။ မေးခွန်းမေးရန်အတွက် ဘောလုံးဖြင့် ပစ်ပေါက်သည့် နည်းကို အသုံးပြုနိုင်သည်။

( ၃ ) ဆွေးနွေးမှုများကို အကျဉ်းချုပ်ပြီး slide (၁၈-၂၄) ကို ရှင်းပြပါ။

( ၄ ) အဆောက်အအုံပိုင်းမဟုတ်သည့်ကဏ္ဍ များမအောင်မြင်ခြင်းနှင့် ပတ်သက်သည့် ဘေးဖြစ်နိုင်ခြေများ ကိုကြိုတင်မေးမြန်းထားပါ။ ပြီးနောက် ဆွေးနွေးမှုကို အကျဉ်းချုပ်ပြီး slide (၂၇) ကို ရှင်းပါ။

( ၅ ) အဆောက်အအုံမဟုတ်သည့်ကဏ္ဍ ဘေးကင်းလုံခြုံမှု ၏ ဖြစ်ရပ်ကောင်းများကို ကြိုတင်ဝေမျှစေပါ။

မှတ်ချက် - သင်တန်းတက်သူတို့၏ အဖြေများကို ဦးဆောင်ဆွေးနွေးသူ၏ စာအုပ်တွင် ရေးမှတ်ထားနိုင်သည်။

( ၆ ) ဦးဆောင်ဆွေးနွေးသူမှ slide (၂၈) နှင့် (၂၉) ကို အဆောက်အအုံမဟုတ်သည့်ကဏ္ဍ ဘေးကင်းလုံခြုံမှုကို ရှင်းပါ။

( ၇ ) ဦးဆောင်ဆွေးနွေးသူမှ အဆောက်အအုံပိုင်းမဟုတ်သည့်ကဏ္ဍ ဆန်းစစ်လေ့လာမှု ပုံကို ပြုလုပ်ခိုင်းပါ။

( ၈ ) လေ့ကျင့်ခန်းပြီးသည့်အခါတွင် ဦးဆောင်ဆွေးနွေးသူမှ slide (၃၀) မှ နမူနာများကို ပြသပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 5 ဖိုင်ကိုကြည့်ပါ )

# အခန်း ( ၄.၂ )
# ဘေးဒဏ်ခံနိုင်စွမ်းရှိသော စာသင်ကျောင်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်း စာသင်ကျောင်း၏ အခြေခံအချက်အလက်များကို နားလည်အောင် ပြုလုပ်ခြင်း

၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီးစာရွက်များ၊ မာကာများ၊ ဘောပင်များ ၊ ပညာပေး ကဒ်ပြားများ၊ ပါဝါပွိုင့် များ၊ ရောင်စုံဘောပင်များ၊ ရောင်စုံစာရွက်များ၊ masking tapes ၊ စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗွီဒီယို။

၃။ ကြာမြင့်ချိန်

- ( ၁ ) နာရီ၊ ( ၃၀ ) မိနစ်

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၀ မိနစ် | ၁၀ မိနစ် | လုပ်ဆောင်ချက် ၁၊ မိတ်ဆက်ခြင်း နှင့် သွေးပူလေ့ကျင့်ခန်း | ပါဝါပွိုင့် တင်ဆက်မှု နှင့် ကျောင်းဘေး အန္တရာယ်ဒဏ်ခံနိုင်စွမ်း ဗွီဒီယို ပြသခြင်း |
| လုပ်ဆောင်ချက် ၂ | ၆၀ မိနစ် | ၇၀ မိနစ် | လုပ်ဆောင်ချက် ၂၊ ဘေးဒဏ်ခံနိုင်သည့် စာသင်ကျောင်းဆောင်သစ်များနှင့် လက်ရှိစာသင်ကျောင်းများကို ဖြည့်စွက် တည်ဆောက်ခြင်းနစ်ခုစလုံးအတွက် အဆင့်များ | ရွက်လှန်စာရွက်ကြီးများ၊ မာကာ များ၊ ပညာပေး ကဒ်ပြားများ |
| လုပ်ဆောင်ချက် ၃ | မိနစ် ၂၀ | မိနစ် ၉၀ | လုပ်ဆောင်ချက် ၃ -ဘေးကင်းလုံခြုံသောနေရာနှင့် ပုံစံရွေးချယ်ခြင်း | ပါဝါပွိုင့် |

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ မိတ်ဆက်ခြင်း နှင့် သွေးပူလေ့ကျင့်ခန်း

( ၁ ) ဦးဆောင်ဆွေးနွေးသူမှ သင်ခန်းစာကို မိတ်ဆက်ပြောကြားပါ။

( ၂ ) ဦးဆောင်ဆွေးနွေးသူမှ ဘေးအန္တရာယ်ခံနိုင်စွမ်းရှိသော စာသင်ကျောင်း ဗွီဒီယိုကို ပြသပါ။

လုပ်ဆောင်ချက် ( ၂ )၊ ဘေးဒဏ်ခံနိုင်သည့် စာသင်ကျောင်းဆောင်သစ်များနှင့် လက်ရှိစာသင်ကျောင်းများကို ဖြည့်စွက် တည်ဆောက်ခြင်းနစ်ခုစလုံးအတွက် အဆင့်များ

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) အဖွဲ့ (၄) ဖွဲ့ခွဲခိုင်းပါ။ အဖွဲ့ (၁) နှင့် (၂) သည် ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်း စာသင်ကျောင်း ဆောင်သစ်များ တည်ဆောက်ပြီး အဖွဲ့ (၃) နှင့် (၄) သည် ဘေးအန္တရာယ် ခံနိုင်စွမ်းရှိသည့် စာသင်ကျောင်းဆောင် ဖြည့်စွက်တည်ဆောက်မှုကို ဆွေးနွေးပါ။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

( ၂ ) ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်းရှိသည့် စာသင်ကျောင်းအသစ် တည်ဆောက်ခြင်း/ဖြည့်စွက်တည်ဆောက်ခြင်း တွေက ဘာတွေလဲ ။

( ၃ ) ဘေးအန္တရာယ်ဒဏ်ခံနိုင်သည့် စာသင်ကျောင်း ဥပမာ များပေးပါ။

( ၄ ) တင်ဆက်မှုများ ပြုလုပ်ရန် အဖွဲ့တိုင်းကို မေးပါ။ အဖွဲ့လိုက် တင်ဆက်မှုမှ ဆွေးနွေးမှုကို အကျဉ်းချုပ်ပါ ပြောဆိုပြီး slide (၃၂)ကို ရှင်းပါ။

မှတ်ချက် - ဦးဆောင်ဆွေးနွေးသူသည် စာအုပ်တွင် မှတ်သားရန်အတွက် ကောင်းမွန်သည့် ဖြစ်ရပ်လေ့လာမှုများ မှတ်တမ်းပြုစုနိုင်သည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 5 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၃ )

ဘေးကင်းလုံခြုံသောနေရာနှင့် ပုံစံရွေးချယ်ရန် အကြံပြုချက်များ

- ဦးဆောင်ဆွေးနွေးသူမှ slide တက်ဆက်မှုများ၏ ရုပ်ပုံများမှ အကြံပြုချက်များကို တင်ဆက်နိုင်သည်။

# NOTE

# အခန်း ( ၅ )

# ဘေးကင်းလုံခြုံသော စာသင်ကျောင်းများမှ ကဏ္ဍာစုံနှင့်ချိတ်ဆက်နေသည့် ကဏ္ဍာများ

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# NOTE

# အခန်း ( ၅ )

# ဘေးကင်းလုံခြုံသောစာသင်ကျောင်းများမှ ကဏ္ဍစုံနှင့်ချိတ်ဆက်နေသည့် ကဏ္ဍများ

## ဖော်ပြချက်

ဘေးကင်းလုံခြုံသော စာသင်ကျောင်း စီမံကိန်းများတွင် ထည့်သွင်းရန် လိုအပ်သော ကဏ္ဍပေါင်းစုံနှင့် ချိတ်ဆက်နေမှုကို ရှင်းပြခြင်း ( ကျား/ရေး၊ ပတ်ဝန်းကျင် နှင့် မသန်စွမ်းကဏ္ဍ)။

## လေ့လာသင်ယူခြင်း ရည်ရွယ်ချက်

ဤသင်ခန်းစာပြီးဆုံးသည့်အခါတွင် သင်တန်းတက်သူများသည် အောက်ပါ အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်-

( ၁ ) ကျား/မရေးရာကို နားလည်ပြီး ဘေးကင်းလုံခြုံသော စာသင်ကျောင်းများတွင် ကျား/မရေးရာကို ဘယ်လိုထည့်သွင်းရမည်ကို သိရှိနားလည်ခြင်း၊

( ၂ ) ပတ်ဝန်းကျင်၏ ဆိုလိုရင်းအနက်ကို နားလည်ပြီး ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေမည့်ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများ ပြုလုပ်ပုံကို သိရှိခြင်း ။

( ၃ ) Plan ၏ ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများတွင် မသန်စွမ်းများ ပါဝင်စေရန် လမ်းညွှန်ချက်များကို အသုံးပြုခြင်း။

## လေ့လာသင်ယူရန် အခန်းများ

အောက်ပါခေါင်းစဉ်များ ပါဝင်မည် -

အခန်း ( ၅.၁ ) ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများ တွင် ကျား/မရေးရာ

အခန်း ( ၅.၂ ) ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများရှိ ပတ်ဝန်းကျင်

အခန်း( ၅.၃ ) ဘေးကင်းလုံခြုံသောစာသင်ကျောင်းများတွင် မသန်စွမ်းများကိုပါဝင်စေရန် လမ်းညွှန်ချက်များကို ထည့်သွင်းခြင်း

## အခန်း ( ၅.၁ )

## ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများ တွင် ကျား/မရေးရာ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

ကျား/မရေးရာကို သင်တန်းတက်သူများ နားလည်စေရန်နှင့် ကျား/မရေးရာ ပြောင်းလဲရေး အစီအစဉ်တွင် ဘေးကင်းလုံခြုံသောစာသင်ကျောင်း အစီအစဉ်ကို ဘယ်လို ပြုလုပ်ရမည်ကို နားလည်စေခြင်းအတွက် ရည်ရွယ်ပါသည်။

၂။ ပစ္စည်းများ

ပါဝါပွိုင့်၊ပရော့ဂျက်တာ၊ ကွန်ပြူတာ ၊ ရွက်လှန်စာရွက်ကြီး၊ ကပ်ခွာများ၊ မာကာ များ ၊ ကြိုတင်ရေးထားသော ကဒ်ပြားများ

၃။ ကြာမြင့်ချိန်

- ( ၂ ) နာရီ

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၅ မိနစ် | ၅ မိနစ် | လုပ်ဆောင်ချက် ၁။ မိတ်ဆက်ခြင်း နှင့် ကျား/မ ရေးရာ ဆိုင်ရာ လူ့အခွင့်အရေး | ပါဝါပွိုင့်ဖြင့် ပြသမှု ၊ ကျား/မရေးရာ အကြောင်း ကြိုတင်ရေးထားသည့် ကဒ်ပြားများ ၊ ပတ်ဝန်းကျင် နှင့် မသန်စွမ်း၊ ကပ်ခွာများ |
| လုပ်ဆောင်ချက် ၂ | ၁၀ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၂၊ Plan ၏ ကျား/ မရေးရာ သာတူညီမျှ စီမံကိန်း စံနှုန်းသတ်မှတ်ချက် | ပါဝါပွိုင့် |
| လုပ်ဆောင်ချက် ၃ | ၁၀ မိနစ် | ၂၅ မိနစ် | လုပ်ဆောင်ချက် ၃၊ ကျား/မ ရေးရာ အခန်းကဏ္ဍများ | ပါဝါပွိုင့် |
| လုပ်ဆောင်ချက် ၄ | ၄၀ မိနစ် | ၆၅ မိနစ် | လုပ်ဆောင်ချက် ၄၊ ကျား/မရေးရာ လိုအပ်ချက်များ | ပါဝါပွိုင့် |
| လုပ်ဆောင်ချက် ၅ | ၁၀ မိနစ် | ၇၅မိနစ် | လုပ်ဆောင်ချက် ၅၊ ကျား/မရေးရာ နည်းကိရိယာများ | ပါဝါပွိုင့် |
| လုပ်ဆောင်ချက် ၆ | ၄၅ မိနစ် | ၁၂၀ မိနစ် | လုပ်ဆောင်ချက် ၆၊ ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် ၃ ခု ၊ | ပါဝါပွိုင့် ၊ ရွက်လှန်စာရွက်ကြီး၊ မာကာ ၊ ကပ်ခွာများ၊ ပလပ်စတစ်မှတ်စုများ |

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ မိတ်ဆက်ခြင်း နှင့် ကျား/မ ရေးရာ အတွက် လူ့အခွင့်အရေး

( ၁ ) ဦးဆောင်ဆွေးနွေးသူသည် သင်ခန်းစာအား CSS ၏ ဒေါက်တိုင်(၃) ခု ကို နံရံတွင် ဖော်ပြထားပြီး ရုပ်ပုံများဖြင့် မိတ်ဆက်ပေးရမည်။ ၎င်းမှာ ကဏ္ဍစုံဖြင့် ချိတ်ဆက်နေသည့် သင်ခန်းစာဖြစ်ပြီး ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းတွင် ကဏ္ဍစုံနှင့် ချိတ်ဆက်နေသည့် ကျား/မရေးရာ၊ ပတ်ဝန်းကျင်နှင့် မသန်စွမ်း တို့ပါဝင်သည်။

( ၂ ) ဦးဆောင်ဆွေးနွေးသူမှ slide (၃) ကို ရှင်းပါ။

လုပ်ဆောင်ချက် ( ၂ )၊ Plan ၏ ကျား/မရေးရာ သာတူညီမျှ စီမံကိန်း စံနှုန်းသတ်မှတ်ချက်

ဦးဆောင်ဆွေးနွေးသူမှ plan ၏ ကျား/မ သာတူညီမျှရေး အစီအစဉ် စံချိန်စံနှုန်းများဖြစ်သည့် slide (၄)ကို ပြပါ။ သင်တန်းသား/သူများအား ဘေးကင်းလုံခြုံသော စာသင်ကျောင်း (သို့) အခြားအစီအစဉ်များတွင် ကျား/မရေးရာ ကဏ္ဍအောင်မြင်မှုများ ဖြစ်ခဲ့သည့် ဥပမာများကို ကြိုတင်ပေးကြရန် ပြောပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

Funded by European Union Civil Protection and Humanitarian Aid

လုပ်ဆောင်ချက် ( ၃ )၊ ကျား/မ ရေးရာ အခန်းကဏ္ဍများ

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) slide (၄) ကို ပြပြီး အောက်ပါတို့ကို ပြောရမည်။

( ၂ ) လိင်နှင့် ကျား/မရေးရာသည် ကွာခြားသည်၊ လိင်သည် ဇီဝဖြစ်စဉ်တစ်ခုဖြစ်ပြီး ကျား/မရေးရာ မှ သင်ယူရရှိခြင်း ( လူမှုအသိုင်းအဝိုင်းအရာ တည်ဆောက်ထားခြင်း) ဖြစ်သောကြောင့် အချိန်နှင့် အကြောင်းအရာပေါ် မူတည်ပြီး ပြောင်းလဲနိုင်သည်။

( ၃ ) ဦးဆောင်ဆွေးနွေးသူမှ slide 5 ကိုပြပြီး သင်တန်းတက်သူတို့အား ကျား/မ ကဏ္ဍကို အလုပ်နှင့် နေအိမ်များတွင် ပုံစံသေများကို ဥပမာ ပေးခိုင်းပြီး ဘာကြောင့် ဖြစ်သည်ကို ရှင်းခိုင်းပါ။ ထို့နောက် ဦးဆောင်ဆွေးနွေးသူသည် slide 5 နှင့် slide 6 ကို ရှင်းခိုင်းပါ။

( ၄ ) သင်တန်းပေးသည့် slide 7 ကို ပြပြီး အဓိက အချက် (၄) ချက်ကို ရှင်းပြီး ကျား/မ ရေးရာ အခန်း၏ အပိုင်း (၁) ကို အကျဉ်းချုပ် ပြောခိုင်းပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၄ )၊ ကျား/မရေးရာ လိုအပ်ချက်များ

( ၁ ) slide (၈) ကိုပြသပြီး သင်တန်းတက်သူများကို မည်သည့်အရာများ တွေ့မြင်ကြောင်း မေးပါ။ သင်တန်းတက်သူများကို ယင်းဘေးအန္တရာယ်တို့၏ သက်ရောက်မှုတို့သည် မိန်းကလေးငယ်များ၊ ယောကျ်ားလေး၊အမျိုးသမီးနှင့် အမျိုးသားတို့အပေါ်တွင် တူညီမှု ရှိ/မရှိကြိုတင်မေးထားပါ။ သင်တန်းတက်သူတို့အား သူတို့၏ အတွေ့အကြုံများကို မေးပြီး ဦးဆောင်ဆွေးနွေးသူအား slide (၈)ကို သုံးပြီး အကျဉ်းချုပ်ပြောခိုင်းပါ။

( ၂ ) slide(၉)ကိုပြသပြီး၄င်းတို့မှ (၂၀၁၀) ခုနှစ် ပါကစ္စတန်နိုင်ငံတွင် ဘေးဒဏ်ခံကြရသော လူတို့ဖြစ်ကြောင်းရှင်းပါ။ ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူတို့ကို (၂-၄) ဖွဲ့ခွဲပါ။

( ၃ ) အဖွဲ့ (၁) နှင့် (၂)၊ မှ လူတွင်ပြထားသော လူတို့၏ လိုအပ်ချက်များ ကို ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးခိုင်းပါ။ လိင်နှင့် အသက်အရွယ်ပေါ်မူတည်ပြီး အဖွဲ့ခွဲပါ။ (အဖွဲ့မှ ရုပ်ပုံများမှ ၃ ဦးကို ရွေးချယ်နိုင်သည်)

( ၄ ) အဖွဲ့ (၃) နှင့် (၄)၊ ရုပ်ပုံအတွင်းမှ လူတို့၏ စွမ်းဆောင်ရည်များက မည်သည်ဖြစ်သည်ကို ရွက်လှန်စာရွက်ကြီး ပေါ်တွင် ရေးချပါ။ သူတို့ကို လိင် နှင့် အသက်အရွယ် အရ ခွဲခြားပါ ၊ (အဖွဲ့သည် ရုပ်ပုံများမှ (၃) ဦးကို ရွေးချယ်နိုင်သည်)

( ၅ ) ရွက်လှန်စာရွက်ကြီးကို အတူယှဉ်ဆောင်စေ၍ ဆွေးနွေးစေရမည်။ ဥပမာ အဖိုးအို နှင့် မိန်းကလေးငယ်တို့၏ လိုအပ်ချက် တူညီမှု ရှိနိုင်ပါသလား ။ ဘာကြောင့် ဖြစ်သလဲ နှင့် သူတို့မေ့နေသည့် အရာများ ရှိသလား မေးပါ။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါ။

( ၆ ) ထို့နောက် အဖွဲ့ (၃) နှင့် (၄) ကိုလည်း ရုပ်ပုံမှ လူအမျိုးမျိုးကို ရွေးချယ်ပြီး ထိုမေးခွန်းများ ထပ်မံမေးပြီး သူတို့၏ စွမ်းဆောင်ရည်အကြောင်းကို မေးပါ။

လုပ်ဆောင်ချက် ( ၅ )၊ ကျား/မရေးရာ နည်းကိရိယာများ

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ

( ၁ ) ကျား/မရေးရာ နည်းကိရိယာ ၁ ၊ ကျား/မရေးရာ ဆန်းစစ်ချက်ကို ပြသပြီး slide (၁၀)ကို ပြသပါ။

( ၂ ) သင်တန်းတက်သူများကို ကျေးရွာတစ်ရွာအကြောင်း စဉ်းစားခိုင်းပြီး နေ့တစ်ရက်၏ မတူညီသည့် အချိန်များ တွင် သူတို့ ဘာလုပ်ကြသည်ကို ရေးခိုင်းပါ။

( ၃ ) ပြီးနောက် သူတို့ဘာမြင်သည်ကို မေးရန်နှင့် ဘာကြောင့်ဖြစ်သည်ကို မေးပါ။ ၄င်းတို့သည် ဘာကြောင့် ပြောင်း လဲနိုင်သလဲ ၊ ဘယ်လိုကြောင့်လဲ ။

Funded by European Union Civil Protection and Humanitarian Aid

( ၄ ) သင်တန်းတက်သူများ၏ အဖြေရရှိပြီးနောက်တွင် နည်းကိရိယာကို အကျဉ်းချုပ်ပြီး slide (၁၁)ကို ရှင်းပါ။

( ၅ ) ကျား/မရေးရာ နည်းကိရိယာအတွက် slide (၁၂)ကိုပြပါ။ ကျား/မ အချက်အလက်ပေါ်မူတည်ပြီး ခွဲခြားထားသည့် အချက်အလက်များကို ရှင်းပြပါ။ ၎င်းမှ သင့်အနေဖြင့် သတိပေးနိုင်မည့် အချက်သာလျှင် ဖြစ်သည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၆ )၊ ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် (၃) ခု

ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို အဖွဲ့ (၃) ဖွဲ့ခွဲပြီး အ ဖွဲ့တစ်ဖွဲ့စီကို အောက်ပါတို့ကို ဆွေးနွေးခိုင်းပါ -

အဖွဲ့ ( ၁ )၊ ဒေါက်တိုင်( ၁ )

စာရင်းပြုစုထားသည့် အဆောက်အအုံများကို ကြည့်ပြီး ၎င်းတို့မှ မိန်းကလေးငယ်များနှင့် ယောက်ျားလေးများအတွက် ဘယ်လို ဘေးကင်းအောင်ပြုလုပ်ရမည်ကို ဆွေးနွေးပါ ။ ကလေးအားလုံးအတွက် လိုအပ်ချက်များ တူညီပါသလား။

ဆွေးနွေးပါ

၁ - အချက်အလက်တွေကို ဘယ်လိုရသလဲ ။

၂ - မတူညီမှုများအတွက် ငွေကြေးလျာထားချက် တူညီပါသလား ။

၃ - မှန်ကန်သည့် လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်နေမှု ဘယ်လိုသေချာစေမလဲ ။

အဖွဲ့ ( ၂ )၊ ဒေါက်တိုင်( ၂ )

ပြုစုထားသည့် လုပ်ငန်းများနှင့် သင်တန်းတက်သူများကို ကြည့်ပါ။ ပူးပေါင်းပါဝင်မှုရှိစေရန်ဘယ်လို သေချာစေမလဲ။

ဆွေးနွေးပါ

၁ - ပူးပေါင်းပါဝင်မှုကို သင်ဘယ်လို နားလည်မလဲ ။

၂ - ပူးပေါင်းပါဝင်မှုကို သေချာစေရန် စာသင်ကျောင်းမှ ဘာတွေ ဆောင်ရွက်နိုင်မလဲ ။

၃ - ကျွန်ုပ်တို့ဘာကို ရရှိလိုသလဲ ။ ဘယ်လို ရရှိအောင် ဆောင်ရွက်မလဲ ။

အဖွဲ့ ( ၃ )၊ ဒေါက်တိုင်( ၃ )

ကျား/မရေးရာကို သင်ရိုးညွှန်းတမ်း နှင့် ပစ္စည်းများတွင် ဘေးကင်းသော စာသင်ကျောင်းများ ဖြစ်စေရန်အတွက် ဘယ်လိုထည့်သွင်းဆောင်ရွက်မလဲ ။

ဆွေးနွေးပါ

စီမံချက်များမှ နမူနာကောင်းများကို ဝေမျှပြီး အခြားစီမံချက်များမှ ကိုးကားအသုံးပြုနိုင်ရန် အကြံပြုချက်များ ပြုစုရေးသားပါ ။ (သင်တန်းပြီးသည့်အခါတွင် နောက်ဆက်တွဲတွင် ထည့်ပါ)

၁ - ဦးဆောင်ဆွေးနွေးသူမှ အဖွဲ့တစ်ဖွဲ့စီမှ ဆွေးနွေးတင်ဆက်ရန် ပြင်ဆင်ခိုင်းပြီး slide (၁၄) နှင့် (၁၅)ကို ရှင်းပြပြီး နိဂုံးချုပ်ပါ။

၂ - ဦးဆောင်ဆွေးနွေးသူမှ ဘေးကင်းလုံခြုံသောစာသင်ကျောင်းများတွင် ကျား/မရေးရာ ကဏ္ဍကို ထည့်သွင်းသည့် အတွေ့အကြုံများကို ဝေမျှခိုင်းပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

# အခန်း (၅.၂ )

## ဘေးကင်းလုံခြုံသောစာသင်ကျောင်းများကို ပတ်ဝန်းကျင် ရှုထောင့်မှ ကြည့်ရှုခြင်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

သင်တန်းတက်သူများမှ ပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို နားလည်စေရန် ဖြစ်ပါသည်။

၂။ ပစ္စည်းများ

ဗွီဒီယို၊ ကွန်ပြူတာ၊ အသံစနစ်၊ ရွက်လှန်စာရွက်ကြီး၊ မာကာ ၊ ကပ်ခွာများ ၊ ရောင်စုံ ဘောပင်များ နှင့် စာရွက်များ၊ သင်ပုန်းဖြူ။

၃။ ကြာမြင့်ချိန်

- ( ၂ ) နာရီ

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောက်ချက် ၁ | ၁၅ မိနစ် | ၁၅ မိနစ် | လုပ်ဆောင်ချက် ၁၊ ကမ္ဘာပေါ်တွင် လူတို့၏ သက်ရောက်မှု ဗွီဒီယိုကို မိတ်ဆက်ခြင်း | ဗွီဒီယို၊ ကွန်ပြူတာ၊ အသံစနစ်၊ ရွက်လှန်စာရွက်ကြီး ၊ မာကာ |
| လုပ်ဆောင်ချက် ၂ | ၇၅ မိနစ် | ၉၀ မိနစ် | လုပ်ဆောင်ချက် ၂၊ ပတ်ဝန်းကျင် ရှုထောင့် | ရွက်လှန်စာရွက်ကြီး၊ မာကာ ၊ ကပ်ခွာများ |
| လုပ်ဆောင်ချက် ၃ | ၃၀ မိနစ် | ၁၂၀ မိနစ် | လုပ်ဆောင်ချက် ၃၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ဘေးကင်းလုံခြုံရေး စာသင်ကျောင်း စီမံချက် | ရွက်လှန်စာရွက်ကြီး၊ သင်ပုန်းဖြူ၊ မာကာ၊ ကပ်ခွာများ |

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ ကမ္ဘာပေါ်တွင် လူတို့၏ သက်ရောက်မှုကို ပြသော ဗွီဒီယို နှင့် မိတ်ဆက်ခြင်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်ခန်းစာ၏ ရည်ရွယ်ချက်ကို မိတ်ဆက်ခြင်းဖြင့် စတင်ပါ။

( ၂ ) ကမ္ဘာ/ပတ်ဝန်းကျင်အပေါ် လူတို့၏ သက်ရောက်မှု ဗွီဒီယိုကို ပြသပါ။ ဗွီဒီယို ၏ link ကို ကြည့်ရန်ဦးဆောင်ဆွေးနွေးသူ၏ နောက်ဆက်တွဲတွင်ကြည့်ပါ။

( ၃ ) slide (၁၇)ကို ပြသပြီး ပတ်ဝန်းကျင်ဆိုတာကို ဘယ်လိုနားလည်သလဲ ဟုမေးပါ။

( ၄ ) အဖြေများကို စာရွက်ပေါ်တွင် ရေးချပါ။

( ၅ ) ဦးဆောင်ဆွေးနွေးသူမှ slide (၁၈)ကို ပြပြီးစာကိုဖတ်ပြီး ဆွေးနွေးမှုကို အကျဉ်းဖော်ပြရမည်။ slide (၁၉)ကို ဆက်လက်ဆောင်ရွက်ပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

Funded by European Union Civil Protection and Humanitarian Aid

လုပ်ဆောင်ချက် ( ၂ )၊ ပတ်ဝန်းကျင် ကဏ္ဍများ

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ slide (၂၁-၂၆) မှ ပတ်ဝန်းကျင်ကဏ္ဍကို ရှင်းပြပါ။

သင်တန်းတက်သူများကို အဖွဲ့ ( ၃ )ဖွဲ့ ခွဲပြီး ကျွန်ုပ်တို့လုပ်ဆောင်မှုများ မှန်ကန်ပါသလား ဆိုသည့်အချက် အပေါ်တွင် ပတ်ဝန်းကျင်ကဏ္ဍ ဆန်းစစ်လေ့လာမှု ပြုလုပ်ပါ။ အောက်ပါတို့သည် အဖွဲ့လိုက်ဆွေးနွေးမှု အတွက် အဓိက မေးခွန်းများဖြစ်သည် -

( ၁ ) သင်၏ ဦးတည်ဆောင်ရွက်သည့် စီမံချက်မှ ပတ်ဝန်းကျင်အခြေအနေတွေက ဘာတွေလဲ။ ဒေသတွင်း ပတ်ဝန်း ကျင်အခြေအနေကို ပတ်ဝန်းကျင်ပျက်စီးမှု/ပြဿနာများ၊ ရာသီဥတုပြောင်းလဲမှု နှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေများနှင့် လူတို့ကြောင့် ဒေသအပေါ်တွင် ဘယ်လိုသက်ရောက်မှုရှိသည်ဆိုသည့်အချက်များပေါ်တွင် အခြေခံ၍ သုံးသပ်လေ့လာပါ။

( ၂ ) စီမံကိန်း/စီမံချက်တို့သည် ပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့် ဆိုးကျိုး ဘယ်လို သက်ရောက်မှုရှိသလဲ ။ ဆိုးကျိုးသက်ရောက်မှုများကို ဘယ်လိုလျှော့ချနိုင်မလဲ။ ကောင်းကျိုးတွေကို ဘယ်လို တိုးမြှင့် ဆောင်ရွက်နိုင် မလဲ။

( ၃ ) ပတ်ဝန်းကျင် အခြေအနေတို့သည် စီမံကိန်း/ စီမံချက် တို့အပေါ်တွင် ကောင်းကျိုး၊ ဆိုးကျိုး ဘယ်လို သက် ရောက်မှု ရှိနိုင်မလဲ ။ ကောင်းကျိုးတွေကို ဘယ်လို တိုးမြှင့်ပြီး ဆိုးကျိုး သက်ရောက်မှုတွေကို ဘယ်လို လျှော့ချ နိုင်မလဲ ။ ဘေးဖြစ် နိုင်ခြေများကို ဘယ်လို ဖြေရှင်းကြမလဲ ။

( ၄ ) အဖွဲ့တစ်ဖွဲ့စီအား ဒေါက်တိုင်တစ်ခုစီတွင် ပတ်ဝန်းကျင် သက်ရောက်မှုနှင့် ဆိုးကျိုးဘေးဖြစ်နိုင်ခြေများကို လျှော့ချရန် ဘာလုပ်နိုင်မည်ကို စာရင်းပြုစုခိုင်းပါ။ ကလေးကဏ္ဍ ၊ လုပ်ငန်းများတွင် ကလေးများ ပါဝင်စေမှုကို စဉ်းစားပါ။

( ၅ ) အဖွဲ့တစ်ဖွဲ့စီအား သူတို့၏အဖြေများကို နံရံတွင် ချိတ်ဆွဲစေပြီး အဖွဲ့တို့၏ ရလဒ်များကို ပန်းချီပြခန်းများကို လိုက်လံကြည့်ရှုသည့် ပုံစံဖြင့် ဆောင်ရွက်ပါ။ အဖွဲ့တစ်ဖွဲ့စီသည် ရှင်းပြ ဖြေရှင်းရန်အတွက် တစ်ဦးကို ရွေးချယ်သတ်မှတ်ရမည်။ သင်တန်းတက်သူတို့ကို အခြားသူများနှင့် မတူစေရန် ရွက်လှန်စာရွက်ကြီးပေါ်တွင် အရောင်ခွဲ၍ အသုံးပြုခိုင်းပါ။

မှတ်ချက် ။ အဖွဲ့လိုက်ဆွေးနွေးမှုများမှ အဖြေများကို ဦးဆောင်ဆွေးနွေးသူ၏ စာအုပ်တွင် ရေးမှတ်နိုင်သည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၃ )၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသည့် ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများ စီမံချက်

( ၁ ) ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် ဘေးကင်းလုံခြုံ သောစာသင်ကျောင်းဖြစ်စေဖို့ အဓိကလုပ်ငန်းတွေက ဘာတွေလဲ ဆိုသည့်မေးခွန်းကို ဖြေဆိုရန် စဉ်းစားခိုင်း ရမည်။

မှတ်ချက် ၊ သင်တန်းတက်သူတို့၏ အဖြေကို ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုတွင် ရေးမှတ်ထားရမည်။

( ၂ ) သင်တန်းတက်သူတို့၏ အဖြေများကို ရွက်လှန်စာရွက်ကြီး (သို့) သင်ပုန်းဖြူ တွင် ရေးမှတ်ပြီး slide (၂၉)နှင့် ချိတ်မိစေရန် အဖြေများကို အကျဉ်းချုပ်ပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

# အခန်း ( ၅.၃ )

## ဘေးကင်းသော စာသင်ကျောင်းများတွင် မသန်စွမ်းများ ပါဝင်စေရေး လမ်းညွှန်ချက်များ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

သင်တန်းတက်သူတို့မှ Plan ၏ ဘေးကင်းလုံခြုံသောစာသင်ကျောင်းများ တွင် မသန်စွမ်းတို့ပါဝင်စေရေး လမ်းညွှန်ချက်များကို အသုံးပြုနိုင်ရန် ..

၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီး၊ မာကာ ၊ ပညာပေး ကဒ်ပြားများ ၊ ပါဝါပွိုင့်ဖြင့် ပြသမှု။

၃။ ကြာမြင့်ချိန်

- ( ၁ ) နာရီ နှင့် ( ၂၀ ) မိနစ်

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၀ မိနစ် | ၁၀ မိနစ် | လုပ်ဆောင်ချက် ၁၊ မိတ်ဆက်ခြင်း | ပါဝါပွိုင့် |
| လုပ်ဆောင်ချက် ၂ | ၂၀ မိနစ် | ၃၀ မိနစ် | လုပ်ဆောင်ချက် ၂၊ ဘေးကင်းလုံခြုံသော စာသင်ကျောင်းများအတွက် မသန်စွမ်းတို့ပါဝင်နိုင်စေရန် လမ်းညွှန်ချက်များ | ပညာပေး ကဒ်များ၊ မာကာ ၊ ရွက်လှန်စာရွက်ကြီး |
| လုပ်ဆောင်ချက် ၂ | ၂၀ မိနစ် | ၃၀ မိနစ် | လုပ်ဆောင်ချက် ၃၊ | ပညာပေး ကဒ်ပြား၊ မာကာ ၊ ရွက်လှန်စာရွက်ကြီး |

၅။ သင်တန်းပေးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ မသန်စွမ်းဆိုတာလဲ နှင့် မိတ်ဆက်ခြင်း

( ၁ ) သင်ခန်းစာကို မိတ်ဆက်ပြီး မသန်စွမ်းဆိုတာဘာလဲဟု သင်တန်းတက်သူများကို မေးပါ၊ ပြီးနောက်မသန်စွမ်း ၏ အဓိပ္ပါယ်ကို slide (၃၁)အဖြင့် ရှင်းပါ။

( ၂ ) ပြီးနောက် ဦးဆောင်ဆွေးနွေးသူမှ မသန်စွမ်းဆိုင်ရာ အချက်အလက်များကို ပြပါ။

( ၃ ) နိုင်ငံအဆင့်ရှိ မသန်စွမ်းဆိုင်ရာ အချက်အလက်များကို မေးပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၂ )

ဘေးကင်းလုံခြုံသောစာသင်ကျောင်းများတွင် မသန်စွမ်းများ ပါဝင်စေရန် လမ်းညွှန်ချက်များ ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) ဘေးကင်းလုံခြုံသောစာသင်ကျောင်းတွင် မသန်စွမ်းများ ပါဝင်စေရန်အတွက် အဓိက လုပ်ငန်းတွေကဘာတွေ လဲဟုမေးပါ။ ပညာပေး ကဒ်ပြားများပေါ်တွင် အဖြေများကို ရေးချပါ။

( ၂ ) ပညာပေး ကဒ်ပြားများကို ခေါင်းစဉ်အလိုက် စုစည်းပါ။

( ၃ ) အဖြေများကို အနှစ်ချုပ်ပြီး plan ၏ ဘေးကင်းလုံခြုံသော စာသင်ကျောင်းများတွင် မသန်စွမ်းများ ပါဝင်စေရန် လမ်းညွှန်ချက်များကို slide (၃၂)ဖြင့် ရှင်းပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

## လုပ်ဆောင်ချက်( ၃ )၊စီမံချက်အကောင်အထည်ဖော်ဆောင်ရန်အတွက် CSS ဒေါက်တိုင် (၃) ခုတွင် မသန်စွမ်းများ ပါဝင်စေခြင်း

( ၁ ) ဦးဆောင်ဆွေးနွေးသူမှ အဖွဲ့ (၃) ဖွဲ့ခွဲခိုင်းပြီး အဖွဲ့တစ်ဖွဲ့စီအား ဒေါက်တိုင် တစ်ခု စီတွင် မသန်စွမ်းပါဝင်စေရန် အတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ပြုစုခိုင်းပါ။ ကလေးကဏ္ဍ - လုပ်ငန်းများတွင် ကလေးများပါဝင်မှု ရှိစေရန် သတိရပါ။

( ၂ ) ဦးဆောင်ဆွေးနွေးသူမှ တင်ဆက်မှုများကို အဖွဲ့ တစ်ဖွဲ့တိုင်းကို ပြုလုပ်ခိုင်းပါ။ အဖွဲ့တစ်ဖွဲ့စီမှ တင်ဆက်ပြီး သည့်အခါတွင် အခြားသင်တန်းတက်သူများကိုလိုအပ်ချက်များကို ဖြည့်ခိုင်းပါ။

မှတ်ချက် - သင်တန်းတက်သူတို့၏ အဖြေကို ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုတွင် ရေးမှတ်ထားရမည်။

( ၃ ) အဖွဲ့လိုက်တင်ဆက်မှုပြီးသည့်အခါတွင် သင်တန်းပေးသူမှ အကျဉ်းချုပ်ပြီး slide (၃၅-၃၇) ကို ရှင်းပါ။

( ၄ ) Plan နီပေါမှ ကောင်းမွန်သည့် ဖြစ်ရပ်ကောင်းများကို ဝေမျှပါ။

( ၅ ) နားမကြား စာသင်ကျောင်းသည် ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းဖြစ်သည်။ slide (၃၆)

( ၆ ) ပြီးနောက်သူတို့တွင် ဘေးကင်းသောစာသင်ကျောင်း စီမံချက်များတွင် မသန်စွမ်းပါဝင်မှုရှိစေရေးအတွက် လေ့လာချက်ကောင်းများ ရှိလျှင် ဝေမျှခိုင်းပါ။

( ပူးတွဲပါ DVD အခွေအတွင်းမှ PPT 6 ဖိုင်ကိုကြည့်ပါ )

မှတ်ချက်-သင်တန်းတက်သူတို့၏ အဖြေကို ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုတွင် ရေးမှတ်ထားရမည်။

# အခန်း ( ၆ )

## ဘေးကင်းလုံခြုံသည့် စာသင်ကျောင်း စီမံကိန်းများတွင် ကဏ္ဍပေါင်းစုံကို ထည့်သွင်းခြင်း

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# အခန်း ( ၆ )

# ဘေးကင်းလုံခြုံသည့် စာသင်ကျောင်း စီမံကိန်းများတွင် ကလေးပေါင်းစုံကို ထည့်သွင်းခြင်း

## အခန်း ( ၆.၁ )
## ဘယ်အရာတွေက ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦး ဖြစ်စေသလဲ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

သင်တန်းတက်သူတို့၏ ဗဟုသုတ၊ အခန်းကဏ္ဍနှင့် ကျွမ်းကျင်မှုများ ကိုမြှင့်တင်ရန် ဖြစ်ပါသည်။

၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီး၊ ပညာပေး ကဒ်ပြားများ ၊ မာကာများ ၊ ရောင်စုံ စာရွက်များ၊ ကပ်ကြေး၊ ကပ်ခွာ၊ ရောင်စုံ ဘောပင်များ။ ဦးဆောင်ဆွေးနွေးသူ၏ ဆန်းစစ်လေ့လာချက် ပုံစံ ။

၃။ ကြာမြင့်ချိန်

- ( ၂ ) နာရီ

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၅ မိနစ် | ၁၅ မနစ် | မိတ်ဆက်ခြင်းနှင့် ဦးဆောင်ဆွေးနွေးသူ၏ ကိုယ်တိုင်ဆန်းစစ်လေ့လာချက် | ပါဝါပွိုင့်၊ ရုပ်လှန်ကားချပ် ၊ ဦးဆောင်ဆွေးနွေးသူ၏ ဆန်းစစ်လေ့လာချက် ပုံစံ |
| လုပ်ဆောင်ချက် ၂ | ၁၅ မိနစ် | ၃၀ မိနစ် | သွေးပူးလေ့ကျင့်ခန်း နှင့် ဦးဆောင်ဆွေးနွေးသူ၏ အခန်းကဏ္ဍ | ပညာပေး ကဒ်ပြားများ၊ မာကာများ၊ ဘောပင်များ ၊ ရောင်စုံ စာရွက်များ၊ ကပ်ကြေး၊ သင်တန်းတက်သူများအတွက် ပလပ်စတစ်အိတ်များ (ရွေးချယ်မှု ၂) |
| လုပ်ဆောင်ချက် ၃ | ၃၀ မိနစ် | ၆၀ မိနစ် | ကျွမ်းကျင်မှု၊ ဦးဆောင်ဆွေးနွေးသူကောင်း တစ်ဦး၏ လက္ခဏာများ | ရွက်လှန်စာရွက်ကြီးစာရွက်များ၊ မာကာ ၊ ရောင်စုံ ဘောပင်များ ၊ ကပ်ခွာများ |
| လုပ်ဆောင်ချက် ၁ | ၂၀ မိနစ် | ၈၀ မိနစ် | ဦးဆောင်ဆွေးနွေးသူ၏ နည်းစနစ်များ | ရွက်လှန်စာရွက်ကြီး စာရွက်၊ မာကာ ၊ |
| လုပ်ဆောင်ချက် ၁ | ၄၀ မိနစ် | ၁၂၀ မိနစ် | <u>သင်တန်းအတွက် ပြင်ဆင်ခြင်း</u><br>- ကြိုတင်ပြုလုပ်သော လုပ်ငန်းများ<br>- သင်တန်းကို လေ့လာခြင်း<br>- ကြိုတင်စမ်းသပ်မှု နှင့် အပြီးစမ်းသပ်မှု သင်တန်း အစီအစဉ် | |

Funded by European Union Civil Protection and Humanitarian Aid

၅။ သင်တန်းပံ့ပိုးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ မိတ်ဆက်ခြင်းနှင့် ဦးဆောင်ဆွေးနွေးသူ၏ ကိုယ်တိုင်ဆန်းစစ်လေ့လာချက်

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။

( ၂ ) "သင်တန်းပံ့ပိုးပေးမှုဆိုတာဘာလဲ" ဟု ပညာပေး ကဒ်ပြားများပေါ်တွင် ရေးခိုင်းပါ။

( ၃ ) သင်တန်းတက်သူများ၏ ရလဒ်များကို အကျဉ်းချုပ်ဖော်ပြပါ၊ သင်တန်းပံ့ပိုးပေးမှုဆိုတာဘာလဲ" ဆိုသည့် အဖြေများကို နောက်ဆက်တွဲတွင် ကြည့်ပါ။

( ၄ ) ဦးဆောင်ဆွေးနွေးသူ၏ ကိုယ်တိုင်ဆန်းစစ်လေ့လာမှုကို ပြုလုပ်ခိုင်းပါ။

လုပ်ဆောင်ချက် ( ၂ )၊ သွေးပူလေ့ကျင့်ခန်း နှင့် ဦးဆောင်ဆွေးနွေးသူ၏ အခန်းကဏ္ဍ

ရွေးချယ်မှု ( ၁ )၊ သွေးပူလေ့ကျင့်ခန်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူများကို ၃-၄ ဖွဲ့ ခွဲပါ။ အဖွဲ့တစ်ဖွဲ့စီသည် စာကြောင်းတစ်ကြောင်းဖြစ်စေရန် အတွက်အလုပ်လုပ်ရမည်။ သူတို့သည် ဖြတ်တောက်ထားသော စကားလုံးများကို ကြည့်ပြီး ပြည့်စုံသည့် စာကြောင်း တစ်ကြောင်း ဖြစ်စေရန်ပြုလုပ်ပြီး ၎င်းကို နံရံတွင် ကပ်ရမည်။

၁ - ဘယ်သူမှ ကျွန်တော်တို့အားလုံးလောက်မတော်ဘူး ။

၂ - သင်ယူမှု ဆိုတာ ခရီးတစ်ခုပါ။

( ၂ ) စာကြောင်းအားလုံးကို နံရံတွင် ကပ်ပြီးသည့်အခါတွင် ၎င်းစာကြောင်းများအပေါ် ထင်မြင်ချက်များကို မေးပါ။

( ၃ ) ဖြစ်နိုင်သည့် အဖြေများမှာ ထိထွင်ဆန်းသစ်သည့် အဖြေများ (သို့) နည်းလမ်းများ၊ ပြီးနောက် ဦးဆောင်ဆွေးနွေးသူ၏ အခန်းကဏ္ဍ

ရွေးချယ်မှု ( ၂ )၊ သွေးပူလေ့ကျင့်ခန်း

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်တန်းတက်သူများကို သူတို့အမည်များကို ပညာပေး ကဒ်များများပေါ်တွင် သူတို့၏ လက်ကို အသုံးမပြုဘဲ ရေးရမည်။

( ၂ ) ရေးသားပြီးသည့်အခါတွင် ယင်းကဒ်ပြားများကို ပလက်စတစ်အိတ်အတွင်းထည့်ပြီး နံရံတွင် ထားရမည်။

( ၃ ) ပြီးနောက် သူတို့လက်ကို အသုံးမပြုပဲ နာမည်ကို ရေးရခြင်း၏ ခံစားချက်ကို မေးပါ။

( ၄ ) ဖြစ်နိုင်သည့် အဖြေများမှာ ။ ထိထွင်ဆန်းသစ်သည့် အဖြေများ (သို့) နည်းလမ်းများ၊ ပြီးနောက် ဦးဆောင်ဆွေးနွေးသူ၏ အခန်းကဏ္ဍ

<u>လုပ်ဆောင်ချက်( ၃ )၊ ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦး၏ ကျွမ်းကျင်မှုများနှင့် လက္ခဏာများ</u>

( ၁ ) သင်တန်းတက်သူများကို အဖွဲ့ (၃) (သို့) (၄) ဖွဲ့ခွဲပါ ( အရွယ်အစားပေါ်မူတည်ပြီး)

( ၂ ) အဖွဲ့တစ်ဖွဲ့စီအား ရွက်လှန်စာရွက်ကြီးတစ်ခုပေးပြီး ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦး၏ လက္ခဏာများကို ရေးခိုင်းပါ။ ဥပမာ - နားထောင်ကောင်းသူတစ်ဦးအတွက် နားရွက်ပုံစံ ဆွဲနိုင်သည်။

( ၃ ) အဖွဲ့တစ်ဖွဲ့စီအားသူတို့ရေးဆွဲထားမှုများကိုနံရံတွင်ချိတ်ဆွဲစေခြင်းဖြင့် သင်တန်းတက်သူများမှလိုက်လံကြည့်ရှုပြီး သူတို့၏အကြံဉာဏ်များကို နှိုင်းယှဥ်နိုင်သည်။

( ၄ ) ဦးဆောင်ဆွေးနွေးသူမှ ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦး၏ ကျွမ်းကျင်မှု နှင့် လက္ခဏာများကို ရှင်းပြပါ။

<u>လုပ်ဆောင်ချက် ( ၄ )၊ ဦးဆောင်ဆွေးနွေးသူတစ်ဦး၏ နည်းစနစ်များ</u>

( ၁ ) ဦးဆောင်ဆွေးနွေးသူမှ တစ်ဦးစီအား သူတို့အသုံးပြုလေ့ရှိသော သင်တန်းပေးသည့် နည်းစနစ် အနည်းဆုံး ၂- ခု ပြောခိုင်းပါ။

( ၂ ) ထို့နောက် သူတို့၏ အဖြေများကို ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးချပြီး လိုအပ်သည့် နည်းစနစ်များကို ဖြည့်ရေးပါ။

<u>လုပ်ဆောင်ချက်( ၅ )၊ သင်တန်းအတွက် ပြင်ဆင်ခြင်း</u>

( ၁ ) သင်တန်းတက်သူများကို အဖွဲ့ ၃ ၊ ၄ ဖွဲ့ခွဲပါ။

( ၂ ) အဖွဲ့တစ်ဖွဲ့စီအား (နောက်သင်တန်းကို ပြင်ဆင်ဖို့အတွက်သင်ဘာလုပ်မလဲ)

( ၃ ) ဦးဆောင်ဆွေးနွေးသူမှ အဖွဲ့လိုက်ဆွေးနွေးမှုမှ ရလဒ်များကို နံရံပေါ်တွင် ကပ်ခိုင်းပြီး ပြခန်းကဲ့သို့ကြည့်ရှုစေပါ။ ( အဖွဲ့တစ်ဖွဲ့စီမှ ရှင်းပြရန် တစ်ဦးကို ရွေးချယ်သတ်မှတ်ရမည်)

( ၄ ) ဦးဆောင်ဆွေးနွေးသူမှ အဖွဲ့လိုက်ဆွေးနွေးမှု ရလဒ်များကို အကျဉ်းချုပ်ပြီး နောက်ဆက်တွဲများဖြင့် ကိုးကားရမည် (ကြိုတင်စီစဉ်ရန် အလုပ်များ၊ သင်တန်းကို လေ့လာခြင်း၊ ကြိုတင်စမ်းသပ်မှုနှင့် အပြီးစမ်းသပ်မှု ၊ သင်တန်းအစီအစဉ်)

မှတ်ချက် - ဤအခန်းကို သင်တန်းပံ့ပိုးမှုကို မှတ်စုများအတွက် နောက်ဆက်တွဲ ( ၆.၁ ) ကို ကြည့်ပါ.

Funded by
European Union
Civil Protection
and Humanitarian Aid
PLAN INTERNATIONAL

# အခန်း ( ၆.၂ )
# ထင်မြင်ချက်ပေးခြင်း နှင့် လက်ခံခြင်း

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

သင်တန်းတက်သူတို့၏ အရည်အသွေးရှိ ထင်မြင်ချက်ပေးမှုဆိုင်ရာ ဗဟုသုတ၊ ကျွမ်းကျင်မှုကို မြှင့်တင်ရန်။

၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီး၊ မာကာများ၊ ကဒ်ပြားများ၊ ဘောပင်၊ ရောင်စုံ စာရွက်များ၊ ပညာပေး ကဒ်ပြားတွင်ရေးထားသော စည်းမျဉ်း/ ရောင်စုံ စာရွက်၊ လေ့လာသင်ယူသူပြုလုပ်သောဦးဆောင်ဆွေးနွေးသူ၏ ဆန်းစစ်ချက် ။

၃။ ကြာမြင့်ချိန်

- ( ၄၀ ) မိနစ်

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၅ မိနစ် | ၁၅ မိနစ် | အရည်အသွေးမြှင့် ထင်မြင်ချက်များပေးရန် စည်းမျဉ်း ၁၀ ခု | ရွက်လှန်စာရွက်ကြီး၊ ပညာပေး ကဒ်ပြားများ၊ Mark ဘောပင်၊ ရောင်စုံ စာရွက်များ၊ |
| လုပ်ဆောင်ချက် ၂ | ၁၀ မိနစ် | ၂၅ မိနစ် | သင်တန်းသားများကို အပြုသဘောဆောင်သည့် ထင်မြင်ချက်များပေး စည်းမျဉ်းများ | ရွက်လှန်စာရွက်ကြီး၊ ပညာပေး ကဒ်ပြားများ၊ Mark ဘောပင်၊ ရောင်စုံ စာရွက်များ၊ ပညာပေး ကဒ်ပြားပေါ်တွင် ကြိုတင်ရေးထားသော စည်းမျဉ်းများ |
| လုပ်ဆောင်ချက် ၃ | ၁၅ မိနစ် | ၄၀ မိနစ် | သင်ယူသူများမှ ထင်မြင်ချက် | သင်ယူသူများမှ ဦးဆောင်ဆွေးနွေးသူအပေါ် ဆန်းစစ်ချက် |

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

## ၅။ သင်တန်းပံ့ပိုးမှု အစီအစဉ်

လုပ်ဆောင်ချက် ( ၁ )၊ အရည်အသွေးမြင့် ထင်မြင်ချက်များ ပေးရန် စည်းမျဉ်း ၁၀ - ခု

ရွေးချယ် ( ၁ )၊

( ၁ ) ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို (၄-၅) ဖွဲ့ခွဲပြီး ထင်မြင်ချက် (သို့) ဝေဖန်ချက် များဘယ်လိုပေးမလဲ၊ လက်ခံမလဲကို စဉ်းစားခိုင်းပါ။

( ၂ ) သင်တန်းတက်သူတို့အား အပြုသဘောဆောင်သည့် ထင်မြင်ချက်ပေးရန် အကောင်းဆုံး စည်းကမ်းချက် (၁၀) ခုကို ရွေးချယ်ခိုင်းပါ။

### ရွေးချယ်မှု ( ၂ )

( ၁ ) အသားညှပ်ပေါင်မုန့် နည်းလမ်း ။ အဖွဲ့ကို ၃ ဖွဲ့ခွဲပါ။

( ၂ ) ကျန်ခဲ့သော တစ်ဦးမှ အလယ်တွင်ရှိသူတစ်ဦးအား သူ/သူမ၏ အလုပ် မည်သို့ရှိကြောင်းပြောပါ။ အလယ်တွင်ရှိသူတစ်ဦးမှ တိုးတက်အောင်စီစဉ်ရမည့်အရာများကို ပြောပြီး ညာဘက်တွင်ရှိသူမှ အကြံပြုချက်များပေးပါ။

( ၃ ) ဆွေးနွေးမှုပြီးသည့်အခါတွင် ဦးဆောင်ဆွေးနွေးသူမှ အပြုသဘောဆောင်သည့် ထင်မြင်ချက်ပေးရန် စည်းမျဉ်း (၁၀) ခုကို ဖော်ထုတ်ပါ။

လုပ်ဆောင်ချက် ( ၂ )၊ သင်ယူသူများကို ထင်မြင်ချက်ပေးရန်နှင့် ဝေဖန်သုံးသပ်ရန် စည်းမျဉ်းများ

( ၁ ) အရည်အသွေးပြည့်သည့် ထင်မြင်ချက်များအတွက် စည်းမျဉ်း (၁၀) ဆွေးနွေးမှုအပြီးတွင် ဦးဆောင်ဆွေးနွေးသူမှ သင်ယူသူတို့အား ထင်မြင်ချက်များနှင့် ဝေဖန်မှုများကိုပေးရန် စည်းမျဉ်းများကို အကျဉ်းချုပ် ပြောဆိုပါ။

လုပ်ဆောင်ချက်( ၃ )၊ သင်ယူသူတို့ထံမှ ထင်မြင်ချက်များ

( ၂ ) ဦးဆောင်ဆွေးနွေးသူမှ ထင်မြင်ချက်များသည် နှစ်မျိုးဖြစ်နိုင်ကြောင်း ရှင်းပြပါ။ ဦးဆောင်ဆွေးနွေးသူအနေဖြင့် သင်ယူသူများမှဦးဆောင်ဆွေးနွေးသူအား ပေးသော ထင်မြင်ချက်များကိုလက်ခံလိုကြောင်း ပြောရမည်။

( ၃ ) သင်တန်းတက်သူများအား သင်ယူသူများမှ ဦးဆောင်ဆွေးနွေးသူအပေါ် ဆန်းစစ်ချက် ပုံစံဖြင့် ထင်မြင်ချက်များတောင်းယူနိုင်သည်။

မှတ်ချက် ၊ ဤအခန်းအတွက် ဦးဆောင်ဆွေးနွေးသူအတွက် နောက်ဆက်တွဲ (၆.၂) ကို ကြည့်ပါ။

# အခန်း ( ၆.၃ )
# ဦးဆောင်ဆွေးနွေးသူမှ ပြုလုပ်လေ့ရှိသည့် အမှားများ

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

သင်တန်းပေးရာတွင် ပြုလုပ်လေ့ရှိသော အမှားများကိုဂရုန်ပြုမိစေရန် ဦးဆောင်ဆွေးနွေးသူကိုယ်တိုင်မှ ယင်းအမှားများကို မပြုလုပ်မိစေရန် ။

၂။ ပစ္စည်းများ

- ဗွီဒီယို၊ ကွန်ပြူတာ၊ မိုက်ခရိုဖုန်း၊ ရွက်လှန်စာရွက်ကြီး၊ မာကာ။

၃။ ကြာမြင့်ချိန်

- ( ၃၀ ) မိနစ်

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်ချက်များ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၁၅ မိနစ် | ၁၅ မိနစ် | မိတ်ဆက်ခြင်း နှင့် ဦးဆောင် ဆွေးနွေးသူတို့ အမှားများပြသည့် ဗီဒီယို | ဗွီဒီယို၊ ကွန်ပြူတာ၊ micro phone |
| လုပ်ဆောင်ချက် ၂ | ၁၅ မိနစ် | ၃၀ မိနစ် | | ရွက်လှန်စာရွက်ကြီး၊ မာကာ |

၅။ သင်တန်းပို့ပိုးမှု အစီအစဉ်

လုပ်ဆောင်ချက်( ၁ )၊ မိတ်ဆက်ခြင်း နှင့် ဦးဆောင်ဆွေးနွေးသူတို့အမှားများပြသည့် ဗွီဒီယို

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ

( ၁ ) သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။

( ၂ ) ဦးဆောင်ဆွေးနွေးသူ၏အမှားများ) ဗွီဒီယိုကို ပထမ ပြပါ၊ ပြီး သင်ယူသူများကို ဗွီဒီယိုအတွင်းတွင် ဦးဆောင်ဆွေးနွေးသူမှ မည်သည့် အမှားများပြုလုပ်ခဲ့သည်ကို မေးပါ။ ကြိုတင်မေးရန် မေးခွန်းများမေးပါ၊ ဦးဆောင်ဆွေးနွေးသူထံမှ သင်တွေ့မြင်ရသော အမှားများက ဘာလဲ ။

လုပ်ဆောင်ချက် ( ၂ )၊ ဦးဆောင်ဆွေးနွေးသူမှ ပြုလုပ်သော အမှားများ အပေါ် သုံးသပ်မှုနှင့် ဆွေးနွေးမှုများ

( ၁ ) ဆွေးနွေးမှုပြီးသည့်အခါတွင် သင်ယူသူများအား ယင်းအမှားများကို ရှောင်ကြဉ်ရန်အတွက် စီစဉ်နိုင်သည်များကို ဆွေးနွေးခိုင်းပါ။

( ၂ ) ဦးဆောင်ဆွေးနွေးသူမှ အကျဉ်းချုပ်ပြီး "ဦးဆောင်ဆွေးနွေးသူအား အချိန်ဇယားကို သိပ်အာရုံမစိုက်ပဲသင်တန်းပေးမှုကို အာရုံစိုက်စေရန် သတိပေးရမည်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

Funded by European Union Civil Protection and Humanitarian Aid

## အခန်း ( ၆.၄ )
## သင်ယူမှု အတားအဆီးများ

xxxxxxxxxxxxxxxxxxxxxxxxxxxx

၁။ ရည်ရွယ်ချက်

သင်တန်းတက်သူတို့မှ အခက်အခဲများကို ဖြေရှင်းနိုင်စေရန်အတွက် သင်ယူမှုအတားအဆီး များကို နားလည်မှု မြှင့်တက်စေရန်

၂။ ပစ္စည်းများ

ရွက်လှန်စာရွက်ကြီး၊ ဗွီဒီယို၊ ပညာပေး ကဒ်ပြားများ၊ MARK ဘောပင်များ၊ ရောင်စုံစာရွက်များ၊ ကပ်ကြေး၊ ပလက်စတစ် အိတ်များ၊ USB စသည်တို့ ..

၃။ ကြာမြင့်ချိန်

- ( ၆၀ ) မိနစ်

၄။ သင်တန်းအစီအစဉ်

| အခန်း | အချိန် | စုစုပေါင်း အသုံးပြုပြီးချိန် | လုပ်ဆောင်မှုများ | ပစ္စည်းများ |
|---|---|---|---|---|
| လုပ်ဆောင်ချက် ၁ | ၂၀ | ၂၀ | မိတ်ဆက်ခြင်း နှင့် သင်ယူမှု အတားအဆီးများကို ခွဲခြားခြင်း | |
| လုပ်ဆောင်ချက် ၂ | ၄၀ | ၆၀ | သင်ယူမှု အတားအဆီးများကို ကျော်ဖြတ်ခြင်း | |
| လုပ်ဆောင်ချက် ၃ | ၂၀ | ၈၀ | သင်တန်းပံ့ပိုးမှု ကျွမ်းကျင်မှုများကို သုံးသပ်ခြင်း | |

၅။ သင်တန်းပံ့ပိုးမှု လုပ်ငန်းစဉ်

လုပ်ဆောင်ချက်( ၁ )၊ မိတ်ဆက်ခြင်း နှင့် သင်ယူမှုအတားအဆီး များကို ခွဲခြားခြင်း

ရွေးချယ်မှု ( ၁ )

ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်ရန်မှာ -

( ၁ ) သင်ယူမှု အတားအဆီးများ ဗွီဒီယိုကို ပြသသည်။

( ၂ ) သင်တန်းတက်သူများကို အဖွဲ့ (၃-၄) ဖွဲ့ ခွဲပါ။ ပထမ အဖွဲ့ကို ( ဗွီဒီယိုထဲတွင် မည်သည့် သင်ယူရေးအတားအဆီးများ ရှိကြောင်း) မေးပါ၊ သင်ယူမှု အတားအဆီးများကို ခွဲခြားပြီး ဥပမာများကို ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးပါ။

( ၃ ) ပြခန်း လမ်းလျှောက်မှု

ရွေးချယ်မှု ( ၂ )

( ၁ ) ဦးဆောင်ဆွေးနွေးသူသည် သင်တန်းတက်သူများကို Plan ၏ အလုပ်များမှ သင်ယူသူတို့ လေ့လာမှုအတားအဆီးများကို တွေးခေါ်ပြောဆိုခိုင်းရမည်။ သူတို့၏ အတွေးများကို ပညာပေး ကဒ်ပြားများပေါ်တွင် ရေးစေပြီး သိမ်းခိုင်းထားရမည်။

Funded by European Union Civil Protection and Humanitarian Aid

မှတ်ချက် - ဖြစ်နိုင်သည့် အဖြေများမှာ အလုပ်အလွန်များခြင်း၊ ကိုယ်အင်္ဂါ ချို့ယွင်းမှု၊ သင်ယူသူတို့၏ သဘောထားများ၊ အလုပ်နှင့် ဘဝ ညီမျှမှု၊ အသုံးပြုမှု၊ အိမ်စာ၊ အသုံးအဆောင်များ၊ ပတ်ဝန်းကျင်၊ နှင့် သင်တန်းတက်သူတို့၏ အဆင့်များ၊ အချိန် ၊ ဘာသာစကား အခက်အခဲနှင့် ယဉ်ကျေးမှု စသည်တို့ပါဝင်နိုင်သည်။

( ၂ ) ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို အဖွဲ့ (၃-၄) ဖွဲ့ခွဲပါ။ အဖွဲ့များကို သင်ယူမှုအတားအဆီးများကို ခွဲခိုင်းပြီး ဥပမာများကို ရွက်လှန်စာရွက်ကြီးပေါ်တွင် ရေးခိုင်းပါ။

( ၃ ) ပြခန်း လမ်းလျှောက်မှု

## လုပ်ဆောင်ချက်( ၂ )၊ သင်ယူမှုအတားအဆီးများကို ကျော်ဖြတ်ခြင်း

ဦးဆောင်ဆွေးနွေးသူမှ တူညီသည့်အဖွဲ့တွင် နေစေပြီးသင်၏ အနာဂတ်ဘေးကင်းလုံခြုံရေး စာသင်ကျောင်း သင်တန်းတွင် ရင်ဆိုင်နိုင်မည့် သင်ယူမှုအတားအဆီးများကို ကျော်ဖြတ်ရန် သင်ဘယ်လိုလုပ်မလဲ -

( ၁ ) အဖွဲ့လိုက်တင်ဆက်ခြင်း

( ၂ ) ဆွေးနွေးမှု နှင့် နိဂုံးချုပ်ခြင်း

## လုပ်ဆောင်ချက်( ၃ )၊ သင်တန်းပံ့ပိုးမှု ကျွမ်းကျင်မှုများကို သုံးသပ်ခြင်း

ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများကို အောက်ပါမေးခွန်းများကို တစ်ဦးစီဖြေကြားခိုင်းပါ။

( ၁ ) သင်တန်းပံ့ပိုးမှု သင်ခန်းစာများမှ သင်ဘာတွေ သင်ယူရရှိခဲ့ပါသလဲ ။

( ၂ ) သင်တန်းပံ့ပိုးမှု သင်ခန်းစာပြီးဆုံးပြီးနောက်တွင် သင်ဘာတွေ တိုးတက်ချင်သလဲ ။

( ၃ ) အတော်ဆုံး CSS TOT ဦးဆောင်ဆွေးနွေးသူတစ်ဦး ဖြစ်စေရန် သင်လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ကဘာလဲ။ ၄။ သင့်နာမည်ပါသည့် စာတစ်စောင်ရေးပြီး ပလက်စတစ် အိတ်တွင် ထည့်ခိုင်းပါ။

မှတ်ချက် - ဤအခန်းအတွက် ဦးဆောင်ဆွေးနွေးသူမှတ်စုအတွက် နောက်ဆက်တွဲ (၆.၃) ကို ကြည့်ပါ။

Funded by European Union Civil Protection and Humanitarian Aid

# NOTE

# နောက်ဆက်တွဲ ( ၁ )

# ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

နောက်ဆက်တွဲ ( ၁.၁ ) မှ
နောက်ဆက်တွဲ ( ၁.၃ ) ထိ

**နောက်ဆက်တွဲ ( ၁.၁ ) မှ ( ၁.၃ ) အထိ**

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# NOTE

# နောက်ဆက်တွဲများ၊ ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

## နောက်ဆက်တွဲ ( ၁.၁ )
## ဦးဆောင်ဆွေးနွေးသူ မှတ်စုများ - ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု အခြေခံအယူအဆများ

လုပ်ဆောင်ချက် ( ၁ )၊ မိတ်ဆက်ခြင်း နှင့် သွေးပူလေ့ကျင့်ခန်း

| | |
|---|---|
| အန္တရာယ် | လူများ၊ ပစ္စည်းများ၊ သူတို့၏ဝန်ဆောင်မှုများ နှင့် ပတ်ဝန်းကျင်ကို ထိခိုက်၊ ပျက်စီးနိုင်သော ဖြစ်ရပ် (သို့) အခြေအနေ |
| ဘေးဖြစ်နိုင်ခြေ | အန္တရာယ်ဖြစ်ရှိသည့် အကျိုးဆက်များဖြစ်လာနိုင်ခြေ၊ (သို့) သဘာဝ (သို့) လူ့ပယောဂ၊ ထိခိုက်လွယ်သည့် အခြေအနေတို့ကြောင့် ဖြစ်လာသော ခန့်မှန်းထားသည့် အဆုံးအရှုံးများ (သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ ပစ္စည်းဥစ္စာ၊ အသက်မွေးဝမ်းကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပျက်စီးခြင်း (သို့) ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း) စသည်တို့ကို ဆိုလိုသည်။ |
| ကြိုတင်ကာကွယ်ခြင်း | အန္တရာယ်များ၏ ဆိုးကျိုး သက်ရောက်မှုတို့ကို လုံးဝရှောင်ရှားရန် ဆောင်ရွက်သည့် လုပ်ငန်းများ နှင့် သက်ဆိုင်ရာ ပတ်ဝန်းကျင်၊ နည်းပညာနှင့် ဇီဝပိုင်းဆိုင်ရာ ဘေးအန္တရာယ်များကို လျှော့ချရန် ဖြစ်သည်။ |
| ထိခိုက်လွယ်မှု | ရုပ်ပိုင်း၊ လူမှုရေး၊ စီးပွားရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများ (သို့) လုပ်ငန်းစဉ်တို့အားဖြင့် သတ်မှတ်သော အခြေအနေများဖြစ်ပြီး ယင်းအခြေအနေသည် ရပ်ရွာလူထုအား အန္တရာယ်တို့သက်ရောက်မှုများကို ခံနိုင်ရည်ရှိမှုကို လျော့နည်းစေသည်။ အကျိုးကျေးဇူးအားဖြင့် လူတို့အား အန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းရာတွင် စွမ်းရည်များကို မြှင့်တင်ပေးနိုင်သည်။ "စွမ်းဆောင်ရည်" အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ပါ။ |
| စွမ်းဆောင်ရည် | စွမ်းဆောင်ရည်သည် ရပ်ရွာမှ အန္တရာယ်များနှင့် ရင်ဆိုင်ဖြေရှင်းရာတွင်လိုအပ်သည့် စွမ်းရည်များကို မြှင့်တင်ပေးနိုင်သည့် ပိုပြီးကောင်းမွန်သော အခြေအနေ (သို့) စွမ်းရည်များဖြစ်သည်။ |
| ဘေးအန္တရာယ် | အန္တရာယ်ဆိုသည်မှာ လူ့အသက်သေဆုံးစေနိုင်၊ ဒဏ်ရာရရှိစေနိုင်သည့်အပြင် ပိုင်ဆိုင်ပစ္စည်းများ ခြင်း၊ လူမှုရေးနှင့် စီးပွားရေး လုပ်ငန်းများ ပြတ်တောက်ခြင်း နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်းတို့ကို ဖြစ်စေနိုင်သည့် အလားအလာရှိသော သဘာဝဖြစ်စဉ် (သို့) အခြေအနေ တစ်ခုဖြစ်သည်။ |

Funded by European Union Civil Protection and Humanitarian Aid

| | |
|---|---|
| ကြိုတင်ပြင်ဆင်ခြင်း | အန္တရာယ်တို့၏သက်ရောက်မှုတို့ကို တုံ့ပြန်ဆောင်ရွက်ရာတွင် ထိရောက်မှုရှိသည့် ဆောင်ရွက်မှုများကိုဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်ထားသော လုပ်ငန်းများနှင့် အစီအစဉ်များ ဖြစ်သည်။ ၄င်းတို့တွင် အချိန်နှင့် ထိရောက်သည့် ကြိုတင်သတိပေးရေးစနစ်များနှင့် အန္တရာယ်ရှိသည့် နေရာများမှ လူများနှင့် အရာဝတ္ထုများကို ယာယီရွှေ့ပြောင်းရန် နေရာများလည်း ပါဝင်သည်။ |
| ထိခိုက်မှုလျော့နည်းစေခြင်း | အန္တရာယ်များ၊ ပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အန္တရာယ်များ၏ ဆိုးကျိုးသက်ရောက်မှုများ နည်းပါးစေရန်အတွက် အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့်အပိုင်းများအား ကြိုတင်ပြင်ဆင်ထားမှုများ ဖြစ်သည်။ |
| ပြည်လည်တည်ဆောက်ခြင်း | ထိခိုက်ပျက်စီးသွားသည့် နေအိမ်များနှင့် အဆောက်အအုံများကို အခိုင်အခံ့ပြုပြင်ခြင်း (သို့) အစားထိုးခြင်းနှင့် စီးပွားရေးကို ပုံမှန် ပြန်လည်ပတ်စေရန်အတွက် အတည်တကျဆောင်ရွက်မှုများဖြစ်သည်။ |
| ပြန်လည်ထူထောင်ရေး | ဘေးအန္တရာယ်ဖြစ်ပြီး နောက်တွင် အောက်ပါ အကျိုးများ ရရှိစေရန် ဆောင်ရွက်ချက်များကို ခေါ် ဆိုသည်။<br>• ဘေးဒဏ်သင့်သူတို့၏ နေထိုင်ရေးအတွက် ပံ့ပိုးပေးရန် ။<br>• လိုအပ်နေသည့် ဝန်ဆောင်မှုများ ပြန်လည် ဖြည့်ဆည်းပေးရန်။<br>• အဓိကကျသည့် စီးပွားရေး နှင့် လူမှုရေး လုပ်ငန်းများ ပြန်လည်ရှင်သန်စေရန် ။ |
| တုံ့ပြန်ဆောင်ရွက်မှု | "တုံ့ပြန်ဆောင်ရွက်မှု" ဆိုသည်မှာ ဘေးအန္တရာယ်ဖြစ်ပြီးသည့် အချိန် တွင် ဘေးဒဏ်ခံရသူတို့မှ အခြေခံလိုအပ်ချက်များ ရရှိစေရန် ချက်ချင်းဆောင်ရွက်မှုများ ဖြစ်သည် |




Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

မှတ်ချက်- ဦးဆောင်ဆွေးနွေးသူသည်အဖွဲ့လိုက်ဆွေးနွေးရန်အတွက် ဓာတ်ပုံများရွေးချယ်လိုပါက ၊ အောက်ပါတို့မှာ နမူနာပုံများဖြစ်သည်။



ကြိုတင်သတင်းရယူခြင်း နှင့် သတိပေးခြင်း





ရှာဖွေရေး နှင့် အသက်ကယ်ဆယ်ခြင်း



ကြိုတင်ပြင်ဆင်ခြင်း



ပြန်လည် ထူထောင်ခြင်း

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL



ပြန်လည် တည်ဆောက်ခြင်း






စွမ်းဆောင်ရည် မြှင့်တင်ခြင်း





ထိခိုက်မှုလျော့နည်းစေရန် ကြိုတင်ပြင်ဆင်ခြင်း

Funded by European Union Civil Protection and Humanitarian Aid

လုပ်ဆောင်ချက်( ၃ )၊ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး လုပ်ဆောင်ချက်

ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် ထိခိုက်ခံရလွယ်မှုများနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေများကို နည်းပါးနိုင်သမျှ နည်းပါးစေရန်၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် အန္တရာယ်များ၏ ဆိုးရွားသော သက်ရောက်မှုများကို ရှောင်ရှားနိုင်ရန် (ကြိုတင်ကာကွယ်ခြင်း) (သို့) အဆိုပါ သက်ရောက်မှုများအား ကန့်သတ်နိုင်ရန် (ထိခိုက်မှုလျော့နည်းစေခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း) တို့အတွက် ဖြစ်နိုင်ခြေများကို ထည့်သွင်းစဉ်းစားထားသော အတွေးအခေါ် အယူအဆ မူဘောင် ဖြစ်ပါသည်။

ဘေးအန္တရာယ်ဖြစ်နိုင်ခြေပုံသေနည်း = အန္တရာယ် x ( ထိခိုက်လွယ်မှု - စွမ်းဆောင်ရည် )

## နောက်ဆက်တွဲ ( ၁.၂ )
## ဦးဆောင်ဆွေးနွေးသူမှတ်စု
## ပညာရေးတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးကဏ္ဍ၏ တကမ္ဘာလုံးနှင့်ဒေသတွင်း ဦးတည်ရာ

လုပ်ဆောင်ချက်( ၁ )၊ လုပ်ငန်းဆောင်ရွက်ရေး ဟျူဂိုမူဘောင် နှင့် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး (၂၀၁၅-၂၀၃၀) အတွက် ဆန်ဒိုင်း မူဘောင် ။

https://www.unisdr.org/we/inform/publications/8720

၁။ (၂၀၀၅- ၂၀၁၅) ခုနှစ် ဟျူဂိုလုပ်ငန်းဆောင်ရွက်ရေး မူဘောင်။ နိုင်ငံများ၏ ဘေးဒဏ်ခံနိုင်စွမ်းကိုတည်ဆောက်ခြင်းနှင့် ရပ်ရွာလူထုအား ဘေးဒဏ်ခံနိုင်စွမ်းရှိအောင်တည်ဆောက်ပေးရေးသည် ပထမဦးစွာဆောင်ရွက်ရန်အစီအစဉ်ဖြစ်ပြီး (HPA) ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးမှုများကို လျော့ချနိုင်ရန်အတွက် မတူညီသည့်ကဏ္ဍများနှင့် ဆောင်ရွက်သူများ၏လိုအပ်သော လုပ်ဆောင်မှုများကို အသေးစိတ်ဖော်ပြထားသည်။ ဘေးအန္တရာယ်ဖြစ်နိုင်ခြေကို လျော့ချရန်အတွက် လိုအပ်ချက်ကို မိတ်ဖက်အဖွဲ့အစည်းများစွာဖြင့် ပြုစုခဲ့ပြီး သဘောတူညီထားခဲ့သည်။ ၎င်းတို့မှာ တူညီသည့် ပူပေါင်းဆောင်ရွက်မှုများရှိကြသည့် အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အခြား တို့ဖြစ်သည်။ HPA သည် လုပ်ငန်းဆောင်ရွက်ရန် ဦးစားပေးဆောင်ရွက်ချက် (၅) ခုကို ဖော်ပြထားပြီး ဘေးအန္တရာယ်ခံနိုင်စွမ်း ရှိစေရန်အတွက် လမ်းညွှန်မှု အခြေခံမူများနှင့် လက်တွေ့ကျသည့် နည်းလမ်းများကို ပံ့ပိုးပေးသည်။ ၎င်း၏ ရည်မှန်းချက်များမှာ (၂၀၁၅) ခုနှစ်တွင် နိုင်ငံများနှင့် ရပ်ရွာလူထုတို့အား ဘေးအန္တရာယ်များ၏ဒဏ်ကို ခံနိုင်စွမ်းရှိစေရန် တည်ဆောက်ခြင်းအားဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများလျော့ချရေးကို ရေရှည်တည်တံ့စေရန်ဖြစ်သည်။ ၎င်းမှာ အသက်အိုးအိမ်များနှင့် လူမှုဝန်းကျင်၊ စီးပွားရေး၊ ပတ်ဝန်းကျင် ပစ္စည်းများကို အန္တရာယ်ဖြစ်ပေါ်သည့်အခါတွင် ဆုံးရှုံးမှု လျော့နည်းစေရန် ဖြစ်သည်။

( ပူးတွဲပါ DVD အခွေအတွင်းမှ PDF 1 ဖိုင်ကိုကြည့်ပါ )

ဦးစားပေးဆောင်ရွက်ရန်( ၁ )၊ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးသည် နိုင်ငံနှင့် ဒေသ၏ ဌာနများမှ အားကောင်းသောအခြေခံ အကောင်အထည်ဖော်ဆောင်မှုဖြင့် ဦးစားပေးဆောင်ရွက်ရန်အရေးကိစ္စဖြစ်ကြောင်း သေချာစေခြင်း

မူဝါဒများ ပြုစုရေးဆွဲခြင်း၊ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးကဏ္ဍအတွက် ဥပဒေပြုခြင်း နှင့် ဌာနဆိုင်ရာမူဘောင်များ ပြုစုရေးသားခြင်းနှင့် တိကျပြီး တိုင်းတာ၍ရသော ညွှန်းကိန်းများဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်သုံးသပ်နိုင်သော နိုင်ငံများသည် ဘေးဖြစ်နိုင်ခြေများကို စီမံခန့်ခွဲရန် စွမ်းဆောင်ရည်ပိုမို ရှိကြသည့်အပြင် လူ့အဖွဲ့အစည်း၏ ကဏ္ဍအားလုံးတွင်လည်းဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး လုပ်ငန်းများနှင့်အညီ အားလုံးမှ သဘောတူညီစွာဖြင့် ဝင်ရောက် ပူးပေါင်းပါဝင်မှုကို ရရှိကြသည်။

ဦးစားပေးဆောင်ရွက်ရန်( ၂ )၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ဖော်ထုတ်ခြင်း၊ ရှာဖွေခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကြိုတင်သတိပေးရေးစနစ်ကို မြှင့်တင်ခြင်း

ဘေးအန္တရာယ်ဖြစ်နိုင်ခြေတို့ကို လျော့ချရန်နှင့် ဘေးအန္တရာယ်ခံနိုင်စွမ်းကို မြှင့်တင်ရန်အလေ့အကျင့်များ၏ အစမှာ အန္တရာယ်များနှင့်ပတ်သက်၍ဗဟုသုတများနှင့် လူ့အဖွဲ့အစည်းမှ ရင်ဆိုင်နေရသော ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များအပေါ် ထိခိုက်လွယ်မှုများပေါ်တွင် မူတည်နေသည်။ ထို့အပြင် ကာလတို နှင့် ကာလရှည် နှစ်ခုစလုံးတွင် အန္တရာယ်များ၊ ထိခိုက်လွယ်မှုများပြောင်းလဲမှု နှင့် ဗဟုသုတများအပေါ်အခြေခံ၍ ဆောင်ရွက်မှုများအပေါ်တွင်လည်း မူတည်နေသည်။

Funded by European Union Civil Protection and Humanitarian Aid

ဦးစားပေးဆောင်ရွက်ရန် ( ၃ )၊ အဆင့်တိုင်းတွင် ဘေးဒဏ်ခံနိုင်စွမ်းနှင့် ဘေးကင်းလုံခြုံသော အလေ့အကျင့်များ ရှိလာစေရန် အတွက် ဗဟုသုတ၊ တီထွင်မှုနှင့် ပညာရေးကို အသုံးပြုခြင်း

လူတို့ကို ဘေးအန္တရာယ်များအတွက်ကြိုတင်ကာကွယ်သောအလေ့အကျင့်နှင့် ဘေးဒဏ်ခံနိုင်စွမ်း ဖြစ်လာစေရန် အတွက် ကောင်းစွာအသိပေးခြင်းနှင့် စိတ်အားထက်သန်မှုရှိလာစေရန်ဆောင်ရွက်ပေးပါက ဘေးအန္တရာယ်များသည် သိသိသာသာ လျော့ကျသွားနိုင်မည်ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ရန်မှာ အန္တရာယ်များ၊ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည်တို့၏ လိုအပ်သော ဗဟုသုတနှင့် အချက်အလက်များကို စုဆောင်းခြင်း၊ ပေါင်းစပ်ခြင်းနှင့် အသိပညာပေးခြင်းတို့ ပြုလုပ်ရန်လိုအပ်မည်ဖြစ်သည်။

ဦးစားပေးဆောင်ရွက်ရန် ( ၄ )၊ ရှိနေသည့် ဘေးဖြစ်နိုင်ခြေအကြောင်းရင်းများကို လျှော့ချခြင်း

လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်အခြေအနေများ၊ မြေယာအသုံးပြုမှုနှင့် ဘူမိဗေဒ ဖြစ်ရပ်များနှင့် ဆက်နွယ်နေသည့် အန္တရာယ်တို့၏သက်ရောက်မှုများ ၊ မိုးလေဝသ၊ ရေ၊ ရာသီဥတုအမျိုးမျိုး နှင့် ပြောင်းလဲမှု အစရှိသည့် အပြောင်းအလဲများနှင့် ဆက်နွယ်နေသည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် စီမံကိန်းများအပြင် ဘေးအန္တရာယ်လွန်အခြေအနေများတွင်လည်း ထည့်သွင်းဖြေရှင်းကြသည်။

ဦးစားပေးဆောင်ရွက်ရန် ( ၅ )၊ အဆင့်တိုင်းတွင် ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများရှိစေရန်အတွက် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများကို မြှင့်တင်ခြင်း

ဘေးအန္တရာယ်ဖြစ်သည့်အချိန်တွင် အန္တရာယ်ကျရောက်ရာဒေသရှိ အာဏာပိုင်များ၊ တစ်ဦးတစ်ယောက်စီနှင့် ရပ်ရွာလူထုသည် ကောင်းမွန်သော ပြင်ဆင်မှု၊ တုံ့ပြန်ဆောင်ရွက်ရန် အသင့်အနေအထားနှင့် ထိရောက်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ဗဟုသုတနှင့် စွမ်းဆောင်ရည်တို့ရှိလျှင် သက်ရောက်မှုများနှင့် ဆုံးရှုံးမှုများမှာ သိသိသာသာ လျော့ကျသွားနိုင်သည်။

## (၂၀၁၅-၂၀၃၀) ခုနှစ် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအတွက် ဆန်ဒိုင်းမူဘောင်
## ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး (DRR) အတွက် ကလေးသူငယ်သုံး ဆန်ဒိုင်းမူဘောင်

https://plan-international.org/child-friendly-sendai-framework-disaster-risk-reduction

( ပူးတွဲပါ DVD အခွေအတွင်းမှ PDF 2 ဖိုင်ကိုကြည့်ပါ )

ယူဂိုလုပ်ငန်းဆောင်ရွက်ရေးမူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှရရှိသည့် အတွေ့အကြုံနှင့်မျှော်မှန်းထားသည့်ရလဒ်များနှင့် ပန်းတိုင်များသုံးသပ်လေ့လာခဲ့ရာ နိုင်ငံများမှဒေသအဆင့်၊ နိုင်ငံအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ကမ္ဘာအဆင့်တို့တွင် အောက်ပါ ဦးစားပေးမှု ကဏ္ဍ (၄) ခုကို ဂရုပြုဆောင်ရွက်ရန်လိုအပ်ချက်ရှိနေကြောင်း တွေ့ရှိရသည်။

( ၁ ) ဘေးအန္တရာယ်ဖြစ်နိုင်ခြေကို နားလည်ခြင်း

( ၂ ) ဘေးအန္တရာယ်ဖြစ်နိုင်ခြေကို စီမံခန့်ခွဲနိုင်ရန်အတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေအကဏ္ဍ အုပ်ချုပ်ရေးပိုင်းကို မြှင့်တင်ခြင်း။

( ၃ ) ဘေးဒဏ်ခံနိုင်စွမ်းရှိစေရန် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်း။

( ၄ ) ထိရောက်သည့် တုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပုံမှန်အခြေအနေ ပြန်လည်တည်ဆောက်ရေးကဏ္ဍများတွင် "ကောင်းမွန်သောပြန်လည်တည်ဆောက်မှု" ရှိစေရန် အတွက် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးကို မြှင့်တင်ဆောင်ရွက်ခြင်း။

ထိရောက်သည့်ကမ္ဘာနှင့်ဒေသအဆင့်တွင် အသိပေးလှုံ့ဆော်မှုများကို လူထုအသိပညာပေးရေးနှင့်ပညာရေး အတွက် နည်းလမ်းတစ်ခုအဖြစ်အသုံးပြုရန်၊ လက်ရှိဆောက်ရွက်လျက်ရှိသည့် အစီအစဉ်များအပေါ်တွင် ပြင်ဆင်အကောင်အထည်ဖော်ခြင်း တို့ကို ပြုလုပ်နိုင်ရန်အတွက် စီစဉ်ပါ။ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းအလေ့အကျင့်များကို မြှင့်တင်ရန်၊ ဘေးဒဏ်ခံနိုင်စွမ်းနှင့် တာဝန်သိသော နိုင်ငံသားတို့ ဖြစ်လာစေရန်၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေကဏ္ဍကို နားလည်မှုမြှင့်တင်ရန်၊

ထိရောက်သည့်ကမ္ဘာနှင့် ဒေသအဆင့်တွင်အသိပေးလှုံ့ဆော်မှုများကို လူထုအသိပညာပေးရေးနှင့် ပညာရေးအတွက် နည်းလမ်းတစ်ခုအဖြစ်အသုံးပြုရန်၊ လက်ရှိဆောက်ရွက်လျက်ရှိသည့် အစီအစဉ်များအပေါ်တွင် ပြင်ဆင်အကောင်အထည် ဖော်ခြင်းတို့ကို ပြုလုပ်နိုင်ရန်အတွက်စီစဉ်ပါ။ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းအလေ့အကျင့်များကို မြှင့်တင်ရန်၊ ဘေးဒဏ်ခံနိုင်စွမ်းနှင့် တာဝန်သိသော နိုင်ငံသားတို့ ဖြစ်လာစေရန်၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေကဏ္ဍကို နားလည်မှုမြှင့်တင်ရန်၊ တစ်ဦးစီမှတစ်ဦးလေ့လာခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်း စသည်တို့ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သော စည်းရုံးလှုံ့ဆော်မှုဖြစ်သည်။

(ဥပမာ-ဘေးကင်းလုံခြုံသောစာသင်ကျောင်းနှင့်ဆေးရုံတစ်သန်းတည်ဆောက်ခြင်း၊"မြို့နယ်များဘေးဒဏ်ခံနိုင်အောင် တည်ဆောက်ခြင်း၊ ကျွန်ုပ်မြို့တော် အဆင်သင့်ဖြစ်နေပြီ" စည်းရုံးလှုံ့ဆော်မှု၊ ကုလသမဂ္ဂ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး စစကဝါ ဆုပေးပွဲ နှင့် နှစ်ပတ်လည် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ ။)

## လုပ်ဆောင်ချက် ( ၂ )၊ စာသင်ကျောင်းဘေးကင်းလုံခြုံမှုကို တကမ္ဘာလုံးဆောင်ရွက်မှု

စာသင်ကျောင်းဘေးကင်းလုံခြုံမှုကို တကမ္ဘာလုံးဆောင်ရွက်မှုဆိုသည်မှာ အဘယ်နည်း။

( ၁ ) နိုင်ငံရေးအရ ကတိကဝတ်ထားရှိမှုများ ရရှိစေမည့် အစိုးရဦးဆောင်သော ကမ္ဘာတစ်ဝှမ်း မိတ်ဖက်ဆောင်ရွက်မှု

( ၂ ) နိုင်ငံတော်၏ နည်းဗျူဟာများ၊ စာသင်ကျောင်းဘေးကင်းလုံခြုံရေး မူဝါဒများ၊ အစီအစဉ်များ၊ စီမံကိန်းများ ရေးဆွဲရန်အတွက် အစိုးရများအား ပံ့ပိုးကူညီပေးခြင်း

( ၃ ) ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေး မူဘောင်၏ ဒေါက်တိုင် (၃)ခုပေါ်တွင် အခြေခံခြင်း။

## ဘေးကင်းလုံခြုံသောစာသင်ကျောင်း ခေါင်းဆောင် မည်သို့ဖြစ်မလဲ။

ဘေးကင်းလုံခြုံသော စာသင်ကျောင်းရည်မှန်းချက်များအတွက် တကမ္ဘာလုံးဆောင်ရွက်ချက်များ အပေါ်တွင် ကတိက ဝတ်ထားရှိကြောင်းနှင့် ဘေးကင်းလုံခြုံသောစာသင်ကျောင်း ခေါင်းဆောင်ဖြစ်ရန် ဆန္ဒရှိကြောင်းကို အတည်ဖြစ်စေရန် UNISDR သို့ တရားဝင်အကြောင်းကြားပါ။

သင်၏ပေးစာ/ မေးလ်ပို့ရန်-

ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအတွက် ကုလသမဂ္ဂရုံး (UNISDR)
ဘေးကင်းလုံခြုံသောစာသင်ကျောင်းများအတွက် တကမ္ဘာလုံးဆောင်ရွက်ချက်
၉-၁၁ rue de Varembe
CH-1201 ဂျနီဘာ
Email: rosec@un.org

## ဘေးကင်းလုံခြုံသောစာသင်ကျောင်းခေါင်းဆောင်များကို အောက်ပါအတိုင်းဆောင်ရွက်နိုင်ရန် မျှော်မှန်းထားမှု

( ၁ ) ( ၂၀၂၀ ) ခုနှစ်မရောက်ခင်အချိန်အတွင်း စာသင်ကျောင်းဘေးကင်းလုံခြုံရေးအတွက် ပြည့်စုံသည့်နည်း လမ်းကို ပညာရေးကဏ္ဍအစီအစဉ်နှင့် နိုင်ငံအဆင့် ဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေး ဗျူဟာများ၏ အစိတ်အပိုင်းများ ဖြည့်သွင်းနိုင်စေရန်အတွက် ပညာရေး ဝန်ကြီးဌာနနှင့် ၎င်း၏ စီမံကိန်းဌာနများအား စည်းရုံး နိုင်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေး နိုင်ငံတော်အဆင့်တာဝန်ခံများ၊ နိုင်ငံအတွင်းအဓိက မိတ်ဖက်ဆောင်ရွက်သူများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြုလုပ်ရမည် ဖြစ်ပြီး စာသင်ကျောင်းဘေးကင်းလုံခြုံရေး အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် တက်ကြွစွာ ပါဝင်ဆောင် ရွက်ရမည်ဖြစ်သည်။

( ၂ ) လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကတိထားရှိပြီး ပြည်တွင်း( နိုင်ငံနှင့်ဒေသအဆင့် )နှင့်/သို့ နိုင်ငံတကာ၊ ဒေသတွင်းအဆင့် ( အခြားနိုင်ငံများအတွက် နည်းပညာပံ့ပိုးခြင်း ) တွင် စာသင်ကျောင်း ဘေးကင်းလုံခြုံမှု အကောင်အထည်ဖော်ဆောင်ရေးအတွက် သင့်လျော်သည့် ငွေကြေးနှင့် အရင်းအမြစ်များ လျာထားပါ။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

( ၃ ) နိုင်ငံအဆင့်တွင် စာသင်ကျောင်းဘေးကင်းလုံခြုံရေး အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ဆန်းစစ်ပြီးကျောင်းသား/သူများနှင့် လူငယ်များ၊ ဆရာ/မများ၊ မိဘများအားစာသင်ကျောင်းဘေးကင်းလုံခြုံရေး စစ်တမ်းကောက်ယူမှု၊ စီစဉ်ခြင်း၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း၊ တုံ့ပြန်ဆောင်ရွက်ရေးကြိုတင်ပြင်ဆင်မှုနှင့် ပညာစဉ်ဆက်မပြတ်သင်ကြားနိုင်ရေးအစီအစဉ်များတွင် လူထုစိတ်ပါဝင်စားမှုဖြစ်စေရန်အတွက် စည်းရုံးရေးကို မြှင့်တင်ဆောင်ရွက်ပါ။

( ၄ ) နိုင်ငံအဆင့်တွင် (ဒေသအဆင့်ပါဝင်) စာသင်ကျောင်းဘေးကင်းလုံခြုံရေး အကောင်အထည် ဖော်ဆောင်မှု၏ အလေ့အကျင့်ကောင်းများနှင့် အတွေ့အကြုံများကို ပုံစံတူလိုက်လံ ဆောင်ရွက်နိုင်ရန်အတွက် အခြားနိုင်ငံများအား မျှဝေပါ။

( ၅ ) စာသင်ကျောင်းဘေးကင်းလုံခြုံရေးကဏ္ဍစုံ၏ ပြည့်စုံသောဗဟုသုတများဖြည့်ဆည်းရန်နှင့် နိုင်ငံနှင့် ဒေသအဆင့်တို့တွင် ဘေးကင်းလုံခြုံသောစာသင်ကျောင်းများအတွက် တကမ္ဘာလုံး ဆောင်ရွက်မှုများ အရှိန်မြှင့်ဆောင်ရွက်မှုကို အစီရင်ခံတင်ပြနိုင်ရန်အတွက် ဘေးကင်းလုံခြုံသော စာသင်ကျောင်းခေါင်းဆောင် အစည်းအဝေးများနှင့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဆွေးနွေးပွဲများတွင် တက်ရောက်ပါဝင်ပါ။

( ၆ ) ဆန်ဒိုင်း စောင့်ကြည့်လေ့လာမှုအားဖြင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အကောင်အထည် ဖော်ဆောင်ရေးအတွက် ဆန်ဒိုင်းမူဘောင်ကို ပံ့ပိုးကူညီရေးတွင် စာသင်ကျောင်း ဘေးကင်း လုံခြုံမှုအတွက် ဆောင်ရွက်မှုများကို အစီရင်ခံတင်ပြပါ။

<u>လုပ်ဆောင်ချက် ( ၃ )၊ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး နှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေးအတွက် တကမ္ဘာလုံး လက်တွဲဆောင်ရွက်မှု (GADRRES) နှင့် စာသင်ကျောင်းဘေးကင်းလုံခြုံရေး အာရှပစိဖိတ် ပူးပေါင်းအဖွဲ့ (APCSS)</u>

(ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး နှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေး အတွက် တကမ္ဘာလုံးလက်တွဲဆောင်ရွက်မှု၊ နောက်ဆက်တွဲတွင် အသေးစိတ်ကို ကြည့်ပါ။ http://gadrrres.net/ )

GADRRES ၏ အဓိကရည်ရွယ်ချက်မှာ တကမ္ဘာလုံးညှိနှိုင်းဆောင်ရွက်ရေး၊ ဗဟုသုတမြှင့်တင်ရန်နှင့် ဘေးဖြစ်နိုင်ခြေလျှော့ချရေးဆိုင်ရာပညာရေးနှင့် ပညာရေးကဏ္ဍဘေးကင်းလုံခြုံမှု စသည့်ကဏ္ဍတို့အား ပိုမိုအားကောင်းလာစေရန် ဖြစ်သည်။ ယင်းဆောင်ရွက်မှုများသည် ပညာရေးနှင့် ဗဟုသုတ နယ်ပယ်အားဖြင့် တကမ္ဘာလုံးဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့် ဘေးဒဏ်ခံနိုင်စွမ်း အလေ့အကျင့်ကို ရရှိစေသည်။

GADRRES သည် နိုင်ငံ၊ ဒေသ၊ ခရိုင်နှင့် ဒေသတွင်းကျောင်းအဆင့်များ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အညီ ပညာရေးမူဝါဒ၊ အစီအစဉ်များနှင့် စီမံကိန်းများပေါ်တွင် အခြေခံ၍ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအတွက် ပြည့်စုံသည့်နည်းလမ်းကို မြှင့်တင်ပေးသည်။

ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံရေး မူဘောင်တွင် အောက်ပါအောက်တိုင် (၃) ခုပါဝင်သည်-

( ၁ ) ဘေးကင်းလုံခြုံသော သင်ကြားရေး ပံ့ပိုးပစ္စည်းများ တွင် ပညာရေးအာဏာပိုင်များ၊ အစီအစဉ်ရေးဆွဲသူများ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ၊ တည်ဆောက်သူများ၊ အန္တရာယ်ကင်းသော နေရာရွေးချယ်မှုမှ ကျောင်းနေလူထု၊ ပုံစံ၊ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး (ဘေးကင်းပြီး ပံ့ပိုးမှုများ အဆက်မပြတ်ရရှိမှုများ) ပါဝင်သည်။

( ၂ ) စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို နိုင်ငံနှင့် ပြည်နယ် / တိုင်းဒေသကြီး ပညာရေးအာဏာပိုင်များနှင့် ဒေသစာသင်ကျောင်းရပ်ရွာလူထုတို့ ( ကလေးများနှင့် မိဘများပါဝင် )ဖြင့် ဖွဲ့စည်းထားပြီး ဘေးကင်းသော သင်ကြားရေးပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်လည်းကောင်း၊ ပညာစဉ်ဆက်မပြတ်သင်ကြားနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက်လည်းကောင်း ကဏ္ဍအလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ဖော်ကိုင်ဖက်များဖြင့်ပူပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

( ၃ ) ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေးကို ဘေးကင်းလုံခြုံသော အလေ့အကျင့်နှင့် ဘေးဒဏ်ခံနိုင်သော ရပ်ရွာလူထုဖြစ်စေရန်အတွက် ရေးဆွဲပြင်ဆင်ထားသင့်သည်။

Funded by European Union Civil Protection and Humanitarian Aid

စာသင်ကျောင်းဘေးကင်းလုံခြုံရေးအာရှပစိဖိတ် ပူးပေါင်းအဖွဲ့သည် ကလေးတို့၏ပညာရေးအပေါ်တွင် ဘေးအန္တရာယ်တို့၏ သက်ရောက်မှုများကို လျှော့ချရန်အတွက် နည်းပညာအရင်းအမြစ်များ၊ အလေ့အကျင့်ကောင်းများ သင်ယူထား သည့်သင်ခန်းစာများနှင့် ဘေးကင်းလုံခြုံသောစာသင်ကျောင်း စံမူဝါဒများအားမျှဝေရန်နှင့် ဆွေးနွေးနိုင်ရန် နေရာတစ်ခုကို စီစဉ်ပေးသည်။ ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံရေးအတွက် ညှိနှိုင်းစည်းရုံးမှုကိုမြှင့်တင်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန်အတွက်လည်း ဖြစ်သည်။ APCSS၏ အဖွဲ့ဝင်များမှာ Plan International၊ Save the Children၊ World Vision၊ IFRC၊ UNICEF၊ UNESCO နှင့် ADPC တို့ဖြစ်ကြပြီး Plan ARO သည် APCSS ၏ အတွင်းရေးမှူးရုံးဖြစ်သည်။

## နောက်ဆက်တွဲ ( ၁.၃ )၊ သင်တန်းဆရာ မှတ်စု<br>ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေး ဆိုတာဘာလဲ

လုပ်ဆောင်ချက်( ၁ )၊ မိတ်ဆက်ခြင်း


- ပါဝင်ပို့င့် slide များကို ကြည့်ပါ။

လုပ်ဆောင်ချက် ( ၂ )၊ ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေး၏ အဓိက လုပ်ငန်းများ

အကြံပြုချက် -ဖြစ်နိုင်လျှင် ဦးဆောင်ဆွေးနွေးသူသည် CSS ဒေါက်တိုင် (၃) ခုပုံကို ထုတ်ပြီး လေ့ကျင့်ခန်းအပြီးတွင် နံရံတွင် ကပ်ပေးထားနိုင်သည်။

ဒေါက်တိုင်(၃)ခုအတွက် ကိုကားရန်အညွှန်း - http://gadrrres.net/resources/comprehensive-school-safety-framework

( ပူးတွဲပါ DVD အခွေအတွင်းမှ PDF 3 ဖိုင်ကိုကြည့်ပါ )



## ဦးဆောင်ဆွေးနွေးသူမှတ်စု

၁။ ဘေးကင်းလုံခြုံသော သင်ကြားရေးပံ့ပိုးပစ္စည်းများတွင် ပညာရေးအာဏာပိုင်များ၊ အစီအစဉ်ရေးဆွဲသူများ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ၊ တည်ဆောက်သူများ၊ အန္တရာယ်ကင်းသော နေရာရွေးချယ်မှုမှ ကျောင်းနေလူထု၊ ပုံစံ၊ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ( ဘေးကင်းပြီး ပံ့ပိုးမှုများ အဆက်မပြတ်ရရှိမှုများ ) ပါဝင်သည်။ အစိုးရနှင့် ပုဂ္ဂလိကစာသင်ကျောင်းတို့၏ အဓိက တာဝန်များမှာ -

( ၁ ) ဘေးကင်းသောစာသင်ကျောင်းနေရာကို ရွေးချယ်ပါ။ ဘေးအန္တရာယ်ခံနိုင်စွမ်းရှိသော ပုံစံရေးဆွဲ၍ စာသင်ကျောင်း အသစ်တိုင်းကို ဘေးကင်းသောစာသင်ကျောင်းဖြစ်စေရန် တည်ဆောက်ပါ။

( ၂ ) ဖြည့်စွက်တည်ဆောက်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်းအတွက် ဦးစားပေးဆောင်ရွက်ရန်အစီအစဉ် ပုံစံကြမ်းကို ဦးစားပေးရေးဆွဲထားပါ (ဥပမာ- ဘေးမကင်းသော စာသင်ကျောင်းများ ပြန်လည်နေရာချထားရေး)

( ၃ ) အသက်ရှင်ကျန်ရန်နှင့် အရေးပေါ်ရွှေ့ပြောင်းရေးအတွက် အဆောက်အအုံအပိုင်း၊ အဆောက်အအုံမဟုတ်သည့်အပိုင်းနှင့် အဆောက်အအုံပိုင်းဆိုင်ရာ ဘေးဖြစ်နိုင်ခြေများကို လျှော့ချပါ။

( ၄ ) စာသင်ကျောင်းပစ္စည်းအသုံးအဆောင်များကို မသန်စွမ်းများ ဘေးကင်းစွာသွားလာနိုင်ရေးအတွက် ပုံစံနှင့် တည်ဆောက်ပုံကို ပြင်ဆင်ပါ။

( ၅ ) စာသင်ကျောင်းများကို ယာယီခိုလှုံရာအဖြစ် စီစဉ်ပါက ယင်းလိုအပ်ချက်များကို ပြည့်မီရန် ပုံစံပြုလုပ်ပြီး ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် အခြားသင့်တော်သော နည်းလမ်းများရှိနေစေရန်လည်း ပြင်ဆင်ထားပါ။

( ၆ ) ကလေးများ စာသင်ကျောင်းသို့ ရောက်ရှိနိုင်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာ ဘေးဖြစ်နိုင်ခြေများမှ ကင်းဝေးရန် သေချာပါစေ (ဥပမာ - လူကူးမျဉ်းကြားများ၊ လမ်း၊ မြစ်ဖြတ်ကူးခြင်း)

( ၇ ) ဘေးဖြစ်နိုင်ခြေများ လျော့နည်းစေရန် ရေနှင့် မိလ္လာသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ (ဥပမာ- မိုးရေအသုံးပြုခြင်းနှင့် ရေလောင်းအိမ်သာများ)

( ၈ ) ရေ၊ စွမ်းအင်နှင့် အစားအစာဖူလုံရေးမြှင့်တင်ရန်အတွက် Climate Smart ကိုဆောင်ရွက်ပါ (ဥပမာ - မိုးရေသိုလှောင်ရေး၊ နေရောင်ခြည်စွမ်းအင်၊ အသစ်ပြန်လည်ဖြည့်ဆည်းနိုင်သော စွမ်းအင်၊ စာသင်ကျောင်းဥယျာဉ်များ)

( ၉ ) စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာရေး၊ ဘဏ္ဍာရေးနှင့် ဆောင်ရွက်လျက်ရှိသည့် ပစ္စည်းများပြုပြင်ထိန်းသိမ်းမှုနှင့် ဘေးကင်းလုံခြုံရေးအတွက် ကြီးကြပ်မှုများအတွက် အစီအစဉ်။

## စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု

၂။ စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို နိုင်ငံနှင့် ပြည်နယ်/တိုင်းဒေသကြီး ပညာရေးအာဏာပိုင်များ နှင့် ဒေသစာသင်ကျောင်းရပ်ရွာလူထုတို့ (ကလေးများနှင့် မိဘများပါဝင်)ဖြင့် ဖွဲ့စည်းထားပြီး ဘေးကင်းသော သင်ကြားရေးပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်လည်းကောင်း၊ ပညာစဉ်ဆက်မပြတ်သင်ကြားနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက်လည်းကောင်း ကဏ္ဍအလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ဖော်ကိုင်ဖက်များဖြင့် ပူပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ အဓိကတာဝန်များမှာ -

( ၁ ) ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေး ကြိုးပမ်းဆောင်ရွက်မှုများကို ဦးဆောင်နိုင်ရန်အတွက် နိုင်ငံအဆင့် နှင့် ပြည်နယ်/တိုင်းဒေကြီးအဆင့် ကော်မတီ နှင့် အချိန်ပြည့်တာဝန်ခံများကို ခန့်အပ်ဖွဲ့စည်းခြင်း။

( ၂ ) ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ကျောင်းအဆင့်တွင် နေရာအခြေပြု စစ်တမ်းကောက်ယူမှုနှင့်စီမံကိန်း၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ပုံမှန်စာသင်ကျောင်းစီမံခန့်ခွဲမှုနှင့် တိုးတက်ရေး ဆောင်ရွက်မှုများ၏ ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်သည့် တုံ့ပြန်ဆောင်ရွက်မှု ကြိုတင်ပြအင်ဆင်မှုများအတွက် မူဝါဒများ၊ လမ်းညွှန်ချက်များ ပံ့ပိုးပေးခြင်း။

( ၃ ) စာသင်ကျောင်းကော်မတီများဖွဲ့စည်းခြင်း၊ လေ့ကျင့်ပေးခြင်း၊ အတည်ပြုဖွဲ့စည်းခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့ကို ပြုလုပ်ပါ။ စာသင်ကျောင်း အတွင်း/အပြင်ရှိ အန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် ရှာဖွေခြင်း၊ ဆောင်ရွက်လျက်ရှိသည့် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများအတွက် ဦးဆောင်ရန် အားပေးသင့်သည်။ ဤလုပ်ငန်းတွင်ပါဝင်နေသော ဝန်ထမ်းများ၊ ကျောင်းသား/သူများ၊ မိဘများနှင့် ရပ်ရွာတွင်းပါဝင်ဆောင်ရွက်သူများ ကို အားပေးပါ။

Funded by European Union Civil Protection and Humanitarian Aid

(၄) လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများအပေါ် ကြိုတင်သတိပေးခြင်းရှိသောအန္တရာယ်များနှင့် မရှိသော အန္တရာယ် နှစ်ခုစလုံးအတွက် လိုအပ်သလို ကျင့်သုံးပါ ။ ၄င်းတို့တွင် ဝပ်၊ ကာ၊ ကိုင်ထား၊ အဆောက်အအုံ အရေးပေါ် ရွှေ့ပြောင်းခြင်း၊ ဘေးကင်းရာသို့ ရွှေ့ပြောင်းခြင်း၊ ခိုလှုံရာနေရာ ထားရှိခြင်း၊မှီခိုခြင်းနှင့် မိသားစုများ ဘေးကင်းစွာ ပြန်လည်ပေါင်းစည်းခြင်းတို့ ပါဝင်သည်။

(၅) စာသင်ကျောင်းများကို ကြိုတင်သတိပေးခြင်းနှင့် စောဦးစွာလုပ်ငန်းလုပ်ဆောင်ရေးစနစ်များသည် အသုံးဝင်ပြီး ထိရောက်မှုရှိစေရန် တိုက်တွန်းရမည်။ ပညာစဉ်ဆက်မပြတ်သင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေရန်နှင့်စာသင်ကျောင်းများကို အရေးပေါ်ခိုလှုံရာနေရာအဖြစ်အသုံးပြုခြင်းကို ကန့်သတ်ရန် အစီအစဉ်များ နှင့် သတ်မှတ်ချက်များထားရှိနိုင်ရန် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တို့၏ အရေးပေါ်အစီအစဉ်များကို အရေးပေါ်အခြေအနေ ပညာရေးအတွက် ဌာနတွင်းကွက်ယက်များ (INNEE) ၏ အနိမ့်ဆုံး စံနှုန်းများ (၂၀၁၀) ပေါ်တွင် အခြေခံပြီးဖွဲ့စည်းပါ ။

(၅) ယာယီသင်ကြားရေးနေရာများနှင့် အခြားနည်းလမ်းများကို ရှာဖွေထားပါ။

(၆) မူကြိုကျောင်းနှင့် ကျောင်းမနေသည့် ကလေးများ၊ မသန်စွမ်းကလေးများ၊ ယောကျာ်းလေး၊ မိန်းကလေး နှစ်ဦးစလုံးတို့၏ လိုအပ်ချက်များကို စဉ်းစားပေးပါ။

(၇) ပညာရေးကဏ္ဍနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍကို ချိတ်ဆက်ပါ၊ လူမှုအဖွဲ့အစည်းတို့၏အဆင့်တိုင်းရှိ လူထုဘေးကင်းလုံခြုံရေးမူဝါဒများနှင့် အစီအစဉ်များ (နိုင်ငံအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ဒေသနှင့် ကျောင်းအဆင့်)နှင့် ကဏ္ဍတစ်ခုနှင့် တစ်ခုကြားတွင် ဆက်သွယ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးကို တည်ဆောက်ပါ။

(၈) လေ့ကျင့်ပါ၊ ထိထိရောက်ရောက် အကဲဖြတ်သုံးသပ်ပြီး တုံ့ပြန်ဆောင်ရွက်ရေး ကြိုတင်ပြင်ဆင်မှုများကို စာသင်ကျောင်းနှင့် ရပ်ရွာတို့နှင့် ချိတ်ဆက်ထားသည့် အစမ်းလေ့ကျင့်မှုများဖြင့် တိုးတက်အောင်လုပ်ပါ။ စာသင်ကျောင်းတစ်ကျောင်းစီ၏ လုပ်ငန်းဆောင်ရွက်ရေးအစီအစဉ်စံနှုန်းများကို အသုံးပြုပါ။

## ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး

၃။ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေးကို ရပ်ရွာတို့အား ဘေးကင်းလုံခြုံစေရေးနှင့် ဘေးဒဏ်ခံနိုင်မှုရှိလာစေရန် အလေ့အကျင့်ရရှိရန်အတွက် တည်ဆောက်သင့်သည်။ အဓိက တာဝန်များမှာ -

(၁) အိမ်ထောင်စုများနှင့် ရပ်ရွာတို့၏ထိခိုက်လွယ်မှုများကို လျှော့ချစေရန်နှင့် အန္တရာယ်တို့၏ သက်ရောက်မှုများကို သမရိုးကျပညာရေးနှင့် သမရိုးကျမဟုတ်သည့် ပညာရေး အခြေခံနည်းများဖြင့် ကြိုတင်ပြင်ထားရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန်အတွက် သဘောတူ လက်ခံထားသည့် သတင်းစကားများကို ပြုစုပါ။

(၂) ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို စာသင်ကျောင်းအတွင်း မီးဘေး၊ (နှင့် အခြားသင့်လျော်သော အန္တရာယ်များ)အတွက် အစမ်းလေ့ကျင့်မှုများအပါအဝင် ရပ်ရွာဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ပါဝင်စေပါ။

(၃) အန္တရာယ်များအားလုံးအတွက် ထိထိရောက်ရောက် တွေးခေါ်စဉ်းစားနိုင်ရန်အတွက် အခွင့်အလမ်းနှင့် အစီအစဉ်များကို ပြုစုဖန်တီးပေးပါ။

(၄) ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းကဏ္ဍကို သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းပြီး သင်ခန်းစာများတွင် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းအတွက် လမ်းညွှန်မှုများကို ပံ့ပိုးပေးပါ။

(၅) ကျောင်းသား/သူများနှင့် ဆရာ/မများအတွက် အရည်အသွေးရှိသောသင်ကြားရေးနှင့် သင်ယူရေးပစ္စည်းများကို ပြုစုပေးပအါ။ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းပညာရေး climate-smart ကဏ္ဍအားလုံးကို ထည့်သွင်း

ဆောင်ရွက်ပါ။ ၎င်းတို့တွင် ဘေးအန္တရာယ်များအတွက် လုပ်ထုံးလုပ်နည်းများ၊ ဘေးကင်းလုံခြုံမှုနှင့် ကြိုတင်ပြင်ဆင်မှုအတွက် အဓိက သတင်းစကားများ၊ ရပ်ရွာဘေးဖြစ်နိုင်ခြေလျှော့ချရေး စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် ဘေးကင်းလုံခြုံမှုနှင့် ဘေးဒဏ်ခံနိုင်စွမ်းအလေ့အကျင့်များနှင့်အတူတကွနေထိုင်ရန်သင်ယူလေ့လာခြင်း စသည်တို့ပါဝင်သည်။

( ၆ ) ဆရာ/မများနှင့် အလုပ်သင်ဆရာများအတွက် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းသင်ရိုးညွှန်းတမ်းပစ္စည်းများ နှင့် နည်းစနစ်များအတွက် သင်းတန်းဖွင့်လှစ်ပေးပါ။

( ၇ ) ဤခေါင်းစဉ်များကို သမရိုးကျပညာရေးနှင့် သမရိုးကျမဟုတ်သည့်ပညာရေး၊ နောက်တိုးသင်ခန်းစာနည်းလမ်းများတွင် ရပ်ရွာလူထုတို့နှင့်အတူ ထိထိရောက်ရောက် ထည့်သွင်းနိုင်ရန် နည်းဗျူဟာများကို ပြုစုရေးသားပါ။

ပံ့ပိုးပေးနိုင်သော ပတ်ဝန်းကျင် - သည် ပြည့်စုံသည့် စာသင်ကျောင်း ဘေးကင်းလုံခြုံရေးဒေါက်တိုင်(၃)ခု၏ မူဝါဒများ/ မူဘောင်/ လမ်းညွှန်ချက်များ၊ အစိုးရ၏ ကတိကဝတ်များနှင့် ကွန်ယက်များ စသည်တို့ပါဝင်သည့် CSS အကောင်အထည်ဖော်ဆောင်ရေးကို ပံ့ပိုးကူညီရန်ဖြစ်သည်။

ကဏ္ဍာပေါင်းစုံနှင့်ချိတ်ဆက်မှုရှိသည့် အကြောင်းအရာများ - ကျား/မရေးရာ၊ မသန်စွမ်းနှင့် ပတ်ဝန်းကျင် စသည်တို့ကို နောက်ပိုင်းအခန်းများတွင် ကြည့်ပါ..

လုပ်ဆောင်ချက် ( ၃ )၊ နိုင်ငံအဆင့်တွင် ဒေါက်တိုင်(၃)ခု၏ မူဝါဒများ/အစီအစဉ်များ၏ ကွာဟချက်များကိုရှာဖွေဖော်ထုတ်ခြင်း

ကွာဟချက်များကို ဖြေရှင်းရန်အတွက် သင်တန်းပံ့ပိုးပေးသူများအတွက် အကြံပြုချက် -

အစိုးရမှ စာသင်ကျောင်းဘေးကင်းလုံခြုံမှုအတွက် ထားရှိသည့်ကတိကဝတ်များကို အရှိန်မြှင့်ဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အစိုးရကိုကူညီပံ့ပိုးရန် Plan ရုံးမှ ညှိနှိုင်းစည်းရုံးရေးဗျူဟာကို ရေးဆွဲသင့်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အစိုးရမှ ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံမှု၏ မူဝါဒများ/လမ်းညွှန်ချက်များ/မူဘောင်များကို ရေးဆွဲနိုင်မည်ဖြစ်သည်။

# နောက်ဆက်တွဲ ( ၂ )

# ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

နောက်ဆက်တွဲ ( ၁.၁ ) မှ

နောက်ဆက်တွဲ ( ၁.၃ ) ထိ

**နောက်ဆက်တွဲ ( ၂.၁ ) မှ ( ၂.၆ ) အထိ**

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# NOTE

# နောက်ဆက်တွဲ( ၂.၁ )
# ဦးဆောင်ဆွေးနွေးသူမှတ်စု–စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ရှားမှုများ

ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စုများ

စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ အခန်းကဏ္ဍနှင့် တာဝန်များအပေါ် နားလည်ခြင်း

စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ဆက်နွယ်နေသည့် စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီနှင့် အဓိကအခန်းကဏ္ဍကို ဘေးအန္တရာယ်များ၏ ဆိုးရွားသည့် သက်ရောက်မှုများကို လျော့နည်းစေရန် (သို့) ရှောင်ကြဉ်ရန်အတွက် ကောင်းမွန်သည့် ကာကွယ်ရန်စနစ် နှင့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ရာတွင် ဦးဆောင်ရန်ဖြစ်သည်။ စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်/ ကျောင်းဘေးကင်းလုံခြုံရေးအစီအစဉ်ကို ပြုစုရေးဆွဲရန်၊ ကျင့်သုံးရန်၊ အကောင်အထည်ဖော်ရန်၊ သုံးသပ်ရန်နှင့် နောက်ဆုံးအခြေအနေဖြစ်နေစေရန် ဦးဆောင်သင့်သည်။

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကိုနိုင်ငံအဆင့်၊ ပြည်နယ်တိုင်းဒေသကြီးအဆင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေစီမံခန့်ခွဲမှုကဏ္ဍ၊ အထူးသဖြင့် ပညာရေးနယ်ပယ်မှကဏ္ဍနှင့် ကိုက်ညီနေစေရန်သေချာဆောင်ရွက်သင့်သည်။ ကော်မတီအဖွဲ့ဝင်များကို ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေးမူဘောင်မှ ချမှတ်ထားသော အဓိကတာဝန်များကို သိရှိနားလည်ထားရန် မျှော်လင့်သည်။

အောက်ပါဇယားသည် စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (ပြည့်စုံသည့်စာသင်ကျောင်း ဘေးကင်းလုံခြုံရေး ဒေါက်တိုင် - ၂ )မှ စာသင်ကျောင်းစီမံခန့်ခွဲမှုကော်မတီ၏ အဓိကအခန်းကဏ္ဍများကို ဖော်ပြထားသည် -

| ကဏ္ဍများ | အဓိကတာဝန်များ |
|---|---|
| ခေါင်းဆောင်မှု | • ကျောင်းအခြေပြု စစ်တမ်းကောက်ယူမှုနှင့် စီမံကိန်း၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့်တုံ့ပြန်ဆောင်ရွက်မှုအတွက် ကြိုတင်ပြင်ဆင်မှုများကို ပုံမှန် စာသင်ကျောင်း စီမံခန့်ခွဲမှုနှင့် တိုးတက်ရေးအတွက် မူဝါဒများ လမ်းညွှန်မှုကို ပံ့ပိုးပေးခြင်း။ |
| ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအတွက်နည်းပညာပိုင်းအတွက် ဦးဆောင်မှု | • လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများကို လိုအပ်သလို ကျင့်သုံးခြင်း ။<br>• ကျောင်း-ရပ်ရွာလူထုကို အဓိပ္ပာယ်ပြည့်ဝပြီး ထိရောက်မှုရှိသော ကြိုတင်သတိပေးရေးနှင့်ကြိုတင်ဆောင် ရွက်ရေးစနစ်များ ဖြစ်လာစေရန် ပါဝင်စေခြင်း ။<br>• ယာယီသင်ကြားရေး နေရာများနှင့် အခြားနည်းလမ်းများကိုလည်း ရှာဖွေထားခြင်း ။<br>• စာသင်ကျောင်းများကို ယာယီခိုလှုံရာနေရာများအဖြစ် အသုံးပြုခြင်းကို ကန့်သတ်ခြင်းတို့ပါဝင်သော ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်များနှင့် စံသတ်မှတ်ချက်များအတွက် ပံ့ပိုးပေးရန်စာသင်ကျောင်းအဆင့် အရေးပေါ်အစီအစဉ်များ ရေးဆွဲခြင်း။<br>• ကျောင်းသား/သူများနှင့် ဝန်ထမ်း၊ မသန်စွမ်းများအတွက် အရေးပေါ်ကြိုတင်ပြင်ဆင်ရေးသင်တန်းနှင့် အစမ်းလေ့ကျင့်ခန်းများအား အစီအစဉ်ရေးဆွဲခြင်း၊ ဆောင်ရွက်ခြင်း နှင့်အကောင်အထည်ဖော်ဆောင်ခြင်း ။<br>• မူကြိုနှင့် ကျောင်းမနေသည့်ကလေးများ၊ မသန်စွမ်းကလေးများ၊ ယောကျ်ားလေးနှင့် မိန်းကလေး (၂) ဦးစလုံးတို့၏ လိုအပ်ချက်များအတွက် ထည့်သွင်းစဉ်းစားခြင်း။<br>• ရပ်ရွာပါဝင်သော အစမ်းလေ့ကျင့်ခန်းများနှင့် ပုံမှန်စာသင်ကျောင်းတစ်ခုလုံးဖြင့်ဆောင်ရွက်လေ့ရှိသည့် အစီအစဉ်နှင့် တုံ့ပြန်ဆောင်ရွက်ရေး ကြိုတင်ပြင်ဆင်မှုများပြုခြင်း၊ လိုအပ်သလို အကောင် အထည်ဖော်ဆောင်ခြင်း၊ သုံးသပ်ခြင်းနှင့် တိုးတက်အောင် ဆောင်ရွက်ခြင်း ။ |

Funded by European Union Civil Protection and Humanitarian Aid

| ကဏ္ဍများ | အဓိကတာဝန်များ |
|---|---|
| ဘေးဖြစ်နိုင်ခြေ လျော့ချခြင်းအတွက် နည်းပညာပိုင်း ဦးဆောင်မှု | • ဘေးဖြစ်နိုင်ခြေစစ်တမ်းကောက်ယူမှုနှင့် လုပ်ငန်းအစီအစဉ်ဦးဆောင်ခြင်းနှင့် ကျောင်းနေလူထု၊ စာသင်ကျောင်းဝန်ထမ်းများ၊ ကျောင်းသား/သူများနှင့် အခြားရပ်ရွာအဖွဲ့ဝင်များ ပါဝင်စေရန် တိုက်တွန်းခြင်း ။ |
| စည်းရုံးညှိနှိုင်းခြင်းနှင့် ကွန်ယက်ချိတ်ဆက်မှုကဏ္ဍ ဦးဆောင်မှု | • ကဏ္ဍတစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တည်ဆောက်ခြင်း၊ ဥပမာ ပညာရေးကဏ္ဍ၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးကဏ္ဍ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ ။ |

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်သော ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အဓိတာဝန်များမှာ ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေး မူဘောင်၏ ဒေါက်တိုင်(၃) ခုနှင့် သက်ဆိုင်ကြောင်းကို မှတ်သားထားရန် အရေးကြီးသည်။

စာသင်ကျောင်းအကြီးများကဲ့သို့သောကျောင်းများ၏ စီမံခန့်ခွဲမှုကော်မတီသည် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကဏ္ဍတွင် ကော်မတီငယ်ကို ဖွဲ့စည်းပေးနိုင်သည်။ ဤကော်မတီငယ်သည် ပထမနှစ်တွင် လစဉ်တွေ့ဆုံရန် အထူးလိုအပ်သည်။ သို့ရာတွင် စာသင်ကျောင်းလူထုအားလုံးမှ ပါဝင်မှုနှင့် ပူပေါင်းမှု၊ သမရိုးကျနှင့် သမရိုးကျမဟုတ်သည့် ပညာရေးကို ထည့်သွင်းခြင်းအားဖြင့် အစည်းအဝေးများကို တစ်နှစ်လျှင် (၃) ကြိမ်မှ (၄) ကြိမ်ထိသာ ကျင်းပပြုလုပ်နိုင်သည်။

ကော်မတီငယ်ကိုဖွဲ့စည်းပါက - အောက်ပါလူများပါဝင်စေရန် သေချာပါစေ -

( ၁ ) ဌာနအားလုံးမှ ကိုယ်စားလှယ်များ ( သင်ကြားရေးနှင့် သင်ကြားရေးမဟုတ်သောဝန်ထမ်းများ)

( ၂ ) အဆောက်အအုံအားလုံးမှ ကိုယ်စားလှယ်များ (ဥပမာ စာသင်ခန်းတစ်ခန်းစီနှင့် ကျောင်းသားဆောင်များ)

( ၃ ) ကျောင်းသားရေးရာမှ ကိုယ်စားလှယ်များ

( ၄ ) မိဘ-ဆရာ ကော်မတီ (သို့) အသင်းမှ ကိုယ်စားလှယ်များ

( ၅ ) ကျောင်းနေလူထုမှ ကိုယ်စားလှယ်များ (ဥပမာ - ဒေသခံ လုပ်ငန်းရှင်များ၊ ပြည်သူ့လုံခြုံရေးအရာရှိများ၊ ဒေသအစိုးရအာဏာပိုင်များ စသည်တို့) နှင့်

( ၆ ) ဒေသတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ ခန့်အပ်ထားသော ကိုယ်စားလှယ်တစ်ဦး ။

( မှတ်ချက် - မသန်စွမ်းများ၊ ဘာသာစကားလူနည်းစုစသည့် ထိခိုက်လွယ်သည့်အုပ်စုများမှ ကိုယ်စားလှယ်များကိုဖိတ်ကြားလျှင်လည်း အကျိုးရှိနိုင်သည်။ ယင်းသို့မဖိတ်ကြားပါက အစီအစဉ်ရေးဆွဲသည့်အခါတွင် ဆက်သွယ်ဆောင်ရွက်မှုကဏ္ဍတွင် လိုအပ်ချက်များ ရှိလာနိုင်သည် )

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

# နောက်ဆက်တွဲ( ၂.၂ )
# ဦးဆောင်ဆွေးနွေးသူမှတ်စု–သင်၏ဘေးဖြစ်နိုင်ခြေများ၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်များ

ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

လုပ်ဆောင်ချက် ( ၁ )၊ ဘေးဖြစ်နိုင်ခြေ၊ ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည် စစ်တမ်းကောက်ယူမှု

၁။ ဘေးဖြစ်နိုင်ခြေ စစ်တမ်းကောက်ယူမှု

အဆင့်( ၁ )၊ အန္တရာယ် ဆန်းစစ်လေ့လာမှု

စာသင်ကျောင်းကို ရိုက်ခတ်ရန်ခြိမ်းခြောက်နေသည့် အန္တရာယ်များကို သေချာဆန်းစစ်လေ့လာမှုများပြုလုပ်ခြင်းဖြင့် ဖော်ထုတ်သင့်သည်။ သင်တန်းတက်သူများသည် သူတို့၏အတိတ်မှ အတွေ့အကြုံများပေါ် အခြေခံပြီး ဆန်းစစ်လေ့လာမှုတွင်ပါဝင်နိုင်ပြီး အောက်ပါဇယားတွင် အန္တရာယ်တို့ကို ရေးသားပြုစုနိုင်သည်။ အန္တရာယ်ခြိမ်းခြောက်မှုအဆင့်ကို မြင့်(H)၊ သင့်(M) ၊ နိမ့်(N) နှင့် မရှိ(0) အနေဖြင့်မှတ်သားနိုင်သည်။ ခြိမ်းခြောက်မှုအဆင့်တွင် ဖြစ်ပွားမှုအကြိမ်အရေအတွက်နှင့် အန္တရာယ်တစ်ခု၏ ထိခိုက်မှုဖြစ်နိုင်ခြေတို့ ပါဝင်သည်။ အတိတ်မှအန္တရာယ်များကို ရေးသားပြုစုထားခြင်းဖြင့် အဖန်တလဲလဲဖြစ်ပေါ်တတ်သည့် အန္တရာယ်များကို ဖြေရှင်းရာတွင် အသုံးဝင်နိုင်သည်။ အချို့သောအန္တရာယ်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်။ စာသင်ကျောင်းနှင့်သက်ဆိုင်သော အန္တရာယ်များနှင့် ယင်းနှင့်သက်ဆိုင်ရာနေရာများကိုသာ ထည့်သွင်းပြုစုထားသင့်သည်။

| အန္တရာယ်အမျိုးအစားများ | ခြိမ်းခြောက်မှုအဆင့်/ ဖြစ်နိုင်ခြေ | အတိတ်မှအတွေ့အကြုံ/ သက်ရောက်မှုများ |
|---|---|---|
| မြေငလျင် | ဥပမာ<br>H (မြင့်) | • (၂၀၀၁) မြေငလျင်တွင် စာသင်ကျောင်း အဆောက် အအုံ၏ အဆောင် (၃) မှာ တစ်စိတ်တစ်ပိုင်း ပျက်စီး သွားသည်။ |
| | ဥပမာ<br>H (မြင့်) | • (၂၀၀၇) ဆိုင်ကလုံးမုန်တိုင်းတွင် နေအိမ် (၅) လုံး လုံးဝ ပျက်စီးသွားပြီး (၁၃) အိမ်မှာ ၅၀% အထက် ပျက်စီးသွားသည်။<br>• ကျောင်းသား/သူတို့၏ သင်ကြားရေး ပစ္စည်းများ အပါအဝင် စာသင်ကျောင်းနှင့် ဆက်သွယ် ထားသည့်ပင်မလမ်းမကြီး များအားလုံးနီးပါး ပျက်စီးသွားသည်။ |
| ရေကြီးခြင်း | ဥပမာ<br>H (မြင့်) | • (၂၀၁၁) ခုနှစ် ရေကြီးမှုတွင် လမ်းများ၊ စာသင်ကျောင်း၊ နေအိမ်များ နှင့် ကျောင်းသား/သူတို့၏ သင်ကြားရေး ပစ္စည်းများ ပျက်စီးခဲ့သည်။<br>• ကလေးများ ကျောင်းပျက်ခဲ့ပြီး ရေကြီးသည့် ဒဏ်ကို ခံကြရသည်။ |
| မီး | | |
| ဆူနာမီ | | |

မှတ်ချက် - ဤဘေးကင်းလုံခြုံရေးစာသင်ကျောင်းကဏ္ဍ၏ အန္တရာယ်ဆန်းစစ်မှုတွင် ကလေးငယ်များကို အန္တရာယ်ဖြစ်စေနိုင်သော ဘေးဖြစ်နိုင်ခြေအားလုံးကို ဆန်းစစ်လေ့လာမှုတွင် ထည့်သွင်းမည်ဖြစ်သည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL


## အဆင့် ( ၂ )၊ အဆောက်အအုံဘေးကင်းလုံခြုံမှု ဆန်းစစ်ခြင်း

သင်ရင်ဆိုင်နေရသည့် အန္တရာယ်များကို ဦးစားပေးရွေးချယ်ပြီးသည့်အခါတွင် သင့်အနေဖြင့် အဆောက်အအုံပိုင်းနှင့် အဆောက်အအုံမဟုတ်သည့်အပိုင်းများ၊ ထိခိုက်မှုလျော့နည်းစေရန်၊ တုံ့ပြန်ဆောင်ရွက်ရန်နှင့် ပုံမှန်အခြေအနေပြန်လည်ရောက်ရှိစေရန်အတွက် သင်၏အရင်းအမြစ်များကို ထပ်မံဆန်းစစ်ရန်လိုအပ်မည်ဖြစ်သည်။ တည်နေရာ၊ ပုံစံ နှင့် အဆောက်အအုံတို့၏ တည်ဆောက်ပုံတို့၏ ထိခိုက်လွယ်မှုသည် မီးဘေး၊ မြေငလျင်၊ ရေကြီးမှု၊ မြေပြိုမှု ၊ နှင်း (သို့) လေမုန်တိုင်း၊ အပူချိန်လွန်ကဲမှု၊ မီးတောင်အန္တရာယ်များ(သို့) ပုံးအန္တရာယ် တို့နှင့်ကြုံတွေ့သည့်အခါတွင် တိုးလာခြင်း၊ လျော့လာခြင်းတို့ ဖြစ်နိုင်သည်။





သင်သည် ဤအန္တရာယ်များကို ဦးစားပေးအဆင့်အဖြစ် ရွေးချယ်ထားလျှင် အဆောက်အအုံပိုင်းဘေးကင်းလုံခြုံရေးလုပ်ဆောင်မှုများကို စာသင်ကျောင်းနေရာရွေးချယ်ခြင်း၊ စာသင်ကျောင်းတည်ဆောက်ခြင်း၊ ဖြည့်စွက်တည်ဆောက်ခြင်း (သို့) ပြန်လည်ပြင်ဆင်ခြင်းစသည့်အဆင့်များကတည်းက ဆောင်ရွက်ခဲ့ပြီး ဖြစ်ရမည်။ သို့မဟုတ်ပါက သင်တွေ့ရှိထားသည့် အန္တရာယ်များကို အာဏာပိုင်များထံသို့ သတိပေးထားရမည်ဖြစ်သည်။







ဒေါက်တိုင်(၁)မှ စာသင်ကျောင်းဘေးကင်းလုံခြုံရေး စစ်ဆေးရန်စာရင်းသည် သင့်အားအနီးကပ်လေ့လာခြင်းအားဖြင့် အခက်အခဲများကို ရှာဖွေနိုင်မည်ဖြစ်သည်။ ၎င်းတို့မှာ-

| | |
|---|---|
| ➔ တည်နေရာ နှင့် မြေသား | ➔ ပုံသဏ္ဍာန် |
| ➔ သယ်ယူရေးစနစ် | ➔ ဆောက်လုပ်ပုံ အသေးစိတ် |
| ➔ အဆောက်အအုံ အမြင့် | ➔ ရေကြောင့် ပျက်ဆီးမှု |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL



ထပ်မံစုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် လိုအပ်သောအဆောက်အအုံ ဘေးကင်းလုံခြုံရေးစိုးရိမ်စရာများကိုရှာဖွေဖော်ထုတ်ပါ။ ဤစုံစမ်းစစ်ဆေး မှုပြုလုပ်ရန်အတွက် အရည်အချင်းရှိ အင်ဂျင်နီယာ(သို့) ဗိသုကာပညာရှင်တို့၏ အကူအညီများရယူရန်လိုအပ်နိုင်သည်။ သင်၏အဆောက်အအုံသည်ဤအခြေအနေတစ်ခုခုနှင့်သက်ဆိုင်မှုရှိနေလျှင် ကျွမ်းကျင်အင်ဂျင်နီယာတို့၏ အကူအညီများဖြင့် စုံစမ်းစစ်ဆေးမှုထပ်မံပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ အင်ဂျင်နီယာတို့၏ စုံစမ်းမှုအပေါ်မူတည်ပြီး ဖြည့်စွက်တည်ဆောက်မှုနှင့် ပြုပြင်တည်ဆောက်မှုများဖြင့် အဆောက်အအုံဘေးအန္တရာယ်ထိခိုက်မှုလျော့နည်းစေရန် နည်းဗျူဟာကို ရေးဆွဲရမည်။

## အဆင့် ( ၃ )၊ အဆောက်အအုံမဟုတ်သည့်အပိုင်းဘေးကင်းလုံခြုံမှုအား ဆန်းစစ်ခြင်း

မီး၊ မြေငလျင်၊ ရေကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း စသည့်ဘေးအန္တရာယ်များကို ဦးစားပေးအဆင့်တွင်ထားလျှင် သင်၏အဆောက်အအုံများနှင့် ချိတ်ဆက်နေသည့် အဆောက်အအုံမဟုတ်သည့်ကဏ္ဍဘေးဖြစ်နိုင်ခြေများကို ထပ်မံဆန်းစစ်ရန် လိုအပ်မည်ဖြစ်သည်။ ယင်းဆောင်ရွက်ချက်သည် စာသင်ခန်းများ၊ ရုံးခန်းများနှင့် စုပေါင်းသုံးအခန်းများကို ပို၍ဘေးကင်းစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရွေးချယ်နိုင်ရန် အကူအညီပေးမည်ဖြစ်သည်။ သုံးသပ်လေ့လာရေးအဖွဲ့တွင် အခန်းများကိုအသုံးပြုသူများအပြင် ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများလည်း ပါဝင်သင့်သည်။ အခန်းတစ်ခန်းမှ အခန်းနှင့် အဆောက်အအုံပတ်လည်အား လှည့်ပတ်လေ့လာသည့်အခါတွင် သင်၏စိတ်ကူးဉာဏ်ကိုသုံးပြီး ဖြစ်နိုင်သည့်အခြေအနေများကိုလည်းထည့်တွက်ပါ။

မီးဘေးကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းမှု အတွက်ဆောင်ရွက်မှုများမှာ သင်၏ ကနဦးစာသင်ကျောင်းပုံစံရွေးချယ်မှု၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး ပုံမှန် ပြုပြင်ထိန်းသိမ်းရန် နှင့် စမ်းသပ်ရန်တို့ပါဝင်သည်။ အောက်ပါတို့ကိုသတိပြုရမည် -

( ၁ ) မီးလောင်လွယ်၍ အန္တရာယ်ရှိသော ပစ္စည်းများကို ကန့်သတ်ခြင်း၊ ခွဲခြားထားခြင်း၊ လျှော့ထားခြင်း (သို့) လုံခြုံအောင်ထားခြင်း တို့ဆောင်ရွက်ရမည်။ ၎င်းတို့တွင် လျှပ်စစ်မီးလိုင်းများနှင့် အသုံးအဆောင်များ၊ အပူပေးစက်များ၊ မီးဖိုများ၊ သဘာဝဓာတ်ငွေ့ပိုက်များ၊ မီးတောက်လွယ်သော (သို့) မီးလောင်လွယ်သော အရည်များပါဝင်သည်။ အဆောက်အအုံနှင့် ကပ်လျက်ရှိနေသည့် သစ်ပင်များနှင့် အခြားမီးလောင်လွယ်သည့် ပစ္စည်းများ ပါဝင်သည်။



( ၂ ) မီးလောင်သည့်အခါ (သို့) အခြားအရေးပေါ်အခြေအနေတစ်ခုခုဖြင့်ရင်ဆိုင်ရသည့်အခါ ဘေးကင်းလုံခြုံစွာ ရွေ့ပြောင်းနိုင်ရေးအတွက် ထွက်ပေါက်နေရာများကို ရှင်းလင်းထားပါ။

( ၃ ) မီးလောင်မှုတွေ့ရှိခြင်းနှင့် အချက်ပေးစနစ်များ ကောင်းမွန်စေရန်ပြင်ဆင်ထားပါ။

( ၄ ) မီးသတ်ဆေးဘူးများ ပုံမှန်ဖြည့်ဆည်းခြင်း၊ စစ်ဆေးခြင်းပြုလုပ်ပါ။

( ၅ ) အခြားမီးသတ်ပစ္စည်းများနှင့် ထိန်းချုပ်ရေးကိရိယာများကို ပုံမှန်စမ်းသပ်ပြီး ပြုပြင်ထိန်းသိမ်းပါ။

( ၆ ) စက်ပိုင်း၊ လျှပ်စစ်နှင့် နှင့်အရပ်ဘက်အဆောက်အအုံများ နှင့် စနစ်များကို အသက်နှင့် မီးဘေးလုံခြုံရေး ပုံစံ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိနေစေရန် ထိန်းသိမ်းပြီး အလုပ်လုပ်နေစေရန် ဆောင်ရွက်ပါ။

## ဆိုင်ကလုံး/လေပြင်းတိုက်ခတ်မှု ဘေးကင်းလုံခြုံရေး

ဆိုင်ကလုံး/လေပြင်းတိုက်ခတ်မှု ဘေးကင်းလုံခြုံရေးအတွက် လွင့်စင်လာနိုင်သည့် အရာဝတ္ထုများနှင့် အပြင်မှလေကြောင့် ရိုက်ခတ်လာနိုင်သည့်အရာများကို စဉ်းစားပါ။ ၎င်းတို့တွင် သစ်ပင်မြင့်များ၊ မီးကြိုးများ၊ ရေတိုင်ကီများနှင့် အခြားအဆောက်အအုံများ ပါဝင်သည်။ အဆောက်အအုံဆီသို့ မည်သို့အရာများ ပြုတ်ကျလာနိုင်ပါသလဲ၊ လွင့်စင်လာနိုင်သလဲ။ ဘာလုပ်လို့ရမည်ကို မှတ်သားပါ၊ ဘယ်သူကဆောင်ရွက်သင့်သလဲ၊ ဘယ်အချိန်မှာ ပြီးဆုံးသင့်သလဲ ။

## မြေငလျင်ဘေးကင်းလုံခြုံမှု

မြေငလျင်ဘေးကင်းလုံခြုံမှုအတွက် အဆောက်အအုံတိုင်းရှိ အခန်းတိုင်းနှင့် အဆောက်အအုံပြင်ပရှိနေရာများကို စစ်ပါ။ လျောဆင်း၊ ပြုတ်ကျ၊ လွင့်စင် လာနိုင်သော အရာဝတ္ထုများ၊ အထူးသဖြင့် ထိခိုက်ဒဏ်ရနိုင်သော (သို့) ထွက်ပေါက်များကို ပိတ်ဆို့နိုင်သော အရာဝတ္ထုများကို စဉ်းစားပါ။ ဆောင်ရွက်နိုင်မည့် အလုပ်များကို မှတ်သားပါ၊ ဘယ်သူက လုပ်သင့်သလဲ၊ ဘယ်အချိန်ပြီးစီးအောင် ဆောင်ရွက်သင့်သလဲ။ အဆောက်အအုံမဟုတ်သည့်အပိုင်း ထိခိုက်မှုလျော့နည်းစေရန်အတွက် အောက်ပါအတိုင်း ဦးစားပေးဆောင်ရွက်ရန် Hazard Hunt ကိုအသုံးပြုပါ -

### ဦးစားပေးမှု( ၁ )

အသက်သေစေနိုင်သော (သို့) ထိခိုက်နိုင်သော (သို့) ထွက်ပေါက်များကို ပိတ်ဆို့နိုင်သော အရာဝတ္ထုများကို ရှင်းလင်းပါ။ (ဥပမာ - လေးလံသည့်အရာဝတ္ထု၊ အပူပေး/အအေးပေး စက်များ၊ ပိုက်များ၊ သို့လှောင်ရုံ တိုင်ကီများ၊ နံရံကပ် မီးများ၊ စာအုပ်စင်များ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ၊ မီးလောင်လွယ်သော အရည်များ၊ ထွက်ပေါက်ကို ပိတ်နေသော အရာဝတ္ထုများ) ထွက်ပေါက်အားလုံးသည် အပြင်ဘက်သို့ဖွင့်သင့်သည်။ ထွက်ပေါက်များအားလုံး အပြင်သို့ဖွင့်ရမည်ကို သတိပြုပါ။

### ဦးစားပေးမှု( ၂ )

စီးပွားရေး (သို့) ယဉ်ကျေးမှုကဏ္ဍ သိသိသာ ဆုံးရှုံးနိုင်သော၊ လူတို့ကိုထိခိုက်ဒဏ်ရနိုင်သော၊ ပညာရေးဆက်လက်သင်ကြားနိုင်ရေးကို အနှောက်အယှက်ဖြစ်စေနိုင်သော အရာဝတ္ထုများကို လုံခြုံအောင်ထားပါ။ (ဥပမာ - ကွန်ပြူတာများ၊ အသံ-ရုပ်ပိုင်း ကိရိယာ၊ စာသင်ကျောင်း ဆုများ၊ ကျိုးပဲ့လွယ်သောပစ္စည်းများ၊ အဖိထုတ်ထားသော မျက်နှာကျက်များ)




Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

ဦးစားပေးမှု( ၃ )

ထိခိုက်ပျက်စီးသည့်အခါ ပုံမှန်ပြန်လည်ဖြစ်စေရန် ကြန့်ကြာနိုင်သည့် အရာဝတ္ထုများကို လုံခြုံအောင်ထားပါ။

ရေမြင့်တက်လာမှု

ရေမြင့်တက်လာမှုအတွက် ဒုတိယအထပ်တွင် သိုလှောင်ရန်နေရာရှိပါသလား၊ မိုးများသည့်အခါတွင် တန်ဘိုးရှိသောစာသင်ကျောင်း ကိရိယာများနှင့် ပံ့ပိုးပစ္စည်းများ သိုလှောင်နိုင်ရန်အတွက် မြင့်တက်လာသည့်ရေနှင့် လွတ်ကင်းရာစင်မြှင့် (သို့) ခြင်းတောင်းများ၊ ရေလုံသော ပူးများ ရှိပါသလား ။

## အဆင့်( ၄ )၊ ရာသီခွင်ပြ ပြက္ခဒိန် - ရာသီခွင်ပြ ပြက္ခဒိန်

ရာသီခွင်ပြ ပြက္ခဒိန် - ရာသီခွင်ပြ ပြက္ခဒိန်သည် ရာသီအလိုက် ပြောင်းလဲဖြစ်တတ်သော သဘာဝဖြစ်ရပ်များ/အန္တရာယ်များကိုမြင်သာအောင်ဖော်ပြနိုင်သည့် နည်းကိရိယာဖြစ်သည်။ အောက်ပါဇယားသည် မတူညီသည့်အန္တရာယ်များနှင့် ဖြစ်ပွားချိန်များကို နမူနာဖော်ပြထားသည့် ရာသီခွင်ပြ ပြက္ခဒိန် တစ်ခုဖြစ်သည်။


| အန္တရာယ် | လ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၀၁ | ၀၂ | ၀၃ | ၀၄ | ၀၅ | ၀၆ | ၀၇ | ၀၈ | ၀၉ | ၁၀ | ၁၁ | ၁၂ |
| ဆိုးရွားသည့် ရာသီဥတု | အအေးလှိုင်း | | | | အပူလှိုင်း | | | | | | | အအေးလှိုင်း |
| မိုးရာသီ | | | | | | မိုးရာသီ | | | | | | |
| ရေကြီးခြင်း | | | | | | | | | | | | |
| အပူပိုင်းမုန်တိုင်း | | | | | | | | | | | | |
| မိုးခေါင်ရေရှားမှု | | | | | | | | | | | | |
| လေဆင်နှာမောင်း | | | | | | | | | | | | |

## ၂။ ထိခိုက်လွယ်မှု နှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက်

### ပြင်ပမှ ပြဿနာများ/ထိခိုက်လွယ်မှုများ ကိုရှာဖွေ ဖော်ထုတ်ခြင်း

ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုကို ခက်ခဲစေသော ပြဿနာများ( ထိခိုက်လွယ်မှုများ) ရှိနေနိုင်သည်။ ထိုကဲ့သို့သော ပြဿနာများနှင့် ၄င်းတို့တို့အား ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်သင့်သည်။ ဘေးဖြစ်နိုင်ခြေပြမြေပုံကို စာသင်ကျောင်းပြင်ပနှင့် စာသင်ကျောင်းနှင့်ထိစပ် နေသည့်နေရာများတွင်ရှိနေသည့် ပြဿနာများကိုဖော်ပြခြင်းဖြင့် ရေးဆွဲသင့်သည်။ ၄င်းဘေးဖြစ်နိုင်ခြေပြမြေပုံကို စာသင်ကျောင်းတွင် ပြသထားသင့်ပြီး ပတ်ဝန်းကျင်တွင်ရှိနေသည့် အန္တရာယ်များကို နားလည်နိုင်မည်ဖြစ်သည်။ ဘေးဖြစ်နိုင်ခြေပြမြေပုံကို နမူနာအဖြစ် ဖော်ပြထားပါသည်။ မြေပုံကို လက်ရေးဖြင့် အကြမ်းရေးဆွဲနိုင်သည်။ မြေပုံတွင် ဆရာ/မများ၊ ကျောင်းသား/သူများအလွယ်တကူနားလည်နိုင်စေရန် အညွှန်းများ ဖော်ပြထားသင့်သည်။ မြောက်အရပ်မျက်နှာကိုလည်း မြေပုံတွင် ဖော်ပြထားသင့်သည်။

Funded by European Union Civil Protection and Humanitarian Aid




## ပံ့ပိုးမှုများ/အရင်းအမြစ်ဖော်ပြချက်များ

ဘေးအန္တရာယ်စီမံခန့်ခွဲရေးတွင် အထောက်အကူဖြစ်စေနိုင်မည့် စာသင်ကျောင်းအတွင်းနှင့် စာသင်ကျောင်း ပြင်ပတွင်ရှိနိုင်သည့် ပံ့ပိုးမှု/အရင်းအမြစ်များကို တစ်စုတစ်စည်းတည်း ပြုစုထားသင့်သည်။



စာသင်ကျောင်းပြင်ပမှပံ့ပိုးမှုများတွင် မီးသတ်ဌာန၊ ဆေးရုံ၊ ရဲစခန်း၊ မြို့နယ်ကော်မရှင်ရုံး စသည်တို့ပါဝင်သည်။ အချို့ပံ့ပိုးမှုများမှာစာသင်ကျောင်းနှင့်အလွန်နီးကပ်နေပြီးအချို့မှာဝေးကွာသည်။ ဤပံ့ပိုးမှုများကိုစာသင်ကျောင်းအပေါ် သက်ရောက်မှုရှိနေသည့် အန္တရာယ်များနှင့် စာသင်ကျောင်း၏ ထိခိုက်လွယ်မှုများအပေါ်မူတည်ပြီး ဆုံးဖြတ်သင့်သည်။ စာသင်ကျောင်းအတွင်းမှ ပံ့ပိုးမှုများတွင် အရေးပေါ်ရွှေ့ပြောင်းရန်နေရာနှင့် အကာအကွယ်၊ ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှုအတွက်ကိရိယာနှင့်ပစ္စည်းများ၊ လေ့ကျင့်သင်ကြားထားသူများ၊ အသိပညာပေးပစ္စည်းများစသည်တို့ပါဝင်သည်။

ပံ့ပိုးမှုများ/အရင်းအမြစ်များမှ သတင်းအချက်အလက်များကို စုဆည်းခြင်း။ စာသင်ကျောင်းပြင်ပ ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို အောက်ပါအတိုင်း ပြင်ဆင်ထားသင့်သည် -

| ပံ့ပိုးမှု | စာသင်ကျောင်းမှ အကွာအဝေး | ဆက်သွယ်ရမည့်သူ | ဆက်သွယ်ရမည့် ဖုန်းနံပါတ် | ပံ့ပိုးမှု အချက်အလက် အပြည့်အစုံ |
|---|---|---|---|---|
| ရဲစခန်း | ၁ ကီလိုမီတာ | | | |
| မီးသတ်ဌာန | | | | |
| ဆေးရုံ | | | | ကုတင်(၁၀)လုံး |
| အငှားယာဉ်ဂိတ် | | | | |
| ဆေးဆိုင် | | | | |
| မသန်စွမ်းပံ့ပိုးမှုဌာန | | | | |
| လခြမ်းနီ ကြိုတင်သတိပေးရေးရုံ | | | | |
| ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ | | | | |

ပံ့ပိုးမှုများပြစာရင်းကို စာသင်ကျောင်းပြင်ပနှင့် စာသင်ကျောင်းနှင့် ဆက်နွယ်နေသည့် သက်ဆိုင်ရာနေရာများတွင်ရှိနေသည် ပံ့ပိုးမှုအမျိုးမျိုးကို ဖော်ပြထားပြီး ပြင်ဆင်နိုင်သည်။ ၎င်းစာရင်းတွင် အနီးဆုံး ရဲစခန်း၊ မီးသတ်ဌာန၊ ဆေးရုံ၊ လူနာတင်ကား၊ အငှားယာဉ် ဂိတ်၊ တယ်လီဖုန်းပြောရာဌာန၊ ဆေးဆိုင်၊ ပြန်လည်ထူထောင်ရေးစခန်း၊ အထောက်အကူပြုကိရိယာ ထုတ်လုပ်ရေး အလုပ်ရုံများ စသည်တို့ပါဝင်သည်။ ပံ့ပိုးမှုများပြစာရင်းကို စာသင်ကျောင်းအတွင်းတွင် ပြသထားနိုင်ပြီး ပတ်ဝန်းကျင်တွင် ရှိနေသည့် ပံ့ပိုးမှုများကို နားလည်စေနိုင်ရန်အတွက် အထောက်အကူဖြစ်မည်ဖြစ်သည်။ စာရင်းကို လက်ရေးဖြင့် အကြမ်းပြုစု ရေးဆွဲထားနိုင်သည်။ စာရင်းကို ဆရာ/မများနှင့် ကျောင်းသား/သူများမှ အလွယ်တကူနားလည်နိုင်စေရန် အညွှန်းများကို ရှင်းလင်းဖော်ပြထားသင့်သည်။

မှတ်ချက် - ဦးဆောင်ဆွေးနွေးသူသည် HVCA နည်းကိရိယာများကို အခြားအရင်းအမြစ်များမှ သင်တန်းတက်သူများအတွက် အညွှန်းအနေဖြင့် ပေးဝေသင့်သည်။

Funded by European Union Civil Protection and Humanitarian Aid

# နောက်ဆက်တွဲ ( ၂.၃ )
# ဦးဆောင်ဆွေးနွေးသူမှတ်စုများ - သင်၏အစီအစဉ်များကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ချက်

ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

လုပ်ဆောင်ချက် ( ၁ )

သင်၏ဘေးဖြစ်နိုင်ခြေများကို မိတ်ဆက်ပေးပြီး လျှော့ချပါ။ စာသင်ကျောင်းပြင်ပတွင် ရှာဖွေတွေ့ရှိထားသော ပြဿနာများကို တစ်ခုချင်းစီ စဉ်းစားပြီး ပြဿနာကို ဖယ်ရှားရန် (သို့) လျှော့ချရန်အတွက် လိုအပ်သော ဆောင်ရွက်ချက်များကို ဆွေးနွေးပါ။ ဥပမာ- စာသင်ကျောင်း၏ ပင်မ ဂိတ်ဝသည် ယာဉ်ကြောရှုပ်သော လမ်းမပေါ်တွင်ရှိနေပါက ကလေးများ စာသင်ကျောင်းသို့ လာရောက်ခြင်း၊ အိမ်သို့ပြန်သည့် အချိန်များတွင် အန္တရာယ်ဖြစ်စေနိုင်သည်။ ယင်းပြဿနာကို ဖြေရှင်းရန်အတွက်စာသင်ကျောင်းအာဏာပိုင်များသည်သက်ဆိုင်ရာအာဏာပိုင်များကိုဆက်သွယ်၍လိုအပ်သည့်အချိန်များတွင် တစ်လမ်းမောင်းအဖြစ်သတ်မှတ်ပေးရန်လည်းကောင်း၊ ယာဉ်ကြော အမှတ်အသားများ(သို့) သတိပေးသင်္ကေတ၊ (သို့) ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းရန် မော်တော်ယာဉ်ထိန်းရဲ ထားရှိဖို့အတွက် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

လုပ်ငန်းဆောင်ရွက်ရေးပုံစံကို အောက်တွင် နမူနာဖြစ်ဖော်ပြထားပါသည်။ လုပ်ငန်းဆောင်ရွက်ရေးအစီအစဉ်ကို ရေးဆွဲရာတွင် အောက်ပါနည်းလမ်းများကို လိုက်နာဆောင်ရွက်ပါ ..

( ၁ ) တွေ့ရှိထားသော ပြဿနာများကို တစ်ခုချင်းစဉ်းစားပါ။
( ၂ ) ပြဿနာတစ်ခုစီအတွက် ဖြေရှင်းရန် ရွေးချယ်မှုအားလုံးကို ဖော်ထုတ်ပါ။
( ၃ ) နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းရန်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြီး ရွေးချယ်ပါ။
( ၄ ) ဖြေရှင်းဆောင်ရွက်ရမည့်သူကို ရွေးချယ်သတ်မှတ်ပါ။
( ၅ ) ဘယ်အချိန်ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ပါ။

ဘေးဖြစ်နိုင်ခြေ လျှော့ချရေးအစီအစဉ်

| အန္တရာယ်အမျိုးအစား | တွေ့ရှိထားသည့် ဘေးဖြစ်နိုင်ခြေများ | ဘာတွေလုပ်နိုင်မလဲ | ဘယ်သူလုပ်နိုင်မလဲ၊ ဘယ်သူကူညီမလဲ။ | ဘယ်လောက် ကုန်ကျမလဲ | အခြေအနေ |
|---|---|---|---|---|---|
| | အဆောက်အအုံပိုင်း ဘေးဖြစ်နိုင်ခြေ | | | | |
| | အဆောက်အအုံမဟုတ်သည့် အပိုင်း ဘေးဖြစ်နိုင်ခြေ | | | | |
| | အခြေခံအဆောက်အအုံပိုင်း ဘေးဖြစ်နိုင်ခြေ | | | | |
| | ပတ်ဝန်းကျင်ဆိုင်ရာ ဘေးဖြစ်နိုင်ခြေ | | | | |
| | တစ်ဦးချင်း လူမှုရေးနှင့် ဆိုင်ရာ ဘေးဖြစ်နိုင်ခြေများ | | | | |

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

ထိခိုက်လွယ်မှုနှင့် ဘေးဖြစ်နိုင်ခြေကို လျှော့ချရန် သင်၏အစီအစဉ်အတွက် အောက်ပါတို့ကို စဉ်းစားရန် လိုအပ်မည်ဖြစ်သည်-

အဆောက်အအုံပိုင်း ဘေးကင်းလုံခြုံမှု

၎င်းမှာ စာသင်ကျောင်းပေါ်နှင့် စာသင်ကျောင်းအနီး အဆောက်အအုံဘေးကင်း လုံခြုံမှုဖြစ်သည်။

အဆောက်အအုံမဟုတ်သည့်အပိုင်း ဘေးကင်းလုံခြုံမှု

၎င်းမှာ အဆောက်အအုံ၏ ပရိဘောဂများ၊ ကိရိယာများ ၊ အမိုး၊ ပြတင်းပေါက်များ၊ လှေခါးများ၊ အပူ/အအေးပေး စနစ်များ၊ ရေသိုလှောင်ကန်များ၊ ပိုက်လိုင်းများနှင့် ထွက်ပေါက်များ စသည့် အဆောက်အအုံ၏ အစိတ်အပိုင်းများကြောင့် ဖြစ်စေသော အန္တရာယ်များ ဖြစ်သည်။

ဒေသတွင်း အခြေခံအဆောက်အအုံ

၎င်းမှာ ရေ၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ ဆက်သွယ်ရေး နှင့် ရေသွယ်မြောင်းစနစ်များ စသည့် အသုံးဆောင်များ ဖြစ်သည်။ ၎င်းတွင် သယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံရေးလဲ ပါဝင်သည်။

ပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံမှု

၎င်းမှာ အပူချိန်၊ ရေလွှမ်းမိုးမှု၊ အန္တရာယ်ရှိ ပစ္စည်းများ ထုတ်လုပ်မှု နှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ စသည့်အခြေအနေများ ပါဝင်သည်။

တစ်ဦးတစ်ယောက်နှင့်လူမှုရေး ဘေးကင်းလုံခြုံမှု

အန္တရာယ်များ၏ သက်ရောက်မှုများကို လျှော့ချရန်အတွက် ကောင်းမွန်သော တကိုယ်ရည်သန့်ရှင်းရေး အလေ့အကျင့်များကဲ့သို့သော လူမှုအသိုင်းအဝိုင်းနှင့် တစ်ဦးချင်း ဆောင်ရွက်မှုများပါဝင်သည်။

အောက်တွင်ဖော်ပြထားသော ဆောင်ရန်၊ ရှောင်ရန်များသည် ၎င်းကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်မှုများဆောင်ရွက်ခြင်းနှင့် ရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူပြုမည်ဖြစ်သည် -

၁။ အဆောက်အအုံပိုင်း ဘေးကင်းလုံခြုံရေး ပြုပြင်ထိန်းသိမ်းမှု

အဆောက်အအုံပိုင်းဘေးကင်းလုံခြုံရေးဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရန်မှာ စာအုပ်တွင် ဖော်ပြထားချက်များအပြင်ရှိနေသေးသည်ဖြစ်ရာ အဆောက်အအုံပိုင်းနှင့် အဆောက်အအုံ မဟုတ်သည့်အပိုင်း ဘေးကင်းလုံခြုံရေးတွင် အဆောက်အအုံအပိုင်း ပြုပြင်ထိန်းသိမ်းမှုသည် အရေးကြီးသည့် အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ပျက်စီးမှုများကို တွေ့ရှိသည်နှင့် ပြုပြင်သင့်ပြီး အဆောက်အအုံပိုင်းဘေးကင်းလုံခြုံမှုကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် အပြောင်းအလဲများဖြင့် အလုံအလုယ်မပြုလုပ်သင့်ပေ။ ဤအခန်းကဏ္ဍသည် ဒေသခံစာသင်ကျောင်းအုပ်ချုပ်ရေးပိုင်းနှင့် ခန့်အပ်ထားသူများနှင့် ပြုပြင်ထိန်းသိမ်းရေး တာဝန်ခံတို့၏ တာဝန်ဖြစ်သည်။

အောက်ပါတို့ကို သေချာစေရန် စစ်ဆေးပါ-

( ၁ ) ယက်မတန်းများ၊ တိုင်များကို ဖြတ်တောက်ခြင်း၊ ဖယ်ထုတ်ခြင်း (သို့) အပေါက်များဖောက်ခြင်းများ မပြုလုပ်ရပါ။

( ၂ ) အထောက်အပံ့ပြုထားသည့် သံမဏိများကို လေထု(သို့) စိုစွတ်သည့်နေရာများတွင် မထိတွေ့စေရ။

( ၃ ) လွတ်နေသည့် သံမဏိများကို အင်္ဂတေဖြင့် အချောသတ်ပေးပါ။

( ၄ ) ဆွေးမြေ့နေသော သစ်သား၊ ကွဲအက်နေသည့် အင်္ဂတေ၊ ကွဲအက်နေသည့် အုတ်များ နှင့် ပျက်ဆီးနေသည့် အင်္ဂတေများကို ပြင်ဆင်ပါ။

( ၅ ) ရေတံလျှောက်များနှင့် ရေဆင်းမြောင်းများတွင် အမှိုက်များ မရှိစေရန် ရှင်းလင်းထားပါ။

( ၆ ) ရေနှင့် စိုစွတ်မှုများ အဆောက်အအုံအနီးတွင် မရှိစေရန် သေချာဆောင်ရွက်ပါ။

( ၇ ) ခေါင်မိုးကို အဆောက်အအုံနှင့် သေချာချည်နှောင်ထားပါ။

( ၈ ) ကွဲအက်နေသည့် မှန်များကို အစားထိုးပါ။

Funded by European Union Civil Protection and Humanitarian Aid

## ၂။ အဆောက်အအုံမဟုတ်သည့်အပိုင်း ဘေးကင်းလုံခြုံမှု

အဆောက်အအုံမဟုတ်သည့်အပိုင်း ဘေးကင်းလုံခြုံမှုသည် အဆောက်အအုံ၏အလေးချိန်စနစ်ဖြင့် ဆက်နွယ်မှုမရှိသည့် အပိုင်းဖြစ်ပြီး အသုံးပြုသူတို့၏ လက်အတွင်းတွင်ရှိသည်။ ၎င်းတို့တွင် မီးဘေးကာကွယ်ရေးနှင့် မီးသတ်ကိရိယာများ အဆင်သင့်ရှိနေခြင်းတို့ပါဝင်သည်။ အဆောက်အအုံမှ အရေးပေါ်ရွှေ့ပြောင်းရသည့်အခါတွင် အဆောက်အအုံအတွင်းမှလူများ ဘေးကင်းစွာဖြင့် ထွက်ရောက်နိုင်ရန်အတွက် အထူးဂရုပြုရန် လိုအပ်သည်။ မြေငလျင်လှုပ်ခြင်းနှင့် မုန်တိုင်းအန္တရာယ်ကြုံတွေ့သည့်အခါတွင် အဓိကစဉ်းစားရန်များမှာ အဆောက်အအုံပြင်ပနှင့် အတွင်းမှ ထိခိုက်ဒဏ်ရာရမှုကို ကာကွယ်ရန်ပင်ဖြစ်သည်။

အောက်ပါတို့ကို သေချာစစ်ဆေးပါ -

(၁) စာသင်ခန်းတံခါးအားလုံး၊ လူအများရှိသည့် တံခါးများနှင့် အပြင်ထွက်သည့်တံခါးများအားလုံး အပြင်ဘက်သို့ ဖွင့်ထားရမည်။
(၂) ထွက်ပေါက် လမ်းကြောင်းများအားလုံး ရှင်းလင်းထားရမည်။
(၃) အဆောက်အအုံမဟုတ်သည့် အရာဝတ္ထုများကို လေဒဏ် (သို့) မြေငလျင်လှုပ်ခတ်သည့်ဒဏ်ခံနိုင်စေရန် အဆောက်အအုံနှင့် ခိုင်ခံ့စွာ ချည်နှောင်ထားရမည်။
(၄) မီးသတ်ကိရိယာများကို သင့်တော်သည့်နေရာတွင်ထားရှိပြီး ကောင်းမွန်သည့် အခြေအနေတွင် ရှိနေစေရန် ထားရှိရမည်။
(၅) မီးတောက်လွယ်ပြီး ပေါက်ကွဲစေတတ်သော ပစ္စည်းများကို အပူဓာတ်ရှိသောနေရာများ၊ အန္တရာယ်ရှိသော လုပ်ဆောင်မှုများမှ ကန့်သတ်ထားရှိခြင်း၊ ခွဲခြားခြင်း၊ လျှော့ချခြင်းနှင့် သီးခြားစီထားခြင်းတို့ကို ပြုလုပ်ရမည်။
(၆) လျှပ်စစ်စနစ်များကို ပြုပြင်ထိန်းသိမ်းပြီး ဂရုပြုဆောင်ရွက်ရမည်။
(၇) စာသင်ခန်းများကို ဖြစ်နိုင်လျှင် ထွက်ပေါက် (၂) ခုထားရှိရမည်။( တခါတရံတွင် ဒုတိယထွက်ပေါက်မှာ ပြတင်းပေါက်ဖြစ်နိုင်သည်)




## ၃။ ဒေသတွင်းရှိ အခြေခံအဆောက်အအုံများ ဘေးကင်းလုံခြုံရေး

ဒေသတွင်းရှိ အခြေခံအဆောက်အအုံများမှာ သင့်ဒေသအတွင်းတွင် ရေ၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ အပူနှင့် အအေးပေးစနစ်များ၊ ဆက်သွယ်ရေး နှင့် လမ်းများ၊ သယ်ယူပို့ဆောင်ရေးနစ်များ ဖြစ်သည်။ ၎င်းတို့မှာ သာမန်အားဖြင့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပြုပြင်ထိန်းသိမ်းသောစနစ်ကြီးများ၏ အစိတ်အပိုင်းဖြစ်သည်။ ယင်းအဖွဲ့အစည်းများနှင့် ကြိုတင်၍ ဂရုတစိုက်ပုံစံရေးဆွဲခြင်းနှင့် ပြဿနာဖြေရှင်းခြင်းအားဖြင့် ကျောင်းသား/သူများနှင့် ပညာရေးဆိုင်ရာ ပစ္စည်းများကို ကာကွယ်နိုင်မည်ဖြစ်ပြီး ယင်းစနစ်များကို ဘေးဒဏ်ခံနိုင်စွမ်းရှိစေမည်ဖြစ်သည်။

Funded by European Union Civil Protection and Humanitarian Aid

ကြုံတွေ့ရမည့် အန္တရာယ်များအပေါ်မူတည်ပြီး ဖြေရှင်းနည်းများကို အောက်ပါအတိုင်း စဉ်းစားနိုင်သည်-

( ၁ ) ထွက်ပေါက်များကို ပိတ်ဆို့သွားနိုင်သော အပေါ်တွင်တပ်ဆင်ထားသည့် မီးကြိုးများနှင့် ဓာတ်တိုင်များပြန်လည်နေရာချပါ။

( ၂ ) အဆောက်အအုံအဆင့်တွင် အလိုအလျောက် သဘာဝဓာတ်ငွေ့ပိတ်သည့် ခလုတ်များတပ်ဆင်ပါ။

( ၃ ) ပိုက်များအတွက် ဖြုတ်/တပ်လွယ်သော အဆက်များအသုံးပြုပါ။

( ၄ ) အပေါ်နှင့် မြေအောက် ပိုက်များနှင့် ကုန်လှောင်ရုံများကြောင့်ဖြစ်နိုင်မည့် အန္တရာယ်များကို စဉ်းစားပါ။

( ၅ ) ရေဒီယိုသတ္တိကြွ မီးချောင်းများကို ကျန်းမာရေးအန္တရာယ်မဖြစ်စေနိုင်မည့် အရာများနှင့် အစားထိုးပါ။

သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဘေးကင်းလုံခြုံရေးတွင် လမ်းနှင့် လူကူးမျဉ်းကြားအခြေအနေများအပြင် စာသင်ကျောင်းလုပ်ငန်းများ(သို့) ကျောင်းကြို/ပို့ ဘတ်(စ်)ကားများ (သို့) ကားသေးများ စီမံခန့်ခွဲရေး စသည်တို့ပါဝင်သည်။ နှစ်စဉ်ကမ္ဘာတစ်ဝှမ်းတွင် သယ်ယူပို့ဆောင်ရေး မတော်တဆမှုများမှာ ကျောင်းသား/သူများ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရရှိခြင်းတို့အဓိက အကြောင်းအရင်းဖြစ်သည်။ မြင်ကွင်းရှင်းလင်းခြင်းနှင့် သင်္ကေတများ၊ ရပ်တန့်သင်္ကေတ၊ မီးပွိုင့်များ၊ လူကူးမျဉ်းကြားအမှတ်အသားများထားရှိခြင်း၊ လူကူးမျဉ်းကြားတွင် ယာဉ်ထိန်းရဲများထားရှိခြင်းတို့သည် ဘေးကင်းလုံခြုံရေး ဆောင်ရွက်မှုများအတွက်အရေးကြီးသည့်အရာများဖြစ်သည်။ ယာဉ်များဘေးကင်းမှု၊ ယာဉ်မောင်းစမ်းသပ်ခြင်း၊ သင်တန်း၊ နှင့် တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ထိုင်ခုံခါးပတ်ဝတ်ခြင်း၊ နှင့်ဂရုတစိုက် ခရီးစဉ်သွားလာခြင်း တို့သည်လည်း စာသင်ကျောင်းသယ်ယူပို့ဆောင်ရေးတွင် ကျောင်းသား/သူများ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် အလွန်အရေးကြီးသည်။ စာသင်ကျောင်းသယ်ယူပို့ဆောင်ရေးအား လက်လှမ်းမီမှုအတွက် စည်းမျဉ်းများနှင့် လူကြီးများမှကြီးကြပ်ပေးမှုများ သည်လည်း အရေးကြီးသည့် ကဏ္ဍများ ဖြစ်သည်။

## ၄။ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံမှု

ပတ်ဝန်းကျင်ဆိုင်ရာဘေးကင်းလုံခြုံရေးကိစ္စသည် စာသင်ကျောင်းအား သူတို့၏ဒေသတွင်း ပတ်ဝန်းကျင်များအတွက် အလွန်အရေးပါလာသည်။ သင်ရင်ဆိုင်နေရသည့် အခြေအနေအားလုံးကို စဉ်းစားပြီး သင်အတွက် ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန်အတွက် အချို့သော ပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံမှုများက ဘာလဲ ။

| အခြေအနေများ | ကြည့်ရှုရန် ဖြေရှင်းနည်းများ |
|---|---|
| စာသင်နှစ်များအတွက် လွန်ကဲရာသီဥတု | စာသင်ကျောင်းပုံစံ၊ တခြား နေရာများ၊ တခြား ဆောင်ရွန် နည်းလမ်းများ |
| မြေပြိုကျမှု | သစ်ပင်စိုက်ပျိုးခြင်း၊ ကုန်းလျောတည်မြဲစေမှု၊ နံရံများ ခိုင်ခန့်စေခြင်း၊ အရေးပေါ်ရွှေ့ပြောင်းရေး လမ်းကြောင်းများ |
| တောမီးလောင်ခြင်း | မီးတားခြင်း |
| ဆူနာမီ | အရေးပေါ်ရွှေ့ပြောင်းရာ လမ်းကြောင်း၊ လှေကား၊ ladder |
| မိုးခေါင်ရေရှားခြင်း/ အစားအစာ ရှားပါးခြင်း | မိုးရေသိုလှောင်ခြင်း၊ စာသင်ကျောင်း ဥယျာဉ်ခြံများ၊ သစ်ပင်စိုက်ခြင်း၊ အစားအစာ သိုလှောင်ခြင်း ။ |
| အမှိုက်များ စီမံခန့်ခွဲမှု | ပြန်လည် အသုံးပြုနိုင်မည့် နေရာ |
| ရေနှင့် စွမ်းအင် ပြတ်လပ်မှု နှင့် ကုန်ကျစရိတ် | ရေနှင့် စွမ်းအင်လျှာထားခြင်း |
| အန္တရာယ်ရှိ ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သိုလှောင်ထားခြင်းနှင့် သိုလှောင်ထားခြင်း | ရပ်ရွာ၏ သိရန်အခွင့်အရေး၊ ဘေးကင်းလုံခြုံရေး ဆောင်ရွက်မှုများကို ပုံမှန် သုံးသပ်ခြင်း၊ သွားရောက်လေ့လာခြင်း နှင့် စကားဝိုင်းဖွဲ့ ဆွေးနွေးခြင်း |
| လေထု ညစ်ညမ်းခြင်း | စာသင်ကျောင်းသို့ လမ်းလျှောက်ခြင်း နှင့် စက်ဘီးစီးခြင်း၊ CAR- POOLING |

လုပ်ဆောင်ချက် ( ၂ )

တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ပါ

ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု

ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအစီအစဉ်

ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး အစီအစဉ်တွင် ရှာဖွေဖော်ထုတ်ခြင်း၊ အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်းနှင့် စုစည်းခြင်းအားဖြင့် ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်ကို အချိန်မှီနှင့် ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားသည့် အဆင့်သို့ရောက်ရှိစေရန်တို့ပါဝင်သည်။ ၎င်းတို့တွင် အခန်းကဏ္ဍနှင့် တာဝန်များသတ်မှတ်ခြင်း၊မူဝါဒများနှင့်လုပ်ငန်းစဉ်များပြုစုခြင်း၊တုံ့ပြန်ဆောင်ရွက်ရန်အတွက်နည်းကိရိယာအမျိုးမျိုးကို ပြုစုပြီးရွေးချယ်သတ်မှတ်ခြင်း (ဥပမာ - စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၊ သတင်းအချက်အလက် စီမံခန့်ခွဲမှု စသည်တို့ကို အသုံးပြုခြင်း) ဘေးအန္တရာယ် တုံ့ပြန်မှုစီမံကိန်းသည် သဘာဝအားဖြင့် ကနဦးဆောင်ရွက်ရမည့်ကိစ္စဖြစ်ပြီး ဘေးဖြစ်နိုင်ခြေများနှင့် အန္တရာယ်များအပေါ် ပညာရှိ ယူဆချက်များသည် ဘေးအန္တရာယ်ဖြစ်ရပ်များကို မဖြေရှင်းနိုင်ပေ။ ထို့ကြောင့် အရေးပေါ်အစီအစဉ်ထားရှိရန် လိုအပ်သည်။ ဘေးအန္တရာယ်ဖြစ်ပေါ်သည့်အခါတွင်အစီအစဉ်များကို စောင့်ကြည့်လေ့လာရမည်ဖြစ်ပြီး အခြေအနေအလိုက် သုံးသပ်ပြီး လိုက်နာကျင့်သုံးရမည်ဖြစ်သည်။

အရေးပေါ်အစီအစဉ်များ

၎င်းတို့မှ ဖြစ်ရပ်များ (သို့) ဒေသအဆင့်၊ နိုင်ငံ၊ ဒေသ (သို့) ကမ္ဘာ့အဆင့်မှ ဘေးဖြစ်နိုင်ခြေများပေါ်တွင် အခြေခံထားပြီး (ဥပမာ - မြေငလျင်များ၊ ရေကြီးခြင်း (သို့) ရောဂါဖြစ်ပွားခြင်း) တုံ့ပြန်ဆောင်ရွက်ရန်အတွက် လုပ်ငန်း အစီအစဉ်များကိုရေးဆွဲခြင်း၊ လိုအပ်သောအရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များအပေါ်တွင် အခြေခံသည်။

လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများ

ယင်းတို့မှာ ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်မှုနှင့် အရေးပေါ်အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများပါဝင်သည်။ တစ်နည်းဆိုရသော် လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းသည် တစ်ဦးတစ်ယောက်ချင်း (သို့) အဖွဲ့များမှ အစီအစဉ်အောက်တွင် ၎င်းတို့၏ တာဝန်များကို မည်သို့ထားဆောင်ရမည်ကို ဖော်ပြထားခြင်းဖြစ်သည်။ (ဥပမာ - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို သတိပေးခြင်းနှင့် စည်းရုံးခြင်း၊ စစ်တမ်းကောက်ယူခြင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း)။ လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများတွင် ဘာကိုဆောင်ရွက်ရမည်၊ ဘယ်လိုဆောင်ရွက်ရမည်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် မည်သူ့တွင် တာဝန်ရှိသည် တို့ကိုဖော်ပြထားပြီး ရရှိနိုင်သည့်အရင်းအမြစ်များကိုလည်း ဖော်ပြထားသည်။

အစမ်းလေ့ကျင့်ခန်း

အစမ်းလေ့ကျင့်ခန်းသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်၏ အသုံးဝင်မှုကို စမ်းသပ်ရန်ဖြစ်သည်။ အစီအစဉ်အတွက် ပြင်ဆင်ရန်နှင့် မိနစ်အနည်းငယ်သာကြာမြင့်မည့် အစမ်းလေ့ကျင့်ခန်းကို ပြုလုပ်ရန်အတွက် အိမ်စာများ လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်သည်။ အရေးပေါ်အခြေအနေတွင် ရွှေ့ပြောင်းရန်နှင့် ဘေးကင်းလုံခြုံရေး ဆောင်ရွက်မှုများကို လေ့ကျင့်ရန်အတွက် ပူးပေါင်းပါဝင်မှု နည်းလမ်းလည်းဖြစ်သည်။ မီးဘေးနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းဆောင်ရွက်ရေး အစမ်းလေ့ကျင့်မှုများအတွက် မီးဘေးသတိပေး အချက်ပေးရမည်ဖြစ်ပြီး အဆောက်အအုံကို ချက်ချင်းထွက်ခွာရမည်။ သာမန်အားဖြင့် အချိန်ကြာမြင့်မှုကို သင့်လျော်သည့်အချိန်အတွင်း ဘေးကင်းနိုင်စေရန်အတွက် တွက်ချက်တိုင်းတာကြသည်။

အစမ်းလေ့ကျင့်မှုကို သေချာစီစဉ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ထမ်း၊ ဆရာ/မများ၊ ကျောင်းသား/သူများအပြင် မီးသတ်ဌာန၊ ပြည်သူ့လုံခြုံရေးတို့၏ အခန်းကဏ္ဍများနှင့် တာဝန်များကို တိတိကျကျ သတ်မှတ်ထားသင့်ပြီး အားလုံးမှ လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများကို ရှင်းရှင်းလင်းလင်း နားလည်ထားသင့်သည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

စာသင်ကျောင်းများအတွင်းတွင် အစမ်းလေ့ကျင့်ခန်းများပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ

(က) ဝန်ထမ်း၊ ဆရာ/မများနှင့် ကျောင်းသား/သူများမှ မြေငလျင်နှင့် မီးဘေး၊ စသည့် မမြင်နိုင်သည့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်စေရန်အတွက် ပညာပေးခြင်းနှင့် သတင်းပေးရန်ဖြစ်သည်။ ၎င်းအန္တရာယ်များသည် ရုတ်တရက်ထဖြစ်နိုင်ပြီး သတိပေး လက္ခဏာများ လုံးဝတွေ့ရမည်မဟုတ်ပေ။

(ခ) ဝန်ထမ်း၊ ဆရာ/မများနှင့် ကျောင်းသား/သူများ ကို ကိုယ်ပိုင်ယုံကြည့်မှုနှင့် သတ္တိ ရှိစေရန်အတွက် အစမ်းလေ့ကျင့်ခန်းနှင့် အရေးပေါ်ရွှေ့ပြောင်းခြင်းကို ပြုလုပ်ခြင်း ။

(ဂ) စာသင်ကျောင်းဝန်ထမ်း၊ ဆရာ/မများနှင့် ကျောင်းသား/သူများကို အရေးပေါ်အခြေအနေများတွင် အသက်ကယ်တင်နိုင်ရန်အတွက် အသက်ကယ်နည်းများနှင့် ကယ်ဆယ်ရေး နည်းစနစ်များကို သင်ကြားပေးရန် ။

(ဃ) စာသင်ကျောင်းဘေးအန္တရာယ်အရေးပေါ် နှင့် တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်၏အသုံးဝင်မှုကို စမ်းသပ်ရန်နှင့်ရှေ့ဆက်အသုံးပြုနိုင်ရန်အတွက် တိုးတက်အောင်ဆောင်ရွက်ပါ။

(င) ပါဝင်ပတ်သက်သူအားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းလင်းစေရန်နှင့် ပိုမိုနားလည်စေရန်။

အစမ်းလေ့ကျင့်ခန်းကို အမျိုးအစားနှစ်မျိုးဖြင့် ခွဲခြားနိုင်သည် -

(၁) ကြိုတင်အသိပေးထားသော အစမ်းလေ့ကျင့်ခန်း

ဝန်ထမ်းများ၊ ဆရာ/မများနှင့် ကျောင်းသား/သူများသည် အစမ်းလေ့ကျင့်ခန်းပြုလုပ်မည်ကို ကြိုတင်မျှော်လင့်ထားလျှင်၎င်းကို ကြိုတင်အသိပေးထားသော အစမ်းလေ့ကျင့်ခန်းဟုခေါ်သည်။ ကြိုတင်အသိပေးထားသော အစမ်းလေ့ကျင့်ခန်း၏ ရည်ရွယ်ချက်မှာ -

- ကျောင်းသား/သူအားလုံးမှအရေးပေါ်ရွှေ့ပြောင်းရေးလုပ်ငန်းအစီအစဉ်များကိုဖတ်ထားပြီးသေချာနားလည်စေရန်။
- အန္တရာယ်အချို့ကို လူတို့မှ မည်သို့ တုံ့ပြန်ဆောင်ရွက်ကြသည်ကို စမ်းသပ်ရန် (ဥပမာ - ကြိုတင်ပိတ်ဆို့ထားသော ထွက်ပေါက်)
- မီးသတ်ဆေးဘူးများကို ရှာဖွေရန်နှင့် အသုံးပြုရန် လူတို့၏ စွမ်းရည်များကို အကဲဖြတ်ရန်။

(၂) ကြိုတင်အသိမပေးထားသော အစမ်းလေ့ကျင့်ခန်း

ကြိုတင်အသိမပေးထားသော အစမ်းလေ့ကျင့်ခန်းများသည် လူတို့မှသူတို့မျှော်လင့်မထားသော အန္တရာယ်ရှိသည့် အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရာတွင် သူတို့၏စွမ်းရည်များကို စမ်းသပ်ရန် ကောင်းမွန်သည့်နည်းလမ်းတစ်ခုဖြစ်သည်။ အစမ်းလေ့ကျင့်ခန်းများကို ရှင်းရှင်းလင်းလင်း နားလည်လာပြီး ကျွမ်းကျင်အဆင့်တစ်ခုသို့ရောက်ရှိပြီဆိုလျှင် ကြိုတင်အသိမပေးထားသော အစမ်းလေ့ကျင့်ခန်းများကို စာသင်ကျောင်းများတွင် ပြုလုပ်သင့်သည်။ ၎င်း၏ရည်ရွယ်ချက်များမှာ -

- စာသင်ကျောင်းဝန်းအတွင်းရှိသူများအားလုံးမှ အသိပေးသံကို ကြားရနိုင်မှု သေချာစေရန်။
- ဝန်ထမ်းများ၊ ဆရာ/မများနှင့် ကျောင်းသား/သူများသည် ထွက်ပေါက်ကို ရှာဖွေနိုင်ခြင်း ရှိ/မရှိကို သိရှိစေရန်။
- (အရေးပေါ်အခြေအနေအတွက်) အထူးတာဝန်များယူထားသော ဝန်ထမ်းများ၊ ဆရာ/မများနှင့် ကျောင်းသား/သူများသည် မည်သည့်အဆင့်များကို ဆောင်ရွက်နိုင်ကြသည်ကို လေ့လာ သုံးသပ်ရန်။
- လူအားလုံးသည် အဆောက်အအုံအပြင်သို့ ထွက်ရောက်ရာတွင် ကြာမြင့်ချိန်ကို သိရှိရန်။

မြေငလျင်အတွက်အစမ်းလေ့ကျင့်ခန်းပြုလုပ်ရန် ဥပမာ

အောက်ပါအဆင့်များသည် မြေငလျင်အတွက် အရေးပေါ်ရွှေ့ပြောင်းရေးအစမ်းလေ့ကျင့်ခန်းပြုလုပ်ရန် လုပ်ငန်းစဉ်အား ရှင်းလင်းဖော်ထားသည်။ ယင်းအဆင့်များမှာ ယေဘုယျလမ်းညွှန်ချက်များအတွက်သာ ပေးထားခြင်းဖြစ်သည်။ စာသင်ကျောင်းတို့မှ ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းစဉ်များကို သင့်တော်သလို ပြုစုထားသင့်သည်။

(၁) မြေငလျင်အတွက် ကျောင်းသား/သူများအား ပညာပေးပါ၊ မြေငလျင်ဆိုတာ ဘာလဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ မဖြစ်ခင်၊ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးချိန်တွေမှာ ဘာလုပ်မလဲ။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

(၂) စာသင်ခန်းအတွင်း သုံးသပ်မှုကို အောက်ပါအတိုင်း ပြုလုပ်သင့်သည် -

❋ စာသင်ခန်းအတွင်း အခြေအနေများကို ပုံဆွဲပါ (စားပွဲစောင်းများ၊ စားပွဲခုံ၊ ဗီဒိုများ စသည်တို့ . . . )

❋ ဘေးကင်းပြီး လက်လှမ်းမှီနိုင်သည့် နေရာများကို ရှာဖွေဖော်ထုတ်ပါ၊ ( စားပွဲများ၊ စားပွဲစောင်းများ၊ တံခါးများ၊ ဒေါင့်များ စသည်တို့..)

အန္တရာယ်ရှိသည့်နေရာများကို ဖော်ထုတ်ပါ ( မှန်ပြတင်းပေါက်များ၊ စာအုပ်စင်များ၊ စက်ယန္တရားများ၊

❋ ဗီဒိုများ၊ ချိတ်ဆွဲထားသောအရာဝတ္ထုများ၊ ပြုတ်ကျလာနိုင်သည့် လေးလံသည့်အရာဝတ္ထုများ- အဆောက်

❋ အအုံပိုင်း မဟုတ်သည့် ပြဿနာများ)

❋ သွားလာ၍မရသော နေရာများ

အဆောက်အအုံပိုင်း မဟုတ်သည့်ပြဿနာများကို ပြင်ဆင်ဖြေရှင်းရန် မည်သို့ဆောင်ရွက်နိုင်မည်ကို

❋ ကျောင်းသား/သူများမအား မေးပြီး တိုက်တွန်းပါ။

❋ ဝပ်၊ အကာကွယ်ယူ၊ ကိုင်ထား စသည့် နည်းလမ်းကို မိတ်ဆက်ပြောကြားပါ ၊ ( စားပွဲခုံ၊ စားပွဲစောင်းအောက်သို့ဝင်ပါ၊ လက်ကို လည်ပင်းအနောက်တွင်ထားပါ၊ ဦးခေါင်းကို အောက်သို့စိုက်ထားပါ၊ စားပွဲခုံ၊ စားပွဲစောင်း၏ခြေတံများကို ကိုင်ထားပါ)

❋ "ဝပ်၊ အကာကွယ်ယူ၊ ကိုင်ထား" အလုပ်ကို ပြုလုပ်ရန်အတွက် အကူအညီလိုအပ်မည့် မသန်စွမ်းကလေးများ၊ ဆရာ/မများကို ဖော်ထုတ်ထားပြီး သူတို့၏အတန်းဖော်များမှ သူတို့အား ကူညီနိုင်ရန် သေချာပါစေ။

❋ ရုပ်ပိုင်းဆိုင်ရာ၊ အကြားအာရုံနှင့်၊ စကားပြောဆိုရန် အခက်အခဲရှိသော ကျောင်းသား/သူများမှ မြေငလျင်လှုပ်ခတ်သည့်အခါတွင် သူတို့ကိုသူတို့ ကာကွယ်နိုင်မည့်နည်းလမ်းများကို သင်ယူနိုင်ရန်နှင့် ဆောင်ရွက်ရန်အဆင့်များကို နားလည်စေရန် ကူညီပေးပါ။

ကျောင်းသား/သူများသည် စာသင်ခန်းမှ အရေးပေါ်ရွှေ့ပြောင်းရာတွင် စုဝေးရန်အတွက် သတ်မှတ်ထားသော နေရာနှင့် အရေးပေါ်ရွှေ့ပြောင်းရန် လမ်းကြောင်းကို ရှင်းလင်းပြသထားပြီး အရေးပေါ်ရွှေ့ပြောင်းရေးမြေပုံကို ပြသပါ။ မြေငလျင်လှုပ်ခတ်နေချိန်တွင် တံခါးများဖွင့်ထားရန်အတွက် ကျောင်းသား/သူတစ်ဦးကို တာဝန်ပေးအပ်ထားပါ။ လှုပ်ခတ်မှုရပ်တန့်သွားသည့်အခါတွင် အရေးပေါ်ရွှေ့ပြောင်းရန်အတွက် အောက်ပါလမ်းညွှန်ချက်များပေးပါ -

❋ သတိရှိပါ။

❋ ဆရာ/မများ၏ လမ်းညွှန်ချက်များကို နားထောင်ပါ။

❋ စာသင်ခန်းအပြင်သို့ အစီအစဉ်တကျ ထွက်ခွာပါ ။

❋ မသန်စွမ်းကလေးများ၊ ဆရာ/မများကို လိုအပ်သလို ကူညီပေးပါ။

❋ အဆောက်အအုံ၏ အနီးဆုံးထွက်ပေါက်သို့ထွက်ခွာရာ ကောရဒါလမ်းတစ်လျှောက်တွင် ပြုတ်ကျလာနိုင်မည့်အရာဝတ္ထုများ (သို့) အပျက်အဆီးများကို ဂရုစိုက်ပါ။

❋ မပြေးရ၊ မတွန်းရ၊ စကားမပြောရ၊ ပြန်မလှည့်ရ ။ စာအုပ်၊ လွယ်အိတ်စသည်များကို မယူဆောင်ရပါ။

❋ ထွက်လာပြီးသည့်အခါတွင် အဆောက်အအုံအတွင်းသို့ ဘယ်တော့မှ ပြန်မဝင်ရပါ ။ စုဝေးရမည့် နေရာတွင် စုဝေးပြီး လမ်းညွှန်ချက်များကို ထပ်မံ စောင့်ပါ။

## သတိပေးအသံ

ဉသြ/ခေါင်းလောင်း စသည့် ကြိုတင်စီစဉ်ထားသည့် အချက်ပေးသံများကို မြေငလျင်လှုပ်ခတ်မှုကို အသိပေးရန်အတွက် အသုံးပြုပါ။ ကျောင်းသား/သူများနှင့် ဆရာ/မများ အားလုံးသည် သတိပေးအသံကို နားလည်ထားသင့်သည်။ အထူးသတိပေးသင်္ကေတများကို လိုအပ်ချက်ရှိသော ပရိသတ်တို့အတွက် တီထွင်ထားသင့်သည်။ ဥပမာ အကြားအာရုံချို့တဲ့သော ကလေးများအတွက် အန္တရာယ်တစ်ခုခုကို ဖော်ညွှန်းသည့် ရုပ်ပုံ (သို့) အလံကို အသုံးပြုနိုင်သည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

တုံ့ပြန်ဆောင်ရွက်မှု

ဥသြ/ခေါင်းလောင်း/အလံ တို့ကို အသုံးပြုလာပါက အားလုံးသည် ပြတင်းပေါက်များ၊ မှန် (သို့) မီးပစ္စည်းများ၏ အဝေးတွင် နေသင့်ပြီး ဝပ်၊ ကာကွယ်ပါ။ ကိုင်ထားပါ။။ ပြုလုပ်သင့်သည်။ ရုတ်ရုတ်သဲသဲ (သို့) အလန့်တကြား မရှိစေရပါ။ အရေးပေါ် ရွှေ့ပြောင်းခြင်း၊ အချက်ပေးသံသည် မြေငလျင်လှုပ်ခတ်မှုပြီးဆုံးသွားကို သိရှိစေရန်အတွက် စက္ကန့် (၃၀) ကြာပြီးလျှင် ရပ်တန့်သွားနိုင်သည်။ ထိုအခါတွင် ကျောင်းသား/သူများမှ စာသင်ကျောင်း အဆောက်အအုံမှ ရွှေ့ပြောင်းသင့်သည်။ ရွှေ့ပြောင်းထွက်ခွာရာတွင် စီစဉ်ထားသည့်အတိုင်း ပြုလုပ်သင့်ပြီး ရွှေ့ပြောင်းဆောင်ရွက်ရေးအထူးအဖွဲ့များနှင့် ဆရာ/မများမှ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ကျောင်းသား/သူများသည် ကြိုတင်သတ်မှတ်ထားပြီးဖြစ်သော ရွှေ့ပြောင်းရာလမ်းကြောင်းကို အသုံးပြုရမည်ဖြစ်သည်။ ၄င်းကိုဆောင်ရွက်ရာတွင် အုပ်စုလိုက် ရုတ်ရုတ်သဲသဲဖြစ်ခြင်း (သို့) လူအများကြပ်ညှပ်စေခြင်း တို့မရှိစေရန် အစီအစဉ်တကျ ဆောင်ရွက်သင့်သည်။ ရွှေ့ပြောင်းရာတွင် မသန်စွမ်းကလေးများကို အခြားကလေးများမှ ကူညီသင့်သည်။

စုဝေးခြင်း

ရွေးချယ်သတ်မှတ်ထားသည့် စုဝေးရာနေရာတွင် ကျောင်းသား/သူများအာလုံးသည် စာသင်ခန်းတစ်ခန်းစီအတွက် ပေးထားသော ညွှန်ကြားချက်များအတိုင်း စုဝေးသင့်သည်။

လူရေတွက်ခြင်း

ရွှေ့ပြောင်းလာသည့် ကျောင်းသား/သူများသည် ဘေးကင်းသည့်နေရာတွင် စုဝေးပြီးသည့်အခါတွင်တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရန်အတွက် သက်ဆိုင်ရာ အတန်းပိုင်ဆရာ/မ အသီးသီးမှ လူရေတွက်သင့်သည်။ ဇတ်တိုက်လေ့ကျင့်ခန်းကို ဘေးအန္တရာယ်အခြေအနေပုံစံဖြင့် ပို၍ဆင်တူစေရန်အတွက် ရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့များမှ ပျောက်ဆုံးသူများကို ဘေးကင်းရာသို့ ကယ်တင်လာနိုင်ရန်အတွက် ထိခိုက်ဒဏ်ရာရ ကျောင်း သား/သူများကိုလည်း ထားရှိသင့်သည်။ ထို့နောက် ရှေးဦးပြုစုခြင်းအထူးအဖွဲ့မှ ထိခိုက်ဒဏ်ရာရသူများအား ဆေးကုနိုင်မည်ဖြစ်သည်။

သုံးသပ်ခြင်း

အစမ်းလေ့ကျင့်ခန်းပြီးဆုံးသည့်အခါတွင် ကျောင်းအုပ်ဆရာ/မသည် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဖြင့် အစည်းအဝေးပြုလုပ်သင့်ပြီး အစမ်းလေ့ကျင့်မှုအတွင် ကြုံတွေ့ခဲ့သည့် ပြဿနာများကိုဖော်ထုတ်နိုင်ရန်နှင့် နောက်ပိုင်းတွင် ပိုမိုကောင်းမွန်အောင်ပြုလုပ်နိုင်စေရန် ပြန်လည် သုံးသပ်မှုကို ပြုလုပ်သင့်သည်။ အစမ်းလေ့ကျင့်မှု၏ သုံးသပ်လေ့လာမှုသည် လေ့ကျင့်စဉ်အတွင်း ကြုံတွေ့ခဲ့သည့် ပြဿနာများကို ဖော်ထုတ်ရန်အတွက် လိုအပ်သည်။ အစမ်းလေ့ကျင့်ခြင်းကို သုံးလတစ်ကြိမ်ပြုလုပ်သင့်သည်။ အစမ်းလေ့ကျင့်ခန်းမပြုလုပ်ခင် ပတ်ဝန်းကျင်ကို ကြိုတင်အသိပေးထားပါ။

စာသင်ကျောင်းတစ်ခုအတွက် လုပ်ငန်းဆောင်ရွက်ရေး စံနူန်းများ

အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ် စံနူန်းသည် အန္တရာယ်တစ်ခုမှ သင့်ဒေသပေါ် ကျရောက်သည့် အခြေအနေပေါ် မူတည်ပြီး ပြင်ဆင်ရေးဆွဲသင့်သည်။ ၄င်းတို့ကို အရေးပေါ် လုပ်ငန်းစဉ် အခြေခံ (၆) ခုပေါ် တွင် မူတည်ရေးဆွဲထားသည် -

( ၁ ) ရွှေ့ပြောင်းရာလမ်းကြောင်းကို ရွေးချယ်သတ်မှတ်ခြင်း
( ၂ ) ဘေးကင်းရာသို့ ရွှေ့ပြောင်းခြင်း
( ၃ ) စုဝေးခြင်း နှင့် အပြင်ဘက်တွင် ခိုလှုံခြင်း
( ၄ ) ခိုလှုံရာရှာဖွေခြင်း
( ၅ ) ပိတ်လှောင်ကာကွယ်ခြင်း
( ၆ ) ဘေးကင်းလုံခြုံသောမိသားစု ပြန်လည်ပေါင်းစည်းရေး

Funded by European Union Civil Protection and Humanitarian Aid

## SOP ( 1 )၊ ရွှေ့ပြောင်းဆောင်ရွက်ရေး

ရည်ရွယ်ချက်။ အဆောက်အအုံအတွင်းတွင် မီးဘေး (သို့) အခြားအန္တရာယ်များကြုံတွေ့သည့်အခါတွင် ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို ကာကွယ်ရန်။

အန္တရာယ်ကို အတည်ပြုရန် ပထမဦးဆုံးလူ။ အထင်မမှားနိုင်သော အဆောက်အအုံမှ ရွှေ့ပြောင်းရေး အချက်ပေးသံ/မီးဘေးအချက်ပေးအသံ ပေးပါ။

စာသင်ကျောင်း အုပ်ချုပ်ရေး။ စံသတ်မှတ်ထားသည့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး စနစ်ကို လိုအပ်သလို ကျင့်သုံးပါ။ ဆက်သွယ်ရေးကို ထိန်းသိမ်းပါ၊ အရေးပေါ်အခြေအနေပြီးဆုံးသည့်အခါ အားလုံးပြီးဆုံးဖြစ်ကြောင်း ကြေငြာပါ။

ဝန်ထမ်း

၁။ အဆောက်အအုံမှ အရေးပေါ်ထွက်ခွာရန် စည်းမျဉ်းများကို ကျောင်းသား/သူများကို သတိပေးပါ ၊ စကားမပြောရ၊ မပြေး၊ မတွန်းရ၊ ပြန်မလှည့်ရ။
၂။ တံခါးများနှင့် ပြတင်းပေါက်များကို ပိတ်ထားပါ။
၃။ စာသင်ခန်း နှစ်ခန်း၏ ရှေ့နှင့် နောက်တွင် ဆရာ/မ တစ်ဦးစီ ထားပါ။
၄။ Go-Bag ကိုယူပါ။ အရေးပေါ် ကလစ်ညှပ်စာအုပ် (သို့) မှတ်စု၊ နှင့် ကျောင်းတစ်ကိုယ်ရည်သုံးအိတ်များကို ယူပါ။
၅။ လမ်းကြောင်းဘေးကင်းမှုကို စစ်ဆေးပါ။
၆။ အပြင်ဘက်တွင် ကျောင်းသား/သူများ ပုံမှန် စုဝေးရန် ဦးဆောင်ပါ။
၇။ အခြေအနေများ ဘေးကင်းပြီဆိုလျှင်၊ ရွှေ့ပြောင်းရေးအစီအစဉ်အတိုင်း ပြောင်းပြန် အခန်းအတွင်းသို့ပြန်လည်ဦးဆောင်ပါ စည်းမျဉ်းများကို အတူတကွ လိုက်နာရမည်။

ကျောင်းသား/သူများ - စည်းမျဉ်း၊ လမ်းညွှန်းချက်များကို လိုက်နာခြင်းဖြင့် ကူညီပါ။



ရွှေ့ပြောင်းဆောင်ရွက်ရေး စည်းမျဉ်းများ

စကားမပြောရ

သို့မှသာ ဆရာ/မ အသံကို ကြားရမည်။

မပြေးရ

ထိခိုက်ဒဏ်ရာ မရစေရန်။

မတွန်းရ

အခြားသူများ ထိခိုက်မှု မရှိစေရန် ။

နောက်ပြန်မလှည့်ရ

သင်အန္တရာယ်ကင်းစေရန်။

လမ်းညွှန်ချက်

သင်၏ ထွက်ပေါက်လမ်းကြောင်းများ ရှင်းလင်းပြီး အမှတ်အသားရှိပါသလား။ သင့်စာသင်ကျောင်းအတွက် လိုက်နာကျင့်သုံးမှုရှိပါသလား ။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

သင်တန်းပေးအတွက်မှတ်စု

## SOP ( 2 )၊ အပြင်ဘက်တွင် စုဝေးခြင်း နှင့် အကာအကွယ်ယူခြင်း

ရည်ရွယ်ချက်။ ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို အကာအကွယ်ပေးရန်နှင့် အားလုံးမှ သူတို့၏ မိသားစုများနှင့် ဘေးကင်းလုံခြုံစွာ ပေါင်းစည်းနိုင်သည့်အချိန်အထိ လုံခြုံမှု ရှိစေရန် ။

စာသင်ကျောင်း အာဏာပိုင်၊ ဖြစ်ရပ်အကြောင်းကြားစနစ်ကို လိုအပ်သော ကိရိယာ များဖြင့် အသုံးပြုပါ (လုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေး၊ ရှေးဦးပြုစုခြင်း၊ ကျောင်းသား/သူများ ကြီးကြပ်မှု၊ ဘေးကင်းစွာမိသားစု ပြန်လည်ပေါင်းစည်းရေး ၊ ထောက်ပို့၊ ရေနှင့် အစားအစာ၊ အမိုးအကာနှင့် မိလ္လာစနစ်) လူကြီးစေတနာ့လုပ်အားရှင်များနှင့် လုပ်နိုင်ကိုင်နိုင်သော ကျောင်းသား/သူများ ပါဝင်ပါ။

ဝန်ထမ်းများ

၁။ ရွှေ့ပြောင်းရေးအတွက် ကျောင်းသား/သူများမှ ညွှန်ကြားချက်များကို လိုက်နာစေရန် သတိပေးပါ။ စကားမပြောရ၊ မတွန်းရ၊ မပြေးရ၊ နောက်ပြန်မလှည့်ရ ။ ကျောင်းသား/သူများသည် အတန်းဖော်တစ်ဦးနှင့် နှစ်ယောက်တစ်တွဲ ထွက်ခွာသင့်သည်။

၂။ အထူးအကူအညီလိုအပ်သော ကျောင်းသား/သူများနှင့် ဝန်ထမ်းများမှ ပါဝင်နိုင်စေရန်အတွက် ဂရုစိုက်ပါ။

၃။ စာသင်ခန်းအတွက် ဖြည့်ဆည်းပေးရမည်များကို ယူဆောင်ပါ ( ဖြည့်ဆည်းပေးရမည့် စာရင်းကို ကြည့်ပါ)

၄။ လူကြီးတစ်ဦးနှင့်အတူ ရွှေ့ပြောင်းရေးလမ်းကြောင်းသည်ရှင်းလင်းနေခြင်း ရှိ/မရှိကို သုံးသပ်ပြီး တာဝန်ရှိ ကျောင်းသား/သူစောင့်ကြည့်သူတစ်ဦး (သို့) ဆရာ/မ တစ်ဦးမှ အဖွဲ့၏ ဘေးဘက်မှ နေ၍ အားလုံးအတူတစ်ကွ ရှိနေစေရန် ကြည့်ရှုပါ။ ၄င်းကို စာသင်ခန်းနှစ်ခန်းပေါင်း၍ အရှေ့ဘက်မှ ဆရာ/မ တစ်ဦးနှင့် အနောက်ဘက် ဆရာ/မ တစ်ဦးဖြင့် ဆောင်ရွက်နိုင်သည်။

၅။ ကျောင်းသား/သူများကို အရေးပေါ် စုဝေးရာနေရာရှိ သူတို့၏ နေရာသို့ ဦးဆောင်ခေါ် သွား၍ ကျောင်းသား/သူ roll ကိုယူပါ။

၆။ ကျောင်းသား/သူများကို ကျောင်း/သူများ လွှတ်ရန် လုပ်ငန်းစဉ်များအကြောင်းနှင့် သူတို့အားဘေးကင်း စေရန်ရည်ရွယ်ချက်များကိုလည်း သတိပေးပါ။

၇။ ဆရာ/မများကို သူတို့အတန်းမှ ကျောင်းသား/သူများနှင့်အတူရှိနေစေရန် သတိပေးပါ။ ကျောင်းသား/သူများသည် အတန်းအလိုက် အတူတကွ ထိုင်နေသင့်သည်။ ကြေငြာချက်များ ကြားနိုင်စေရန် ကျောင်းသား/သူများကို အသံတိတ်နေခိုင်းပါ။

ကျောင်းသား/သူများ

သတ်မှတ်နေရာများတွင် တိတ်ဆိတ်စွာနေပါ ။ ရေနှင့် အစားအစာ၊ အမိုးအကာနှင့် တကိုယ်ရေသန့်ရှင်းရေး အကူအညီများကို တောင်းဆိုပါက အကူအညီပေးနိုင်ရန် ပြင်ဆင်ထားပါ။ ဘေးကင်းသော မိသားစု ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များကို လိုက်နာရန် စောင့်ပါ။

လမ်းညွှန်ချက်။ သင်၏ စုဝေးရန် နေရာဘယ်မှာလဲ ။ အားလုံးမှ သူတို့အတန်းအဖွဲ့များ ဘယ်မှာ စုဝေးသည်ကို သိရှိပါသလား။ သင့်ကျောင်းအတွက် လိုက်နာရမည့် လုပ်ငန်းများ ရှိပါသလား။



# SOP ( 3 )၊ ဘေးကင်းရာနေရာသို့ ပြောင်းရွှေ့ခြင်း

ရည်ရွယ်ချက်။ စာသင်ကျောင်းဝန်းကျင်တွင် အန္တရာယ်နှင့်ကြုံလာပါက ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို ကာကွယ်ပေးရန်။

စာသင်ကျောင်းအာဂါပိုင်

စာသင်ကျောင်းတို့သည် ရေကြီးခြင်း၊ မြေပြိုခြင်း၊ အမှိုက်သရိုက်များပျောလာခြင်း၊ စသည့်ဘေးဖြစ်နိုင်ခြေများနှင့် ကြုံတွေ့လာပါက (သို့) ဘေးကင်းသည့် စုဝေးရာနေရာ မရှိသော စာသင်ကျောင်းတို့သည် သီးသည့် စုဝေးရာနေရာနှင့် အရေးပေါ် ရွှေ့ပြောင်းရေးလမ်းကြောင်းကို ကြိုတင်ပြင်ဆင်ထားသင့်သည်။ ၎င်းရွေးချယ်ထားသည့် နေရာကိုမိဘများကို အသိပေးထားသင့်သည်။ ယခင်ကသတ်မှတ်ထားသည့် ဘေးကင်းသည့်နေရာသို့ ချက်ချင်းရွှေ့ပြောင်းပါ။ ရွှေ့ပြောင်းရေး အတွက် ပြင်ဆင်ထားသောပစ္စည်းသေတ္တာကို ယူဆောင်ပါ။

**အခြားဘေးကင်းသော စုဝေးရာနေရာနှင့် ရွှေ့ပြောင်းရေးလမ်းကြောင်းကို ကြိုတင်သတ်မှတ်ခြင်း/ပြင်ဆင်ခြင်း ပြုလုပ်ရန် သတိပြုပါ။**







ဝန်ထမ်း

၁။ ဆရာ/မ တစ်ဦးကို အရှေ့နှင့် အနောက်တွင် တစ်ဦးစီထားပါ။
၂။ စာသင်ခန်း Go Bags (သို့ ပုံး)၊ အရေးပေါ် ကလစ်ညှပ်စာအုပ် (သို့) မှတ်စုစာအုပ်နှင့် student confort kits အိတ်ကို ယူဆောင်ပါ။
၃။ လမ်းကြောင်း၏ ဘေးကင်းလုံခြုံရေးကို စစ်ပါ။ လမ်းကြောင်း၊ အဖွဲ့တွင် ကျောင်းသား/သူများ ပါဝင်ပါစေ။
၄။ ကျောင်းသား/သူများကို ဘေးကင်းရာနေရာသို့ ဦးဆောင်ခေါ်သွားပြီး student roll ကိုယူပါ။
၅။ အခြေအနေများ ဘေးကင်းပြီဆိုလျှင် စာသင်ခန်းအတွင်းသို့ လာရာလမ်းကြောင်းအတိုင်း စည်းကမ်းတကျ ပြန်လည်ခေါ်ဆောင်သွားပါ။

ကျောင်းသား/သူများ

စုံတွဲစနစ်ကို အသုံးပြုပါ။ မြန်မြန်နှင့် အသံတိတ် ဆောင်ရွက်ပါ ။ ဘေးကင်းသည့်နေရာတွင် အပြင်ဘက်တွင် စုဝေးရန်နှင့် နားခိုရန် ညွှန်ကြားချက်ကို လိုက်နာပါ။

လမ်းညွှန်ချက်။ သင်၏ဘေးကင်းရာနေရာက ဘယ်မှာလဲ ။ ၎င်းနေရာတွင် သင်လိုအပ်သော ပံ့ပိုးမှုများ ရှိပါသလား။ သင်၏ စာသင်ကျောင်းအတွက် လိုက်နာကျင့်သုံးရန်များရှိပါသလား ။ ----------------------------------------------------------

-----------------------------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------------------------

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

## SOP ( 4 )၊ အခန်းအတွင်းပိုင်းတွင် အကာအကွယ်များထားရှိခြင်း

ရည်ရွယ်ချက်။ စာသင်ကျောင်းအပြင်ဘက်တွင် အန္တရာယ်များရှိသည့်အခါတွင် ကျောင်းသား/သူများ နှင့် ဝန်ထမ်းများကို အကာအကွယ်ပေးနိုင်ရန် (ဥပမာ - ဆိုးရွားသည့် မိုးလေဝသ (သို့) ရေကြီးခြင်း)နှင့် အားလုံးမှ မိသားစုများနှင့် အတူမပေါင်းစည်းနိုင်သေးခင်အချိန်အထိ အကာကွယ်ပေးထားရန် ။

ကျောင်းအာဏာပိုင်။ အတွင်းပိုင်းသို့အခန်းတွင်းအကာအကွယ်နေရာတွင်နေရာယူရန်ကြေငြာပါ။နောက်ဆုံးရသတင်းအချက်အလက်များနှင့် ညွှန်ကြားချက်များကို စောင့်ကြည့်ပြီး အသိပေးပါ။ အရေးပေါ်အခြေအနေပြီးဆုံးသည့်အခါ ပြီးဆုံးကြောင်းကြေငြာပါ။

မှတ်ချက်။ အရေးအပေါ်ရွှေ့ပြောင်းရန်မလိုအပ်သည့်အခါတွင် အတွင်းပိုင်းအကာအကွယ် လိုအပ်သည် ။ (သို့) ရွှေ့ပြောင်းရန်အချိန်မလုံလောက်သည့်အခါတွင်လိုအပ်သည်။

ဝန်ထမ်း

၁။ တံခါးများ၊ ပြတင်းပေါက်များကို လိုအပ်သလို ပိတ်ပါ။

၂။ တက်ရောက်သူများကို စာရင်းကောက်ယူပါ။

၃။ ရရှိသည့် နောက်ဆုံးသတင်းအချက်အလက်များကို စောင့်ကြည့်ပြီး အသိပေးပါ။ အရေးပေါ်အတွက်သာ ဆက်သွယ်ရန်အတွက် ဖုန်းများပိတ်ထားပါ။

၄။ အခန်းတွင်းရှိ ကျောင်းသား/သူများကို စာသင်ရန်၊ အနားယူရန်၊ အစာစားရန်နှင့် အိပ်ချိန်များအတွက် ကြီးကြပ်ပေးပါ။

၅။ ပုံးများ/ ပလက်စတစ်အိတ်များအသုံးပြု၍ အိမ်သာအတွက် သီးသန့်နေရာများ စီစဉ်ပေးပါ။

၆။ ကျောင်းသား/သူများကို ကူညီနိုင်စေရန် ခွင့်ပြုပါ။

ကျောင်းသား/သူများ ၊လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ကူညီပါ။

## SOP ( 5 )၊ ပိတ်လှောင်ကာကွယ်ခြင်း

ရည်ရွယ်ချက်။ ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို အကြမ်းဖက်ဝင်ရောက်ခြင်းနှင့် အကြမ်းဖက်ခြိမ်းခြောက်မှု အန္တရာယ်တို့မှ ကာကွယ်ရန်

ကျောင်းအာဏာပိုင်။ ချက်ချင်းတံခါးပိတ်ရန်အတွက် အချက်ပြရန် သီးသန့် ဥသြသံအကျယ် (သို့) အချက်ပေးချက်ကို အသုံးပြုပါ ( မီးဘေးအချက်ပေးသံမဟုတ်ပါ) ရဲဌာန (သို့) လူထုလုံခြုံရေးအာဏာပိုင်များထံသို့ သတင်းပို့ရန် ပြင်ဆင်ပါ။ ဘေးကင်းပြီဆိုလျှင် ဘေးကင်းကြောင်းကို ကြေငြာပါ။ အောက်ပါဖြစ်ရပ်များသည် ကျောင်းသား/သူများနှင့် မိဘများအား အသိပေးပြီး သုံးသပ်ရန်နှင့် ဆွေးနွေးရန် အချိန်ပေးသည်။

ဝန်ထမ်းများ

၁၊ အခြားသူများကို အကာကွယ်ချက်ချင်းယူရန် သတိပေးပါ။

၂၊ အန္တရာယ်မှလွတ်ကင်းစေရန်အတွက် ကျောင်းသား/သူများကို အတွင်းပိုင်းတွင် စုဝေးစေပါ။

၃၊ တံခါးများကို ပိတ်ပြီး သော့ခတ်ထားပါ။ ပရိဘောဂများအားလုံးကို အန္တရာယ်လာမည့်ဘက်သို့ လှည့်ထားပါ။

၄၊ လူတိုင်းကို ပရိဘောဂပစ္စည်းများနောက်တွင် အကာအကွယ်ယူပြီး ပစ်မှတ်နှင့် လွဲနိုင်သမျှလွဲစေရန် နေခိုင်းပါ။

၅၊ မီးများ၊ ရေဒီယိုများဖွင့်ထားပြီး လက်ကိုင်ဖုန်းများကို အသံပိတ်ထားပါ။

၆၊ တံခါးများ၊ ပြတင်းပေါက်များမှ မမြင်နိုင်သည့်နေရာများတွင် နေပါ။

၇၊ လူတိုင်း တည်တည်ငြိမ်ငြိမ်နှင့် တိတ်တဆိတ်နေပါ။

ကျောင်းသား/သူများ။ တိတ်တဆိတ်နေပြီး ဆရာ/မများ၏ ညွှန်ကြားချက်များကို လိုက်နာပါ။

## SOP ( 6 )၊ ဘေးကင်းစွာ မိသားစု ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်

ရည်ရွယ်ချက်

အရေးပေါ် အခြေအနေ (သို့) ဘေးအန္တရာယ်ဖြစ်သည့်အချိန်တွင် ကျောင်းသား/သူများနှင့် မိသားစုများ ဘေးကင်းစွာ ပြန်လည်ပေါင်းစည်းရန် ။ အသက် (၁၆) နှစ်အောက်ကျောင်းသား/သူများကို မိဘ (သို့) အုပ်ထိန်းသူမှ ခွင့်ပြုထားသည့် လူကြီးတစ်ဦးမပါရှိဘဲ ခိုလှုံရာ (သို့) စာသင်ကျောင်း ပြင်ပသို့ ထွက်ခွင့်မပြုပါ။

မိဘများနှင့်ကျောင်းအာဏာပိုင်များ

မိဘများမှ စာသင်ကျောင်းကို အရေးပေါ်အချိန်တွင် ကျောင်းသား/သူများကို မည်သည့်အချိန်မဆို လာရောက်ခေါ် နိုင်မည့်သူတို့၏ ဆက်သွယ်ရန်နံပါတ်များ မှန်ကန်စွာ ပေးထားရမည်။

မှတ်ချက်။ အရေးပေါ်အခြေအနေ (သို့) ဘေးအန္တရာယ်ဖြစ်သည့်အချိန်တွင် ကျောင်းသား/သူများကို သူတို့၏ အရေးပေါ်ဆက်သွယ်ရန်နံပါတ်များ စာရင်းတွင် ဖော်ပြထားသောသူများဖြင့်သာ လိုက်ပါရန် ခွင့်ပြုမည်ဖြစ်သည်။

ဝန်ထမ်းများ

၁။ ကျောင်းသား/သူများနှင့် မိဘများ နှစ်ဘက်စလုံးမှ အရေးပေါ်အခြေအနေများနှင့် ဘေးအန္တရာယ်အချိန်များတွင် ကျောင်းသား/သူ လွှတ်ပေးမည့်အစီအစဉ်ကို သိရှိနားလည်စေရန် သေချာပါစေ။
၂။ မှတ်ပုံတင်စစ်ပြီး ကျောင်းသား/သူများကို အရေးပေါ်ဆက်သွယ်ရန်စာရင်းတွင် ပေးထားသောသူများဖြင့်သာ လွှတ်ပေးရန်သေချာပါစေ။
၃။ နောက်ပိုင်းတွင် ရောက်လာမည့်သူများအတွက် ကျောင်းသား/သူ မိသားစု ပြန်လည်ပေါင်းစည်းရေး ပုံစံကို အသုံးပြု၍ မှတ်တမ်းပြုစုပါ ( ကလေးကိုလွှတ်ပေးရန် ခွင့်ပြုချက်)
၄။ ပုံမှန်အစီအစဉ်များမှ ဘေးမကင်းနိုင်သဖြင့် ဤလုပ်ငန်းစဉ်များကိုအသုံးပြုပါ။

ကျောင်းသား/သူများ

စိတ်ရှည်ပြီး ဘေးကင်းသည့်မိသားစုပြန်လည်ပေါင်းစည်းရေး အစီအစဉ်ကို လိုက်နာပါ။

လမ်းညွှန်ချက်

မိဘများမှ အစီအစဉ်နှင့် လိုအပ်ချက်များကို သိပါသလား ။ သင်၏စာသင်ကျောင်းအတွက် လိုက်နာကျင့်သုံးရန် ရှိပါသလား ။

လုပ်ဆောင်ချက် ( ၃ )၊ ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်

ပညာဆက်လက်သင်ကြားနိုင်ရေး အစီအစဉ်

| ဖြည့်ရမည့်သူ | ကျောင်းစီမံခန့်ခွဲရေးကော်မတီ၊<br>ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ တာဝန်ခံ မှ ဦးဆောင်မှု |
|---|---|
| အကြိမ် | လိုအပ်သလို Update လုပ်ပါ။ |
| ဘယ်တော့လဲ | စာသင်နှစ်၏ အစပိုင်း နှင့် နောက်ပိုင်း ဖြည့်စွက်ပါ။ |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

| |
|---|
| ၁။ နေ့ရက်များ/နာရီများ ပြန်ဖြည့်ပါ။<br>စာသင်ကျောင်းသည် စာသင်နှစ်တစ်နှစ်လျှင် -------------- ရက်ခန့် ပျက်ကွက်လျှင် အောက်ပါအတိုင်း စာသင်ချိန်များကို ပြန်ဖြည့်နိုင်သည် ( shifts ) |
| လုပ်ဆောင်ချက်။ |
| ၂။ တခြားစာသင်ကျောင်း တည်နေရာ<br>စာသင်ကျောင်းသည် စာသင်နှစ်တစ်နှစ်လျှင် ---------------- ရက်ခန့် ပျက်ကွက်လျှင် အောက်ပါအတိုင်း စာသင်ချိန်များကို ပြန်ဖြည့်နိုင်သည် |
| လုပ်ဆောင်ချက်။ |
| ၃။အခြားညွှန်းကြားချက် နည်းလမ်းများ<br>စာသင်ကျောင်းအလုပ်များ၊ သင်ကြားရေးမြှင့်တင်မှု၊ အတန်းဖော်အချင်းချင်း ညွှန်ကြားချက်ပေးခြင်းတို့ကို ကျွန်ုပ်တို့ ဘယ်လိုထိန်းသိမ်းမလဲ။ |
| လုပ်ဆောင်ချက်။ |
| ၄။ စွမ်းဆောင်ရည်<br>ဝန်ထမ်းများအလုပ်မလုပ်နိုင်သည့်အခါ (သို့) အကူအညီလိုအပ်သည့်အခါ ဘယ်သူကသင်ကြားရေးနှင့် စီမံရေးရာပိုင်းကို ကူညီနိုင်မလဲ ။ |
| လုပ်ဆောင်ချက်။ |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

| |
|---|
| ၅။ စာသင်ကျောင်း သန့်ရှင်းရေးအတွက် စီစဉ်ခြင်း (ဥပမာ - ရေကြီးသည့်အချိန် |
| လုပ်ဆောင်ချက် ၊ |
| ၆။ စာသင်ကျောင်းများကို ယာယီ ခိုလှုံရာအဖြစ်အသုံးပြုခြင်းကို ကန့်သတ်ရန် စီစဉ်ခြင်း<br>ကျွန်ုပ်တို့စာသင်ကျောင်းကို ယာယီခိုလှုံရန်နေရာအဖြစ် အသုံးပြုလာနိုင်ပါသလား ။ ( ) အသုံးပြုနိုင်တယ်၊ ( ) အသုံးမပြုနိုင်ပါ၊ ( ) မသေချာပါ။ |
| ဘယ်လောက်ကြာအောင် အသုံးပြုမလဲ။ |
| ဒီနေရာအပြင်အခြားနေရာ ရှိပါသေးလား ။ ဘယ်မှာလဲ ။ |
| နေရာအတွက် အခြားဘယ်လို ပံ့ပိုးမှုလိုအပ်သလဲ ။ ဘယ်ကရနိုင်မလဲ ။ |
| ကျွန်ုပ်တို့စာသင်ကျောင်းကို အသုံးပြုခြင်းအတွက် စည်းကမ်းများ ရှိပါသလား ။ ယင်းတို့ကို အခြားသူများ ဘယ်လို လေးစားလိုက်နာနိုင်မလဲ။ |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

၇။ ယာယီ သင်ကြားရေး ပံ့ပိုးပစ္စည်းများ
စာသင်ကျောင်းပံ့ပိုးပစ္စည်းများ ရေရှည်အတွက် နည်းပါးလာပါက ယာယီ သင်ကြားရေး ပံ့ပိုးပစ္စည်းများဖန်တီးနိုင်ရန်အတွက် ကျွန်ုပ်တို့ဘာတွေ လိုအပ်မလဲ ။


လုပ်ဆောင်ချက်။

၈။ ကလေးများ အကာအကွယ်
ကလေးများအတွက် ရုပ်ပိုင်း အန္တရာယ်၊ လျစ်လျူရှုခံရခြင်း၊ ခေါင်းပုံဖြတ်ခြင်း (သို့) အလွဲသုံးစားပြုခြင်းတို့ မြင့်မားလာခြင်းကြောင့် ကျွန်ုပ်တို့ ပုံမှန်လုပ်နေကျအတိုင်း သူတို့ကို ဘယ်လိုကာကွယ်ပေးနိုင်မလဲ ၊

လုပ်ဆောင်ချက်။

## နောက်ဆက်တွဲ ( ၂.၄ )
## ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု - စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု

လုပ်ဆောင်ချက် ( ၁ )၊ ကာကွယ်ခြင်း စက်ဝန်း




Funded by European Union Civil Protection and Humanitarian Aid

လုပ်ဆောင်ချက် (၂)

ပဋိပက္ခများနှင့်အရေးပေါ်အခြေအနေများသည်ကလေးများ၊မိသားစုများ၊ရပ်ရွာနှင့်နိုင်ငံကိုဘယ်လိုအကျိုးသက်ရောက်နိုင်သလဲ။

ပဋိပက္ခတစ်ခုက ကလေးတစ်ဦးချင်းစီအပေါ် ဘယ်လိုအကျိုးသက်ရောက်နိုင်သလဲ။

(၁) အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရစေနိုင်ခြင်းတို့ ပါဝင်သည့် အန္တရာယ်ရှိနိုင်သည် ။
(ဥပမာ - ဗုံးပေါက်ကွဲခြင်း၊ သေနတ် ပစ်ခတ်ခြင်း၊ မြေမြှုပ်မိုင်းများ)

(၂) ကလေးတို့၏အခြေခံလိုအပ်ချက်များ မပြည့်မီဘဲ သူတို့အတွက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်။

(၃) သေဆုံးခြင်း၊ နေရာပျောက်သွားခြင်းတို့ကြောင့် ပုံမှန် လုပ်ရိုးလုပ်စဉ်များ မရှိတော့ခြင်း ။

(၄) စာသင်ကျောင်းများ ပိတ်ရသည်။

(၅) ကလေးများတွင်လည်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်း၊ ကြောက်ရွံ့စိတ်၊ စိုးရိမ်ပူပန်စိတ်၊ မယုံကြည်ခြင်း နှင့်ဝမ်းနည်းမှု တို့ဖြစ်စေသည်။

(၆) မိဘ/မိသားစုများနှင့် ကွဲကွာခြင်း ။

(၇) ဆွေးမျိုးများ (သို့) အခြားမိသားစုအဖွဲ့ဝင်များအတွက် စိုးရိမ်ခြင်း။

(၈) အပေါင်းအဖော်များနှင့် လူမှုအသိုင်းအဝိုင်း၏ ပံ့ပိုးမှုများနှင့် ကင်းကွာခြင်း (မိသားစုများ ၊ တိရစ္ဆာန်များ)

(၉) ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်း ။

(၁၀) အိမ် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း (သို့) ထွက်ပြေး၍ ယာယီခိုလှုံရာတွင်နေထိုင်နေရခြင်း။

(၁၁) အခြေခံလိုအပ်ချက်များကို ပြည့်မီရန် ခက်ခဲနေခြင်း - ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ၊ ရေစသည်တို့ပါဝင်သည်။

(၁၂) လူကြီးတို့၏ အပြုအမူများပြောင်းလဲခြင်း - သူတို့သည် ယခင်ကလို မဟုတ်တော့ခြင်း ။

(၁၃) အခြေအနေတို့သည် ကလေးများလက်ခံနိုင်ရန်ကျင့်သားရနေသည်ကို ကျော်လွန်ခြင်း၊ ယခင်အတွေ့အကြုံများထက်ကျော်လွန်ခြင်း ။

ပဋိပက္ခများသည် မိသားစုအတွင်းမှ ကလေးအား ဘယ်လိုသက်ရောက် နိုင်သလဲ ။

(၁) ဝင်ငွေဆုံးရှုံးပြီး ကလေးများ အလုပ်လုပ်လာရခြင်း။

(၂) အိမ်တွင်းအကြမ်းဖက်မှု တိုးမြင့်လာခြင်း။

(၃) အိမ်ထောင်ဦးစီးများမှ အကူအညီမရခြင်း။

ပဋိပက္ခသည် ရပ်ရွာအတွင်းမှ ကလေးအပေါ် ဘယ်လိုသက်ရောက်နိုင်သလဲ ။

(၁) စာသင်ကျောင်းများနှင့် ကျန်းမာရေး ဆေးခန်းများ ထိခိုက်ခြင်း၊ ပျက်စီးသွားခြင်း။

(၂) အန္တရာယ်ရှိသော ပတ်ဝန်းကျင်ဆိုသည်မှာ ကလေးများသည် အပေါင်းအဖော်များနှင့် ပြောဆိုတွေ့ဆုံခွင့် သိပ်မရကြခြင်းဖြစ်သည်။

(၃) ရပ်ရွာအတွင်းရှိ တင်းမာမှုများသည် အကြမ်းဖက်မှုကို ဦးတည်နေသည်။

ပဋိပက္ခသည် နိုင်ငံအတွင်းရှိ ကလေးအပေါ် ဘယ်လိုသက်ရောက်နိုင်သလဲ ။


(၁) လုံခြုံမှုမရှိခြင်း ။

(၂) အခွင့်အရေးများ နည်းပါးခြင်း၊ ပစ်ပယ်ခံရခြင်း ။

(၃) ပဋိပက္ခ




- ➲ ဘာကြောင့် စိတ်ဖိစီးမှုများကို ဖြေရှင်းဖို့လိုသလဲ ။ စိတ်ဖိစီးမှုများသည် သိသိသာသာ ကျန်းမာရေးချို့ယွင်းလာစေနိုင်ကြောင်း ရှင်းပြပါ။ စိတ်ဒဏ်ရာ ရစေသော ဖြစ်ရပ်များသည် လူတို့၏ ဘဝများအပေါ်တွင် အချိန်ကာလကြာမြှုစွာ သက်ရောက်မှုရှိနေနိုင်သည်။
- ➲ စိတ်ဖိစီးမှု ခံစားချက်များကို အပြုသဘောဆောင်သော အပြုအမူများဖြင့် ဖြေရှင်းနိုင်သည်။ သို့မဟုတ်ပါက ပိုမိုဆိုးရွားသည့် ပြဿနာများ ဖြစ်လာနိုင်ကြောင်း အဖွဲ့ကို ရှင်းပြပါ။
- ➲ အရေးပေါ်ကာလများတွင် လူတို့အပေါ် သက်ရောက်မှုမှာ အမျိုးမျိုးဖြစ်နိုင်ပြီး မတူညီသည့် ပံ့ပိုးမှုများလိုအပ်သည်။ စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုအတွက် အဓိက စီစဉ်ဆောင်ရွက်ရန်မှာ မတူညီသည့်အဖွဲ့များ (ပုံ ၁ ကိုကြည့်ပါ)၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် မဖြစ်မနေပါရှိရမည့် ပံ့ပိုးမှုအဆင့်ဆင့်စနစ်များ ထားရှိရန်ဖြစ်သည်။ အဆင့်တိုင်းသည် အရေးကြီးပြီး ဂရုစိုက်စီစဉ်သင့်သည်။




<u>လုပ်ဆောင်ချက် ( ၃ )၊ ကစားနည်း</u>

အမှန်တကယ် ကစားပါ။

| | | | | |
|---|---|---|---|---|
| လုပ်ဆောင်ရန် | ⇨ | ငှက် | ⇨⇨⇨⇨ | သီချင်းဆိုသည်။ |
| | | ငါး | ⇨⇨⇨⇨ | ရေကူးသည်။ |
| | | ကလေးများ | ⇨⇨⇨⇨ | ကစားသည်။ |

သီဆိုရန် သီချင်း ⇨ ( Zum Gar Li Gar Li Gar Li Zum Gar Li Gar Li)

( Zum Gar Li Gar Li Gar Li Zum)

( Dar Di Dump Dump Dump Dar Di Dump)2.

Funded by European Union Civil Protection and Humanitarian Aid

❁ ယုံကြည်မှုတည်ဆောက်ပါ

လုပ်ဆောင်ရန်

(ကားမောင်းခြင်း - သရုပ်ဆောင်ပါ ။ ထိုနောက် ပထမလူသည် မျက်မမြင်ယောင်ဆောင်ပြီး အခြားတစ်ယောက်မှာ လမ်းပြပေးသူဟန်ဆောင်ရမည်။ အဖွဲ့တွင် လူနှစ်ဦး ပါဝင်ရမည်ဖြစ်ပြီး တစ်ဦးမှာ မျက်မမြင်ဟန်ဆောင်ရမည်။ ဆောင်ရွက်ရန်မှာမျက်မမြင်သည် အလုပ်အားလုံးကို သူ၏အကူမှ မောင်းနှင်နေသည့် ကားကဲ့သို့ လာထိသည့်အခါတွင် လုပ်ဆောင်ရမည်။

လမ်းပြမှ အရှေ့သို့ သွားစေလိုသည့်အခါတွင် ကျောဘက်မှနေ၍ လူကို တွန်းရမည်။ လမ်းပြမှ လက်ယာဘက်သို့ သွားစေလိုသည့်အခါ လက်ယာဘက်ကို ပုတ်ရမည်ပြီး ဘယ်ဘက်ကို သွားစေလိုသော် လက်ဝဲဘက်ကို ပုတ်ရမည်။

လုပ်ငန်းဆောင်ရွက်မှုများ

(အသံဖြင့် မောင်းနှင်ခြင်း - သရုပ်ဆောင်ပါ) အဖွဲ့တွင် လူနှစ်ဦးပါဝင်ရမည်ဖြစ်ပြီး တစ်ဦးမှ မျက်မမြင်အဖြစ် သရုပ်ဆောင်ရမည် ။ မျက်မမြင်အတွက် အသံပေးရမည်၊ မျက်မမြင်နှင့် ဝေးသည့်နေရာတွင် နေရမည်။ ဥပမာ ကြောင်၊ ခွေး၊ ငှက်၊ စသည့် အသံများပေးနိုင်သည်။

❁ အားလုံးကို တန်းတူညီတူ ဆက်ဆံပါ။

လုပ်ဆောင်ချက်

ကစားရန် စက်ဝန်းပုံစံ ပြုလုပ်ခိုင်းပါ။ သင်တန်းသား/သူအားလုံး စက်ဝိုင်းပြုလုပ်ပါ ။ ပထမတွင် ဦးဆောင်ဆွေးနွေးသူမှ နမူနာပုံစံလုပ်ပြပါ။ ဦးဆောင်ဆွေးနွေးသူမှ သင်တန်းတက်သူများအားလုံးကို နံပါတ်တစ်ခုစီပေးပါ၊ သူတို့သည် ဘယ်နှစ်ပါတ်ရ ထားသည်ကို မသိစေရပါ။ ထို့နောက် သင်တန်း/သူများမှ သူတို့ မည်သူဖြစ်ကြောင်းကို ခန့်မှန်းရမည်။

နံပါတ် (၁) ဆင်းရဲသား/ အလုပ်လက်မဲ့သူ ။

နံပါတ် (၂) ဆင်းရဲသား၊ သို့သော် ဆိုက်ကားနင်းသောအလုပ်ရှိ၊ လမ်းဘေးကလေး

နံပါတ် (၃) အလယ်အလတ်လူ

နံပါတ် (၄) အလယ်အလတ်လူ

နံပါတ် (၅) NGOs INGOs ဝန်ထမ်းများ/ အစိုးရဝန်ထမ်းများ

နံပါတ် (၆) အထက်တန်းလူ/ CEO / သူဌေး၊ ကုမ္ပဏီပိုင်ရှင်

လူအားလုံးကို ရောလိုက်ပြီး သူတို့၏လူနေမှုဘဝပေါ်မူတည်ပြီး ပြောဆိုဆက်ဆံပါ။

မေးရန်

နံပါတ် (၁)၊ (၂)၊ (၃) ခံစားချက် - လူတိုင်း၏ ရှောင်ဖယ်နေခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်းတို့ကြောင့် ဝမ်းနည်း၊ ကြောက်ရွံ့၊ စိတ်ဖိစီးခြင်း၊ ဝိုချင်

နံပါတ် (၄)၊ (၅)၊ (၆) လူတိုင်းမှ လေးလေးစားစားဆက်ဆံခြင်းနှင့် ဂရုစိုက်ခြင်းကြောင့် ပျော်ရွှင်ခြင်း၊ ဂုဏ်ယူခြင်း၊ ကိုယ့်ကိုကိုယ်ယုံကြည့်မှုရှိခြင်း

လေ့လာရမှု။ ကလေးတိုင်းကို တန်းတူညီတူ ဆက်ဆံသင့်သည်။

❁ သူတို့အသံများကို နားထောင်ပါ ။

လုပ်ဆောင်ချက်။ သင်တန်းတက်သူအားလုံးကို စက်ဝန်းအကြီးလုပ်ခိုင်းပါ။ ဦးဆောင်ဆွေးနွေးသူမှ မျက်လုံးများကို မှိတ်ခိုင်းပြီး သူတို့ကြားသိသောအသံကို နားထောင်ပြီး ကျက်မှတ်ခိုင်းပါ။

လေ့လာရမှု။ ကလေးတွေနှင့်အလုပ်လုပ်လျှင် အာရုံစိုက်သင့်ပြီး သူတို့၏အသံကို ဂရုတစိုက်နားထောင်သင့်သည်။ သူတို့ပြောစကားများကို ကြားနိုင်ရန်အတွက် အာရုံစိုက်နားထောင်သင့်သည်။

Funded by European Union Civil Protection and Humanitarian Aid

- သင့်၏စိတ်ခံစားချက်များကို ဂရုစိုက်ပါ ။

  လုပ်ဆောင်ချက်။ သင်တန်းတက်သူများသည် သူတို့ခံစားရသည်များကို ရုပ်ပုံရေးဆွဲရမည်။ သူတို့ရေးဆွဲထားသည့် ပုံကိုအခြားသူများကို ရှင်းပြရမည်။

  လေ့လာရမှု။ ကလေးတွေဘယ်လိုခံစားရသည်ကို သိလိုပါက / ရုပ်ပုံရေးဆွဲခြင်းသည် ကလေးများအတွက်သင့်တော ပြီးထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်သည်။

- စံပြ ဖြစ်အောင် နေထိုင်အပ်ပါ။

  လုပ်ဆောင်ချက်။ ဤကစားနည်းမှာ တောင်ပေါ်မှ မီး (ပြေး၊ ပြေး၊ ပြေး) ဖြစ်သည် ။ အဖွဲ့ (၂) ဖွဲ့ဖြစ်အောင် ပြေးဖွဲ့ပါ။ ပထမ စုံတွဲတစ်စုံကိုရလျှင် တစ်ဦးကို မှန်အဖြစ်နေခိုင်းပါ ။ အခြားသူမှ မှန်ကို ကြည့်ရမည်။

  ဦးဆောင်ဆွေးနွေးသူမှ ဦးဆောင်မေးရန်။

  မှန်ကဘာကိုပြသလဲ ။ လူတစ်ဦးငိုလျှင် မှန်တွင်လည်း ငိုနေရမည်။ လူတစ်ဦး ကစားလျှင် မှန်တွင်းမှအရုပ်လည်း ကစားရမည်။

  လေ့လာရမှု။ မှန်ကဲ့သို့ ဆရာ/မများ၏ အပြုအမူများသည် သူတို့ကို ဂရုတစိုက်နှင့် တလေးတစား ဆက်ဆံလျှင် သူတို့ပျော်ရွှင်လိမ့်မည်။ ထို့ကြောင့် ဦးဆောင်ဆွေးနွေးသူသည် ကလေးများအတွက် စံနမူနာဖြစ်ရမည်ဖြစ်ပြီး ကလေးများသည် သူတို့အပေါ်ဆက်ဆံသကဲ့သို့ ပုံတူကူးယူကြသည်။

ခန္ဓာကိုယ်ဘာသာစကားကို သိပါ။

လုပ်ဆောင်ချက်။ စုံတွဲတစ်တွဲ တွဲစေပြီး တစ်ဦးအား အခြားသူတစ်ဦးအပေါ် စိတ်ဆိုးဟန်ဖြင့် နေခိုင်းပါ။ ထို့နောက်ထိုသူမှ ချစ်စဖွယ်အမူအယာဖြင့် တဖန် နေခိုင်းပါ။

လေ့လာရမှု။ ဘယ်သူမှ စိတ်ဆိုးဟန်ကို မနှစ်သက်ဘဲ ချစ်စဖွယ်အမူအယာကိုသာ နှစ်သက်သည်။ ထို့ကြောင့် ဦးဆောင်ဆွေး နွေးသူသည် ခန္ဓာကိုယ်အပြုအမူကို ဂရုစိုက်ရမည်ဖြစ်ပြီး ကလေးများအား အပြုံးနှင့် နူးညံ့သိမ်မွေ့စွာ ဆက်ဆံရမည်။

## နောက်ဆက်တွဲ ( ၂.၅ )
## ဦးဆောင်ဆွေးနွေးသူ မှတ်စု - စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း

လုပ်ဆောင်ချက် ( ၁ )၊ အဆင့် ( ၁ )

School Safety Plan (SSP) အကောင်အထည်ဖော်ဆောင်မှုကို စောင့်ကြည့်လေ့လာပါ။

နားလည်မှုလိုအပ်ချက်များရှိလျှင် အောက်ပါနည်းလမ်းများဖြင့် လိုအပ်ချက်များကို ရှင်းလင်းပါ။

( ၁ ) လစဉ် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမတိုင်မီ၊ ကော်မတီဥက္ကဋ္ဌနှင့် တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့ဝင်အသီးသီးမှ စောင့်ကြည့်လေ့လာရေးပုံစံကို SSP အကောင်အထည်ဖော်ဆောင်ရေး တိုးတက်မှုအတွက်မှတ်တမ်း ပြုနိုင်ရန်အတွက် ဖြည့်စွက်ရမည်။

( ၂ ) လစဉ် စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ School Disaster Managemt Comitte (SDMC) အစည်းအဝေးတွင် SDMC ဥက္ကဋ္ဌ နှင့်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင်သည် တစ်လအတွင်း ဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းစဉ် အောင်မြင်မှုနှင့် ကြုံတွေ့ရသည့် အခက်အခဲ နောက်ဆုံးအခြေအနေများကို တင်ဆက်သင့် သည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

( ၃ ) School Disaster Managemt Comitte (SDMC) ဥက္ကဋ္ဌနှင့်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ခေါင်;ဆောင်သည်တစ်လအတွင်း ( SSP )အကောင်အထည်ဖော်ဆောင်ရာတွင် အသုံးပြုသည့် ငွေကြေးကိစ္စကိုတင်ပြရမည်။ အစည်းအဝေးရေးသားပြုစုထားသည့်အထောက်အထားများယူဆောင်လာရမည်။

( ၄ ) အခက်အခဲများကို တွေ့ရှိလျှင် SDMC နှင့် ဆရာ/မများသည် စီစဉ်ကို ပြန်လည်ညှိရမည်။ သို့မှသာ နောင်လများတွင် အစီအစဉ်သည် တိုးတက်အောင်မြင်နိုင်မည်ဖြစ်သည်။

( ၅ ) SDMC ဥက္ကဋ္ဌ နှင့် တုံ့ပြန်ဆောင်ရွက်ရေး ခေါင်းဆောင်အသီးသီးသည် နောက်လအစီအစဉ်ကို တင်ပြရမည်။ နောက်လအတွက် ပြုပြင်မှုများလုပ်ဆောင်ရန်လိုအပ်ပါက လုပ်ဆောင်ရမည်။

( ၆ ) နောက်လအတွင် နောက်ဆုံးအခြေအနေနှင့် အစီအစဉ်သည် အစည်းအဝေးမှတ်တမ်းတွင် ပါဝင်ရမည်။

စာသင်ကျောင်းဘေးကင်းလုံခြုံရေး အစီအစဉ် (SSP) စောင့်ကြည့်လေ့လာရေးနှင့် သုံးသပ်ရေးပုံစံ

| SSP မှ လုပ်ငန်း | တာဝန်ရှိသူ | ပြီးဆုံးရမည့် အချိန် | အကောင်အထည်ဖော်ဆောင်မှု | | | ရလဒ် | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြီး | ပြီးဆုံး | တစ်ဝက် | A | B | C | D | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | t | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

လုပ်ဆောင်ချက်( ၂ )၊ အဆင့်( ၂ )

SSP ၏ ထိရောက်မှုကို စောင့်ကြည့်လေ့လာခြင်း ( သုံးသပ်ခြင်း )

ကွာဟချက်များရှိလျှင် အောက်ပါနည်းလမ်းများဖြင့် ပြဿနာကို ရှင်းလင်းပါ ။

( ၁ ) SSP အသစ်ကို ပြုစုရေးသားမှုမပြုလုပ်ခင် တစ်နှစ်လျှင်တစ်ကြိမ် SDMC နှင့် တာဝန်ရှိ ဆရာ/မများသည် စာသင်ကျောင်းဘေးအန္တရာယ်အတွက် အဆင့်သင့်ရှိ/မရှိကို လေ့လာရန်အတွက် ဆောင်ရွက်ရန်စာရင်းကို လမ်းညွှန်အဖြစ်အသုံးပြု၍ ကိုယ်တိုင် သုံးသပ်လေ့လာမှု ပြုလုပ်သင့်သည်။

( ၂ ) အစည်းအဝေးပြုလုပ်နေစဉ် SDMC အဖွဲ့ဝင်များ နှင့် တာဝန်ရှိဆရာ/မများသည် အောင်မြင်နေသည့်လုပ်ငန်းများ နှင့် နောင်နှစ်တွင် တိုးတက်အောင်လုပ်ဆောင်ရန် လိုအပ်နေသည့်လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။ ၎င်းသည် နောင်နှစ်အစီအစဉ်ကို အသိပေးရာရောက်မည်ဖြစ်သည်။

SDMC နှင့် တာဝန်ရှိဆရာ/မများသည် ကိုယ်တိုင်သုံးသပ်လေ့လာမှု ပြုစဉ်အချိန်အတွင်းတွင် အတတ်နိုင်ဆုံးရိုးသားမှုရှိရမည်။ တိုးတက်ရန် လိုအပ်သောလုပ်ငန်းများကို ဖော်ပြခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်လာမည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ကိုယ်ပိုင်လိုအပ်ချက်များကိုသိရှိရန်နှင့်အနာဂတ်အတွက် တိုးတက်အောင်လုပ်ဆောင်ရန် အခွင့်အရေး အလွန်နည်းပါးသည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

လုပ်ဆောင်ချက်( ၃ )၊ အဆင့်( ၃ )

စာသင်ကျောင်းဘေးကင်းလုံခြုံရေး စောင့်ကြည့်လေ့လာရေး ဆောင်ရွက်ရန်စာရင်း

ကမ္ဘောဒီးယားနိုင်ငံ

နိုင်ငံတော်ဘာသာရေးဘုရင်

ပညာရေးဝန်ကြီးဌာန၊ လူငယ်နှင့် အားကစား

ကလေးပျော်စာသင်ကျောင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်မှု စောင့်ကြည့်လေ့လာရေးနှင့် သုံးသပ်မှု

ဆောင်ရွက်ရန်စာရင်း

မြို့တော်/ခရိုင် .................................................... စည်ပင်/ခရိုင်/Khan/ .................................................... commune/Sangkat

ကျေးရွာ

စာသင်ကျောင်းအုပ်စု.................................................... စာသင်ကျောင်း .................................................... ဒါရိုက်တာ အမြန်

ကျား/မ

.................................................... ရာထူး

ရက်စွဲ၊ နေ့ ....................................................လ ....................................................နှစ် .................................................... စုစုပေါင်း

ကျောင်းသား/သူ -.................................................... မိန်းကလေး ....................................................

| လုပ်ငန်းကြီးများ | လုပ်ငန်းအသေးစိတ် | အကောင်အထည်ဖော်ဆောင်မှု | | | ရလဒ် | | | |
|---|---|---|---|---|---|---|---|---|
| | | မရှိ | ရှိ/ တစိတ် တပိုင်း | ပုံမှန် | D | C | B | A |
| | | | | | သာမန်အောက် | သင့် | အသင့် ကောင်း | ကောင်း |
| ဒေါက်တိုင် ( ၁ )၊ ဘေးကင်းလုံခြုံသော စာသင်ကျောင်း ပတ်ဝန်းကျင် | | | | | | | | |
| ၁.၁။ ဘေးကင်းလုံခြုံသော စာသင်ကျောင်း တည်ဆောက်ရေး | -ဘေးကင်းသော စာသင်ကျောင်း တည်နေရာ ရွေးချယ်ခြင်း | | | | | | | |
| | ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်းပုံစံ (သိထားသော/မျှော်လင့်ထားသော အန္တရာယ်များ) | | | | | | | |
| | အရည်အသွေးရှိ ပစ္စည်းများ ဝယ်ယူခြင်း | | | | | | | |
| | ဆောက်လုပ်ရေးပိုင်း ကြီးကြပ်မှု | | | | | | | |
| | ဘဏ္ဍာရေး စစ်ဆေးခြင်း | | | | | | | |
| | စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်း လွှဲပြောင်းပေးရန် ညွှန်ကြားချက် | | | | | | | |

| လုပ်ငန်းကြီးများ | လုပ်ငန်းအသေးစိတ် | အကောင်အထည်ဖော်ဆောင်မှု | | | ရလဒ် | | | |
|---|---|---|---|---|---|---|---|---|
| | | မရှိ | ရှိ/ တစ်စိတ် တပိုင်း | ပုံမှန် | D | C | B | A |
| | | | | | သာမန်အောက် | သင့် | အသင့် ကောင်း | ကောင်း |
| ၁.၂ စာသင်ကျောင်း အားလုံးသည် ဘေးကင်းသော စာသင်ကျောင်းများ ဖြစ်သင့်သည်။ | စာသင်ကျောင်း မြေစည်းရိုး နှင့် ဝင်ပေါက်များ တည်ဆောက်ခြင်း | | | | | | | |
| | အခန်းဖွဲ့စည်းပုံ နှင့် အရေးပေါ်ရွှေ့ပြောင်းရန်နှင့် အသက်ရှင်ကျန်ရန်အတွက် စာသင်ခန်းများအား ပြုပြင်ထားမှု | | | | | | | |
| အရင်းအမြစ်အားလုံးမှ ဘေးဖြစ်နိုင်ခြေများကို စာသင်ကျောင်း ဘေးကင်းလုံခြုံရေး အစီအစဉ်ထားရှိခြင်းအားဖြင့် လျော့နည်းစေခြင်း | အဆောက်အအုံအားလုံးနှင့် အဆောက်အအုံပိုင်းမဟုတ်သည့် ပုံပိုးပစ္စည်းများ၊ ကစားကွင်း စသည်တို့သည် ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်နှင့် မဆိုင်သည့် ဘေးဖြစ်နိုင်ခြေများမှ ဘေးကင်းခြင်း | | | | | | | |
| | စာသင်ကျောင်း ဥယျာဉ်နှင့် သစ်ပင်များ စိုက်ပျိုးခြင်း | | | | | | | |
| | စာသင်ကျောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင် | | | | | | | |
| | ဘေးအန္တရာယ်များကိုကာကွယ် ရန် လုပ်ငန်းများနှင့် ရုပ်ပိုင်း ဆိုင်ရာ အခြေခံ အဆောက်အအုံများ | | | | | | | |
| | ရေကြီးမှုကို ကာကွယ်ရန် မိလ္လာစနစ် ကောင်းထားရှိခြင်း ကဲ့သို့သော လုပ်ငန်း | | | | | | | |
| | လျှပ်စစ်ကြောင့်ဖြစ်သည့် ဘေးဖြစ်နိုင်ခြေများကို ကာကွယ်ရန် လုပ်ငန်းများ | | | | | | | |
| | မီးဘေးအန္တရာယ်ကြောင့်ဖြစ်သည့် ဘေးဖြစ်နိုင်ခြေများကို ကာကွယ်ရန် လုပ်ငန်းများ | | | | | | | |
| | စာသင်ကျောင်း မြေစည်းရိုးမှ အန္တရာယ်များကို ကာကွယ်ရန် လုပ်ငန်းများ | | | | | | | |
| | ရေကန်၊ ရေတွင်း၊ ကွဲအက်နေသည့် ခေါင်မိုးတို့၏ အန္တရာယ်များကို ကာကွယ်ရန် လုပ်ငန်းများ | | | | | | | |
| | ထိခိုက်ဒဏ်ရာရရှိစေနိုင်သည့် သစ်ပင်အိုများကို စစ်ဆေးပါ | | | | | | | |

| လုပ်ငန်းကြီးများ | လုပ်ငန်းအသေးစိတ် | အကောင်အထည်ဖော်ဆောင်မှု | | | ရလဒ် | | | |
|---|---|---|---|---|---|---|---|---|
| | | မရှိ | ရှိ/ တစိတ် တပိုင်း | ပုံမှန် | D | C | B | A |
| | | | | | သာမန်အောက် | သင့် | အသင့် ကောင်း | ကောင်း |
| | ကျောင်းသား/သူများမှ အိမ်သို့ခြေလျင်ပြန်သည်ကို လေ့လာရန် | | | | | | | |
| | ကျောင်းသား/သူများမှ အိမ်ကို ရေလမ်းခရီး၊ မြစ် စသည်ကို ဖြတ်ကူး၍ သွားလာခြင်း ။ | | | | | | | |
| ယာဉ်ကြောပိတ်ဆို့မှု ထိန်းသိမ်းရေး လုပ်ဆောင်မှုများ | မသန်စွမ်း ကျောင်းသား/သူများ အတွက် လမ်းကြောင်းများ ပြင်ဆင်ခြင်း | | | | | | | |
| | ယာဉ်လမ်းကြောင်းရှင်းလင်းရေး သင်္ကေတများ၊ ကျောင်းသား/သူများမှ အိမ်အပြန်အခက်အခဲမရှိစေရန် ပံ့ပိုးမှုများ | | | | | | | |
| | စာသင်ကျောင်း (သို့) စာသင်ခန်းများမှ ကျောင်းသားများ အရေးပေါ်ရွှေ့ပြောင်းရေးတွင် လွတ်မြောက်ရာလမ်းကြောင်းကို ရှာဖွေဖော်ထုတ်ထားခြင်း | | | | | | | |
| | လမ်းကြောင်းနှင့် ထွက်ပေါက်များ ကို ပုံမှန် စောင့်ကြည့်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း | | | | | | | |
| ၁.၄ ရေနှင့် မိလ္လာ အသုံးအဆောင်များ | မိုးရာသီနှင့် ခြောက်သွေ့ရာသီ နှစ်ခုစလုံးတွင် ရေသန့်ပံ့ပိုးမှုများ | | | | | | | |
| | အသုံးပြု ပစ္စည်းများ (ရေတိုင်ကီ၊ ရေစစ် ..) | | | | | | | |
| | ကျောင်းသား/သူများအတွက် သောက်ရေသန့်နှင့်အသုံးပြုမှု အရည်အသွေးသေချာစစ်ဆေးမှု | | | | | | | |
| | မိန်းကလေးများနှင့် ယောကျ်ားလေးများအတွက် လုံလောက်မှုရှိသော သီးသန့် အိမ်သာများ | | | | | | | |
| | အိမ်သာများအသုံးပြုမှု နှင့် ပြင်ဆင်ခြင်း | | | | | | | |
| | အိမ်သာအတွင်းရှိ ကိရိယာများ | | | | | | | |

| လုပ်ငန်းကြီးများ | လုပ်ငန်းအသေးစိတ် | အကောင်အထည် ဖော်ဆောင်မှု | | | ရလဒ် | | | |
|---|---|---|---|---|---|---|---|---|
| | | မရှိ | ရှိ/ တစိတ် တပိုင်း | ပုံမှန် | D သာမန်အောက် | C သင့် | B အသင့် ကောင်း | A ကောင်း |
| ၁.၅ အာဟာရ၊ အစားအစာ ဘေးကင်းမှု နှင့် ကျန်းမာရေး အလေ့ အကျင့်များ | ကျောင်းသား/သူများအား သန့်သန့်ရှင်းရှင်း စား၊ သောက်၊နေထိုင်ရန် ပညာပေးခြင်း | | | | | | | |
| | မုန့်အရောင်းစတိုးဆိုင်များတွင် ကျန်းမာရေး | | | | | | | |
| | သကြားအရောင်၊ ဆေးဝါးများ၊ ဓာတုပစ္စည်းများ ပါဝင်၍ကျန်းမာရေးအား ဆိုးကျိုးသက်ရောက်စေနိုင်သည့် အစားအစာများနှင့် ပတ်သက်၍ကျောင်းသား/ သူများအား ပညာပေးခြင်း | | | | | | | |
| | စာသင်ကျောင်းအတွင်းရောင်းချသော အစားအစာများကို လေ့လာခြင်း | | | | | | | |
| ၁.၆ သင်ကြားရေးပတ်ဝန်းကျင် နှင့် ကလေး ကာကွယ်ရေး လုပ်ဆောင်မှုများ | ဆရာ/မများမှ ကလေးဗဟိုပြု သင်ကြားရေးနည်းလမ်းများကို အသုံးပြုခြင်း | | | | | | | |
| | ဆရာ/မများမှ ကျောင်းသား/သူများအား ယဉ်ကျေးသည့် အပြောအဆိုများဖြင့် ပြောဆိုခြင်း | | | | | | | |
| | ဆရာ/မများမှ လုံလောက်သည့် ပစ္စည်းကိရိယာများအသုံးပြုခြင်း | | | | | | | |
| | လေ့လာသင်ယူမှု နောင့်နေးသူများအား အထူးပံ့ပိုးအားပေးမှု | | | | | | | |
| | ဆရာ/မများအား စာသင်ခန်းစီမံခန့်ခွဲမှု၊ ခန္ဓာကိုယ်အားထိခိုက်နာကျင်စေသည့် ပြစ်ဒဏ်များကို ရှောင်နိုင်မည့် အခြားနည်းလမ်းများ စသည်တို့ကဲ့သို့ သင်ကြားရေး နည်းစနစ်များအတွက် သင်တန်းပေးခြင်း | | | | | | | |
| | လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများကို အကာအကွယ်ပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အပေါ်တွင် နားလည်လာခြင်း | | | | | | | |
| | ဆရာ/မများနှင့် ကျောင်းသား/သူများအတွက် စာသင်ခန်းအတွင်း စည်းမျဉ်း (သို့) စံပြုအပြုအမူကောင်းများ | | | | | | | |

| လုပ်ငန်းကြီးများ | လုပ်ငန်းအသေးစိတ် | အကောင်အထည်ဖော်ဆောင်မှု | | | ရလဒ် | | | |
|---|---|---|---|---|---|---|---|---|
| | | မရှိ | ရှိ/ တစိတ်တပိုင်း | ပုံမှန် | D | C | B | A |
| | | | | | သာမန်အောက် | သင့် | အသင့် ကောင်း | ကောင်း |
| | ဆရာ/မများနှင့် ကျောင်းသား/သူများအတွက် စာသင်ခန်းအတွင်း စည်းမျဉ်း (သို့) စံပြအပြုအမူကောင်းများကို ပညာပေးခြင်း | | | | | | | |
| | ရှေးဦးပြုစုရေး သေတ္တာအဆင့်သင့်ရှိခြင်း | | | | | | | |
| | ကျေးရွာများတွင် ကလေးဘေးကင်းလုံခြုံရေး ကွန်ယက်များ ဖွဲ့စည်းခြင်း | | | | | | | |
| ဒေါက်တိုင် (၂)၊ စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု | | | | | | | | |
| ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု | ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ကို ကလေးများ၊ ဆရာ/မများ၊ မိဘ နှင့် ကျောင်းပံ့ပိုးရေးကော်မတီ များပါဝင်မှုဖြင့် ဖွဲ့စည်းခြင်း | | | | | | | |
| | ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အခန်းကဏ္ဍနှင့် တာဝန်များကို သတ်မှတ်ခြင်း | | | | | | | |
| | ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေး အစီအစဉ်ကို ပြုစုရေး ဆွဲခြင်းနှင့် အကောင်အထည် ဖော်ဆောင်ခြင်း | | | | | | | |
| | စာသင်ကျောင်းအရေးပေါ် ကြိုတင်ပြင်ဆင်ရေးအစီအစဉ် ပြုစုရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း | | | | | | | |
| | ဘေးအန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် အရေးပေါ် သုံးပစ္စည်းများ | | | | | | | |
| | ဘေးအန္တရာယ်များအတွက် အရေးပေါ်ကြိုတင်သတိပေးရေး စနစ် ထားရှိခြင်း (မိုက်ခရိုဖုန်း၊ ခရာ၊ ဥသြ နှင့် သတင်း အချက်အလက်ကြေညာသင်ပုန်း) | | | | | | | |
| | ဘေးကင်းလုံခြုံရေး သင်္ကေတများ ပြုစုခြင်းအန္တရာယ်ရှိသောနေရာများတွင် သတိပေးသင်္ကေတများ ထားရှိခြင်း | | | | | | | |
| | ဘေးအန္တရာယ်ကိုတုံ့ပြန်ဆောင်ရွက်ရန် အတွက် စာသင်ကျောင်းတွင် အစမ်းလေ့ကျင့်ခန်းများကို လေ့ကျင့်ခြင်းနှင့် တိုးတက်အောင်ပြုလုပ်ခြင်း | | | | | | | |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

| လုပ်ငန်းကြီးများ | လုပ်ငန်းအသေးစိတ် | အကောင်အထည်ဖော်ဆောင်မှု | | | ရလဒ် | | | |
|---|---|---|---|---|---|---|---|---|
| | | မရှိ | ရှိ/ တစိတ်တပိုင်း | ပုံမှန် | D | C | B | A |
| | | | | | သာမန်အောက် | သင့် | အသင့် ကောင်း | ကောင်း |
| | စာသင်ကျောင်းများကို အရေးပေါ်ခိုလှုံရာအဖြစ်အသုံးပြုခြင်း အပါအဝင် ပညာရေးကို ရေရှည် တည်တံ့ မှုရှိစေရေး သေချာစေရန် ဘေးကင်း လုံခြုံရေး အစီအစဉ်ကို ပြုခြင်း၊ | | | | | | | |
| | ဘေးအန္တရာယ်ဖြစ်နေစဉ်အချိန်အတောအတွင်းတွင် စာသင်ကျောင်းပစ္စည်းများနှင့် စာရွက်စာတမ်းများကို ပြုစုထိန်းသိမ်းခြင်း | | | | | | | |
| | စာသင်ကျောင်းပံ့ပိုးမှုကော်မတီနှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအား ဘေးအန္တရာယ်ဖြစ်နေစဉ်အချိန်အတောအတွင်းတွင် သင်ကြားရေးအတွက် ပံ့ပိုးမှုပစ္စည်းများရှာဖွေချယ်ရာတွင် ဆက်သွယ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေ | | | | | | | |
| ဒေါက်တိုင် ၃ - ဘေးဖြစ်နိုင်ခြေ လျှော့ချရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသော ပညာရေး | | | | | | | | |
| ဘေးဖြစ်နိုင်ခြေ လျှော့ချရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိသောပညာရေး | ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို မူလတန်း သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းခြင်း | | | | | | | |
| | ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအား ဆရာ/မများအတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း | | | | | | | |
| | ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို အခြားဘာသာရပ်များတွင် ထည့်သွင်းခြင်း | | | | | | | |
| | ဘေးအန္တရာယ်ဖြစ်နေစဉ်အချိန်အတောအတွင်းတွင် ကျောင်းသား/သူများအတွက် ဆောင်ရန်/ရှောင်ရန်များကို ပုံမှန် ပညာပေးပြသခြင်း | | | | | | | |
| | ရှေးဦးပြုစုခြင်း၊ ကာကွယ်ခြင်းနှင့် ဘေးအန္တရာယ်အတွက် တုံ့ပြန်ဆောင်ရွက်မှုအတွက် သင်တန်းများ | | | | | | | |

နိဂုံး ------------------------------------------------------------

------------------------------------------------------------

------------------------------ ရက်စွဲတွင် ပြုလုပ်သည်

ကျောင်းညွှန်ကြားရေးမှူး၏ ထင်မြင်ချက်

------------------------------------------------------------

------------------------------------------------------------

လက်မှတ် နှင့် အမည်

Funded by European Union Civil Protection and Humanitarian Aid

## နောက်ဆက်တွဲ ( ၂.၆ )
## စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကိုကျေးရွာ၊ ကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့်ဖြင့် ချိတ်ဆက်ခြင်း

ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု

မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အခန်းကဏ္ဍများနှင့် တာဝန်များမှာ -

( ၁ ) သတင်းအချက်အလက်နှင့် အသိပညာပေးခြင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ပွဲကို စီစဉ်ရန်နှင့် ဖြန့်ဝေရန် ။

( ၂ ) ကြိုတင်သတိပေးရေးကို သေချာစေရန်နှင့် သတိပေးအချက်အလက်များ ပုံမှန်နောက်ဆုံးအခြေအနေရှိနေစေရန် ။

( ၃ ) ကယ်ဆယ်ရေးစခန်းများကို အဆင်သင့်အခြေအနေရှိနေစေရန် ပြုပြင်ထိန်းသိမ်းရန်နှင့် ရှာဖွေရန်။

( ၄ ) ဘေးအန္တရာယ်နှင့်ဆိုင်သည့် အချက်အလက်များကို ရှာဖွေစုဆောင်းရန်နှင့် ပုံမှန် ပြုပြင်ရန်။

( ၅ ) ရပ်ရွာလူထုအား ဘေးအန္တရာယ်ဖြစ်ပွားသည့်အချိန်တွင် ယာယီခိုလှုံရာနေရာသို့ ရွှေ့ပြောင်းရေးကို ကြီးကြပ်ရန်။

( ၆ ) တိရိစ္ဆာန်များကို ဘေးကင်းရာသို့ရွှေ့ပြောင်းရာတွင် ပံ့ပိုးကူညီမှုပေးရန်။

( ၇ ) ရှာဖွေကယ်ဆယ်ရေး၊ ဆေးဝါးအကူအညီနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို စောနိုင်သမျှစောအောင် စတင်လုပ်ကိုင်ရန်။

( ၈ ) ဘေးဒဏ်ခံရသည့်နေရာများတွင် ဥပဒေ၊ အမိန့်နှင့် လုံခြုံမှုကို ထိန်းသိမ်းရန်။

( ၉ ) ရုပ်အလောင်းများကို စနစ်တကျ သင်္ဂြိုဟ်ရန်။

( ၁၀) ထိခိုက်ပျက်စီးမှုများကို စနစ်တကျ မှတ်တမ်းပြုစုရန် ။ ပျောက်ဆုံးမှုများတွင် မှတ်တမ်းဓာတ်ပုံများလည်း ပါဝင်သည်။

( ၁၁) အခြေအနေကို အထက်အာဏာပိုင်ထံသို့ ချက်ချင်းနှင့် မြန်မြန် အသိပေးရန် ။

( ၁၂) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

( ၁၃) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ပညာရေးရုံးနှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

( ၁၄) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့နယ်ပညာရေးရုံး နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ရုံးထံသို့ တင်ပြထားရန် လိုအပ်သည်။

( ၁၅) စာသင်ကျောင်းပြင်ပမှ အဆက်အသွယ်များကို စုဆောင်းထားသင့်သည်။

( ၁၆) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများကို မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများဖြင့် ချိတ်ဆက်နိုင်စေရန် မြို့နယ်ပညာရေးမှူးနှင့် ကျောင်းဆရာ/မများကို မြို့နယ်နှင့် ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့၏ အဖွဲ့ဝင်များအဖြစ် ကောင်းစွာထားရှိသင့်သည်။ ထို့အပြင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီသည်လည်း ကျေးရွာအုပ်စုနှင့်ကျေးရွာဖွံ့ဖြိုးရေး ပံ့ပိုးမှုကော်မတီများနှင့် ထိထိရောက်ရောက် ချိတ်ဆက်မှုရှိနေသင့်သည်။ အထူးသဖြင့် စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အတွက်လိုအပ်သော စီမံချက်များနှင့် လုပ်ငန်းများအတွက် လိုအပ်သော အရင်းအမြစ်များကို ရှာဖွေရန်အတွက် ယင်းကော်မတီ၏ ပံ့ပိုးမှုကို လိုအပ်မည် ဖြစ်သည်။

( ၁၇) TDSC သည် နိုင်ငံသားများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့များ အတွက် မြို့နယ်ဖွံ့ဖြိုးရေးအစီအစဉ်၏လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များအပေါ်တွင် လွှမ်းမိုးမှုရှိစေရန် အတွက် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းကို ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီများမှ အသုံးပြုနိုင်ပြီး ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်တွင် ပြုစုရေးဆွဲထားသောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရန်အတွက် ရံပုံငွေပံ့ပိုးမှုကို ရှာဖွေရန်အတွက်လည်း အကူအညီရယူနိုင်သည်။

( ၁၈) စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ကို ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များတွင် အထူးဖော်ပြသင့်သည်။ ၎င်းမှာ ကျေးရွာနှင့် ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်၏ HVCA ဘေးဖြစ်နိုင်ခြေ ဆန်းစစ်ချက်မှ အရေးပါသည့် အရင်းအမြစ်များ၊ စွမ်းဆောင်ရည်နှင့် ထိခိုက်လွယ်မှုများလည်းဖြစ်သည်။ စာသင်ကျောင်းများကို အရေးကြီးသည့် ပံ့ပိုးမှု ပစ္စည်းအဖြစ် စာရင်းပြုစုထားသင့်သည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

(၁၉) အရေးပေါ်သတိပေးသည့်အခါတွင် စာသင်ကျောင်းကို အရေးကြီးသည့် ပံ့ပိုးမှုနေရာအဖြစ် သတ်မှတ်ထားသင့်ပြီး ရွှေ့ပြောင်းဆောင်ရွက်ရန် လိုအပ်သည့်အခါတွင် အထူးအကူအညီလိုအပ်သော နေရာအဖြစ် သတ်မှတ်ထားသင့်သည်။ စာသင်ကျောင်းတို့သည် ရပ်ရွာ၏အထူးဂရုပြုစရာနေရာတစ်ခုဖြစ်နေသင့်ပြီး လူထုအသိပညာပေးရေး ဆောင်ရွက်သည့်အခါတွင်လည်း စာသင်ကျောင်းတစ်ခုတည်းအတွက်မဟုတ်နေဘဲ ကျေးရွာ၊ ကျေးရွာအုပ်စုတစ်ခုလုံးအတွက် အသုံးပြုနိုင်မည့် နေရာတစ်ခုဖြစ်သင့်သည်။

(၂၀) စာသင်ကျောင်းနှင့် ရပ်ရွာအတွက် အစမ်းလေ့ကျင့်ခန်းများကို အရှိန်မြှင့် တပြိုင်တည်းပြုလုပ်သင့်သည်။ ယင်းသို့ မဆောင်ရွက်နိုင်လျှင်ပင် ရပ်ရွာအစီအစဉ်ကို လေ့ကျင့်နေစဉ်အတွင်း စာသင်ကျောင်းသည် လေ့ကျင့်ခန်းကိုဆောင်ရွက်ရန် အရေးကြီးသည့် ရပ်ရွာအရင်းအမြစ်တစ်ခုနှင့် အသုံးအဆောင်တစ်ခုအဖြစ် ရှိနေနိုင်သည်။

(၂၁) စာသင်ကျောင်းအဆင့်တွင် ကျောင်းအုပ်ဆရာ/မနှင့် စာသင်ကျောင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုကောင်မတီသည် ကျေးရွာ၊ ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အစီအစဉ်ကို ကောင်းစွာချိတ်ဆက်မှုရှိနေစေရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။

(၂၂) တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ကျေးရွာအုပ်စု အဆင့်များနှင့် စာသင်ကျောင်းအဆင့်တို့တွင် စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကို ထိထိရောက်ရောက်ဆောင်ရွက်စေနိုင်ရန် မူဝါဒများ၊ လမ်းညွှန်ချက်များ ပံ့ပိုးပေးခြင်း၊ အထူးသဖြင့် နေရာဒေသ ဆန်းစစ်လေ့လာချက်၊ စီမံကိန်း၊ ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုကြို တင်ပြင်ဆင်မှုများကို ပုံမှန်စာသင်ကျောင်း စီမံခန့်ခွဲမှုနှင့် တိုးတက်ရေး အစီအစဉ်များတွင် ပံ့ပိုးပေးသင့်သည်။

(၂၃) စာသင်ကျောင်းတိုင်းတွင် စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများကို ပံ့ပိုးပေးပြီး စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပံ့ပိုးမှုများပေးခြင်းတို့ကိုပြုလုပ်ပေးရမည်။ယင်းသို့ပြုလုပ်ရာတွင် ဤလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသော ဝန်ထမ်း၊ ကျောင်းသား/သူများ၊ မိဘများနှင့် ရပ်ရွာမှ ပါဝင်ပတ်သတ်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

(၂၄) လုပ်ငန်းဆောင်ရွက်ရေး စံချိန်စံနှုန်းများကို လိုအပ်သလို ကျင့်သုံးရမည်ဖြစ်ပြီး စာသင်ကျောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များ၊ ကြိုတင်သတိပေးနိုင်ခြင်း ရှိသောအန္တရာယ်များနှင့် မရှိသောအန္တရာယ်များ၊ "ဝပ်၊ကာ၊ ကိုင်ထားပါ၊" အလေ့အကျင့်ကို ထည့်သွင်းဆောင်ရွက်ခြင်း၊ အရေးပေါ်ရွှေ့ပြောင်းရေး ဆောင်ရွက်ခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ အဆောက်အအုံအတွင်း အကာအကွယ်ယူခြင်း၊ အတွင်းတွင် ပိတ်လှောင်အကာအကွယ်ယူခြင်းနှင့် ဘေးကင်းစွာ မိသားစု ပြန်လည်ပေါင်းစည်းရေး ကဏ္ဍများတွင်လည်း ကျင့်သုံးရမည်ဖြစ်သည်။

(၂၅) စာသင်ကျောင်းများသည် DMH မိုးလေဝသနှင့်ဇလဗေဒ ဦးစီးဌာန , RRD ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှုးရုံးနှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်းတို့မှ ကြိုတင်သတိပေးချက်ကို လက်ခံရရှိနိုင်စေရန် စီစဉ်ထားရမည်။ သို့မှသာ သူတို့၏ စာသင်ကျောင်း ကြိုတင်ပြင်ဆင်ရေးအစီအစဉ်အတိုင်း ကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

(၂၆) တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ် ကြိုတင်ပြင်ဆင်ရေးအစီအစဉ်များကို ပညာရေးကဏ္ဍအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေနှင့်အညီ ရေးဆွဲပြုပြင်ရမည်ဖြစ်ပြီး စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအားလုံးသည် အနည်းဆုံး ကြိုတင်ပြင်ဆင်ရေး စံချိန်ကို ပြည့်မှီနေစေရန် သေချာစေရမည်။

(၂၇) အရေးပေါ်အခြေအနေတွင် ပညာဆက်လက်သင်ကြားနိုင်စေရန်အတွက် မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်အစီအစဉ်ကို ကျေးရွာအုပ်စု၊ မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်အားလုံးမှ စာသင်ကျောင်းအားလုံးတွင်ရှိနေစေရမည်။ ယာယီစာသင်ကြားနိုင်ရန် နေရာများအတွက် သီးသန့်နေရာများကို ရှာဖွေသတ်မှတ်ထားပြီး အခြားလမ်းညွှန်ချက်များကိုလည်း သတ်မှတ်ထားရမည်။

( ၂၉) စာသင်ကျောင်းများကိုယာယီခိုလှုံရာနေရာအဖြစ်အသုံးပြုခြင်းကိုကန့်သတ်ရန်တိကျသည့်စည်းကမ်းချက်များချမှတ်ပြီး ယင်းတို့ကို ကျေးရွာအုပ်စု၊ ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များအပြင် စာသင်ကျောင်းအစီအစဉ်များတွင်လည်း ထည့်သွင်းထားပါ။

( ၂၉) မူကြိုကျောင်းနှင့် ကျောင်းထွက် ကလေးများ၊ မသန်စွမ်းကလေးများ (ယောကျာ်းလေး၊ မိန်းကလေး) တို့၏ လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားပေးပါ။

( ၃၀) ပြည်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေးကြိုးပမ်းမှုများကိုဦးဆောင်မည့်နိုင်ငံတော်အဆင့်၊တိုင်းဒေသကြီး/ပြည်နယ်၊ အဆင့်၊ မြို့နယ်အဆင့်ကော်မတီများနှင့် အချိန်ပြည့်တာဝန်ခံများကို ရွေးချယ်သတ်မှတ်ပါ။

( ၃၁) စာသင်ကျောင်းတိုးတက်ရေးအစီအစဉ်ကို မြို့နယ်အဆင့် ပညာရေးကဏ္ဍဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပေါင်းထည့်ပြီး ၄င်းကို မြို့နယ်ပညာရေး ကဏ္ဍတိုးတက်ရေး အစီအစဉ် အဖြစ်အသုံးပြုနိုင်ရန်အတွက်လည်း မြို့နယ်ပညာရေးရုံးသို့လည်း ပေးပို့ထားသင့်သည်။



# NOTE

ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေး သင်တန်းလမ်းညွှန်စာအုပ်

# နောက်ဆက်တွဲ ( ၃ )

# ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

နောက်ဆက်တွဲ ( ၁.၁ ) မှ

နောက်ဆက်တွဲ ( ၁.၃ ) ထိ

**နောက်ဆက်တွဲ ( ၃.၁ ) မှ ( ၃.၂ ) အထိ**

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

## နောက်ဆက်တွဲ ( ၃.၁ )
## ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု၊ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေးအတွက်အဓိက သတင်းစကားများ

### ဦးဆောင်ဆွေးနွေးသူအတွက် အကြံပြုချက်များ

( ၁ ) ဦးဆောင်ဆွေးနွေးသူသည် သင်တန်းတက်သူများကို သင်ခန်းစာမစတင်မီအချိန်တွင် အဓိက သတင်းစကားများပြုစု ရေးသားပေးပို့မည့် ဦးတည် ပရိသတ်ကို ရွေးချယ်သတ်မှတ်သင့်သည်။

( ၂ ) ဦးဆောင်ဆွေးနွေးသူသည် လူထုအသိပညာပေးရေးနှင့် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍ လူထုပညာရေး အကြောင်းအရာကို IFRC အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့၊ လမ်းညွှန်ချက်စာအုပ်မှ လေ့လာသင်ယူ သင့်သည်။

( ၃ ) သင်ခန်းစာမစတင်မီအချိန်တွင် ဦးဆောင်ဆွေးနွေးသူသည် သင်တန်းတက်သူများကို IEC သင်ထောက်ကူ ပစ္စည်းများ ယူဆောင်လာရန် (သို့) ရှိနှင့်ပြီးသတင်းစကားများကို ဆွေးနွေးပွဲသို့ ယူဆောင်လာရန် တောင်းဆိုသင့်သည်။

### လုပ်ဆောင်ချက် ( ၁ )၊
### မိတ်ဆက်ခြင်းနှင့် ပြည့်စုံသည့်စာသင်ကျောင်းဘေးကင်းလုံခြုံရေးမူဘောင်၏ ဒေါက်တိုင် ၃ နှင့် ချိတ်ဆက်ခြင်း

( ၁ ) အန္တရာယ်အားလုံးအတွက် ဂရုတစိုက်တွေးခေါ်စေနိုင်ရန်အတွက် သင်ကြားရန်။ အခွင့်အလမ်းနှင့် ချိတ်ဆက်မှုများကို ဖန်တီးပါ။

( ၂ ) စာသင်ကျောင်းတစ်ခုစီတွင် HVCA ဘေးဖြစ်နိုင်ခြေဆန်းစစ်ချက် ၏တွေ့ရှိချက်များကို ညွှန်းပို့ပါ။

( ၃ ) ကျောင်းသား/သူများနှင့် ဝန်ထမ်းများကို တကယ့်စာသင်ကျောင်းနှင့် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ၊ မီးဘေး(နှင့် သင့်တော်သော အခြားအန္တရာယ်များ)အတွက် စာသင်ကျောင်း အစမ်းလေ့ကျင့်မှုများ စသည်တို့တွင် ပါဝင်ပါစေ။

( ၄ ) ကျောင်းစာ၊ ကျောင်းသင်ရိုးညွှန်းတမ်းတစ်ခုလုံးတွင် ဘေးဖြစ်နိုင်ခြေလျှော့ချရေးကို ပါဝင်စေပြီး သက်ဆိုင်ရာဘာသာရပ်များတွင် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းခေါင်းစဉ်များကို ထည့်သွင်းရန် လမ်းညွှန်ချက်များပေးခြင်း။

( ၅ ) ကျောင်းသား/သူများနှင့် ဆရာ/မများအတွက် အရည်အသွေးမြှင့် သင်ကြားရေးနှင့် သင်ယူရေးပစ္စည်းများပြုစုပါ။ ရာသီဥတုဆိုင်ရာဘေးဖြစ်နိုင်ခြေ လျှော့ချရေး ပညာရေး ကဏ္ဍအားလုံးကို စဉ်းစားပါ။ ဘေးအန္တရာယ် စက်ဝန်း၊ ဘေးကင်းလုံခြုံရေးနှင့် ကြိုတင်ပြင်ဆင်ရေးအတွက် အဓိက စကားများ၊ ဘေးဖြစ်နိုင်ခြေများ ဖြစ်စေမှုများကိုနားလည်ခြင်း နှင့် ဘေးအန္တရာယ်တို့၏အကျိုးဆက်များ လျှော့နည်းစေခြင်း၊ ရပ်ရွာ ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်း စွမ်းဆောင်ရည်နှင့် ဘေးကင်းလုံခြုံမှုနှင့်ဘေးဒဏ်ခံနိုင်စွမ်း အလေ့အကျင့်ကို တည်ဆောက်ပေးခြင်း၊ အတူတကွနေထိုင်ရန် သင်ယူခြင်း စသည်တို့ကို နားလည်ခြင်း ။

( ၆ ) ဆရာ/မများနှင့် သင်တန်းသားဆရာ/မများအတွက် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း သင်ခန်းစာများနှင့် နည်းလမ်းများကို သင်တန်းပေးပံ့ပိုးပေးခြင်း။

### လုပ်ဆောင်ချက် ( ၂ )၊ အဓိက သတင်းစကားများက ဘာတွေလဲ။

ဦးဆောင်ဆွေးနွေးသူမှသဘောတူညီမှုရရှိထားသည့် အဓိကသတင်းစကားများသည် ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်းပညာရေးကို မြှင့်တင်ရန် သော့ချက်ဖြစ်ကြောင်းကို ရှင်းပြသည်။

Funded by European Union Civil Protection and Humanitarian Aid

## အဓိက သတင်းစကားတွေကဘာတွေလဲ။

အဓိကသတင်းစကားများတွင် တသမတ်တည်းဖြစ်ပြီး ရေရှည်တည်မြဲသည့် ဘေးအန္တရာယ် ထိခိုက်မှုလျှော့ချ ရေးကို မြှင့်တင်ရန်လိုအပ်သော အဓိက၊ အများသဘောတူပြီး ပြည့်စုံသည့် အချက်အလက်များပါဝင်သည်။ အကယ်၍အကောင် အထည်ဖော် ဆောင်နိုင်မည့် ဤသတင်းစကားများကို အားလုံးမှ အသုံးပြုကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘေးအန္တရာယ်တို့၏ အကျိုးဆက်များနှင့် သက်ရောက်မှုများကို ရေရှည်ရှောင်လွှဲနိုင်မည်ဖြစ်သည်။ အဓိက သတင်းစကားများသည် အန္တရာယ်အများ အပြားနှင့် အန္တရာယ်တစ်ခုပေါ်အလိုက်ဖြစ်နိုင်သည်။

## အဓိက သတင်းစကားများကို ရွေးချယ်ခြင်းနှင့် အသုံးပြုခြင်း။

အဓိကသတင်းစကားများမှာ ဒေသတွင်းအခြေအနေနှင့် လိုက်လျောညီထွေစွာ ပြုစုထားပါက အလွန်ထိရောက်မှုရှိ မည်ဖြစ်သည်။ အောက်ဖော်ပြတို့သည် အဓိက သတင်းစကားများကို ဒေသအခြေအနေဖြင့် ကိုက်ညီမှုရှိစေရန်အတွက် အဆင့်ဆင့်ဆောင်ရွက်သည့် လမ်းညွှန်ချက်များဖြစ်သည်။

## ဦးဆောင်ဆွေးနွေးသူ မှတ်စုများ

| အဓိက သတင်းစကားများကို ဒေသအခြေအနေဖြင့် ကိုက်ညီမှုရှိစေရန်အတွက် အဆင့်ဆင့်ဆောင်ရွက်သည့် လမ်းညွှန်ချက်များ |
|---|
| အဆင့်(၁)။ အဓိက သတင်းစကားကို အသုံးပြုမည့် ဒေသကို ရွေးချယ်ပြီးဖော်ပြပါ။ နိုင်ငံတော်အဆင့်၊ မြို့ပြနှင့် ကျေးလက် ဒေသတွင် အသုံးပြုရန် အဓိကသတင်းစကားကိုရွေးချယ်ပြီးပါက (စံနမူနာဖြစ်သည်)၊ ယင်းတို့အပေါ်တွင် အခြေခံပြီး ပြည်နယ်/ တိုင်းဒေသကြီးအဆင့်များအတွင် ပြုလုပ်နိုင်သည်။ အချို့သော အခြေအနေများတွင် လုပ်ငန်းကို စတင်နိုင်ရန်အတွက် ပြည်နယ် (သို့) ခရိုင်တို့ဖြင့် စတင်လျှင်ပို၍ ထိရောက်မှုရှိနိုင်သည်။ |
| အဆင့်( ၂ )၊ သင်၏သတင်းစကားများအတွက် အသုံးပြုမည့် ဘာသာစကားများကို ရွေးချယ်ပါ။ ဖြစ်နိုင်လျှင် အင်္ဂလိပ်ဘာ သာစကားဖြင့်လည်း ပြုလုပ်ပါ။ |
| အဆင့်( ၃ )။ ဘာသာပြန်ကို အကြမ်းပြန်ထားပါ။ အကြောင်းအရာကဏ္ဍအပေါ်တွင် သိကျွမ်းရင်းနှီးနေသည့်ဘာသာ စကားနှစ်မျိုးတတ်သောပညာရှင်များဖြင့် ထိထိရောက်ရောက် ညှိနှိုင်းတိုင်ပင်ပါ။ စာပေအသုံးအနှုန်းအစား နားလည်လွယ် စေရန်ဆောင်ရွက်ပါ။ ဘာသာပြန်ကို ဒေသတွင်းနှင့် နိုင်ငံတကာ ဘေးဖြစ်နိုင်ခြေဆိုင်ရာ အသုံးအနှုန်းများကို ကျွမ်းကျင်ပိုင်နိုင် သူများအား သုံးသပ်မှုပြုလုပ်ခိုင်းပါ ။<br>သတင်းစကားများကို ရွေးချယ်ရန်အတွက် တစ်ရက် (သို့) နှစ်ရက် အလုပ်ရုံဆွေးနွေးပွဲများတွင် ယုံကြည်ရသူများ ပါဝင်စေရန် ကိုယ်စားလှယ်များကို အဆိုပြုနိုင်ရန် ပါဝင်ပတ်သက်သူများကို ဖိတ်ကြားပါ။ အလုပ်ရုံဆွေးနွေးပွဲကို အောက်ပါခေါင်းစဉ်များထ ည့်သွင်းပါ။<br>• အဓိကသတင်းစကား၏ ရည်ရွယ်ချက်၊ အကြောင်းအရာနှင့် မူဘောင်ကို အကျဉ်းမျှဖော်ပြပြီး မိတ်ဆက်ပေးခြင်း ။<br>• အန္တရာယ်တစ်ခုချင်းစီအလိုက် ရွေးချယ်ထားသော အဓိက သတင်းစကားများကို ရွေးချယ်ပြီး အသုံးပြုခြင်း ။<br>• စာသင်ကျောင်းများနှင့် အိမ်ထောင်စုများတွင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအတွက် အဓိက သတင်းစကား များကို ရွေးချယ်ခြင်းနှင့် အသုံးပြုခြင်း ။<br>• အဓိကသတင်းစကားများကိုအဆုံးသတ်ရန်အတွက် (၃)ဦး၊ (၄)ဦး ခန့်ရှိသောအဖွဲ့ငယ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကိုဆွေးနွေးပါ။ |

| |
|---|
| အဆင့်(၄)။ ဒေသနှင့်ကိုက်ညီမှုရှိသော အဓိက သတင်းစကားများကို ပြုစုရေးသားရန်အတွက် ပူးပေါင်းပါဝင်သည့် နည်းလမ်းကိုအသုံးပြုပါ။ အသင့်လျော်ဆုံး သတင်းစကားကို ရွေးချယ်ပြီး ပြန်လည်ပြင်ဆင်ပါ။ သတင်းစကားတစ်ခုဆီသည်မည်မျှသင့်လျော်ကြောင်း၊ အသုံးပြုနိုင်ကြောင်းနှင့် အကြောင်းအရာ အသေးစိတ်ပါဝင်ကြောင်းကို စဉ်းစားဆုံးဖြတ်ရန်အတွက် အသုံးပြုမည့်အဖွဲ့အားမေးပါ။ သတင်းစကားတစ်ခုစီ၏နောက်ကွယ်တွင် အကြောင်းပြချက်တစ်ခုရှိနေကြောင်း၊ ဆက်လက်လေ့လာရန်လိုအပ်မှုရှိနေသောမေးခွန်းများကို ရှာဖွေရန်လိုအပ်ကြောင်းကို သူတို့နားလည်ပါစေ။ |
| လုပ်ဆောင်ရန်။ ပူးပေါင်းပါဝင်ဆောင်ရွက်သော သတင်းစကားများသည် ပျော်စရာကောင်းပြီး ၊ ပြုပြင်ရလွယ်ကူမည်။ သတင်းစကားများကို စာလုံးကြီးဖြင့် ထုတ်ပြီး အခန်းနံရံများတွင် ချိတ်ဆွဲထားပါ။ သင်တန်းတက်သူများကို ကပ်ခွာ အရောင် (၃) ခုစီပေးဝေပြီး အကောင်းဆုံး (လုပ်ရမည်) ကို တစ်ရောင်၊ စဉ်းစားသင့်ကြောင်း (ဖြစ်သင့်သည်) ကို တစ်ရောင် ၊ နှင့် ပြန်လည်သုံးသပ်ရန် (ဖြစ်နိုင်ခြေရှိသည်)ကို တစ်ရောင် သတ်မှတ်ပေးရမည်။<br>နံရံတွင် ကပ်ထားသော သတင်းစကားများကို ဖြုတ်ပြီး အပိုင်း (၃) ပိုင်း ခွဲပါ။<br>• ဆန်းစစ်လေ့လာမှုနှင့် အစီအစဉ်ပြုလုပ်ခြင်း<br>• ဘေးဖြစ်နိုင်ခြေများကို လျော့နည်းစေခြင်း<br>• တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ခြင်း<br>သင်တန်းတက်သူများကို အဖွဲ့ငယ်များအဖြစ်ခွဲပြီး သတင်းစကားတစ်ခုစီအပေါ်တွင် ပေးထားသော အရောင်များဖြင့် "လုပ်ရမည်"၊ "လုပ်သင့်သည်" (သို့) "လုပ်ကောင်းလုပ်နိုင်သည်" အစရှိသည့် အားလုံးသဘောတူညီမှုရှိသည်အထိ အလှည့်ဖြင့် အလုပ်လုပ်ခိုင်းပါ။ထို့နောက် ကပ်ခွာများကို အသုံးပြု၍ ပြင်ဆင်ရေးသားမှုများဖြင့် သတင်းစကားတွင် ထည့်ရေးပါ။ |
| အဆင့် ( ၅ )။ သတင်းစကားကို အဆုံးသတ်ပြုစုရန်အတွက် ဆောင်ရွက်နိုင်မည့် အဖွဲ့ငယ်ကို တာဝန်ပေးပါ။ |
| အဆင့်( ၆ )။ သဘောတူထားပြီးဖြစ်သည့် သတင်းစကားကို လက်ခံသဘောတူညီမှုရရှိစေရန် အတူ ပြသပါ။ အဖွဲ့တစ်ဖွဲ့စီသည် သူတို့၏ထောက်ခံအားပေးမှုကို ဖော်ပြရန်အတွက် သူတို့၏ LOGO ကို ထည့်ထားရမည်။ လက်တွဲဖော်ကို နည်းလမ်းအမျိုးမျိုးဖြင့် ဆက်သွယ်နိုင်စေရန် တိုက်တွန်းပြီး သတင်းစကားကို စမ်းသပ်ပြီး ရလဒ်များပြန်လည်ဝေမျှပေးခြင်း အနာဂတ်အတွက် သတင်းစကားများကို ထပ်မံ ပြင်ဆင်ရေးဆွဲနိုင်မည်ဖြစ်သည်။ |
| အဆင့် ( ၇ )။ (၂) နှစ်၊ (၃) နှစ် တစ်ကြိမ် သတင်းစကားကို ပြန်လည်သုံးသပ်ခြင်း ပြုပြင်ခြင်းတို့ ပြုလုပ်ရမည်။ |

လုပ်ဆောင်ချက် ( ၃ )၊ လူထုအသိပညာပေးခြင်းနှင့် လူထုပညာရေး ပြုစုခြင်း

နည်းလမ်း( ၁ )

စည်းရုံးလှုံ့ဆော်မှုများ၊ စည်းရုံးလှုံ့ဆော်မှုများ၏ ရည်ရွယ်ချက်မှာတူညီပြီး အများသိရောက်ရှိနိုင်စေရန်ဖြစ်သည်။ လူမှုဝန်းကျင်ကို သိသိသာသာ ပြောင်းလဲစေခဲ့သော နိုင်ငံအဆင့်၊ နိုင်ငံတကာ အဆင့် လူထုအသိပညာပေးပွဲ နမူနာ များစွာရှိသည်။ နမူနာများမှာ ကလေးများကာကွယ်ဆေးထိုးခြင်း၊ မော်တော်ကားများတွင် ခါးပတ်ပတ်ခြင်း၊ ဆေးလိပ်မသောက်ရန် တားမြစ်ခြင်းတို့ပါဝင်သည်။ စည်းရုံးလှုံ့ဆော်မှုများတွင် အောက်ပါ နည်းကိရိယာများပါဝင်သည်။

( ၁ ) ပုံနှိပ်ထုတ်ဝေခြင်း၊ ဆိုင်းဘုတ်များ၊ ပို့စ်တာများ၊ သတင်းစာ (သို့) မဂ္ဂဇင်း
( ၂ ) စာအုပ်မျက်နှာဖုံး၊ သတင်းအချက်အလက်ကဒ်ပြား၊ လက်ကမ်းကြော်ငြာနှင့် စာစောင်များ ။
( ၃ ) သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာနှင့် တင်ဆက်မှုများ၊ နှုတ်ဖြင့် တင်ဆက်မှုများ
( ၄ ) E-learning
( ၅ ) ကစားနည်းများနှင့် ပြိုင်ပွဲများ
( ၆ ) အသံ၊ ရုပ်ပြ များ
( ၇ ) ကွန်ယက်စာမျက်နှာများနှင့် လှုပ်ရှားမှုများ
( ၈ ) လူမှုကွန်ယက်မီဒီယာနှင့် ကြေးနန်းဆက်သွယ်မှုများ
( ၉ ) သရုပ်ပြတင်ဆက်မှုနှင့် ယဉ်ကျေးမှု အနုပညာများ

အဓိက အစိတ်အပိုင်းများ နှင့် စည်းရုံးလှုံ့ဆော်မှုများနှင့် နည်းလမ်းအမျိုးမျိုး

| အဓိက အစိတ်အပိုင်းများ | နည်းလမ်းများ |
|---|---|
| သတင်းစကားများ | သတင်းစကားတစ်ခု (သို့) အများ ၊ အတူပေါင်းထားခြင်း (သို့) သီးခြား |
| ပရိတ်သတ် | နိုင်ငံ ၊ ခရိုင်၊ ဒေသတွင်း |
| နည်းဗျူဟာ | ➲ ထုတ်လွှင့်ခြင်း<br>➲ နေ့ထူးနေ့ရက်များ၊ နှစ်ပတ်လည်နေ့ အောက်မေ့ဖွယ်နေ့ရက် စသည်။<br>➲ နိုင်ငံတော်ကြိုတင်ပြင်ဆင်ရေးနေ့ (သို့) ရက်သတ္တပတ်<br>➲ အပြည်ပြည်ဆိုင်ရာ ဘေးအန္တရာယ်လျော့ပါးရေးနေ့ (အောက်တိုဘာလ)<br>➲ အပတ်စဉ် (သို့) လစဉ် ဖြစ်ရပ်များ (သို့) လှုပ်ရှားမှုများ<br>➲ ဆုပေးပွဲများ (သို့) ပြိုင်ပွဲများ၊ ပြပွဲများ |
| အချိန် | ➲ ကြာချိန် ၊ ရေတိုကာလ (သို့) ရေရှည်ကာလ<br>➲ ကြာမြင့်ချိန်၊ တစ်နှစ်တစ်ကြိမ်၊ တစ်ရာသီ<br>➲ အကြိမ်အရေအတွက်၊ တစ်ကြိမ်တည်း (သို့) ပုံမှန် |

ဦးဆောင်ဆွေးနွေးသူမှ ဖော်ပြပေးရန် မှတ်ချက်။ အောင်မြင်သော စည်းရုံးလှုံ့ဆော်ပွဲအများစုသည် ကာလကြာမြင့်စွာ ရေရှည်ဆောင်ရွက်ခြင်း၊ တဖန်တလဲလဲပြုလုပ်ခြင်းနှင့် သတင်းစကားများကို ထပ်တလဲလဲဖြင့် ပြည့်စုံစွာဖော်ပြခြင်းကို လူထုအတွင်း၊ ပညာရေး၊ ပုဂ္ဂလိကနှင့် မြို့ပြနယ်ပယ်တို့တွင် လုပ်ငန်းများဆောင်ရွက်ခြင်းအားဖြင့် ပြုလုပ်ကြသည်။

စည်းရုံးလှုံ့ဆော်မှုပွဲ

- ☞ စည်းရုံးလှုံ့ဆော်မှု အမည်
- ☞ ညှိနှိုင်းဆောင်ရွက်သူများ
- ☞ ကြာမြင့်ချိန်
- ☞ အကြမ်းမျဉ်းသုံးသပ်မှု
- ☞ ပန်းတိုင်များနှင့် ရည်ရွယ်ချက်များ
- ☞ စည်းရုံးလှုံ့ဆော်ပွဲ သတင်းစကားများ
- ☞ ဦးတည် ပရိတ်သတ်များ
- ☞ ဆက်သွယ်ရေး နည်းဗျူဟာ
- ☞ မိတ်ဖက်ဆောင်ရွက်သူများနှင့် တာဝန်များ
- ☞ ငွေကြေးလျာထားချက်နှင့် လုပ်အား ပံ့ပိုးမှု

စည်းရုံးလှုံဆော်ပွဲနည်းလမ်း၏ ကောင်းကျိုး၊ ဆိုးကျိုးများ

| ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|
| လူအများထံသို့ စံသတ်မှတ်ထားသည့် သတင်းစကားများရောက်ရှိနိုင်ခြင်း။ | ဂရုတစိုက်နှင့် စေ့စပ်သေချာစွာ စီစဉ်ရန် လိုအပ်ခြင်း ။ |
| မီဒီယာထုအား ဆွဲဆောင်နိုင်ခြင်း | ကောင်းမွန်သော အဖွဲ့အစည်းများလိုအပ်ခြင်း။ |
| မိတ်ဖက်ဆောင်ရွက်သူများ၏ အားသာချက်အပေါ်တွင် တည်ဆောက်ခြင်း | ဖွဲ့ရှိရန်လိုအပ်သည်။ စည်းရုံးလှုံ့ဆော်ပွဲများကို အောင်မြင်မှုမရမချင်း ရပ်တန့်၍ မရပါ။ |

နည်းလမ်း( ၂ )၊ ပူးပေါင်းပါဝင်ခြင်းဖြင့် သင်ယူခြင်း

လူတို့သည် အထူးသဖြင့် သူတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရသည့် နည်းလမ်းများဖြင့် အဖြေရှာရပြီး သူတို့၏အကြံဉာဏ်များသည် အောင်မြင်နိုင်ကြောင်းကို ယုံကြည်ကြသည့်အခါတွင် စိတ်အားထက်သန်ကြသည်။ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်း၏ ရည်ရွယ်ချက်မှာ ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးအတွက် ပြဿနာများ ရှာဖွေရန်နှင့် ဖြေရှင်းရန်ဖြစ်သည်။ ယင်းလုပ်ငန်းအားလုံး၏ ဗဟိုချက်မှာ စာသင်ကျောင်း၏ ကိုယ်ပိုင်အတွေ့အကြုံပင်ဖြစ်သည်။

၎င်းတို့တွင် ကြိုတင်ကာကွယ်ရေးအလေ့အကျင့်များ ဖြစ်လာစေရန် ဘာသာစကား၊ ပုံပြင်များ၊ သီချင်းနှင့် ရိုးရာဓလေ့များကို အသုံးပြုခြင်းတို့ ပါဝင်သည်။ ယင်းတို့ကို သာမန်အားဖြင့် အောက်ပါနည်းလမ်းတို့ဖြင့် ရရှိအောင်မြင်နိုင်သည်။

( ၁ ) ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာမှု ကဲ့သို့သော လုပ်ငန်းပိုင်း သုတေသနပြုလုပ်မှု
( ၂ ) ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲခြင်း
( ၃ ) ဘေးဖြစ်နိုင်ခြေ လျှော့ချရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ခြင်း
( ၄ ) အစမ်းလေ့ကျင့်မှုများနှင့် ဇတ်တိုက်လေ့ကျင့်ခန်းများဖြင့် အစီအစဉ်များကို စောင့်ကြည့်လေ့လာပြီး တိုးတက်အောင်ဆောင်ရွက်ခြင်း

ဤနည်းလမ်းတွင် ဆောင်ရွက်သည့် နည်းကိရိယာများတွင် -

( ၁) လက်ကမ်းစာအုပ်ကဲ့သို့ ပုံနှိပ်ထုတ်ဝေမှုများ
( ၂ ) သင်ရိုးညွှန်းတမ်း၊ သင်ခန်းစာများနှင့် တင်ဆက်မှုများ
( ၃ ) လမ်းလျှောက်လေ့လာခြင်း၊ ဘေးဖြစ်နိုင်ခြေနှင့် ပစ္စည်းများ စာရင်းပြုစုခြင်းစသည့် ပူးပေါင်းပါဝင်ဆောင်ရွက်သော လုပ်ငန်းများ
( ၄ ) ရာသီစွင်ပြ ပြက္ခဒိန်၊ အဖွဲ့လိုက်ဆွေးနွေးခြင်း၊ အစမ်းလေ့ကျင့်မှုများ၊ ဇတ်တိုက်လေ့ကျင့်ခန်းများ နှင့် စားပွဲတင်လေ့ကျင့်ခန်းများ
( ၅ ) အသံနှင့် ရုပ် ပစ္စည်းများ၊ ဗွီဒီယိုများ၊ အသံဖိုင်များ၊ သီချင်းနှင့် အခြားဂီတများ
( ၆ ) ကွန်ယက်စာမျက်နှာများ workspaces ကဲ့သို့သော လုပ်ငန်းများ
( ၇ ) လူမှုကွန်ယက်မီဒီယာ၊ စာတိုပေးပို့ခြင်းနှင့် ထောက်ခံမဲတောင်းခံခြင်းစသည့် တယ်လီဖုန်းဖြင့်ဆောင်ရွက်သော လုပ်ငန်းများ။

| ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|
| ☛ဤနည်းလမ်းသည် ရပ်ရွာမှ ကိုယ်တိုင်ဖော်ထုတ်နိုင်ခဲ့သည့် ခြိမ်းခြောက်မှုများ နှင့် ထိခိုက်လွယ်မှုများဖြင့် စတင်ခဲ့သည်<br>☛အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များကို ရှာဖွေနိုင်ခြင်းသည် ကိုယ်ပိုင်ယုံကြည်မှုနှင့် လုံလောက်မှုကို ရရှိစေသည်<br>☛ဒေသနှင့် တစ်ဦးတစ်ယောက်ချင်းအတွက် ပိုင်ဆိုင်မှု ရရှိစေခြင်း<br>☛ဘေးအန္တရာယ်လျှော့ချခြင်း၊ ကျန်းမာရေး၊ ရေနှင့် တကိုယ်ရေသန့်ရှင်းမှု၊ အသက်မွေးဝမ်းကြောင်း ကာကွယ်မှုနှင့် ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေ နေနိုင်ခြင်းတို့ကို ထည့်သွင်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်း။<br>☛တက်ရောက်သူများသည် သူတို့အချက်အလက်များနှင့် အစီအစဉ်များကို ပိုင်ဆိုင်ရန်လိုအပ်ခြင်း<br>☛လိုက်နာကျင့်သုံးရန်အတွက် စာသင်ကျောင်းဘေးဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု နည်းကိရိယာကို အကျယ်တဝင့် အသုံးပြုနိုင်ခြင်း<br>☛ဆင်တူလုပ်ငန်းစဉ်များတွင် စာသင်ကျောင်းကလေးများ နှင့် လူငယ်များ ပါဝင်နိုင်ခြင်း | ☛အခြားလုပ်ငန်းများ မဆောင်ရွက်ဘဲလျက် ဘေးဖြစ်နိုင်ခြေများကို ဖော်ထုတ်ခြင်းသည် ဖြေရှင်းနည်းကို သိရှိသည်မဟုတ်ပေ။<br>☛ဤနည်းလမ်းသည် လူအနည်းစုအတွင်း လုပ်အားအလွန်လိုအပ်နိုင်သည်။<br>☛ဦးဆောင်ဆွေးနွေးသူများသည် ပူးပေါင်းသော သုတေသန နည်းလမ်းများ၊ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြဿနာဖြစ်တတ်မှုများ၊ အသင်းအဖွဲ့တည်ဆောက်ခြင်း၊ အဖွဲ့လိုက်မတူကွဲပြားမှုများ၊ အချက်အလက်များ မှတ်သားခြင်းနှင့် အဓိပ္ပာယ်ပြန်ခြင်းတို့တွင် သင်တန်းများ ရရှိရန် လိုအပ်ခြင်း<br>☛ပြည့်စုံမှုရှိသည့် ထိခိုက်လွယ်မှု၊ စွမ်းဆောင်ရည် ဆန်းစစ်လေ့လာမှုသည် ပါဝင်ပတ်သက်သူများ၏ အချိန်နှင့် ကတိကဝတ်များလိုအပ်ခြင်း<br>☛ဖြေရှင်းနည်းများသည့် ရှုပ်ထွေးနိုင်ခြင်း<br>☛စာသင်ကျောင်းလိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရန်များသည် အလှူ့ရှင်၏ ဦးစားပေးထားရှိမှုနှင့် ဒေသကော်မတီများ၏ ပံ့ပိုးနိုင်သည့် စွမ်းရည်များထက် ကျော်လွန်နိုင်ခြင်း<br>☛ထိခိုက်မှုလျှော့နည်းစေရန် လုပ်ငန်းများသည် အရည်အသွေးမြင့်လမ်းညွှန်ချက် ပစ္စည်းများနှင့် သင်တန်းအစီအစဉ်များလိုအပ်ခြင်း<br>☛ညှိနှိုင်းစည်းရုံးမှု လုပ်ငန်းများသည် ကြန့်ကြာမှုများ ဖြစ်နိုင်ပြီး ကျွမ်းကျင်မှုများနှင့် ပံ့ပိုးမှုများထပ်မံလိုအပ်သည်။ |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

နည်းလမ်း( ၃ )၊ သမတ်ရိုးကျမဟုတ်သည့် ပညာရေး

သမတ်ရိုးကျမဟုတ်သည့် ပညာရေး၏ ရည်ရွယ်ချက်မှာ လူတို့အား ဘေးကင်းလုံခြုံမှုနှင့် ဘေးဒဏ်ခံနိုင်စွမ်းရည်တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရန်များနှင့် အပြုအမူများကို ရှာဖွေရာတွင် ပါဝင်ဆောင်ရွက်ပြီး တွေးခေါ်နိုင်စေရန် အချိန်ကာလတစ်ခုကို အခွင့်အရေးရယူ၍အသုံးချရန်ဖြစ်သည်။ရပ်ရွာအတွင်းနှင့် စာသင်ကျောင်းများရှိ သမတ်ရိုးကျမဟုတ်သည့် ပညာရေးသည် ပြင်ဆင်မှု၊ ပရိတ်သတ်နှင့် အချိန်ကာလစသည့် နည်းလမ်းများမှာ သင့်တော်သလို ပြင်ဆင်ရေးဆွဲနိုင်ကြသည်။

သမတ်ရိုးကျမဟုတ်သည့် ပညာရေး အမျိုးအစားများ

| လူထု | အဖွဲ့ | အသင်းအဖွဲ့ |
|---|---|---|
| နေအိမ် | စာသင်ကျောင်း | အလုပ် |
| တီဗွီ | ရေဒီယို | အင်တာနက် |
| မိနစ်အနည်းငယ် | နှစ်နာရီခန့် | တစ်နေ့ (သို့) နှစ်ရက် |
| အသေးစိတ် စီစဉ်ထား | လက်ရှိဆောင်ရွက်နေသည့် စီမံချက်များတွင် ထည့်သွင်းဆောင်ရွက်ခြင်း | အလိုအလျောက် (သို့) ဗိုင်းရပ်စ် |

သမတ်ရိုးကျမဟုတ်သည့် ပညာရေးအတွက် အသုံးပြုနိုင်မည့် နည်းကိရိယာများတွင်

( ၁ ) ပုံနှိပ်ထုတ်ဝေခြင်း - ပို့စ်တာများ၊ လမ်းညွှန်စာအုပ်များ၊ လက်ကမ်းကြော်ငြာ၊ စာစောင်များ၊ လက်စွဲစာအုပ်များ၊ လုပ်ငန်းစာအုပ်များ၊ မော်ဒယ်စာအုပ်၊ ကာတွန်းစာအုပ်၊ ပုံပြင်စာအုပ်များ၊ စည်းရုံးရေးပစ္စည်းများနှင့် ဆရာ/မ အစရင်းအမြစ်များ ။

( ၂ ) သင်ရိုးညွှန်းတမ်းများ၊ သင်ခန်းစာများ နှင့် တင်ဆက်မှုများ - ဆရာ/မများအားပြောကြားခြင်း နှင့် ရပ်ရွာသင်တန်းများ

( ၃ ) E-learning - ကိုယ်တိုင်လေ့လာရေး သင်ခန်းစာများ

( ၄ ) သရုပ်ဆောင်ခြင်းနှင့် ယဉ်ကျေးမှု အနုပညာများ - ပြဇာတ်များ၊ အကများ၊ ကဗျာများ၊ သီချင်းများ၊ လမ်းဘေး ပြပွဲများ၊ ရုပ်သေးပွဲရုံများ

( ၅ ) ကစားပွဲများနှင့် ပြိုင်ပွဲများ၊ ကဒ်ကစားနည်း၊ ဘုတ် ကစားနည်း၊ အသင်းအဖွဲ့၊ လုပ်ငန်းများ၊ ပြဇာတ်များ၊ပန်းချီပြိုင်ပွဲများ၊ စာရေးပြိုင်ပွဲများ၊ လေ့လာရေးခရီးများ၊ ရေဒီယို ဉာဏ်စမ်း ။

( ၆ ) အသံနှင့် ရုပ်ပြ ပစ္စည်းများ၊ ဇာတ်လမ်းတိုများ၊ ရေဒီယိုအစီအစဉ်များ၊ ရုပ်မြင်သံကြားအစီအစဉ်များ၊

( ၇ ) ကွန်ယက်စာမျက်နှာများနှင့် လုပ်ငန်းများ - ကွန်ယက်များ၊ online ကစားနည်းများ၊ online ဉာဏ်စမ်းများ

( ၈ ) လူမှုကွန်ယက်မီဒီယာနှင့် ကြေးနန်းဆက်သွယ်ရေး - စာတိုပေးပို့ခြင်းနှင့် ကြိုတင်သတိပေးရေး အစီအစဉ်များ ။

ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စုများ။ သမတ်ရိုးကျမဟုတ်သည့် ပညာရေးတွင် စံသတ်မှတ်ထားသည့် သတင်းစကားများ ဖြန့်ဝေခြင်းပါဝင်သော်လည်း ဒေသခံ ပရိတ်သတ်၏လိုအပ်ချက်များနှင့် ပတ်သက်မှုများကို ချိန်ညှိပေးနိုင်သည်။ ၎င်းမှာ သက်တူရွယ်တူ တစ်ဦးမှတစ်ဦးသို့ အသိပေးရခြင်း၊ လူမှုရေးယုံကြည်မှုနှင့် လူမှုရေး ပံ့ပိုးမှုများအား လူတို့၏ အပြုအမူများကို ပြောင်းလဲပေးနိုင်ခြင်းကြောင့် ထိရောက်မှုရှိသည်။

Funded by European Union Civil Protection and Humanitarian Aid

နည်းလမ်း ( ၄ )၊ သမတ်ရှိုးကျ စာသင်ကျောင်း-အခြေပြု ဆောင်ရွက်မှုများ - သမတ်ရိုးကျ စာသင်ကျောင်းအခြေပြု ဆောင်ရွက်မှုများတွင် အပိုင်း (၂) ပိုင်းပါဝင်သည်။ ၎င်းတို့မှာ စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချခြင်းတို့ဖြစ်သည်။ (ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ကျောင်းအစမ်းလေ့ကျင့်မှုများနှင့် စာသင်ကျောင်း သင်ရိုးညွှန်းတမ်း) ။ စာသင်ကျောင်းဘေးကင်းလုံခြုံမှုနှင့် သင်ရိုးညွှန်းတမ်းတို့အပေါ်တွင် တာဝန်ယူမှုနှင့် တာဝန်များသည် စာသင်ကျောင်းအာဏာပိုင်တို့နှင့် သာ သက်ဆိုင်နေသောကြောင့် သမတ်ရိုးကျ ပုံစံအဖြစ်သတ်မှတ်ထားသည်။ ထို့ကြောင့် ရေရှည်တွင် အစီအစဉ်ရေးဆွဲရန်နှင့် စွမ်းဆောင်ရည်တည်ဆောက်ပေးရန်အတွက် ပံ့ပိုးကူညီမှုများလိုအပ်သည်။

## နောက်ဆက်တွဲ ( ၃.၂ )
## စာသင်ကျောင်းသင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးကဏ္ဍကို ထည့်သွင်းရန်အတွက် ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု

ဦးဆောင်ဆွေးနွေးသူအတွက် အကြံပြုချက်များ

( ၁ ) သင်တန်းတက်သူများအတွက် ဦးတည်ပရိသတ်တို့သည် အရေးကြီးသည်။

( ၂ ) ဦးဆောင်ဆွေးနွေးသူသည် ကြိုတင် စစ်ဆေးသင့်သည်။ သင်တန်းတက်သူတို့မှာ Plan နှင့် မိတ်ဖက်အဖွဲ့အစည်းတို့မှ ဝန်ထမ်းများဖြစ်လျှင်ဦးဆောင်ဆွေးနွေးသူသည် worksheet ကို ကြိုတင်ပြင်ဆင်ထားသင့်သည်။

( ၃) သင်ခန်းစာကို လေ့ကျင့်သည့်အခါတွင် လုပ်ငန်းပုံစံပြုလုပ်ပြီး ဖြစ်နေစေရန် သေချာစေရမည်။

( ၄ ) စာသင်ကျောင်းသင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးအတွက် နည်းပညာပိုင်း လမ်းညွှန်းချက်များအတွက် အညွှန်း

( ၅ ) http://unesdoc.unesco.org/images/0021/002194/219412e.pdf
( ပူးတွဲပါ DVD အခွေအတွင်းမှ PDF 4 ဖိုင်ကိုကြည့်ပါ )

ဆောင်ရွက်ရန်( ၁ )။ စာသင်ကျောင်းသင်ရိုညွှန်းတမ်းတွင် DRR ကို ထည့်သွင်းခြင်း

ရွေးချယ်မှု ( ၁ )၊ စာသင်ကျောင်းသင်ရိုးညွှန်းတမ်းတွင် DRR ကို မထည့်သွင်းရသေးသောနိုင်ငံများ

Unicef နှင့် UNESCO တို့မှ စာသင်ကျောင်းသင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ် ထိခိုက်မှုလျော့ချရေးကဏ္ဍကိုထည့်သွင်းရန်အတွက် ပြုစုရေးဆွဲထားသည့် နည်းပညာပိုင်း လမ်းညွှန်ချက်များပေါ်အခြေခံ၍ ဘေးအန္တရာယ်ထိခိုက်မှုလျော့ချရေးကဏ္ဍအတွက် အဆင့် (၄)ဆင့်ကို အကြံပြုဖော်ပြထားသည်။ ၎င်းတို့မှာ

| | |
|---|---|
| အဆင့် (၁)<br>ကနဦး အစီအစဉ်ပြုစုခြင်းနှင့် အဖွဲ့လိုက်ပြင်ဆင်ခြင်း | ☛သင်ရိုးညွှန်းတမ်းပြုစုခြင်းအတွက်လိုအပ်ချက်ကို ရှာဖွေခြင်း နှင့်လိုအပ်ချက်ပေါ်မူတည်ပြီး အများသဘော တူလက်ခံနိုင်သည့်အရာများကို ရှာဖွေရန်၊<br>☛အထွေထွေလိုအပ်ချက် ပေါ်တွင် ပါဝင်ပတ်သက်သူများကို အတူတကွပါဝင်စေခြင်း<br>☛လက်ရှိသင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ခြင်းနှင့် သင်ရိုးညွှန်းတမ်း၏ လုပ်ဆောင်မှုများ၊ အခြေခံအချက်အလက်လေ့လာမှု (သို့) လိုအပ်ချက်ဆန်းစစ်လေ့လာမှု ၊<br>☛အထူးလိုအပ်ချက် ပေါ်မူတည်ပြီး အများသဘောတူလက်ခံနိုင်မှုရှာဖွေခြင်း<br>☛ဆောင်ရွက်ရမည့် ရည်ရွယ်ချက်ကို ဆုံးဖြတ်ခြင်း၊ သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲရန် ( သင်ရိုးညွှန်းတမ်းနှင့် အတန်းနေရာ)<br>☛သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲရန်အတွက် အချိန် ၊ ရလဒ်များနှင့် အပြီးဆောင်ရွက်ရန် နေ့ရက်များ သတ်မှတ်ပါ၊<br>☛သင်ရိုးညွှန်းတမ်းပြုစုရေးသားရန်အဖွဲ့ကို အဖွဲ့ဝင်တစ်ဦးစီအတွက် အခန်းကဏ္ဍနှင့်တာဝန်များ သတ်မှတ်ပေးပြီး ဖွဲ့စည်းပြီး ပူးပေါင်း ဆောင်ရွက်ရန်အတွက် သင်ခန်းစာအစီအစဉ်များ၊ အဖွဲ့လိုက်ဆောင်ရွက်ရန် အလုပ်နှင့် အစည်းအဝေးများ စီစဉ်ပါ။ |

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

| | |
|---|---|
| အဆင့်( ၂ )၊ သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲခြင်း | ☛သင်ယူရရှိမည့် ရလဒ်များသတ်မှတ်ပါ၊ သင်ရိုးညွှန်းတမ်းတစ်လျှောက် လေ့လာရရှိမည့် (ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ သဘောထား နှင့် အပြုအမူများ)<br>☛သတ်မှတ်ထားသည့် ရလဒ်များကို ပြည့်မီရရှိစေရန် အထောက်အပံ့ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို စီစဉ်ခြင်းနှင့် ရွေးချယ်ခြင်း။<br>☛ရွေးချယ်ထားသည့် အကြောင်းအရာများကို အသက်အရွယ်အလိုက် သင့်လျော်သော သင်ယူရေး ပစ္စည်းများအဖြစ် ပြင်ဆင်ခြင်း။<br>☛သတ်မှတ်ထားသည့် ရလဒ်များကို ပြည့်မီစေရန်အတွက် ပြင်ဆင်ထားသည့် သင်ယူရေးလုပ်ငန်းများနှင့် ပံ့ပိုးပေးနိုင်မည့် ပစ္စည်းများ ပြုစုရေးဆွဲခြင်း။<br>☛လက်ရှိ သင်ရိုးညွှန်းတမ်းပစ္စည်းများ၊ လုပ်ငန်းများကို ဆန်းစစ်ခြင်းနှင့်သင်ရိုးညွှန်းတမ်း အစီအစဉ်များတွင် ထည့်သွင်းနိုင်စေရန် အတွက် သုံးသပ်ခြင်း။<br>(ဥပမာ - ဘီးကိုပြန်လည်တီထွင်ခြင်းကို ရှောင်ရှားရန်)<br>ပါဝင်ပတ်သက်သူများထံမှ အကြံပြုချက်များကို ပေါင်းစည်းခြင်း၊ သင်ရိုးညွှန်းတမ်း ပစ္စည်းများနှင့် သင့်တော်သလို ပြင်ဆင်ရေးဆွဲရန် အတွေ့အကြုံရှိ ဆရာ/မများအား ပါဝင်စေခြင်း။ |
| အဆင့် ( ၃ )၊ သင်ရိုးညွှန်းတမ်းများကို အကောင်အထည်ဖော်ရေးဆွဲခြင်း | ☛သင်ရိုးညွှန်းတမ်း အသစ်ကို စမ်းသပ်အသုံးပြုရန်အတွက် စာသင်ကျောင်းများနှင့် ဆရာ/မများ ရွေးချယ်သတ်မှတ်ခြင်း<br>☛သင်ရိုးညွှန်းတမ်းအသစ်ကို သင်ကြားရန်အတွက် ဆရာ/မများကို အစမ်းသင်တန်းပေးခြင်း<br>☛စမ်းသပ်အကောင်အထည်ဖော်ဆောင်ခြင်း ပြုလုပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် သုံးသပ်ခြင်း<br>☛သင်ရိုးညွှန်းတမ်း ပစ္စည်းများနှင့် လုပ်ငန်းများ၊ နှင့် သင်တန်းအစီအစဉ်များကို အစမ်းသပ် သုံးသပ်ရာတွင် ပြန်လည်ပြင်ဆင်ခြင်း ။<br>ဆရာ/မ သင်တန်းများနှင့် အစမ်းသပ်မှုများ ပြုလုပ်ခြင်း (စာသင်ကျောင်းများ နှင့် ဆရာ/မများ လူထုဖြင့်)<br>ဆရာ/မများသင်တန်းများ ပြုလုပ်ခြင်း ( ဆရာဖြစ်သင်တန်းမှ သင်တန်းများ ပါဝင်မှုဖြင့်)<br>☛ပစ္စည်းအသစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုအသစ်များကို ကြိုတင်ပြင်ဆင်သော ဆရာဖြစ်သင်တန်းများတွင် ထည့်သွင်းခြင်း<br>☛နိုင်ငံ၊ ဒေသ (သို့) ဒေသခံ ဥပဒေအရ သင်ရိုးညွှန်းတမ်းကို တရားဝင်လက်ခံလာစေရန် ဆောင်ရွက်ခြင်း |
| အဆင့် ၄၊ သင်ရိုးညွှန်းတမ်းကို စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်ခြင်း နှင့် ပြန်လည်ပြင်ဆင်ခြင်း | ☛သင်ယူမှုရလဒ်များအတွက် ၎င်း၏ အကျိုးသက်ရောက်မှုများနှင့် သင်ရိုးညွှန်းတမ်းအသစ်၏ အရည်အသွေးနှင့် အကျိုးသက်ရောက်မှုကို အချိန်းကာလအပိုင်းအခြားအလိုက် သုံးသပ်မှုပြုလုပ်နိုင်ရန်အတွက် အချက်အလက်ကောက်ယူခြင်းနည်းဗျူဟာကို ရေးသားပြုစုပြီး မျှော်မှန်းထားသော အကျိုးများနှင့် သက်ရောက်မှုများကို ရှာဖွေရန် ( ကောင်းကျိုးနှင့် ဆိုးကျိုး)<br>☛စောင့်ကြည့်လေ့လာ အကဲဖြတ်အစီရင်ခံစာ ရေးသားခြင်း<br>☛အချိန်ပိုင်းအလိုက် အသိပေးထားသော သင်ရိုးညွှန်းတမ်း အပေါ်သုံးသပ်မှု ပြုလုပ်ခြင်း။ |

သင်ရိုးညွှန်းတမ်းကို ပြင်ဆင်ရန်အတွက် တူညီသည့်အတန်းများအလိုက်နှင့် အတန်းအမြင့်အနိမ့်ပေါ်မူတည်ပြီး သင်ရိုးညွှန်းတမ်းတွင် DRR ကိုထည့်သွင်းရမည့် နည်းလမ်းများကို နားလည်ထားရန်လိုအပ်သည် ။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

သင်ရိုးညွှန်းတမ်းတွင် DRR ကိုထည့်သွင်းရန်အတွက် တူညီသည့် အဓိက နည်းလမ်းများ

၁။ သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို ထည့်သွင်းဆောင်ရွက်ခြင်း။ သင်ရိုးညွှန်းတမ်းတွင် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကဏ္ဍကို ထည့်သွင်းရာတွင် DRR နှင့်သက်ဆိုင်သည့် ဗဟုသုတ (ခေါင်းစဉ်အကြောင်းအရာနှင့် အယူအဆ)ကို ရွေးချယ်သတ်မှတ်ခြင်း၊ ကျောင်းသား/သူများမှ လေ့လာဆည်းပူးရန်လိုအပ်သော ကျွမ်းကျင်မှုနှင့် သဘော ထား/စရိုက်လက္ခဏာ များနှင့် ဘာသာရပ်တစ်ခုစီကို ရှေ့ဆက်သွားရန်နှင့် အကောင်အထည်ဖော်ဆောင်ရန်အတွက် အလားအလာများကို ရွေးချယ်သတ်မှတ်ခြင်း တို့ပါဝင်သည်။ အောက်ပါတို့မှာ သင်ရိုးညွှန်းတမ်းတွင် DRR ကို မည်သို့ထည့်သွင်းရမည်ကို ဖော်ပြထားသည့် အကြံပြုချက်များဖြစ်သည်။

| ဘာသာရပ်များ | နမူနာများ |
|---|---|
| အနုပညာ (အမြင်နှင့် တင်ဆက်ပြသမှု) | ☛ နံရံဆေးပန်းချီ၊ စက္ကူအဝတ်စတို့ဖြင့် ပုံဖော်သောအနုပညာ၊ ပို့စ်တာများနှင့် အန္တရာယ်နှင့် ဘေးအန္တရာယ်များ အကြောင်းအရာများ ပေါ်တွင် ပြသမှုများ ။<br>☛ DRR နှင့် ပတ်သက်၍ ရပ်ရွာအသိပညာပေးမှုများကို မြှင့်တင်ရန်အတွက် သီချင်းများ ရေးစပ်ခြင်းနှင့် သီဆိုခြင်း၊ အက၊ ရုပ်သေးပြကွက်များ နှင့်ပြဇာတ်များပြုလုပ်ခြင်း<br>☛ အန္တရာယ်တို့၏ သဘောသဘာဝများကို ပြသရန် စိတ်၊ ခန္ဓာနှင့် လူတို့၏တုံ့ပြန်ဆောင်ရွက်မှုများကို အသုံးပြုခြင်း |
| ဘာသာစကား နှင့် စာပေ | ☛ အန္တရာယ်၊ ဘေးအန္တရာယ်တို့နှင့် သက်ဆိုင်သည့် ပုံပြင်၊ ရိုးရာဝတ္ထုများ၊ ကဗျာများနှင့် သတင်းဆောင်းပါးများ ဖတ်ကြားခြင်း<br>☛ ဘေးအန္တရာယ်များနှင့်သက်ဆိုင်သည့် စာစီစာကုံးများ၊ ကဗျာများနှင့် ပုံများများ ရေးစပ်ပြီးထုတ်ဝေခြင်း<br>☛ ဒေသတွင်း ဘေးအန္တရာယ် အခက်အခဲများ အကြောင်းအရာကို ဒေသခံ သတင်းစာများသို့ ရေးသားပေးပို့ခြင်း |
| သိပ္ပံနှင့် နည်းပညာ | ☛ ရာသီဥတုပညာရပ်နှင့် ပထဝီ မြေပြင်ပြတ်ရွေ့ကြောများ အကြောင်း လေ့လာခြင်း<br>☛ ဘေးအန္တရာယ်ဒဏ်ခံနိုင်သည့် ဆောက်လုပ်မှုများ၏ အခြေခံစည်းမျဉ်း များကို နားလည်စေရန် စမ်းသပ်ခြင်းနှင့် စံပြတည်ဆောက်ခြင်း<br>☛ ဂေဟစနစ်အတွက် လူတို့၏လုပ်ငန်းများ၏သက်ရောက်မှုများကို သင်ယူခြင်း |
| ဇီဝဗေဒ | ☛ သစ်တော (သို့) ဒီရေတောများ စသည့် ကောင်းမွန်သောဂေဟစနစ်သည် မြေပြိုခြင်းနှင့် ဆူနာမီကဲ့သို့သော အန္တရာယ်များထံမှ ရပ်ရွာကို မည်သို့ကာကွယ်နိုင်ကြောင်း သင်ယူခြင်း<br>☛ စိုစွတ်သော ကုန်းမြေသည် မိုးရေကို စုပ်ယူပြီး စမ်းချောင်းတွင် ရေးကြီးခြင်းကို ကာကွယ်ပုံကို လေ့လာခြင်း၊ဒေသတွင်း သစ်တောပြုန်းတီးမှုသည် ရပ်ရွာအတွင်း အန္တရာယ်များတိုးမြှင့်လာပုံကို သုံးသပ်ခြင်း |

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

| ဘာသာရပ်များ | နမူနာများ |
|---|---|
| သင်္ချာ | ☛ နေအိမ်နှင့် စာသင်ကျောင်းတို့၏ ဘေးကင်းလုံခြုံရေး အပိုင်းကို တိုင်းတာရန် ဆောင်ရွက်ခြင်း<br>☛ သဘာဝ ဘေးအန္တရာယ် အချက်အလက်များပြုစုခြင်း ( ဥပမာ - အချိန်ကာလ အပိုင်းအခြားအလိုက် ဆိုင်ကလုံးဒဏ်ခံရသူစုစုပေါင်းနှင့် စီးပွားရေးတွင် ထိခိုက်ဆုံးရှုံးမှု ပမာဏ ယခင်ကဖြစ်ခဲ့သော အချက်အလက်များပေါ်တွင် မူတည်ပြီး ဘေးအန္တရာယ်တို့၏ဦးတည်ရာကို တွက်ချက်ခြင်း |
| သမိုင်း | ☛ သဘာဝအန္တရာယ်တို့၏ သက်ရောက်မှုနှင့် အတိတ်မှ မြို့ပြနေထိုင်မှုများ၏ သက်ရောက်မှုများကို လေ့လာခြင်း<br>☛ အတိတ်မှ နိုင်ငံ/ရပ်ရွာ ဘေးအန္တရာယ်များကို လေ့လာခြင်းနှင့် လေ့လာရမည့် သင်ခန်းစာများကို ရွေးချယ်ဖော်ထုတ်ခြင်း<br>တိုင်းရင်းသား/ရိုးရာ DRR အသိများ/အလေ့အကျင့်များကို ရှာဖွေလေ့လာခြင်း နှင့် ပစ္စုပ္ပန်တွင် အသုံးဝင်မှုရှိ/မရှိကို လေ့လာခြင်း |
| ပထဝီ | ☛ မြန်မာနိုင်ငံမြေပုံကို ကမ်းရိုးတန်းတစ်လျှောက်တွင် ရေမျက်နှာပြင်မတူညီမှုကြောင့် မတူညီသည့် ဘေးအန္တရာယ်တို့၏သက်ရောက်မှု အမျိုးမျိုးကို ပြန်လည်ဖော်ပြ ရေးဆွဲခြင်း<br>☛ မြို့ပြနှင့် ကျေးလက်လူထုအပေါ် သက်ရောက်သောသဘာဝ ဘေးအန္တရာယ်တို့ ၏ သက်ရောက်မှုများကို လေ့လာခြင်း<br>☛ မြေယာအသုံးပြုမှုကို ပြောင်းလဲခြင်းကို ဘေးဒဏ်ခံနိုင်စွမ်း တည်ဆောက်ခြင်းနှင့် အန္တရာယ်၏ အရင်းအမြစ်အဖြစ် ကြည့်ရှုလေ့လာခြင်း |
| လူမှုရေး သိပ္ပံ/လေ့လာခြင်း | ☛ ဘေးအန္တရာယ်ထိခိုက်လွယ်မှုများကို လူ့အခွင့်အရေးနှင့် ကလေးသူငယ်အခွင့်အရေး ရှုထောင့်မှ ကြည့်ရှုသုံးသပ်ခြင်း<br>☛ ရပ်ရွာအဖွဲ့ဝင်များကို အန္တရာယ်/ဘေးအန္တရာယ်ရှုထောင့်/အတိတ်မှအလေ့ အကျင့်များ၊ အောက်မေ့ဖွယ်ရာများကို တွေ့ဆုံမေးမြန်းခြင်း<br>☛ ဒေသတွင်းဘေးအန္တရာယ် ပံ့ပိုးရေး ဝန်ဆောင်မှုကို စမ်းသပ်နိုင်ရန် အတွက် ကွင်း ဆင်းလေ့လာမှုများပြုလုပ်ခြင်း |
| မြို့ပြ/နိုင်ငံသားများ | ☛ ဒေသအတွင်းမှ ရွေးချယ်တင်မြှောက်ထားသူများဖြင့် ဘေးအန္တရာယ်ကြိုတင်ပြင် ဆင်ရေး ဗျူဟာများနှင့် အဆောက်အအုံများအကြောင်း လေ့လာရန် တွေ့ဆုံခြင်း<br>☛ ဒေသခံရပ်ရွာများတွင် DRR စည်းရုံးလှုံ့ဆော်ပွဲ စီမံချက်များဆောင်ရွက်ခြင်း ရပ်ရွာ ဘေးဒဏ်ခံနိုင်စွမ်းဆောင်ရွက်မှုများတွင် ပါဝင်ခြင်း |
| ကျန်းမာရေး/ ကောင်းမွန်သော ပညာရေး | ☛ အခြေခံရှေးဦးပြုစုနည်းများ သင်ယူခြင်း<br>☛ အန္တရာယ်တစ်ခုကိုဖြေရှင်းရန် ဘေးကင်းလုံခြုံရေးအလေ့အကျင့်များနှင့် လုပ်ငန်းစဉ်များကို လေ့လာခြင်း<br>☛ ဘေးအန္တရာယ်ဖြစ်ပြီးကာလတွင်ကြုံတွေ့နိုင်မည့် ကျန်းမာရေး အန္တရာယ်များကို လေ့လာခြင်း |

Funded by European Union Civil Protection and Humanitarian Aid

| ဘာသာရပ်များ | နမူနာများ |
|---|---|
| စိုက်ပျိုးရေး | ☛ ခြောက်သွေ့/စိုစွတ်သော အခြေအနေများကို တုံ့ပြန်၍ သီးနှံစိုက်ပျိုးရေးအလေ့အကျင့်များကို လေ့လာခြင်း<br>☛ မြေဆီလွှာ ပျက်စီး ခြင်းကို လေ့လာခြင်း |
| အသက်မွေးဝမ်းကြောင်း/ နည်းပညာ | ☛ သစ်ပင် နှင့်/သို့ ဒီရေတောစိုက်ပျိုးရေ စီမံချက်များဖြင့် လိုက်လျောညီထွေရှိစေရန် နေထိုင်မှုကို လေ့ကျင့်ခြင်းနှင့် လေ့လာခြင်း<br>☛ စာသင်ကျောင်း ဧရိယာတွင် မိုးရွာသွန်းမှုကို တိုင်းတာရန် ကိရိယာများ တည်ဆောက်ခြင်း<br>☛ ဘေးဒဏ်ခံနိုင်သောပုံစံနှင့် ဆောက်လုပ်ရေး စည်းမျဉ်းများကို လေ့လာခြင်း |
| ဘဝကျွမ်းကျင်မှု | ☛ ဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် ခေါင်းစဉ်များကို စကားရည်လုပွဲပြိုင်ပွဲကျင်းပခြင်း<br>☛ နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှု ညှိနှိုင်းဆောင်ရွက်မှုများကို အစမ်းလေ့ကျင့်ခြင်း မိသားစုဘေးအန္တရာယ်အစီအစဉ်ကို ရေးဆွဲပြင်ဆင်ခြင်း |

၂။ DRR အတွက် ပညာရပ်နယ်ပယ်အသီးသီးမှ အစီအစဉ်များ ပြုလုပ်ခြင်း

ဤနည်းလမ်းမှာ သင်ရိုးအသစ်၊ ခေါင်းစဉ်အသစ်တို့ပါဝင်သည့် သင်ခန်းစာအသစ်ဖြစ်သည်။ ဘာသာရပ်အများစု (သို့) အချို့မှ ကျွမ်းကျင်မှုများနှင့် DRR အကြောင်းအရာတို့ကို ပေါင်းစပ်ထားသည်။ သင်ခန်းစာကို ဆရာတစ်ဦး (သို့) ဆရာအဖွဲ့လိုက် တက်တက်ကြွကြွသင်ကြားခြင်း (သို့) အလှည့်ဖြင့် သင်ကြားနိုင်သည်။ ဥပမာ ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဆရာ/မများနှင့် ကျောင်းသား/သူများ ၏ DRR စာအုပ်များကို ၄-၆ တန်းအတွက် စာသင်ကျောင်းအချို့တွင် စမ်းသပ်သင်ကြားရန် ပြုစုရေးသားခဲ့သည်။

၃။ ပူပေါင်းအကျိုးအမြတ်ရရှိရေး နည်းလမ်း၊ DRR ကို အရည်အသွေးရှိ ပညာရေးကဏ္ဍစုံတွင် ထည့်သွင်းခြင်း

သင်ရိုးညွှန်းတမ်းတွင် DRR ကို ထည့်သွင်းရန် အခြားနည်းလမ်းတစ်ခုမှာ DRR ပညာရေးနှင့် အခြားအရည်အသွေးမြင့် ပညာရေးကဏ္ဍများတွင် ထည့်သွင်းခြင်းဖြစ်သည်။ ဥပမာ ဘဝကျွမ်းကျင်မှု ပညာရပ်များ၊ ကလေးပျော်ကျောင်းများ၊ မြို့ပြ/နိုင်ငံသား ပညာရေး၊ ပတ်ဝန်းကျင် ပညာရေး၊ ပဋိပက္ခ ဘေးဖြစ်နိုင်ခြေလျှော့ချရေး ပညာရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ပညာရေးတို့ဖြစ်သည်။ နိုင်ငံအဆင့်၊ ဒေသ (သို့) ဒေသအဆင့်တွင် ကဏ္ဍပေါင်းစုံနှင့် သက်ဆိုင်သည့် ဤအပိုင်းတစ်ခု (သို့) အများတွင် အားကောင်းပြီးဖြစ်သည့် ကဏ္ဍများတွင် ဘေးအန္တရာယ်အကြောင်းအရာများကို ထည့်သွင်းခြင်းမှာ သင်ရိုးညွှန်းတမ်းတွင် DRR ကို ရေရှည်တည်တံ့စေမည့် နည်းလမ်းဖြစ်သည်။

၄။ DRR သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းကို အထောက်အပံ့ဖြစ်စေရန် နေ့ထူးနေ့ရပ်များကို အသုံးပြုခြင်း

DRR ခေါင်းစဉ်များတွင် DRR သင်ခန်းစာ ပြုစုရေးဆွဲခြင်း၊ အစည်းအဝေးများ၊ ကျောင်းပြင်ပကလပ်နှင့် လုပ်ငန်းများ၊ ပြပွဲများ၊ အထူးနေ့ရက်များ၊ ပြိုင်ပွဲများနှင့် ဘေးကင်းလုံခြုံရေး အစမ်းလေ့ကျင့်မှုများ စသည့် နောက်တိုးသင်ခန်းစာ အစီအစဉ်များပါဝင်သည်။ ဥပမာ - တရုတ်နိုင်ငံရှိ Qiao Cai Ping မူလတန်းကျောင်းသည် စာသင်ကျောင်းဘေးကင်းလုံခြုံရေး အယူအဆကို ရိုးရာ Luoshi ပွဲတော်တွင် ပြသခဲ့သည် ( Luoshi သည် ရပ်ရွာအတွင်းတွင် spiral shell တစ်ခုဖြစ်သည်) ဆောင်ရွက်ရန် ၂၊ စာသင်ကျောင်းသင်ရိုးညွှန်းတမ်းတွင် DRR ထည့်သွင်းဆောင်ရွက်ခြင်း အလေ့အကျင့်များ ဝေမျှခြင်း ။

ဦးဆောင်ဆွေးနွေးသူ အတွက် အကြံပြုချက်များ

သင်တန်းဆရာသည် အောက်ပါ link များမှ နမူနာအချို့ကို ရွေးချယ်ဖော်ပြနိုင်သည် -

1. http://www.unisdr.org/files/761_education-good-practices.pdf
2. http://www.preventionweb.net/files/4006_ADPCEducGuidelineConsultationVersion3.1.pdf

( ပူးတွဲပါ DVD အခွေအတွင်းမှ PDF 5, PDF 6 ဖိုင်များကိုကြည့်ပါ )

၂၀၀၈ ခုနှစ် ဆိုင်ကလုံး နာဂစ်အပြီးမြန်မာနိုင်ငံ ပညာရေးကဏ္ဍရှိ ဘဝကျွမ်းကျင်မှု ပညာရပ်

( ၁ ) လုပ်ငန်းစဉ်သည် ကျောင်းအုပ်ဆရာ/မများ၊ ဆရာ/မများ ၊ ကျောင်းသား/သူများနှင့် ရပ်ရွာတို့ပါဝင်သော လိုအပ်ချက် ဆန်းစစ်လေ့လာချက်ပါဝင်သည်။ ထို့အပြင် သင်ခန်းစာ ပြုစုရေးသားခြင်း၊ ကွင်းဆင်းစမ်းသပ်မှုနှင့် သင်ခန်းစာများကို ပြုပြင်ရေးသားခြင်းတို့ပါဝင်သည်။

( ၂ ) DRR ကို "ပတ်ဝန်းကျင်နှင့် တကိုယ်ရည်သန့်ရှင်းရေး" ဟူသော ဘဝကျွမ်းကျင်မှုကဏ္ဍတွင် ထည့်သွင်းခြင်း

ဆိုင်ကလုံးနာဂစ်အပြီး (၂၀၀၈) ခုနှစ် မြန်မာနိုင်ငံ ပညာရေးကဏ္ဍမှ ဘဝကျွမ်းကျင်မှု ပညာရပ်

( ၁ ) ၅ တန်းတွင် အရေးပေါ်ကာလ သတိပြုရန်အချက်များ ( ရေကြီးခြင်း၊ ဆူနာမီ၊ မြေငလျင်နှင့် တောမီးများ ပါဝင်)

( ၂ ) ၆ တန်းတွင် အရေးပေါ်အခြေအနေဆိုသည့်ခေါင်းစဉ်များ အခန်းတစ်ခန်း ပါဝင် ( ရေကြီးခြင်း)

( ၃ ) ၇ တန်းတွင် ဘေးအန္တရာယ် မိသားစု အစီအစဉ်၊ အရေးပေါ်အခြေအနေပစ္စည်းနှင့် ရွှေ့ပြောင်းရေဘေးအန္တရာယ်ကြို တင်ပြင်ဆင်ရေး ၊

( ၄ ) ၈ တန်းတွင် မြေငလျင်၊ မြေပြိုမှု နှင့် မီးအန္တရာယ် ဘေးကင်းရေး စသည့် ခေါင်းစဉ်များ ပါဝင်သည်။

လုပ်ဆောင်ချက် ( ၃ )

ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး မြှင့်တင်ရန်အတွက် အလေ့အကျင့်ကောင်းများ ဝေမျှခြင်း

☞ Plan ထိုင်းနိုင်ငံမှ ဗီဒီယိုကို ကြည့်ပါ။

# NOTE

ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေး သင်တန်းလမ်းညွှန်စာအုပ်

# နောက်ဆက်တွဲ ( ၄ )

# ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

နောက်ဆက်တွဲ ( ၁.၁ ) မှ
နောက်ဆက်တွဲ ( ၁.၃ ) ထိ

**နောက်ဆက်တွဲ ( ၄.၁ ) မှ ( ၄.၂ ) အထိ**

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

NOTE

# နောက်ဆက်တွဲ ( ၄.၁ )
# ဦးဆောင်ဆွေးနွေးသူ မှတ်ချက်များ - အဆောက်အအုံနှင့် အဆောက်အအုံမဟုတ်သည့်အပိုင်း ဘေးကင်းလုံခြုံရေး

## ဦးဆောင်ဆွေးနွေးသူအတွက် နည်းပညာပိုင်း ဝေါဟာရ မှတ်စုများ

ဖြည့်စွက်တည်ဆောက်ခြင်း သည်လက်ရှိအဆောက်အအုံကို ပို၍ခိုင်ခံ့မှုရှိစေရန်နှင့် အန္တရာယ်တို့၏ ထိခိုက်မှုသက်ရောက်မှုများဒဏ်ခံနိုင်စွမ်းရှိစေရန် ပံ့ပိုးတည်ဆောက်ခြင်းဖြစ်သည်။

## အဆောက်အအုံ စံချိန်စံနှုန်းတွေက ဘာတွေလဲ ။

လက်တွေ့တွင် အဆောက်အအုံဘေးကင်းလုံခြုံရေးမှာ အစိုးရတရားဝင် ထုတ်ပြန်ထားမှုဖြစ်သည်။ နည်းပညာအရ ၄င်းမှာ အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် စနစ်တကျ ပြုလုပ်ဖွဲ့စည်းထားသော အနိမ့်ဆုံး ဘေးကင်းလုံခြုံရေး စံချိန်စံနှုန်းများဖြစ်သည်။ ၄င်းတွင် အဆောက်အအုံတည်ဆောက်ရေးကဏ္ဍအားလုံးပါဝင်သည် - မီးဘေးအဆောက်အအုံ၊ ရေသွယ်ပိုက်များ၊ လျှပ်စစ်နှင့် စက်မှု စသည်တို့ပါဝင်သည်။

ပို၍ဘေးကင်းသော စာသင်ကျောင်းအဆောက်အအုံများကို အနည်းဆုံးစီစဉ်ခြင်း၊ ပုံစံရေးဆွဲထားခြင်းတည်ဆောက်ထားခြင်းနှင့် ထိန်းသိမ်းထားသည်။ မည်သည့်အဆောက်အအုံကိုမှ ဘေးကင်း လုံခြုံမှုစိတ်ချရပြီဟု မသတ်မှတ်သင့်ပေ။ ဘေးကင်းလုံခြုံရေးသည်မျှော်မှန်းထားသည့် အန္တရာယ်များနှင့်ရရှိနိုင်သည့် ဆောက်လုပ်ရေးနည်းစနစ်များ အပေါ်တွင်အခြေခံသည်။ ဤအကြောင်းအရာပေါ်ရှိ ဗဟုသုတများ ပြောင်းလဲလာသည်နှင့်အမျှ တချိန်ကဘေးကင်းလုံခြုံသည်ဟုမှတ်ယူခဲ့သော စာသင်ကျောင်းများမှာလည်း ဘေးကင်းလုံခြုံမှုမရှိကြောင်း နားလည်သဘောပေါက်လာသည်။

ဘေးကင်းလုံခြုံရေးသည်စာသင်ကျောင်းကိုမည်ကဲ့သို့အသုံးပြုသနည်းဆိုသည့်အချက်ပေါ်တွင်လည်းမူတည်နေသည်။ အနည်းဆုံး စာသင်ကျောင်းများသည် အန္တရာယ်များအတွက် ဘဝလုံခြုံမှုရှိရမည်။ အဆောက်အအုံများသည် အဆောက်အအုံပိုင်းမဟုတ်သည့် ပစ္စည်းများ ပြိုကျလာခြင်းမှ အန္တရာယ်ကင်းရှင်းနေရမည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုတို့ မဖြစ်သင့်ပေ။ သို့ရာတွင် ယင်းအဆောက်အအုံများမှာ ထိခိုက်ပျက်စီးမှု ကြီးမားနိုင်သည်။ အသက်လုံခြုံမှုရှိသည်ဟု မှတ်ယူထားသည့် စာသင်ကျောင်းများပင်လျှင် ပြန်လည်အသုံးမပြုခင်အချိန်တွင် ပြုပြင်ရန် လိုအပ်နိုင်သည်။ ဘေးအန္တရာယ်တို့၏ အရေးပေါ်ကာလများတွင် စာသင်ကျောင်းများကို အသုံးပြုသည့်အခါတွင် ဘေးကင်းလုံခြုံမှုရှိသည် စာသင်ကျောင်းများကို ကြီးကြီးမားမား ထိခိုက်မှုမရှိစေသင့်ပါ။ ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းကို ဖြစ်လာနိုင်သည့် အန္တရာယ်များ ကြုံတွေ့လာသည့်အခါတွင် အရေးပေါ်ခိုလှုံရာအဖြစ်အသုံးပြုသင့်သည်။

## Load

အဆောက်အအုံ (သို့) အဆောက်အအုံ၏ အချို့အစိတ်အပိုင်းပေါ်တွင် သက်ရောက်သော အားဖြစ်သည်။ Dead Loadသည် အဆောက်အအုံမှ ပံ့ပိုးပေးရမည် အဆောက်အအုံအစိတ်အပိုင်းများ၏ အလေးချိန်များပါဝင်သည်။ ဥပမာ အမိုးသည် dead load ဖြစ်သည်။ live load များသည် အဆောက်အအုံပေါ်တွင် သက်ရောက်မှုရှိသော အခြား အားများ ဖြစ်သည်။ အဆောက်အအုံကို အသုံးပြုနေသော လူတို့မှာ live load ဖြစ်သည်။ အဆောက်အအုံပေါ်တွင်သက်ရောက် လေ၊ရေ၊ နှင့် မြေပြင်လှုပ်ခတ်မှုတို့သည်လည်း Live load ၏ နမူနာများဖြစ်ကြသည်။

## Load paths

အဆောက်အအုံတစ်ခုပေါ်တွင် သက်ရောက်နေသော အားသည် အခြား အစိတ်အပိုင်းပေါ်တွင် မည်သို့ ပြောင်းလဲပုံ ။ အဆောက်အအုံပိုင်းဆိုင်ရာ အစိတ်အပိုင်းများ ၊ အဆောက်အအုံပေါ်ရှိအရာများကို ပံ့ပိုးရန်အတွက် ပုံစံပြုလုပ်ထားသော အစိတ်အပိုင်းများ ။

အဆောက်အအုံပိုင်းမဟုတ်သည့် အစိတ်အပိုင်းများ၊ အဆောက်အအုံ၏ အလေးချိန် စနစ်တွင် မပါရှိသည့် အစိတ်အပိုင်းများ။ ၄င်းတို့တွင် မျက်နှာကြက်အတုများ၊ အလှတန်ဆာများ၊ ပရိဘောဂများ စသည်တို့ပါဝင်သည်။

Funded by European Union Civil Protection and Humanitarian Aid

နံရံများ

ဆောက်လုပ်မှုတွင် နံရံတို့သည် မျဉ်းပြိုင်တန်းကဲ့သို့သော ထပ်ခိုးများ အဆောက်အအုံကို ပံ့ပိုးပေးသည်။

Framed construction

Framed Construction တွင် အဆောက်အအုံ၏ဘောင်သည် အဆောက်အအုံ၏အခြားသော အစိတ်အပိုင်းများကို ပံ့ပိုးပေးထားသည်။ ဘောင်သွင်းအဆောက်အအုံကို အဆောက်အအုံပေါ်ရှိအလေးချိန်သည် ဘောင်ပေါ်တွင် ကျရောက်နေစေရန် ပုံစံပြုလုပ်သင့်သည်။ ဘောင်များကို တိုင်များ၊ beam များကဲ့သို့သော အဆောက်အအုံ အစိတ်အပိုင်းများဖြင့် ပြုလုပ်ထားသည်။ ဘောင်ခတ်ထားသည့် အဆောက်အအုံတွင် နံရံများသည် မည်သည့်အလေးချိန်ကိုမှ မထမ်းထားဘဲ ၄င်းတို့ကို အဖြည့်ခံနံရံ (သို့) ကန့်လန့်ကာ နံရံများဟုခေါ်ဝေါ်ကြသည်။

ကြံ့ခိုင်မှု

သည်အဆောက်အအုံစနစ်ကို သက်ရောက်စေသည်။ ၄င်းသည် ဖိအား၊ အလေးချိန် (သို့) အခြေအနေပြောင်းလဲမှုများကို ခံနိုင်စေရန် အဆောက်အအုံ၏ စွမ်းရည်ဖြစ်သည်။ အဆောက်အအုံသည် အနည်းဆုံးထိခိုက်မှု၊ အပြောင်းအလဲ(သို့) ဆောင်ရွက်မှု ပျက်စီးခြင်း စသည့် လုပ်ငန်းဆောင်ရွက်မှုပတ်ဝန်းကျင်တွင် ကောင်းစွာ ခံနိုင်မှုရှိလျှင် ကြံ့ခိုင်မှု ရှိသည်ဟုဆိုသည်။

Integrity

အသုံးပြုသည့် ပစ္စည်းများတွင်ပါဝင်သည်။ Intergrity သည် အဆောက်အအုံတစ်ခုလုံး၏အရည်အသွေးကို ဖော်ညွှန်းသည်။

တည်ငြိမ်မှု

အဆောက်အအုံ၏ အစိတ်အပိုင်းအမျိုးမျိုးနှင့် သက်ဆိုင်သည် ။ အဆောက်အအုံကို ရပ်တည်နေစေရန်အတွက် ဘက်ညီအောင်ထားရှိပေးသော ( တိုင်များ၊ နံရံများ၊ ယက်မများ) ဖြစ်သည်။

လုပ်ဆောင်ချက် ( ၁ )၊ ထောက်တိုင်( ၁ )၊ ဘေးကင်းသောသင်ကြားရေး ပံ့ပိုးပစ္စည်းများအား မိတ်ဆက်ပေးခြင်း

Presentation ကို ကြည့်ပါ။

လုပ်ဆောင်ချက် ( ၂ )၊ ဘေးကင်းလုံခြုံသော သင်ကြားရေးနေရာ

၁။ ဘေးကင်းလုံခြုံသော သင်ကြားရေး ပံ့ပိုးပစ္စည်းများက ဘာတွေလဲ ။

( ၁ ) ဘေးကင်းလုံခြုံမှုရှိသော နေရာများ

( ၂ ) စံသတ်မှတ်ထားသည့် ပုံစံ

( ၃ ) ဘေးအန္တရာယ်များအတွင်းတွင် ဒဏ်ခံနိုင်သော အဆောက်အအုံများ

( ၄ ) ဘေးအန္တရာယ်များအတွင်း ဒဏ်ခံနိုင်စေသော လိုအပ်သော ကိရိယာများထားရှိခြင်း

( ၅ ) အဆောက်အအုံနှင့် ဆက်နွယ်မှုရှိသည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်း

၂။ ဘေးကင်းလုံခြုံသော သင်ကြားရေး ပံ့ပိုးမှုများ ဖြစ်စေရန် အခန်းကဏ္ဍတွေက ဘာတွေလဲ

( ၁ ) ဘေးကင်းသော နေရာရွေးချယ်ခြင်း

( ၂ ) အဆောက်အအုံ စံချိန်စံနှုန်း

( ၃ ) လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများ

( ၄ ) ဘေးအန္တရာယ်ဒဏ်ခံနိုင်သော ပုံစံ

( ၅ ) ဆောက်လုပ်ရေး သင်တန်း

( ၆ ) ဆောက်လုပ်ရေး ကြီးကြပ်မှု

( ၇ ) အရည်အသွေး ထိန်းချုပ်ခြင်း (Plan ရုံးအတွင်း)

( ၈ ) ဖြည့်စွက်တည်ဆောက်ခြင်း (Plan ရုံးအတွင်း)

Funded by European Union Civil Protection and Humanitarian Aid

၃။ ဘယ်သူတွေ ပါဝင်ရန် လိုအပ်သလဲ ။

( ၁ ) ပညာရေး အာဏာပိုင်များ
( ၂ ) စီစဉ်သူများ
( ၃ ) ဗိသုကာ ပညာရှင်များ
( ၄ ) အင်ဂျင်နီယာများ
( ၅ ) ဆောက်လုပ်သူများ
( ၆ ) ဘေးကင်းသော နေရာရွေးချယ်ခြင်း၊ ပုံစံ၊ ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး မှ စာသင်ကျောင်းအဖွဲ့ဝင်များ

## လုပ်ဆောင်ချက် ( ၃ )၊ အဆောက်အအုံပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှု

အဆောက်အအုံပိုင်းဆိုတာဘာလဲ ။

( ၁ ) အဆောက်အအုံပိုင်း - ပင်မအဆောက်အအုံ/နေအိမ်နှင့် (သို့) အဆောက်အအုံ၏ အဓိက အစိတ်အပိုင်း
( ၂ ) အဆောက်အအုံ၏ တည်ဆောက်မှုဘာကြောင့် ပျက်ဆီးပြိုကျသလဲ ။ အောက်ပါအချက်တို့ကို ရှင်းပြပါ။
( ၃ ) အဆောက်အအုံတို့သည် အောက်ပါတို့ကြောင့် ကျဆုံးနိုင်သည်။
( ၄ ) အဆောက်အအုံအများစုမှာ ဟောင်းနွမ်းအိုမင်းခြင်း၊ ခိုင်ခံ့မှုလျော့ခြင်း
( ၅ ) အဆောက်အအုံစံချိန်စံနှုန်းများ မသတ်မှတ်ခင်အချိန်က အဆောက်အအုံဟောင်းများကို တည်ဆောက်ခဲ့ခြင်း
( ၆ ) အဆောက်အအုံသစ်များတွင် အဆောက်အအုံ စံချိန်စံနှုန်းများကို မလိုက်နာခြင်း
( ၇ ) အသုံးပြုပစ္စည်းများ အရည်အသွေးနည်းခြင်း
( ၈ ) ဆောက်လုပ်မှု ညံ့ခြင်း
( ၉ ) လေ့ကျင့်မှုမရှိသော ပန်းရံများ

## လုပ်ဆောင်ချက် ( ၄ )၊ အဆောက်အအုံပိုင်းမဟုတ်သည့်ကဏ္ဍ ဘေးကင်းလုံခြုံရေး

အဆောက်အအုံပိုင်းမဟုတ်သည့် အပိုင်း၊ ဆိုသည်မှာ အဆောက်အအုံတစ်ခု၏ ဆောက်လုပ်ရေးစနစ်တစ်ခုမဟုတ်နေဘဲ၎င်းနှင့် ချိတ်ဆက်ထားခြင်း (သို့) အဆောက်အအုံ စနစ်တွင် ပါဝင်နေသည့် အစိတ်အပိုင်းဖြစ်သည်။

အဆောက်အအုံပိုင်းမဟုတ်သည့် အစိတ်အပိုင်းတွေကဘာလဲ။

အဆောက်အအုံတစ်ခု၏ ဆောက်လုပ်ရေးစနစ်တစ်ခုမဟုတ်နေဘဲ ၎င်းနှင့် ချိတ်ဆက်ထားခြင်း (သို့) အဆောက်အအုံစနစ်တွင်ပါဝင်နေသည့် အစိတ်အပိုင်း ဖြစ်သည်။

ဗိသုကာပိုင်းဆိုင်ရာ အစိတ်အပိုင်းများ

ဥပမာ - ယာယီနံရံများ ၊ အမိုးနှင့် ကပ်လျက် တည်ဆောက်ထားသော ထပ်ခိုးများ၊ ဖြည့်စွက်အခန်းများ၊ အလှဆင်ပစ္စည်းများ၊ သစ်ပါးလွှာ၊ အုပ်စောင်းအမိုးများ ၊ အဇီထုတ်ထားသော မျက်နှာကြက်များ၊ ကြော်ငြာဘုတ်များ စသည်တို့ဖြစ်သည်။

စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ

ဥပမာ - ရေနွေးစက်များ၊ သိုလှောင်တိုင်ကီများ၊ ပိုက်လိုင်းများ၊ မီးဘေးကာကွယ်ရေးစနစ်များ ။

လျှပ်စစ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ

ဥပမာ - လျှပ်စစ်မော်တာများ ၊ မီးသီး ပစ္စည်းများ၊ ကွန်ပြူတာနှင့် အချက်အလက်ထိန်းသိမ်းသည့် စနစ်များ ။

ပရိဘောဂနှင့် ပါဝင်ပစ္စည်းများ

ဥပမာ - ဗီဒိုများ၊ ဆိုဖာ၊ ကွန်ပြူတာ၊ စသည်တို့ဖြစ်သည်။

ဆက်နွယ်မှုရှိသည့် ဘေးဖြစ်နိုင်ခြေ

( ၁ ) အဆောက်အအုံအတွင်းနေထိုင်သူများ အသက်ဆုံးရှုံးခြင်း (သို့) ထိခိုက်ဒဏ်ရာရခြင်း
( ၂ ) ပစ္စည်းများ ဆုံးရှုံးခြင်း ၊ အထူးသဖြင့် စီးပွားရေး အဆောက်အအုံများ
( ၃ ) ( အဆောက်အအုံတစ်ခုလုံး၏ တန်ဘိုးထက် ၇၅ % မြင့်ခြင်း)
( ၄ ) အသက်ကယ်စနစ်များ ထိခိုက်ပျက်စီးခြင်း (သို့) မလည်ပတ်တော့ခြင်း။ ဥပမာ မီးဘေးကာကွယ်ရေး အချက်ပေးစနစ်များ၊ ဆက်သွယ်ရေးပစ္စည်းများ ၊ ကြေးနန်း ဗဟိုဌာန ။

Funded by European Union Civil Protection and Humanitarian Aid

| နေရာအားလုံး/ တည်နေရာ | အရာဝတ္ထု (အပြည့်အစုံ) | ဘေးဖြစ်နိုင်ခြေ အမျိုးအစား | | | ဦးစားပေးမှု H/M/L (သို့) ၁၊ ၂၊ ၃ | အလေးချိန် ( ပစ္စည်းများ ကီလိုဂရမ်ဖြင့် ပါဝင်သည်) |
|---|---|---|---|---|---|---|
| | | အသက် | ပစ္စည်း လုံခြုံရေး | လုပ်ငန်း ဆက်လက် လည်ပတ် နိုင်ရေး | | |
| အခန်း(၁) | ကွန်ပြူတာ | ❋ | ❋ | ❋ | H | 3 kgs |
| | မှန်ပြတင်းပေါက် | ❋ | ❋ | | | |
| အခန်း(၂) | အတွင်းဘက်ဖွင့် တံခါး | | | | | 8 kgs |
| | ထွက်ပေါက်ရှိ အချွန်အတက်များ | ❋ | | | | |
| ဧည့်ခန်း၊ မြေညီထပ် | မိတ္တူကူးစက် | | ❋ | ❋ | | 15 kgs |
| | တယ်လီဖုန်းလွှဲပြောင်းရေး နေရာ | | | ❋ | | 7 kgs |

## နောက်ဆက်တွဲ ( ၄.၂ )
## ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စုများ - ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်းရှိသောစာသင်ကျောင်း

ဦးဆောင်ဆွေးနွေးသူကို အောက် အကိုးအကားများကို ဖတ်ရန် အထူးအကြံပြုပါသည်။

၁။ စာသင်ကျောင်းတည်ဆောက်ရေးအတွက် INN လမ်းညွှန်ချက်များ
:http://www.wcdrr.org/wcdrr-data/uploads/885/Guidance%20notes%20on%20safer%20school%20construction.pdf

၂။ Save the children မှ ရပ်ရွာစာသင်ကျောင်းတည်ဆောက်ရေး
https://www.gfdrr.org/sites/default/files/publication/45179_towardssaferschoolconstruction2015_0.pdf

( ပူးတွဲပါ DVD အခွေအတွင်းမှ PDF 7, PDF 8 ဖိုင်ကိုကြည့်ပါ )

ဆောင်ရွက်ရန် ( ၁ )၊ မိတ်ဆက်ခြင်း နှင့် သွေးပူလေ့ကျင့်ခန်း ပြုလုပ်ခြင်း

ဘေးအန္တရာယ်ဒဏ်ခံနိုင်စွမ်းရှိသောစာသင်ကျောင်းများကို ပြသရန် Youtube မှ ဗွီဒီယို တစ်ခုကို ရွေးချယ်နိုင်သည်။

၁။ UNICEF မှ ရေကြီးဒဏ်ခံနိုင်သည့် စာသင်ကျောင်း:
https://www.youtube.com/watch?v=9K5FZzJaVJo

၂။ Tacloban မှ စာသင်ကျောင်း ပုံစံနေရာများ:
https://www.youtube.com/watch?v=KJ7iyI5saj4

( ပူးတွဲပါ DVD အခွေအတွင်းမှ VIDEO 7, VIDEO 8 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၂ )၊ အန္တရာယ်ဒဏ်ခံနိုင်သော စာသင်ကျောင်းသစ်တည်ဆောက်မှုနှင့် လက်ရှိ စာသင်ကျောင်းများကို ပို၍ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများဖြစ်စေရန် ဖြည့်စွက်တည်ဆောက်ခြင်း အကြံပြုအဆင့်များကို ကြည့်ရှုသုံးသပ်ခြင်း

အောက်ပါအကြံပြုထားသော အဆင့်များသည် အန္တရာယ်ဒဏ်ခံနိုင်သော စာသင်ကျောင်း သစ်တည်ဆောက်မှုနှင့် လက်ရှိ စာသင်ကျောင်းများကို ပို၍ဘေးကင်းလုံခြုံသည့် စာသင်ကျောင်းများဖြစ်စေရန် ဖြည့်စွက်တည်ဆောက်ခြင်းတို့အတွက်

လမ်းညွှန်မှုများပံ့ပိုးပေးထားသည်။ သို့ရာတွင် စီမံချက်၏ အဆင့်တိုင်းတွင် လုပ်ငန်းစဉ်များ ကွာခြားသည်ဖြစ်ရာ အဆင့် (သို့) လမ်းညွှန်ချက် တစ်ခုသည် အဆောက်အအုံသစ်တစ်ခု (သို့) ဖြည့်စွက်တည်ဆောက်ခြင်း၏ အဆင့်တစ်ခုတည်းကိုသာ သီးသန့် သက်ဆိုင်ကောင်း သက်ဆိုင်လိမ့်မည်။ ယင်းသို့ဖြစ်လျှင် မည်သည့်အဆင့်ကို ဖြေရှင်းထားသည်ကို မှတ်ထားထားမည်ဖြစ်သည်။

<u>အဆင့် (၈) ဆင့် အဆိုပြုထားသော လမ်းညွှန်ချက်</u>

၁။ အဓိက လက်တွဲဆောင်ရွက်မည့်သူများ ရွေးချယ်ခြင်း - ဤလုပ်ငန်းတွင် ဘယ်သူတွေက ပံ့ပိုးကူညီမလဲ ။

၂။ ဘေးဖြစ်နိုင်ခြေကို သတ်မှတ်ခြင်း - လက်ရှိစာသင်ကျောင်းနှင့် တည်ဆောက်မည့်စာသင်ကျောင်းတွေကို ဘယ်အန္တရာယ်က ဘေးဖြစ်နိုင်ခြေ ဖြစ်စေတာလဲ။ မည်သည့်ဘေးဖြစ်နိုင်ခြေက အဆိုးဆုံးလဲ ။

၃။ လုပ်ငန်းဆောင်ရွက်မှု ရည်မှန်းချက် သတ်မှတ်ခြင်း - ခံနိုင်ရည်အတိုင်းအတာ အမြင့်ဆုံးဖြစ်နိုင်မည့် အဆိုးဆုံးထိခိုက်မှု၊ ပြတ်တောက်မှုကို သင်ဘယ်လိုသတ်မှတ်မလဲ။ စာသင်ကျောင်းတစ်ကျောင်းကို ဘယ်လိုအဆင့်ထိ ဘေးဒဏ်ခံနိုင်စွမ်း ရှိအောင် တည်ဆောက်သင့်သလဲ။

၄။ အဆောက်အအုံ စံချိန်စံနှုန်းများနှင့် ဖြည့်စွက်တည်ဆောက်သည့် လမ်းညွှန်ချက်များကို လိုက်နာခြင်း။ စာသင်ကျောင်း အသစ်တစ်ကျောင်း (သို့) ဖြည့်စွက်တည်ဆောက်မည့်အစီအစဉ်တို့သည် လုပ်ငန်းဆောင်ရွက်မှု ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိစေရန် ဘယ်လိုလမ်းညွှန်းချက်တွေ၊ စံနှုန်းတွေ ထားရှိသင့်ပါသလဲ ။

၅။ စာသင်ကျောင်းနေရာကို လေ့လာခြင်း ။ ဘယ်အချက်တွေက နေရာတစ်ခုကို အန္တရာယ်၏ ထိခိုက်လွယ်မှု ပိုရှိစေခြင်း၊ (သို့) လျော့နည်းစေခြင်း ဖြစ်စေပါသလဲ ။ အခြားဘယ်လို အန္တရာယ်တွေကဘေးဖြစ်နိုင်ခြေဖြစ်စေပါ သလဲ။ နေရာတစ်ခုကို ထိခိုက်လွယ်စေဖို့ အခြားသော အခြေအနေများ ရှိနေပါသလား။ ဒေသတွင်းက အဆောက် အအုံတွေကို ဘယ်လိုတည်ဆောက်ခဲ့ပါသလဲ။ ဘယ်လိုပစ္စည်းတွေ၊ ကျွမ်းကျင် အရင်းအမြစ်တွေ ရနိုင်ပါသလဲ ။

၆။ လက်ရှိ စာသင်ကျောင်းအဆောက်အအုံများ၏ ထိခိုက်လွယ်မှုကို လေ့လာခြင်း၊ လက်ရှိစာသင်ကျောင်း အဆောက် အအုံတွေရဲ့ အခြေအနေက ဘယ်လိုရှိသလဲ ။ ၄င်းတို့ကို ဖြည့်စွက်တည်ဆောက်သင့်ပါသလား၊ (သို့) ပြန်လည်ပြု ပြင်တည်ဆောက်သင့်ပါသလား။ အဆောက်အအုံတွေကို ပိုမိုခိုင်ခံ့အောင်လုပ်ဖို့ ဘယ်အချက်တွေကို လိုက်နာသင့် သလဲ ။ ကျောင်းနေလူထုမှ ဘယ်လို ပါဝင်ဆောင်ရွက်နိုင်သလဲ ။

၇။ စာသင်ကျောင်းအသစ်တစ်ကျောင်း၏ ပုံစံ (သို့) ဖြည့်စွက်တည်ဆောက်ခြင်းပုံစံကို ပြင်ဆင်ခြင်း၊ စာသင်ကျောင်း အသစ်တစ်ကျောင်း (သို့) ဖြည့်စွက်တည်ဆောက်ခြင်း အစီအစဉ် အတွက် စဉ်းစားရန်အချက်တွေက ဘာတွေလဲ။ ပုံစံရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ဘယ်သူတွေ ပါဝင်သင့်သလဲ ။ ဘယ်လို ဖလှယ်မှုတွေ လုပ်ဖို့လိုအပ်သလဲ ။ စာသင် ကျောင်းတစ်ကျောင်းကို ဖြည့်စွက်တည်ဆောက်လျှင် အထူးစဉ်းစားရန်အချက်များ ရှိပါသလား ။

၈။ အလုပ်၏ အရည်အသွေးနှင့် ပြုပြင်ထိန်းသိမ်းမှုကို တာဝန်ယူခြင်း၊ ပွင့်လင်းမြင်သာမှုရှိသည့် ဆောက်လုပ်ရေး စီမံချက်ကို ပြုစုရေးဆွဲရန်အတွက် အချို့သော နည်းဗျူဟာတွေက ဘာတွေလဲ ။ ဆောက်လုပ်သူများမှ အန္တရာယ်ဒဏ် ခံနိုင်သော နည်းစနစ်များနှင့် ပစ္စည်းများ အသုံးပြုစေရန်အတွက် သင်တန်းပေးရန် နည်းလမ်းအချို့တွေက ဘာတွေလဲ ။ ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်ကို တဆင့်တက်ပြုလုပ်နိုင်ရန်အတွက် ဘာတွေကို ထည့်စဉ်းစားသင့်သလဲ ။

<u>လုပ်ဆောင်ချက် ( ၃ )၊ ဘေးကင်းလုံခြုံသော နေရာနှင့် ပုံစံ ရွေးချယ်ရန် အကြံပြုချက်များ</u>

☞ Presentation ကို ကြည့်ပါ။

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

# NOTE

# နောက်ဆက်တွဲ ( ၅ )

# ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

နောက်ဆက်တွဲ ( ၁.၁ ) မှ
နောက်ဆက်တွဲ ( ၁.၃ ) ထိ

**နောက်ဆက်တွဲ ( ၅.၁ ) မှ ( ၅.၃ ) အထိ**

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

# NOTE

# နောက်ဆက်တွဲ ၅.၁
# ဦးဆောင်ဆွေးနွေးသူ အတွက်မှတ်စု ဘေးကင်းလုံခြုံသော စာသင်ကျောင်းများရှိ ကျား/မ ရေးရာကဏ္ဍ

လုပ်ဆောင်ချက် ( ၁ )၊ လူ့အခွင်းအရေးနှင့် ကျား/မရေးရာကဏ္ဍကို မိတ်ဆက်ခြင်း

ဦးဆောင်ဆွေးနွေးသူသည် သင်ခန်းစာကို အောက်ပါအတိုင်းပြောခြင်းဖြင့် မိတ်ဆက်နိုင်သည် -

ဤသင်ခန်းစာတွင် ကျား/မရေးရာကဏ္ဍအကြောင်း၊ နည်းကိရိယာများ အသုံးပြုမှုနှင့် ဘေးကင်းလုံခြုံသော စာသင်ကျောင်း ဒေါက်တိုင်တစ်ခုစီ၏ ကျား/မရေးရာကို ထည့်သွင်းပုံတို့ကို လေ့လာသွားမှာဖြစ်ပါတယ်။ ဒါပေမယ့် သမိုင်းကြောင်းအနည်းငယ်ဖြင့် ကျွန်တော်တို့ စတင်ရမှာ ဖြစ်ပါတယ်။

ပါဝါပွိုင့် slide 3 ကို ရှင်းပြရန် မှတ်စုများ။ ပါဝါပွိုင့်

ဒုတိယကမ္ဘာစစ်ပြီး ၁၉၄၈ တွင် တကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး ကြေငြာချက်ထွက်ပေါ်လာခဲ့သည်။ ၎င်းမှာ လူသားအားလုံး ကျား/မ၊ အသက်၊ လူမျိုးစုတို့နှင့်မဆိုင် အားလုံးနှင့် သက်ဆိုင်စေရမည်။ တစ်ဦးနှင့်တစ်ဦး ခွဲခြား မဆက်ဆံရပါ။ သို့ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ယနေ့အချိန်ထိ နှစ်ပေါင်းများစွာကြာအောင် လူ့အခွင့်အရေးဖြစ်သည့် သူတို့၏အခွင့်အရေးများကို မရရှိကြပဲရှိနေကြသည်။

ကုလသမဂ္ဂသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးကိစ္စအတွက် ကမ္ဘာ့ညီလာခံ လေးကြိမ် ခန့်ကျင်းပပြုလုပ်ခဲ့သည်။ ၎င်းတို့မှာ ၁၉၇၅ ခုနှစ်တွင် မက္ကဆီကို နိုင်ငံတွင်လည်းကောင်း၊ ၁၉၈၀ ခုနှစ်တွင် Copenhagen တွင်လည်းကောင်း၊ 1985 ခုနှစ်တွင် Nairobi နိုင်ငံတွင်လည်းကောင်း ၁၉၉၅ ခုနှစ်တွင် Beijing နိုင်ငံတွင်လည်းကောင်း အသီးသီးကျင်းပခဲ့ကြခြင်းဖြစ်သည်။

နှစ်ပေါင်းများစွာတိုင်အောင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများကို 'အမျိုးသမီးတို့၏ အခက်အခဲများ" ဟူသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြရာ (အမျိုးသားတို့မှ အပြောင်းအလဲဖော်ဆောင်ရာတွင် ပူးပေါင်းပါဝင်ရန် လိုအပ်မှုရှိနေသော်လည်း) အမျိုးသားတို့နှင့် မသက်ဆိုင်ခဲ့ပေ။ ဖွံ့ဖြိုးရေးတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သူတို့၏အခွင့်အရေးများကို နားလည်သိရှိစေရန်မှာ သူတို့တာဝန်သီးသန့်မဟုတ်နေဘဲ လူ့အဖွဲ့အစည်းပြောင်းလဲလာရန်အတွက် အများစုမှ ပူးပေါင်းပါဝင်လာရန်အတွက် အမျိုးသမီးဖွံ့ဖြိုးရေးကဏ္ဍမှ ကျား/မရေးရာကဏ္ဍ ဖွံ့ဖြိုးမှုအဖြစ်သို့ ပြောင်းလဲသည်။

အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေးသဘောတူစာချုပ်(CEDAW) ကို ၁၉၇၉-တွင် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုလက်ခံခဲ့ပြီး နိုင်ငံတကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအခွင့်အရေး အဖြစ် မကြာခဏဖော်ပြကြသည်။ ၎င်းတွင် အပိုဒ် (၃၀)ပါဝင်ပြီး အမျိုးသမီးများအပေါ်ခွဲခြားနှိမ်ချမှု ဆန့်ကျင့်ခြင်း တို့ကိုဖော်ပြထားပြီး ထိုကဲ့သို့ ခွဲခြားနှိမ်ချမှုများကို အဆုံးသတ်ရန် နိုင်ငံတော်အဆင့် လုပ်ဆောင်ရန် လုပ်ငန်းများ ပါဝင်သည်။ ၎င်းမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်တို့၏ အခွင့်အရေးများကို ထုတ်ဖော်ပြရန်အတွက် အောင်မြင်သည့်ခြေလှမ်းတစ်ခုဖြစ်သော်လည်း ကျား/မ သာတူညီမျှရေးကဏ္ဍအတွက် ဆောင်ရွက်ရန် များစွာရှိနေသေးသည်။

၂၀၁၅ ခုနှစ်တွင် ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်ကို ရေးဆွဲခဲ့ရာ ပန်းတိုင် နံပတ် (၆) မှာ ကျား/မ မညီမျှမှုကို ဖြေရှင်းရန်နှင့် အမျိုးအသမီးများနှင့် မိန်းကလေးငယ်များကို အားပေးရန်ဖြစ်သည်။

မှတ်ချက်။ ယနေ့တွင် ကျား/မ သာတူညီမျှမှုရှိသော နိုင်ငံများမှာNordic ၊ Iceland , Norway, Finland , Rwanda နှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။

ဦးဆောင်ဆွေးနွေးသူမှ slides ကို အကျဉ်းချုပ်ပြောဆိုခြင်း။

ထို့ကြောင့် ကျား/မ ရေးရာကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်နေခြင်းသည် အနောက်တိုင်းမှ အတွေးအခေါ်မဟုတ်ဘဲ တစ်ကမ္ဘာလုံးမှ လွန်ခဲ့သောဆယ်စုနှစ်များကတည်းက အသိအမှတ်ပြုထားသည့် အကြောင်းအရာဖြစ်ပြီး အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ ယောကျာ်းလေးငယ်များနှင့် အမျိုးသားများအတွက် တန်းတူအခွင့်အရေးများ ရရှိရန်အတွက် ဆောင်ရွက်ရန် အရေးကြီးသည်။

လုပ်ဆောင်ချက် ( ၂ )၊ Plan ၏ ကျား/မ သာတူညီမျှမှု စီမံကိန်း စံသတ်မှတ်ချက်များ

Slide(၄)ကို ရှင်းလင်းရန်မှတ်ချက်

၎င်းတွင် စီမံကိန်းများအတွက် Plan International ၏ ရည်မှန်းချက်ကို ဖော်ပြသည်။ ၎င်းမှာ ကျား/မရေးရာကဏ္ဍကို နားမလည်ခြင်းမှာ ကျား/မရေးရာကဏ္ဍ ပြောင်းလဲခြင်းပင်ဖြစ်သည်။ Plan စီမံကိန်းတို့သည် အနည်းဆုံး ကျား/မရေးကို သိရှိရမည်ဖြစ်ပြီး ဘေးကင်းသည့် စာသင်ကျောင်းများတွင် ကျား/မရေးရာကဏ္ဍကို ပြောင်းလဲအောင် ကြိုးပမ်းဆောင်ရွက်ရမည်။

လုပ်ဆောင်ချက်( ၃ )၊ ကျား/မရေးရာ၏ အခန်းကဏ္ဍများ

slide(6)ကို ရှင်းလင်းရန်မှတ်ချက်

၎င်းမှာ လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု မတူညီကြောင်းကို ရှင်းပြပါ။ ယဉ်ကျေးမှုတစ်ခုတွင် အမျိုးသားတို့သည် ကော်ဖီများ ယက်လုပ်ကြသော်လည်း အခြားနိုင်ငံတစ်နိုင်ငံတွင် ၎င်းမှာ အမျိုးသမီးတို့၏ အလုပ်ဖြစ်နေနိုင်သည်။ ၎င်းတို့ အယူစွဲများသည် မိန်းကလေးငယ်များနှင့် ယောကျာ်းလေးငယ်တို့၏ အခြေအနေကိုခွဲခြားစေပြီး သူတို့အားမတူညီသည့် တန်ဘိုးများသတ်မှတ်ပြီး ဆက်ဆံကြသည်။ ဥပမာ မိန်းကလေးငယ်တို့ကို သူတို့၏ သွင်ပြင်လက္ခဏာနှင့် ရုပ်ပိုင်းဆိုင်ရာတို့ဖြင့် ဆုံးဖြတ်ကြသည်။ ဤနေရာတွင် ကျားဝါဒီ၊ မဝါဒီကို ဆွေးနွေးနိုင်ရန် အစပြုပါ။

ထို့ကြောင့် Plan သည် ကလေးများအားလုံးမှ ကျား/မရေးကဏ္ဍ အယူစွဲများကို တိုက်ဖျက်ပြီး သူတို့သည် ကျား/မ မည်သူဖြစ်နေပါစေ သူတို့၏ အခွင့်အရေးများ၊ စွမ်းဆောင်ရည်များနှင့် ဖြစ်နိုင်ခြေများ အတွက် လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်သည်။

လုပ်ဆောင်ချက် ( ၄ )၊ ကျား/မ ရေးရာကဏ္ဍ လိုအပ်ချက်များ

ဦးဆောင်ဆွေးနွေးသူအတွက် အကြံပြုချက်များ

မှတ်ချက်၊ဓာတ်ပုံကို ကြည့်ခြင်းဖြင့် သူတို့သည် မသန်စွမ်း ဟုတ်/မဟုတ်ကို တွေ့မြင်နိုင်မည်မဟုတ်ပေ။ သူတို့၏ လိုအပ်ချက် (သို့) စွမ်းဆောင်ရည်နှင့် ပတ်သက်၍ အစောပိုင်းတွေ ပြောကြားခဲ့သည်များမှာ အပြောင်းအလဲ ရှိနိုင်ပါသလား ။

ဦးဆောင်ဆွေးနွေးသူ အကျဉ်းချုပ်။

မိန်းကလေးငယ်များ၊ ယောကျာ်လေးငယ်များ၊ အမျိုးသမီးများနှင့် အမျိုးသားများတွင် မတူညီသည့် လိုအပ်ချက်များရှိသော်လည်း မတူညီသည့် စွမ်းဆောင်ရည်များ လည်းရှိကြသည်။ ဘယ်သူက ဘယ်အရာအပေါ်မှာ ထိခိုက်လွယ်မှုရှိနေနိုင်သည်ကို ကျွန်ုပ်တို့ ဘယ်လိုသိမလဲ။ ကျွန်ုပ်တို့သည် အသက်အရွယ်မတူညီသည့် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ အမျိုးသားများနှင့် ယောကျာ်း လေးငယ်များကို မေးမြန်းရန်လိုအပ်သည်။ ၎င်းမှာ ကျား/မရေးရာ ဆန်းစစ်လေ့လာချက်ဖြစ်ပြီး ပထမ ဦးဆုံးဆောင်ရွက်ရမည့် နည်းကိရိယာဖြစ်သည်။

လုပ်ဆောင်ချက်( ၅ )၊ ကျား/မ ရေးရာ နည်းကိရိယာများ

ကျား/မရေးရာ နည်းကိရိယာ( ၁ )၊ ကျား/မရေးရာ ဆန်းစစ်ချက်

မတူညီမှုများရှိသော်လည်း လေ့ကျင့်ခန်းပြုလုပ်သည့်အခါတွင် တူညီသည့် အရာများထွက်ပေါ်လာသည်-

- ☞ အမျိုးသမီးများနှင့် အမျိုးသားတို့သည် တစ်နေ့တာအတွင်းတွင် လုပ်ဆောင်မှုများ မတူကြပါ။
- ☞ အမျိုးသမီးတို့သည် အများအားဖြင့် နာရီပို အလုပ်လုပ်ကြရသည်။
- ☞ အမျိုးသမီးတို့တွင် အလုပ်အမျိုးအစားပို၍ရှိပြီး တခါတရံတွင် တစ်ချိန်တည်းတွင် တစ်ခုထက် ပို၍ လုပ်ကိုင်ကြရသည်။
- ☞ မိသားစုအလုပ်များကို အမျိုးသမီးတို့မှ လုပ်ကြရသည်။

- ☞ အမျိုးသားတို့၏ အလုပ်များမှာ အပြင်အလုပ်များဖြစ်ကြသည်။
- ☞ အမျိုးသားတို့တွင် အားလပ်ချိန် ပို၍ရှိကြသည်။
- ☞ အမျိုးသမီးတို့သည် အိပ်ချိန် ပို၍ နည်းပါးကြသည်။
- ☞ အမျိုးသားတို့သည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပို၍ ပါဝင်နိုင်ကြသည်။ အချို့လူ့အဖွဲ့အစည်းများတွင်
- ☞ အမျိုးသားများနှင့် အမျိုးသမီးတို့၏ ရိုးရာအခန်းကဏ္ဍများမှာ ညှိမျှမှုရှိသော်လည်း အမျိုးသားတို့၏ ရိုးရာအလုပ်များမှာ လျော့နည်းလာပြီး အမျိုးသမီးတို့တွက် ပို၍များပြားလာသည်။

Slide( 11 )ကို ရှင်းပြရန် မှတ်ချက်များ

ဤနည်းကိရိယာကို အကျဉ်းချုပ်ပြောဆိုရန်မှာ လူ့အဖွဲ့အစည်းတစ်ခုတွင် ဘယ်သူကဘယ်အချိန်တွင် ဘယ်လိုဘာလုပ်တယ်ဆိုတာကို နည်းလည်ရန်နှင့် ပါဝါအာဏာ၏ဆက်သွယ်ချက်ကို နားလည်ရန်အတွက် ဤမေးခွန်းများကိုမေးရန်လိုအပ်သည်။ ကျား/မရေးရာအခန်းကဏ္ဍများ ဘယ်လိုရှိနေသည်ကို ကျွန်ုပ်တို့နားမလည်ပါက သူတို့ကို အားပေးမြှင့် တင်ခြင်းမှာ အချဉ်းနှီးသာဖြစ်လိမ့်မည့်အပြင် ထိုအုပ်စုများကို လုပ်ငန်းများဆောင်ရွက်ရာမှ ဘေးသို့သာဖယ်ထုတ်နေ ပေလိမ့်မည်။ နေ့လည်ပိုင်းအစည်းအဝေးများတွင် မိန်းကလေးများမတက်ရောက်နိုင်ပါက အကြောင်းရင်းကို ကျား/မရေးဆန်းစစ်လေ့လာချက်ဖြင့် ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်။ ဖြစ်နိုင်ခြေမှာ သူတို့သည် အိမ်ပြန်ရောက်ရင် အချိန်အတော်ကြာ လမ်းလျှောက်ရပြီး မှောင်သည့်အချိန်တွင် ထိပါးနှောင့်ယှက်နိုင်သည့် အန္တရာယ်ရှိသောကြောင့် အစည်းအဝေး တက်ရောက်ခွင့်မရရှိကြခြင်း ဖြစ်နိုင်သည်။ နည်းကိရိယာသည် ကလေးတို့၏လိုအပ်ချက်အသေးစိတ်မဟုတ်ဘဲ မည်သည့်ကလေး၊ မည်သည့်မိန်းကလေး၊ မည်သည့်ယောကျ်ားလေးတွေက ဘာလိုအပ်သည်ကို မိမိကိုယ်ကို ပြန်မေးနိုင်ရန် အထောက်အပံ့ပေးသည်။

ကျား/မရေး ဆန်းစစ်လေ့လာမှု နည်းကိရိယာသည် ဘယ်သူက ဘာ၊ ဘယ်အချိန်၊ ဘယ်လိုနှင့် ဘာကြောင့် ဆိုသည်ကို ဖော်ပြသည်။ အချက်အလက်၊ ပူးပေါင်းပါဝင်မှု၊ အာဏာပါဝါ စသည်တို့ကို ရရှိနိုင်မှု ။

ကျား/မရေးရာ နည်းကိရိယာ ၂၊ slide 12. ကျား/မ ခွဲခြားဖော်ပြသော အချက်အလက်များ

ရှင်းပြပါ။ သက်ရောက်ခံရသည့် ကလေးတို့၏ အချက်အလက်များကို ကောက်ယူသည့်အခါတွင် ကျွန်ုပ်တို့သည် အမြဲတမ်း မိန်းကလေး၊ ယောကျ်ားလေး ဘယ်နှစ်ဦးရှိသည်ကို ခွဲခြားမှတ်သားရန်လိုအပ်သည်။ ၎င်းကို လုပ်ငန်းစဉ်အားလုံးအတွက် ပြုလုပ်သင့်သည် ။ မိန်းကလေးများ ပါဝင်မှုပိုများနေလျှင်လည်း ဘာကြောင့် ယောကျ်ားလေးများ မတက်ရောက်ကြသည်ကို စုံစမ်းရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရန် သင်အနေဖြင့် ယောကျ်ားလေးများ နေ့ဘက်တွင် ဘာလုပ်ကြသည်ကို ရှာဖွေရန်အတွက် ပထမ နည်းကိရိယာကို အသုံးပြုရှာဖွေရန်ဖြစ်သည်။ အချက်အလက်များကို မိန်းကလေး/ယောကျ်ားများ အမျိုးသားများနှင့် အမျိုးသမီးများ သာတူညီမျှပါဝင်မှုကို သေချာစေရန်အတွက် အသုံးပြုမည်သာမက အလှူရှင်များအား ပြန်လည်အစီရင်ခံရန်အတွက်ပါ အသုံးချမည်ဖြစ်သည်။

လုပ်ဆောင်ချက်( ၆ )၊ ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု ဒေါက်တိုင် ၃ ခုမှ ကျား/မ ရေးရာ

အောက်ပါလေ့ကျင့်ခန်းသည် ယခင်လေ့ကျင့်ခန်းများတွင် သင်ပံ့ပိုးပေးထားသော အချက်အလက်များ ပေါ်တွင် မှီငြမ်းထားသည်။

လေ့ကျင့်ခန်း( ၁ )အတွက် အကြံပြုချက်များ - ဒေါက်တိုင်( ၁ )၊ အဆောက်အအုံများ

( ၁ ) အဆောက်အအုံများအတွက် ကျား/မရေးရာ နားလည်သိရှိမှု ဥပမာများ

( ၂ ) တံခါးများအားလုံးကို ကလေးများအားလုံးမှ အလွယ်တကူဖွင့်/ပိတ်လို့ရပါသလား။

( ၃ ) အိမ်သာများသည် အတွင်းမှ ဂျက်ပိတ်ထားနိုင်ပါသလား ။

( ၄ ) မလေ့လာရသေးသည့် စာသင်ကျောင်း နေရာများရှိနေပါသလား ။ အကြမ်းဖက်မှု/စော်ကားနှောင့်ယှက်မှုများ ဖြစ်နိုင်ခြေများရှိပါသလား။ ဘေးဖြစ်နိုင်ခြေများက မိန်းကလေးငယ်များ၊ ယောကျ်ားလေးများနှင့် အသက်အရွယ်အလိုက် ခြားနားမှုရှိပါသလား ။

Funded by European Union Civil Protection and Humanitarian Aid

( ၅ ) ကလေးများအားလုံး ကစားကွင်းကို သွားရောက်နိုင်ပါသလား။ ကျား/မ တစ်ဦးဦးအတွက် လုပ်ငန်းကန့်သတ်ထားမှုရှိပါသလား ။

( ၆ ) ဘေးအန္တရာယ်တစ်စုံတစ်ရာဖြစ်သည့်အခါတွင် စာသင်ကျောင်း ဝတ်စုံကြောင့် ထိခိုက်ဒဏ်ရာရနိုင်မှု ပိုရှိနေပါသလား ။ (ဥပမာ - မိန်းကလေးဝတ်စုံ)

( ၇ ) ကျောင်းသား/သူများကို သုံးရေ ရရှိနိုင်ပါသလား ။ သို့မှသာ မိန်းကလေးများ ရာသီသွေးပေါ်သည့်အချိန်တွင်ပင်လျှင် စာသင်ကျောင်းအတွင်းတွင် ရှိနေနိုင်မည်ဖြစ်ပြီး အမျိုးသမီးတကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ လွှင့်ပစ်ရန်အတွက် အမှိုက်ပုံးများ ထားရှိပါသလား။

လေ့ကျင့်ခန်း( ၂ )အတွက် အကြံပြုချက်များ

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ဒေါက်တိုင်( ၂ )။

လူ့အဖွဲ့အစည်းအတွင်း ကျား/မအခန်းကဏ္ဍများပြောင်းလဲရန်၊ ကလေးတို့၏မိမိကိုကိုယ်ယုံကြည်အားကိုးမှုနှင့် သူတို့၏စွမ်းဆောင်ရည်များကို ယုံကြည်မှုရှိစေရန်အတွက် မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ တန်းတူပူးပေါင်းပါဝင်မှုရရှိစေရန် ကျွန်ုပ်တို့ကြိုးပမ်းဆောင်ရွက်ကြသည်။ ယင်းမှာ သူတို့သည် ထိုနေရာတွင် နေထိုင်ခြင်းကြောင့် လာရောက်ပါဝင်ကြခြင်းမျိုးမဟုတ်ဘဲ ကျွန်ုပ်တို့သည် သူတို့ကို ဘယ်လိုပါဝင်လာအောင်ဆောင်ရွက်ရမလဲဆိုသည့်အချက်သာဖြစ်သည်။ ရှက်တတ်သောကလေးများ၊ တိတ်တဆိတ်နေတတ်သည့်ကလေးများကို အခွင့်အရေးပိုပေးပြီး စကားများသောကလေးများကိုလည်း အခြားကလေးများကို ပြောဆိုခွင့်ပေးရန်နှင့် လူတစ်ဦး၏အတွေး၊ ထင်မြင်ချက်၊ ပြောဆိုဖော်ပြခွင့်တို့ကို လေးစားမှုရှိစေရန် ပံ့ပိုးကူညီရမည်။

ကလေးအားလုံး၏ လိုအပ်ချက်များကိုဖြည့်ဆည်းရန် နည်းလမ်းကိုရှာဖွေပြီး သူတို့အတွင်းမှ အကောင်းဆုံးဖြစ်အောင်ပြုလုပ်ပါ။

လေ့ကျင့်ခန်း( ၃ )အတွက် အကြံပြုချက်၊ ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး

အခြားနိုင်ငံများတွင်အသုံးပြုခဲ့သော ကောင်းမွန်သည့် ပညာရေးပစ္စည်းများကို စည်းရုံးလှုံ့ဆော် မှုများအတွက်အသုံးပြုပါ။ ဘေးအန္တရာယ်သည် ကလေးများအပေါ်တွင်မည်သို့ သက်ရောက်မှုရှိကြောင်းကို နားလည်စေပြီး မိန်းကလေးငယ်များ၊ ယောကျ်ားလေးငယ်များနှင့် အသက်အရွယ်၊ အခြေအနေပေါ်မူတည်ပြီး သက်ရောက်မှု ကွာခြားနိုင်ကြောင်းကိုလည်း နားလည်ပါစေ။ ဥပမာများကို မိန်းကလေး၊ ယောကျ်ားလေး နှစ်ဦးစလုံးအတွက် အသုံးပြုနိုင်သည်။

လေ့လာပါ။ ရုပ်ပုံများတွင် ရှေးရိုးစွဲအယူအဆများကို ပြန်လည်ပြင်ဆင်ပါ။ မိန်းကလေးများကို ထိခိုက်လွယ်သူများ (သို့) အားနည်းသူများ ၊ ယောကျ်ားလေးများကို သန်မာသူများ နှင့် သူရဲကောင်း များအဖြစ်မြင်ကြသည်။ ယောကျ်ားလေး၊ မိန်းကလေး နှစ်ဦးစလုံးမှာ ထိခိုက်လွယ်သူများ ဖြစ်ပြီး စွမ်းဆောင်ရည်ရှိသူများအဖြစ် ပြောင်းလဲခြင်း စသည်ဖြင့် ...

## နောက်ဆက်တွဲ ( ၅.၂ )
## ဦးဆောင်ဆွေးနွေးသူ အတွက်မှတ်စုများ - ဘေးကင်းလုံခြုံသောစာသင်ကျောင်းကို ပတ်ဝန်းကျင်ရှုထောင့်မှ လေ့လာခြင်း

လုပ်ဆောင်ချက်( ၁ )

မိတ်ဆက်ခြင်း နှင့် ကမ္ဘာအား လူတို့ကြောင့် သက်ရောက်နေသော ဗီဒီယိုကို ပြပါ။

ဦးဆောင်ဆွေးနွေးသူအတွက် အကြံပြုချက်များ

ဤကမ္ဘာအား လူတို့၏ သက်ရောက်မှု video ကို ပြသပါ။

https://www.youtube.com/watch?v=3zyizEz9XUs

( ပူးတွဲပါ DVD အခွေအတွင်းမှ VIDEO 9 ဖိုင်ကိုကြည့်ပါ )

ပတ်ဝန်းကျင်ပေါ်တွင် လူတို့၏ သက်ရောက်မှုများကို ဖော်ပြပေးသည့် အခြားပို၍စိတ်ဝင်စားစရာကောင်းသည့်ဗီဒီယိုများကို youtube နှင့် အခြားနေရာများမှ ရယူနိုင်သည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

Slide ၁၉ အတွက် မှတ်ချက် ။ ရှင်းပြပါ။ ကျွန်ုပ်တို့တည်ရှိမှုနှင့် စက်မှုထွန်းကားလာမှုက ကျွန်ုပ်တို့ပတ်ဝန်းကျင်ကို အကြီးအကျယ် ပျက်ဆီးစေပါတယ်။ ညစ်ညမ်းမှုများ ပို၍များလာပြီး ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်စေပါတယ်။ သူတို့တွေ့မြင်ရသောအကြံဉာဏ်များ၊ နိုင်ငံများကို ဖော်ပြရန် သင်တန်းတက်သူများကို ပြောပါ။

လုပ်ဆောင်ချက် ( ၂ )၊ ပတ်ဝန်းကျင် ရှုထောင့်

မှတ်ချက် - ဦးဆောင်ဆွေးနွေးသူကို ဤအခန်းကို မသင်ခင်တွင် အောက်ပါ link ကို ကြည့်ရှုရန်အထူးအကြံပြုပါသည်။

http://www.environmentallens.org/wp-content/uploads/The-Environmental-lens.pdf

( ပူးတွဲပါ DVD အခွေအတွင်းမှ PDF 9 ဖိုင်ကိုကြည့်ပါ )

လုပ်ဆောင်ချက် ( ၃ )၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသည့် ဘေးကင်းလုံခြုံရေးစာသင်ကျောင်းစီမံချက်

ပတ်ဝန်းကျင် ဆန်းစစ်လေ့လာမှု နှင့် Do no harm/Do less harm အယူအဆများကို လိုက်နာကျင့်သုံးပါ။ ကျွန်ုပ်တို့ လုပ်ငန်း များ၏ ဘေးဖြစ်နိုင်ခြေများက ဘာလဲ ။ ကျွန်ုပ်တို့ ဘယ်လိုပြောင်းလဲမှုတွေ ဖော်ဆောင်မလဲ ။ ဆိုးကျိုးသက်ရောက်မှုတွေ ကိုဘယ်လို လျှော့ချမလဲ။

ပူးပေါင်းပါဝင်မှု

ယောက်ျားလေးများ၊ မိန်းကလေးငယ်များ၊ အမျိုးသားများနှင့် အမျိုးသမီးတို့ ပါဝင်လာပြီး အချက်အလက်များကို နားလည်စေရန်မှာ သင်၏တာဝန်ဖြစ်သည်။ သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်စေရမည်ဖြစ်ပြီး ဒေသတွင်း ပြဿနာများကို ဒေသတွင်း၌ပင် အဖြေရှာရမည်။ စံပြနမူနာဖြစ်အောင်နေပါ။ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချပါ။ ပတ်ဝန်း ကျင်နှင့် သဟဇာတ ဖြစ်သည့် ပစ္စည်းများ၊ ယာဉ်များ၊ ပြန်အသုံးပြုနိုင်သည့်ပစ္စည်းများ ကို အသုံးပြုပါ။ ဇီဝ ပျက်စီးလွယ်သည့် ပစ္စည်းများကို အသုံးပြုပြီး ပြန်လည်အသုံးပြုနိုင်သည့် နည်းလမ်းများနှင့် စနစ်တကျ အမှိုက်စွန့်ပစ်ရန်သင်ပေးပါ။

## နောက်ဆက်တွဲ ( ၅.၃ )
## ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စုများ - ဘေးကင်းလုံခြုံသောစာသင်ကျောင်းတွင် မသန်စွမ်းများ ပါဝင်စေရန် လမ်းညွှန်ချက်များ

လုပ်ဆောင်ချက် ( ၁ )

မိတ်ဆက်ခြင်းနှင့် မသန်စွမ်းဆိုတာဘာလဲ။

မှတ်ချက် - မသန်စွမ်းတို့၏ အချို့အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

- ကမ္ဘာလူဦးရေ၏ ၁၅-၂၀ % မှာ မသန်စွမ်းသူများ ဖြစ်ကြသည်။
- မသန်စွမ်းသူ သန်း (၆၅၀) မှာ အာရှပစိဖိတ် ဒေသမှ ဖြစ်ကြသည်။
- အာရှပစိဖိတ်မှ မသန်စွမ်းသူ ကလေး (၉၀% ) သည် ကျောင်းမနေရပါ။
- မသန်စွမ်းသူ (၆၃%) သည် အရေးပေါ် ရွှေ့ပြောင်းသည့်အခါတွင် အကူအညီလိုအပ်သည်။
- မသန်စွမ်းသူ (၅၈%) သည် ဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေး/တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းများတွင် မပါဝင်ဖူးကြပါ။
- မသန်စွမ်းသူ (၅၇%) သည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အချက်အလက်များကို ရရှိနိုင်ရန် အခက်အခဲရှိကြသည်။

လုပ်ဆောင်ချက် ( ၂ )၊ ဘေးကင်းလုံခြုံသောစာသင်ကျောင်းတွင် မသန်စွမ်းများ ပါဝင်စေခြင်း

Slide 34 အတွက် မှတ်ချက် - Plan ၏ ဘေးကင်းလုံခြုံသော စာသင်ကျောင်းတွင် မသန်စွမ်းများပါဝင်စေရန် လမ်းညွှန်ချက်များ ၁။ ဘေးကင်းလုံခြုံသော စာသင်ကျောင်း စီမံကိန်းများအတွက် မသန်စွမ်းတို့ ပါဝင်နိုင်စေရန် ပြင်ဆင်ခြင်း။

Funded by European Union Civil Protection and Humanitarian Aid

- လိုအပ်ချက် ဆန်းစစ်လေ့လာမှုကို မပြုလုပ်မီ Plan ဝန်ထမ်းများနှင့် ပါဝင်ပတ်သက်သူများနှင့် နားလည်မှု ရယူပါ။
- UN CRPD ၏ မသန်စွမ်းပါဝင်စေရေး အခွင့်အရေးအခြေပြု နည်းလမ်းများကို အသိပညာပေးပါ။
- စီမံကိန်း အရည်အသွေးနှင့် ပူးပေါင်းညှိနှိုင်းစည်းရုံးမှုများ မိတ်ဖက်ဆောင်ရွက်ပါ။
- မသန်စွမ်းများ ပါဝင်စေနိုင်ရန်အတွက် သင့်လျော်သော အရင်းအမြစ်များကို လျာထားမှုကို သေချာပါစေ။

## ၂။ မသန်စွမ်းပါဝင်နိုင်ရေး အစီအစဉ်အတွက် လိုအပ်ချက်များနှင့် အခွင့်အလမ်းများ ရယူခြင်း ။

- အားသာချက်အခြေပြုနည်းလမ်းကို အသုံးပြု၍ မတူကွဲပြားသည့် ပါဝင်ပတ်သက်သူများ၏ ကျွမ်းကျင်မှုများကို အသုံးချပါ။
- မသန်စွမ်းများပါဝင်စေရန် လိုအပ်ချက် ဆန်းစစ်လေ့လာချက်ကို စီစဉ်ရန်နှင့် ဆန်းစစ်လေ့လာရန်ကျွမ်းကျင် ပညာရှင်များကို ဖိတ်ခေါ်ပါ။
- ဒေသတွင်းအခြေအနေတို့၏ ဆင့်ပွားအချက်အလက်များကို စုစည်းပါ။
- မတူကွဲပြားသည့် ဖြေဆိုမှုများ ။ သူတို့သည် ပါဝင်ပတ်သက်သူများဖြစ်သည်။
- အခြား Plan စီမံကိန်းများမှ သင်ခန်းစာများကို အသုံးပြုပါ။

## ၃။ စီမံကိန်း ပုံစံနှင့် စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်း ( M&E)

- မသန်စွမ်းများကိုနည်းဗျူဟာများနှင့်စောင့်ကြည့်လေ့လာအကဲဖြတ်အစီအစဉ်များကိုမြင်နိုင်မှုကိုသေချာစေရန် လိုအပ်ချက်ဆန်းစစ်လေ့လာမှု ရလဒ်များကို အသုံးပြုပါ။
- မသန်စွမ်းပါဝင်နိုင်ရေး ညွှန်းကိန်းများကို လိုအပ်ချက်ဆန်းစစ်လေ့လာချက် တွေ့ရှိမှုများ ပေါ်မူတည်ပြီး ပြုစုရေးသားပါ။
- စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေး၊ ညှိနှိုင်းဆောင်ရွက်ရေးအတွက် သင့်လျော်သော မိတ်ဖက် ဆောင်ရွက်သူများ ရှာဖွေဖော်ထုတ်ပါ။
- ဒေါက်တိုင် ၃ခုအတွက် ဝင်ရောက်ရန် နေရာကို သတ်မှတ်ပါ။
- ပြန်လည်သုံးသပ်ရန်၊ ပြင်ဆင်ရေးဆွဲရန်၊ ပညာပေးရန်အတွက် ညွှန်းကိန်းများကို အသုံးပြုပါ။

## ၄။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ခြင်း။

မသန်စွမ်းများပါဝင်စေရန်အတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း နှင့် ဒေါက်တိုင် ၃ ခုအား ညွှန်းပြရန် လိုအပ်သည်။

- မိတ်ဖက်အဖွဲ့အစည်းတို့၏ စွမ်းဆောင်ရည်တည်ဆောက်ခြင်း (NGOs ၊ အစိုးရ၊ စာသင်ကျောင်း ဝန်ထမ်း၊ မသန်စွမ်းကလေးများ)
- စာသင်ကျောင်း ရွေးချယ်ခြင်း၊ စီမံကိန်းအတွက် အထူးစာသင်ကျောင်းပါဝင်ရန် စဉ်းစားခြင်းနှင့် လေ့လာရေး ခရီးစဉ်များ

## ၅။ အသိပေးအကြောင်းကြားခြင်း၊ ပါဝင်ခြင်း၊ စည်းရုံးခြင်း။

DRR တွင် မသန်စွမ်းများကို ပါဝင်စေခြင်းမှာ ကဏ္ဍအသစ်ဖြစ်ပြီး ပညာပေးရေးနှင့် ညှိနှိုင်းစည်းရုံးမှုအခွင့်အရေးများကို ပံ့ပိုးသည်။

- DRR ကဏ္ဍမှ ပါဝင်ပတ်သက်သူများ၏ ညီလာခံများ ပြုလုပ်ခြင်း/ ပါဝင်စေခြင်း
- သုံးသပ်ချက်များ/ပါဝင်သည့် ဘေးကင်းလုံခြုံရေး စာသင်ကျောင်းများမှ လေ့လာရရှိသည့် သင်ခန်းစာများ
- မသန်စွမ်းကလေးများ ကျောင်းအပ်ခြင်းအတွက် ညှိနှိုင်းစည်းရုံးခြင်း၊ ပါဝင်မှုရှိသည့် ပညာရေးနှင့် စီမံကိန်း၊ မသန်စွမ်းများအတွက် ဆရာဖြစ်သင်တန်း

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

၆။ အဖွဲ့အစည်းများအတွက် မသန်စွမ်းတို့ပါဝင်စေရန် ဆောင်ရွက်ရန်များ။

အောက်ပါ အကြံအစဥ်များသည် မသန်စွမ်းပါဝင်စေရေး ဖွံ့ဖြိုးရေးစီမံခန်း၏ CBM လမ်းညွှန်စာအုပ်မှ ကောက်နုတ်ထားခြင်း ဖြစ်သည်။ ၎င်းသည် ထည့်သွင်းဆောင်ရွက်ရန်လုပ်ငန်းများ၊ မူဝါဒများနှင့်စနစ်များတွင် မသန်စွမ်းပါဝင်စေမှု ရေရှည်တည်တံ့ရန်နှင့် ဖော်ပြရန်တို့ ပါဝင်သည်။ ၎င်းသည် ဦးဆောင်မှု၊ အရင်းအမြစ် ကတိကဝတ်၊ တာဝန်ယူမှု၊ တိုင်းတာမှု၊ သုံးသပ်မှုနှင့် ပညာပေးခြင်း၊ ခန့်အပ်ခြင်းနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့ကိုလည်းဖော်ပြထားသည်။

(၁) plan ရုံးများတွင် မသန်းစွမ်းတို့ပါဝင်လာစေရန် ပံ့ပိုးကူညီနိုင်သူကို ဖိတ်ခေါ်နိုင်မည့် မသန်းစွမ်းကဏ္ဍကို စိတ်ပါဝင်စားသော ပြည်တွင်း ချန်ပီယံ (သို့) ဒေသတွင်း မိတ်ဖက်ဆောင်ရွက်သူရှိပါသလား ။

(၂) မျှော်မှန်းချက် (သို့) ရည်မှန်းချက်တို့သည် မသန်စွမ်းသူတို့ကို ညွှန်းဆိုဖော်ပြထားပါသလား ။
ဥပမာ - သာတူညီမျှမှု ၊ ဘေးဖယ်ခံရသူများထံ ရောက်ရှိခြင်း။

(၃) ဦးဆောင်မှု၊ အလှူ့ရှင်များ၊ Plan International ရုံးမှ မသန်စွမ်းတို့အား မူဝါဒများ၊ စီမံကိန်းများ၊ တင်ဆက်မှုများနှင့် မိတ်ဖက်ဆောင်ရွက်ရေး သဘောတူညီမှုများတွင် ပါဝင်လာစေရန် ပံ့ပိုးကူညီမှုရရှိပါသလား။

(၄) အဖွဲ့အစည်းအတွင်းတွင် မသန်စွမ်းများပါဝင်လာစေရေးကို ဆောင်ရွက်ပြီး အရင်းအမြစ်များ လျာထားမှုရှိပါသလား ။

(၅) မသန်စွမ်းတို့၏သက်ရောက်မှုနှင့်ဖြစ်ပေါ်မှုကိုမှတ်တမ်းပြုစုရန် လေ့လာမှုများကအထောက်အပံ့ဖြစ်ပါသလား။

(၆) မသန်စွမ်းပါဝင်စေမှု အလေ့အကျင့်ကို အဖွဲ့အစည်းနမူနာအဖြစ် အစပြုလုပ်ရန်သေချာသည့် စီမံကိန်းကို ရွေးချယ်သတ်မှတ်ရန် ဖြစ်နိုင်ပါသလား ။

(၇) ပုံစံပြုလုပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ရေး စီမံကိန်းများတွင် အသုံးပြုရန်အတွက် မသန်စွမ်းများ ပါဝင်စေရေး ညွှန်းကိန်းများ ရှိပါသလား ။

(၈) မသန်စွမ်းသူတို့၏အခွင့်အရေးဆိုင်ရာ ညီလာခံကဲ့သို့သော နိုင်ငံတကာညီလာခံများကို တာဝန်ယူမှုနှင့် ခွင့်ပြုသော နည်းကိရိယာအဖြစ် သတ်မှတ်ပါသလား။

(၉) စီမံကိန်းများတွင် မသန်စွမ်းတို့ပါဝင်စေခြင်းကြောင့် အောင်မြင်မှုများကို အခြားကဏ္ဍများနှင့် မျှဝေပါသလား။

(၁၀) မသန်းစွမ်းတို့ကို ရာထူးနေရာများလျှောက်ထားရန်အတွက် သက်ဆိုင်ရာ ကွန်ယက်များက တိုက်တွန်းကြပါသလား ။

(၁၁) မသန်းစွမ်းတို့ပါဝင်ရန်အတွက် အချိန်လျာထားချက် ထားရှိသော လိုအပ်သော အခြေအနေများရှိပါသလား ။

(၁၂) Plan ဝန်ထမ်းများသည် အကြံဉာဏ်များ ကွန်ယက်များတိုးချဲ့ရာတွင် အထောက်အပံ့ပြုနိုင်မှု ပါဝင်စေမှုကို ဦးတည်ဆောင်ရွက်သော အဖွဲ့များတွင် ပါဝင်ပါသလား။

(၁၃) မသန်စွမ်း (သို့) ပါဝင်စေမှု ဖွံ့ဖြိုးရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းရန် အလားအလာရှိပါသလား ။

လုပ်ဆောင်ချက်( ၃ )။ စီမံချက်အကောင်အထည်ဖော်ဆောင်ရေးအတွက် CSS ဒေါက်တိုင် ၃ ခုတွင် မသန်စွမ်းများ ပါဝင်စေခြင်း

ဒေါက်တိုင်( ၁ )၊ ( ဘေးကင်းလုံခြုံသော သင်ကြားရေးပံ့ပိုးပစ္စည်းများ)

ရေရှည်တွင် လက်လှမ်းမှီနိုင်မှုရှိစေရန် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများကို အသုံးပြုရန် စည်းရုံးပါ။

(၁) အာဏာပိုင်များကို အဆောက်အအုံစံချိန်စံနှုန်းများ ပြောင်းလဲရန် အသိပေး စည်းရုံးပါ။

(၂) မသန်စွမ်းကလေးများအတွက် ဘေးဖြစ်နိုင်ခြေ လျှော့ချရန် စာသင်ကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ။

ဒေါက်တိုင် ၂ (ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု)

(၁) စာသင်ကျောင်းတို့သည် ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အစီအစဥ်များ နှင့် စနစ်များတွင် မသန်စွမ်းတို့ ပါဝင်နိုင်စေရန် ပြင်ဆင်ပြီး ကတိကဝတ်ထားရှိသင့်သည်။

(၂) မသန်စွမ်းကလေးများအပါအဝင် ပါဝင်ဆောင်ရွက်သူအားလုံးမှ ပူးပေါင်းပါဝင်မှုရှိစေရန် တိုက်တွန်းသင့်သည်။

(၃) ဘေးအန္တရာယ်များမဖြစ်ခင်နှင့် ဖြစ်ပြီးချိန်အတွက် မသန်စွမ်းတို့ ပါဝင်မှုရှိစေရန် စီစဥ်သော ပစ္စည်းများ ပံ့ပိုးပေးပါ။

ဒေါက်တိုင် ၃ (ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်း ၊ ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး)

(၁) ဤမဏ္ဍိုင်သည် မသန်စွမ်းကလေးများ တက်ကြွစွာပါဝင်လာစေရန် အကောင်းဆုံး အခွင့်အရေးပေးသည့်ပူးပေါင်းပါဝင်မှုရှိသော ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေးကို ဆရာ/မများ၊ ကျောင်းသား/သူများနှင့် ရပ်ရွာအတွက် အသိပညာမြှင့်တင်ပေးသည်။

(၂) ဖြစ်နိုင်လျှင် မသန်စွမ်းကလေးများကို ပင်မအဖွဲ့တွင် ထည့်သွင်းထားသင့်သည်။

(၃) ကျောင်းမနေသည့် မသန်စွမ်းကလေးများထံသို့ ရောက်ရှိစေမည့် နည်းလမ်းများကို စဉ်းစားပါ။

Plan နီပေါ၏ ဘေးကင်းလုံခြုံရေးစာသင်ကျောင်းနမူနာ စီမံကိန်းသည် အလယ်တန်းကျောင်း ခရိုင်တစ်ခုအတွင်းရှိ မုန်တိုင်း၊ မြေပြိုမှုနှင့် တခါတရံတွင် မြေငလျင်လှုပ်တတ်သော စာသင်ကျောင်း(၁၁)ကျောင်းတွင် ပြုလုပ်သည်။ ယင်းစာသင်ကျောင်းများတွင် အနည်းဆုံး ကျောင်းသား/သူတစ်ဦးတို့မှ ချွတ်ယွင်းချက်တစ်စုံတစ်ခုရှိသော နားမကြားသူများအတွက် စာသင်ကျောင်းများပါဝင်သည်။

Aadharsha သည် အသက် (၁၅) နှစ်ရှိသည့် ကောင်လေးတစ်ယောက်ဖြစ်ပြီး ကျောင်းသား/သူ အဓိကအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူသည် အခြားကလေးများမှ အကြားအာရုံနှင့် သင်ကြားမှု အခက်အခဲရှိသူများကို စောင့်ကြည့်ပေးရသူတစ်ဦးဖြစ်သည်။

"ကျွန်တော်အခု လုံခြုံတယ်၊ အရေးပေါ်အခြေအနေမှာ ဘာလုပ်ရမလဲ ဆိုတာသိတယ်၊ ကျွန်တော် အကြားအာရုံအားနည်းပေမယ့် အဲဒီလိုမခံစားရဘူး။ အကြောင်းအရာတွေကို ကျွန်တော်နားလည်တယ်၊ ဒါကြောင့် အခြားလူတွေ ဘယ်လိုထင်တယ်ဆိုတာ ဂရုမစိုက်ဘူး ။ ကျွန်တော်ကိုယ့်ဘာသာ အဆင်ပြေတယ်"

မသန်စွမ်းကလေးတို့အတွက် စာသင်ကျောင်းများတွင် စီမံကိန်းများဆောင်ရွက်ခြင်းသည် သူတို့တက်ကြွစွာလုပ်ရှားပါဝင်လာစေရန်အတွက် ခွန်အားရှိခြင်းကို ဖော်ပြသည်။ အခြားရွေးချယ်ထားသော စာသင်ကျောင်းများတွင် မသန်စွမ်းကလေးငယ်အချို့သာ ပင်မကျောင်းသား/သူ အုပ်စုတွင်ပါဝင်သည်။ မသန်စွမ်းကျောင်းသား/သူ တို့ နားမကြားကျောင်းရှိ ပင်မအဖွဲ့တွင် ဦးဆောင်မှုနှင့်စွမ်းရည်တို့ကို ပြသနိုင်ခဲ့ကြပြီး ဘေးကင်းလုံခြုံရေးစာသင်ကျောင်းများအတွက် မသန်စွမ်းတို့ပါဝင်လာစေရန် စံပြအနေဖြင့် ဖော်ပြနိုင်ခဲ့ကြသည်။

ဘက်စုံစာသင်ကျောင်း ဘေးကင်းလုံခြုံရေး သင်တန်းလမ်းညွှန်စာအုပ်

# နောက်ဆက်တွဲ ( ၆ )

# ဦးဆောင်ဆွေးနွေးသူ၏ မှတ်စုများ

နောက်ဆက်တွဲ ( ၁.၁ ) မှ

နောက်ဆက်တွဲ ( ၁.၃ ) ထိ

**နောက်ဆက်တွဲ ( ၆.၁ ) မှ ( ၆.၆ ) အထိ**

Funded by
European Union
Civil Protection
and Humanitarian Aid

PLAN INTERNATIONAL

NOTE

# နောက်ဆက်တွဲ ၆.၁
# ဦးဆောင်ဆွေးနွေးသူ အတွက် မှတ်ချက်များ၊ ဘယ်အချက်တွေက ဦးဆောင်ဆွေးနွေးသူ ကောင်းတစ်ဦး ဖြစ်စေသလဲ

ဦးဆောင်ဆွေးနွေးသူ ကိုယ်တိုင် ဆန်းစစ်မှု

| စံသတ်မှတ်ချက် | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ ( ၁ - သည်အနည်းဆုံး ) |
|---|---|
| ယုံကြည်မှု | |
| ၁။ ကျွန်ုပ်သည် သင့်လျော်သော စရိုက်နှင့် ပညာရှင် အပြုအမူကို ပြသနိုင်သည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၂။ ကျွန်ုပ်သည် ဘာသာရပ်ပိုင်း ဗဟုသုတ ကောင်းစွာဖော်ပြနိုင်သည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၃။ အဖွဲ့အစည်းဆိုင်ရာ အခြေအနေမှန်တို့ကို ချိတ်ဆက်ပေးသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| သင်ယူရေး ပတ်ဝန်းကျင်နှင့် ရာသီဥတု | |
| ၄။ သင်တန်းတက်သူများကို လေ့လာသင်ယူရေး ပတ်ဝန်းကျင်ကို ပြုလုပ်ဖန်တီးခြင်း၊ ထိန်းသိမ်းခြင်းတို့ ကျွန်ုပ်ပြုလုပ်နိုင်သည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၅။ ကျွန်ုပ်သည် သင်တန်းတက်သူများ ပါဝင်လာစေရန် (ကိုယ်လက်လေ့ကျင့်ခန်း) ကို စတင်လုပ်ဆောင်သည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၆။ အဖွဲ့လိုက်ဆွေးနွေးခြင်း၊ တိတ်ဆိတ်သော သင်တန်းတက်သူများကို ဆွဲဆောင်ရန် စီစဉ်ခြင်းနှင့် ဆွေးနွေးမှုများကို အဟန့်အတားလုပ်တတ်သော သင်တန်းတက်သူများကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်သည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၇။ သင်ခန်းစာသင်ကြားရေးတွင် လူကြီးပိုင်းသင်ကြားရေး မူများကို ထည့်သွင်းသည် | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ဆက်သွယ်ရေး ကျွမ်းကျင်မှုများ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၈။ ကျွန်ုပ်သည် သင့်လျော်သလို နှုတ်ဖြင့်၊ သို့ နှုတ်စကားမပါသော ဆက်သွယ်ရေး နည်းလမ်းများကို အသုံးပြုနိုင်သည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၉။ သင်တန်းတက်သူများ ရင်းနှီးပြီးဖြစ်သည့် နမူနာများကိုသာ အသုံးပြုသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၁၀။ သင်တန်းတက်သူများကို မှတ်ချက်များ အချိန်မှီ၊ ပြည့်စုံစွာ ပေးသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၁၁။ ကျွန်ုပ်သည် သင်တန်းတက်သူများအား စဉ်းစားရန်/ အခက်အခဲများ ၊ စိုးရိမ်မှုများကို မေးခွန်းမေးရန် အချိန်ပေးသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| တင်ဆက်မှု/ ပံ့ပိုးမှုပိုင်း ကျွမ်းကျင်မှု | |
| ၁၂။ ကျွန်ုပ်အသံကို ထိထိရောက်ရောက် အသုံးပြုသည်၊ (အသံအနေထား၊ ခန့်မှန်းချက်၊ အသံပြောင်းလဲမှု) လက်ဟန်ခြေဟန်နှင့် မျက်လုံးအကြည့် ။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၁၃။ ကျွန်ုပ်သည် ပုံပြင်များ၊ ကိုယ်တွေ့အတွေ့အကြုံများနှင့် ဟာသများကို နမူနာများအဖြစ် ထိထိရောက်ရောက် အသုံးပြုသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၁၄။ မေးခွန်းမေးသည့် နည်းစနစ်မျိုးစုံကို ထိရောက်စွာ အသုံးပြုသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၁၅။ သင်တန်းတက်သူတို့၏ မေးခွန်းများ၊ ထင်မြင်ချက်များ၊ ယူဆချက်များကို ကျွန်ုပ်နှင့် အခြားသူများ နားလည်နိုင်စေရန် ထိရောက်စွာဖြင့် ပြေပြေပြစ်ပြစ် ပြန်လည်ပြောကြားသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၁၆။ သင်တန်းတက်သူများ၏ ဆွေးနွေးမှုများ၊ ပါဝင်ဆောင်ရွက်မှုများကို အားပေးသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၁၇။ ရလဒ်များပေါ်တွင် မှီခိုသည့် ဆွေးနွေးမှုများ နှင့် ခေါင်းစဉ်များ ဆွေးနွေးမှုများကို ကျွန်ုပ်ဆွဲခေါ်သည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

| စံသတ်မှတ်ချက် | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀<br>( ၁ - သည်အနည်းဆုံး ) |
|---|---|
| နည်းလမ်းပြခြင်း/ သင်ယူရေး နည်းဗျူဟာများ | |
| ၁၈။ နည်းလမ်းပြခြင်း (သို့) သင်ယူရေး နည်းဗျူဟာများ (လမ်းညွှန်ချက် ဆွေးနွေးမှုများ၊ ဖြစ်ရပ်မှန်လေ့လာမှုများ၊ ပြဇတ်များ၊ အဖွဲ့ငယ်လုပ်ငန်းနှင့် အကြံပြုချက်များနှင့် ဆန်းစစ်လေ့လာမှုများ) စသည့် နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်သည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၁၉။ ကျွန်ုပ်သည် သင်ယူလေ့လာမှုရှိစေရန် ပြန်လည်အကျဉ်းချုပ်ဖော်ပြသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |
| ၂၀။ လုပ်ဆောင်မှုများ၊ အချိန်၊နေရာ၊ အကြောင်းအရာနှင့် သင်ယူသူတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ကျွန်ုပ်ချိန်ညှိသည်။ | ၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ |

## လုပ်ဆောင်ချက်( ၂ )၊ သွေးပူလေ့ကျင့်ခန်းနှင့် ဦးဆောင်ဆွေးနွေးသူ၏ အခန်းကဏ္ဍ

### ဦးဆောင်ဆွေးနွေးသူတစ်ဦး၏ အခန်းကဏ္ဍ

- အဖွဲ့အား အခြေအနေကို ဆန်းစစ်ရန်နှင့် စဉ်စားနိုင်ရန် နည်းလမ်းအသစ်များ ရရှိရန် ကူညီပါ။
- ဦးဆောင်ဆွေးနွေးသူသည် အဖြေအားလုံးကို မသိရှိသော်လည်း အဖွဲ့အား သူတို့၏ လိုအပ်ချက်များနှင့် အကျိုးအမြတ်အတွက် ထိထိရောက်ရောက် စဉ်းစားနိုင်ပြီး သူတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်နိုင်စေရန် ကူညီရမည်။
- အဖွဲ့ဝင်တစ်ဦးစီတွင် တန်ဖိုးရှိသော ဗဟုသုတများရှိပြီး တန်ဖိုးရှိသည့် ပေးဆပ်မှုများပြုလုပ်နိုင်ရန်အတွက် သူတို့၏စွမ်းရည်ကို အကောင်းဆုံး ပေးဆပ်နိုင်ရန် တိုက်တွန်းရမည်။
- အဖွဲ့နှင့် အဖွဲ့ဝင်များအကြား ယုံကြည်မှုနှင့်လေးစားမှုကို ရရှိစေရန်နှင့် စကားပြောခန်းနှင့် သင်ယူမှုတွင် ပါဝင်ရန်အတွက် တိုက်တွန်းရန် ဆောင်ရွက်ပါ။

## လုပ်ဆောင်ချက်( ၃ )၊ ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦး၏ ကျွမ်းကျင်မှုများနှင့် လက္ခဏာများ

အောက်ပါအတိုင်း အကျဉ်းချုပ်ပြောပါ။

| ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦး၏ လက္ခဏာများ | ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦး၏ ကျွမ်းကျင်မှုများ |
|---|---|
| • ရိုကျိုးမှု<br>• သဘောထားကြီးခြင်း<br>• စိတ်ရှည်ခြင်း<br>• နားလည်ပေးခြင်း<br>• လက်ခံပေးခြင်း<br>• ပါဝင်ဆောင်ရွက်ခြင်း<br>• အားပေးအားမြှောက်ပြုခြင်း<br>• အခြားသူတို့၏ ဗဟုသုတများကို ထောက်ခံအားပေးခြင်း<br>• အခြားသူတို့၏ လိုအပ်ချက်များကို သိနားလည်လွယ်ခြင်း<br>• အမှားများမှ သင်ယူရန် ဆန္ဒရှိခြင်း<br>• အပြောင်းအလဲကို လက်ခံခြင်း၊ စိတ်အားထက်သန်ခြင်း<br>• နားထောင်ပေးတတ်သူ<br>• အခြားသူတို့၏ အကြံဉာဏ်များကို အကျဉ်းချုပ်ပြန်လည်ပြောဆိုတတ်ခြင်း<br>• ယုံကြည်မှုရှိခြင်း<br>• ပြောဆိုဆက်ဆံရေးကောင်းသူ | • အဖွဲ့အားလုံးကိုမျှမျှတတကြည့်ပါ။ တစ်ဦးတစ်ယောက်ချင်းကို စိုက်ကြည့်နေခြင်းမျိုးကို ရှောင်ပါ။<br>• စကားပြောသည့်အခါ မတ်တပ်ရပ်ပြောပါ၊ အထူးသဖြင့် သင်တန်းအစပိုင်းတွင် မတ်တပ်ရပ်ပြောပါ။ သင်သည် သက်သောင့်သက်သာရှိကြောင်းကို ယုံကြည်မှု အပြုံးနှင့် လက်များကို ငြိမ်ငြိမ်ထားခြင်းဖြင့် ဖော်ပြပါ။<br>• အဖွဲ့အား အနှောက်အယှက်မဖြစ်စေဘဲ သွားလာပါ။ ခြေလှမ်းကို မြန်လွန်း၊ နှေးလွန်းခြင်း မဖြစ်ပါစေနဲ့။ ကျောပေးပြီး စကားမပြောရ (သို့) သင့်ကိုမမြင်နိုင်သည့်နေရာမှ စကားမပြောရပါ။ သင်တန်းတက်သူတို့မှမလွတ်လပ်သလိုခံစားရလျှင် အနားတွင်ကပ်ရပ်နေခြင်း၊ ဝင်ထိုင်ခြင်း မလုပ်ရပါ။<br>• သင်၏ချစ်ခင်နှစ်သက်မှုကို ဖော်ပြရန်အတွက် လက်ဟန်ခြေဟန်နှင့် လှုပ်ရှားမှုများဖြင့်ဖော်ပြပါ။ အာရုံစူးစိုက်မှုရယူရန်နှင့် တစ်စုံတစ်ဦးအားထောက်ခံအားပေးရန်အတွက် လက်ခုပ်တီးပါ။ |

ဦးဆောင်ဆွေးနွေးသူတစ်ဦး၏ ကျွမ်းကျင်မှုများ

နှုတ်ဖြင့်ပြောဆိုမှု ကျွမ်းကျင်မှု

ဖြေးဖြေးနှင့် ရှင်းရှင်းပြောပါ။ ခက်ခဲသည့် အတွေးအခေါ်များကိုဖော်ပြလျှင် ရိုးရှင်းသည့်နည်းလမ်းကို အသုံးပြုပြီး နားလည်လွယ်စေရန် ဒေသတွင်း နမူနာများကို အသုံးပြုပါ။

သင်တန်းတက်သူများကိုသာ စကားများများ ပြောပါစေ။ သင်တန်းတက်သူများကို စကားပြောစေရန် "သင်ဘယ်လိုထင်သလဲ".. ၊"ဘာကြောင့်လဲ" ... "ဘယ်လိုဖြစ်တာလဲ" ... "အကယ်၍ဒီလိုဆိုရင်ရော".. စသည့် မေးခွန်းများကို မေးမြန်းရမည်။ အကယ်၍တစ်စုံတစ်ဦးမှ "ဟုတ်တယ်"၊ "မဟုတ်ဘူး" စသည့်ဖြင့် ခပ်တိုတိုသာ ပြန်ဖြေလျှင် သူ/သူမအားပြန်လည်ရှင်းပြခိုင်းပါ။ စကားပြေ၊ အခါအားလျော်စွာ လူတို့၏ ထင်မြင်ချက်များနှင့် ခံစားမှုများကို သင့်စကားဖြင့် ပြန်လည်ပြောပြပြီး သင်နားလည်ထားမှု မှန်ကန်စေရန် သူတို့နှင့် ပြန်လည် စစ်ဆေးပါ။ ဥပမာ - "သင်ဆိုလိုချင်တာက ... "

သင့်ရဲ့အကြောင်းကိုပြောပြပါ-- အဖွဲ့နှင့်သင်အကြားတွင် ယုံကြည်မှုရှိစေရန်အတွက် သင့်အကြောင်းကို သင့်လျော်သလို ပြောပြပါ။ သင်က ထိုသို့ဝေမျှပါက သူတို့သည်လည်း သူတို့အကြောင်းကို ပြောပြရန် ဆန္ဒရှိလာလိမ့်မည်။ သို့ရာတွင် ပုဂ္ဂိုလ်ရေးထင်မြင်ယူဆချက်များ မရှိစေရန်အတွက် အလွန့်အကျွန်မပြောဆိုမိစေရန် သတိပြုရမည် ( လူတို့သည် သင်၏ ဦးဆောင်မှုကို လိုက်လေ့လာနေမည်ဖြစ်ရာ သင်နေထိုင်ပြောဆိုပုံကို ဂရုစိုက်ရန် လိုအပ်သည်) ကိုယ်တွေ့အတွေ့အကြုံကို ပြောဆိုဝေမျှခြင်းအားဖြင့် တစ်စုံတစ်ဦး၏ဖော်ပြချက်ကိုပံ့ပိုးပါ။ "မင်းပြောတာက မနစ်က ငါဖြစ်ခဲ့တဲ့ ဖြစ်ရပ်ကို အမှတ်ရစေတယ်".. စသည်ဖြင့် ..

နမူနာများ (သို့) သင်္ကေတများပေးခြင်းဖြင့် လူတို့အားအကြောင်းအရာကိုပုံဖော်နိုင်ပြီးသင်ပြောဆိုနေသည့်အကြောင်းကို ဆက်နွယ်စဉ်းစားနိုင်မည်ဖြစ်သည်။

နားထောင်၊နားထောင်၊ နားထောင် ။ အတည်ပြုပါ၊ ရှင်းလင်းပါ၊ ပြန်လည်ပြောဆိုပါ၊ ကိုးကားပြောဆိုပါ ။ အထူးသဖြင့် သင်သည် ဆွေးနွေးမှုအကြောင်းအရာတစ်ခုကို သဘောမတူသည့်အခါတွင်ပြုလုပ်ပါ ။ လူတို့သည် သင့်ကို ပညာရှင် အဖြစ်သတ်မှတ်ပြီး မေးခွန်းမေးလာသည့်အခါတွင် ယင်းမေးခွန်းကို အခြားသူများဖြေဆိုရန်အတွက် အရင်တိုက်တွန်းသည့် အလေ့အကျင့်ကို လုပ်ပါ။ တခါတရံတွင် အဖွဲ့အတွင်းတွင်လည်း ပညာဉာဏ်များရှိနေကြောင်းကို အံ့သြစွာ တွေ့မြင်ရတတ်ပါသည်။

အငြင်းအခုံများကို ရှောင်ရှားရန် အခြားသူများကို ဖိတ်ခေါ်ပါ - သင့်အားသင်တန်းတက်သူတစ်ဦးမှ ဝေဖန်ခံနေရခြင်း (သို့) သူမ/သူမှ ပြောဆိုနေမှုကို ငြင်းဆိုလျှင် သင်၏ ထင်မြင်ချက်မပေးခင် အခြားသူများ၏ ထင်မြင်ချက်ကို အရင်ရယူပါက အဆင်ပြေနိုင်သည်။

တိတိကျကျပြောဆိုပါ။ ဖြစ်နိုင်လျှင် ပြောဆိုသည့်အကြောင်းအရာတွင် အပြုသဘောဆောင်သော၊ အသုံးဝင်သော အရာကို ရှာပါ။ ဆွေးနွေးသည့် ခေါင်းစဉ်နှင့် မဆိုင်တော့လျှင်လည်း ပြန်လည် တည့်မတ်ပေးပါ။ အပူချိန်ကို စစ်ပါ ။သင်တန်းတက်သူတို့၏ သင်ပြောဆိုနေမှုအပေါ်တွင် စိတ်ပါဝင်စားမှု အဆင့် (သို့) နားလည်နိုင်မှု အဆင့်ကို အမြဲစစ်ပါ ။ (ကျွန်ုပ်ပြောတာကို ဆက်စပ်မိပါသလား၊ ဒီနေရာ မေးစရာ၊ ပြောစရာ ရှိပါသလား )

တိတ်ဆိတ်နေသူများကို ရှာဖွေပြီး စကားအလွန်ပြောများသူများကို ဂရုစိုက်ထိန်းသိမ်းပါ။ အပြည့်အစုံ ဖွင့်ဟမပြောကြသော (သို့) ကိုယ်စားမပြုသေးသော အမြင်များကို ဖော်ပြနိုင်ရန် ကူညီပါ။ ဖွံ့ဖြိုးရေးနှင့် ခြိမ်းခြောက်မှုတို့ကို စကားပြောဆိုမှုမှ အငြင်းအခုံကို တစ်ခုပြီးတစ်ခု ရှင်းပါ ။ တိတ်ဆိတ်နေရန် မိနစ်အနည်းငယ် ပေးပါ၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လုပ်ပါ။ စံပြနေပါ။ ဆွေးနွေးမှုကို အကျဉ်းချုပ်ပြောပါ။ အဖွဲ့အား အများမှအမှတ်ရနေစေရန်အတွက် ။ လူတို့၏ ခံစားချက်များကိုလည်း အမြဲတမ်း ကြည့်ရှုလေ့လာပါ။

ဦးဆောင်ဆွေးနွေးသူသည် အောက်ပါအရည်အချင်းများရှိရမည်-

စံပြတစ်ဦး။ အဖွဲ့ကို နစ်သက်ကြောင်း၊ လေးစားကြောင်း၊ သူတို့၏ စကားများကို နားထောင်လိုကြောင်းကို သင်၏စကားလုံးများ၊ ကိုယ်လက်အမူအယာတို့နှင့် ဖော်ပြပါ။

ခေါင်းဆောင်။ ခေါင်းစဉ်များကို သတ်မှတ်ပါ၊ အဖွဲ့ကို စည်းကမ်းများဖြင့် လိုက်လံဆွေးနွေးစေရန် ဆောင်ရွက်ပါ။ အထင်အမြင်များကို အပြုသဘောဆောင်သည့် ငြင်းခုံဆွေးနွေးမှုများ ပြုလုပ်ပါ။ သင်၏အခက်အခဲများ၊ အားနည်းချက်များကို ရိုးရိုးသားသားဖော်ပြပြီး သင်ကိုယ်သင် ရယ်ရယ်မောမောရှိပါ။

အကဲဖြတ်ဒိုင်။ အဖွဲ့အား စည်းမျဉ်းများကို လိုက်နာစေပါ၊ ခေါင်းစဉ် အတိုင်းလုပ်ဆောင်ပါ၊ စကားပြောချိန်ကို ညီတူညီမျှပေးပြီး တိတ်ဆိတ်သော သင်တန်းတက်သူများကို ဖော်ထုတ်ပြီး စကားပြောများသူများကို ထိန်းသိမ်းပါ။

ငြိမ်းချမ်းရေးတည်ဆောက်သူ။ အဖွဲ့ကို လက်ခံခြင်း၊ နားလည်ခြင်းနှင့် တစ်ဦးနှင့် တစ်ဦး ပံ့ပိုးကူညီခြင်းအားဖြင့် အားပေးပါ။ အခက်ခဲရှိသော အချိန်များတွင် ပိုမိုဆောင်ရွက်ပါ။ မတူညီသည့် အထင်အမြင်များကို နားထောင်ရန်နှင့် ဝေမျှရန်နှင့် ပြောဆိုရန် ဘေးကင်းလုံခြုံမှုရှိပါသော။ အချေအတင်ငြင်းခုံမှုများကို ဖြေလျော့ပါ။ အဖြေရှာပါ ။ လိုအပ်ပါက ဦးတည်ချက်များ ပြောင်းလဲပါ။

အားပေးသော ခေါင်းဆောင်။ အသင်းအဖွဲ့စိတ်ဓာတ်ဖန်တီးပါ၊ ပံ့ပိုးမှုပေးပါ၊ ပန်းတိုင်များကို ရရှိစေရန် အားပေးပါ။

## ဦးဆောင်ဆွေးနွေးမှုကောင်းသူတစ်ဦး၏ အကြံပြုချက်များ အကျဉ်း

ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦးအတွက် ကောင်းမွန်သည့် အကြံပြုချက်များ -

( ၁ ) ပြင်ဆင်ပါ။
( ၂ ) လိုက်လျောညီထွေရှိပါ ။
( ၃ ) လန်းဆန်းတက်ကြွမှုရှိပါ ။
( ၄ ) ဟာသဉာဏ် ရှိပါ ။
( ၅ ) ရှင်းရှင်းလင်းလင်း ရှိပါ။
( ၆ ) အကောင်းဘက်ကို တွေးပါ။
( ၇ ) အမှားများနှင့် အခက်အခဲများကို လက်ခံပါ။
( ၈ ) သိလွယ်၊ နားလည်လွယ်မှုရှိပါ ။
( ၉ ) နည်းလမ်း၊ လုပ်ငန်းအမျိုးမျိုးကို အသုံးပြုပါ။

## လုပ်ဆောင်ချက်( ၄ )၊ သင်တန်းပံ့ပိုးမှု နည်းစနစ်များ

သင်တန်းတက်သူများသည် အပြန်အလှန်သင်ယူနိုင်သည့် သင်ကြားရေးနည်းလမ်းများကို ဖြစ်နိုင်သမျှများများ အသုံးပြုရန် အရေးကြီးသည်။ အပြန်အလှန်သင်ယူနိုင်သည့် သင်ကြားရေး နည်းလမ်းများကြောင့် သင်တန်းသား/သူများသည် သင်တန်းအကြောင်းအရာများကို စိတ်ဝင်စားစေပြီး သူတို့သင်ယူ လေ့လာရသည်များကို အမှတ်ရစေရန် အထောက်အပံ့ဖြစ်စေနိုင်သည်။ သင်တန်းကောင်းတစ်ခုသည် အပြန်အလှန် သင်တန်းပေးသည့် နည်းစနစ်များကို ရောထွေးအသုံးပြုသည်။ ၄င်းတို့တွင် ပြင်ဆင်ရေးဆွဲရေးအစီအစဉ်များ၊ အဖွဲ့ငယ်များဖြင့် လုပ်ဆောင်ခြင်းနှင့် ပြဇာတ်များ ပါဝင်သည်။ အောက်ပါတို့မှာ နမူနာ အချို့ဖြစ်သည်။

### (က) စိတ်အားထက်သန်သော သင်တန်းတက်သူများအတွက် နည်းစနစ်များ

### ၁။ ဂရုတစိုက်နားထောင်ခြင်း

မကြာခဏကျွန်ုပ်တို့သည် မပြတ်သားသောဆွေးနွေးမှုများဖြင့် အဆုံးသတ်ရလေ့ရှိကြသည်။ ဂရုတစိုက်နားထောင်သော နည်းစနစ်များသည် ယူဆချက်များကို အထောက်အပံ့ဖြစ်ခြင်း၊ သင်၏အတွေးများကို အမြင်မှန်စေသည့်အပြင် အခြားသူများကို နားလည်စေနိုင်သည်။

| နည်းစနစ် | ရည်ရွယ်ချက် | နည်းလမ်း | ပြောဆိုပုံ နမူနာ |
|---|---|---|---|
| အားပေးမှု | သင်ရဲ့ စိတ်ဝင်စားမှုကို ဖော်ပြရန် လူတစ်ဦးအား စကားဆက်လက်ပြောနေစေရန် | ပြောဆိုသူနှင့် သဘောတူခြင်း (သို့) မတူခြင်း အပြုသဘော ဆောင်သည့် လေသံဖြင့် ကတိ စကား မပါ သော စကားများ | ကျွန်တော် သိပြီ၊ အင်း၊ အင်း။ အဲ့ဒါ စိတ်ဝင်စားစရာပဲ ထပ်ပြောပါဦး ... ဆက်ပြောပါဦး .... |

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL

| နည်းစနစ် | ရည်ရွယ်ချက် | နည်းလမ်း | ပြောဆိုပုံ နမူနာ |
|---|---|---|---|
| ပြန်လည်ပြောပါ | သင်နားထောင်နေကြောင်း ၊ နားလည်ကြောင်းကို ဖော်ပြရန်။ | စကားပြောဆိုသူ၏ အခြေခံ အကြံဉာဏ်များကို ပြန်လည်ပြောရန် ။ သင်၏ ကိုယ်ပိုင်စကားများဖြင့် ပြန်လည်ပြုစုပါ | ကျွန်တော်နားလည်တာမှန်ရန် ၊ ခင်ဗျားအခြေအနေက ... တခြားတနည်းပြောရရင် ၊ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်က... |
| Reflect တိတ်ဆိတ်နေသူများကို လုံးဝအထင် မသေးရ။ | သင်နားထောင်နေကြောင်း၊ နားလည်ကြောင်း ဖော်ပြရန်။ ပြောဆိုသူ၏ ခံစားချက်ကို သင်နားလည်ကြောင်း အသိပေးရန် ။ | ပြောဆိုသူသည် မူရင်း ခံစားချက်များကို ပြန်ပြောပါ ။ သင်စကားဖြင့် ပြန်လည်ပြောဆိုပါ။ | ခင်ဗျားခံစားနေရတာက ....... မင်းတော်တော် စိတ်အနှောင့်အယှက်ဖြစ်မှာပဲနော်..... သင်ယုံကြည်တာက ....... |
| အကျဉ်းချုပ်ပါ | အရေးကြီး အကြံဉာဏ်များ ဆွဲယူရန် | အဓိက ပြောဆိုချက်များကို မိမိစကားဖြင့်ပြန်လည် ပြောပြခြင်း၊ ရည်ညွှန်းပြောဆိုခြင်းနှင့် အကျဉ်းချုပ်ပြောဆိုပါ ။ | ဒါတွေကတော့ သင်အဓိကပြောချင်တာတွေဖြစ်မယ်.... ကျွန်တော်နားလည်မယ်ဆိုရင် ဒီအခြေအနေကို ခင်ဗျားဒီလိုနားလည်တာဖြစ်မယ်... |

ဂရုတစိုက်နားထောင်ခြင်းအတွက် အကြံပြုချက်များ၊ အပြည့်အဝနားထောင်ခြင်း၏ အစိတ်အပိုင်း ( ၆ )ခု

( ၁ ) မျက်လုံးအကြည့်ကို ထိန်းသိမ်းရမည်

( ၂ ) ရှေ့သို့ အနည်းငယ် ငိုက်ပေးရမည်။

( ၃ ) ပြောဆိုသူကို ခေါင်းငြိမ့်ခြင်း ၊ စကားပြန်လည်ပြောဆိုခြင်းဖြင့် ထောက်ခံအားပေးရမည်။

( ၄ ) ပြန်လည်ရှင်းပြခြင်းနှင့် မေးခွန်းမေးခြင်း ။

( ၅ ) အနှောင့်အယှက်များမှ တက်တက်ကြွကြွ ရှောင်ဖယ်ခြင်း ။

( ၆ ) သင်သည် စိတ်မကြည်လျှင် (သို့) စိတ်ဆိုးလျှင်ပင် ပြောဆိုနေသည်များကို နားလည်စေရန် ဂရုပြုနားထောင်ပေးရမည်။

McKay, M., Dais, M., Fanning, P – 1983 – Messenger: The Communication Boo

၂။ အပြန်အလှန်ဆွေးနွေးငြင်းခုံမှုကို အားပေးပါ

( ၁ ) ပထမနေ့တွင် သင်သည် သင်တန်းသား/သူ တစ်ဦးစီဖြင့် အကြိမ်များစွာ ပြောဆိုရမည် (ဥပမာ တစ်ဦးချင်း၏ ထင်မြင်ချက်များနားထောင်သည့်အခါ) ။ သင်သည် ပထမ ဆွေးနွေးငြင်းခုံမှုတွင် ဖော်ရွေလျှင် သင်တန်းတက်သူများသည်

( က ) သူတို့ ရှက်ကြောက်မှုများရှိတော့မည်မဟုတ်ပေ

( ခ ) သင်သည် သူတို့နှင့် စကားပြောလိုကြောင်းကို နားလည်သွားပြီး

( ဂ ) သင်နှင့်အတူ သင်ခန်းစာတစ်လျှောက် ပွင့်ပွင့်လင်းလင်း အကျိုးရှိရှိ ဆွေးနွေးငြင်းခုံကြမည်ဖြစ်သည်။

( ၂ ) သင်တန်းတက်သူတစ်ဦးချင်းစီးကိုဂရုတစိုက်ကြည့်ပါ။ သူတို့သင့်အားမေးမြန်းခြင်းမပြုလျှင်ပင် အခက်အခဲတစ်စုံတစ်ရာ ရှိ/မရှိ စစ်ဆေးပါ။ သင်အနေဖြင့် စိတ်ဝင်စားကြောင်းဖော်ပြပြီး ညီတူညီမျှ ဆက်ဆံလျှင် သူတို့အနေဖြင့် လုပ်ငန်းကို ဆောင်ရွက်ရန် ပို၍စိတ်အား ထက်သန်မှုရှိမည်ဖြစ်သည်။ ထို့အပြင် သင်တန်းတက်သူများမှ တစ်စုံတစ်ဦးသည် သူတို့ဆောင်ရွက်မှုများကို စိတ်ဝင်စားမှု ရှိကြောင်း သတိပြုမိလျှင် သင့်ထံမှ လိုအပ်သည့်အခါတွင် အကူအညီ တောင်းခံကြလိမ့်မည်ဖြစ်သည်။

( ၃ ) ပထမနေ့တွင် သင်သည် သင်တန်းသား/သူတစ်ဦးစီဖြင့် အကြိမ်များစွာ ပြောဆိုရမည် ( ဥပမာ တစ်ဦးချင်း၏ ထင်မြင်ချက်များနားထောင်သည့်အခါ)။ သင်သည် ပထမ ဆွေးနွေးငြင်းခုံမှုတွင် ဖော်ရွေလျှင် သင်တန်းတက်သူများသည် ( က ) သူတို့ ရှက်ကြောက်မှုများရှိတော့မည်မဟုတ်ပေ ( ခ ) သင်သည် သူတို့နှင့် စကားပြောလိုကြောင်းကို နားလည်သွားပြီး (ဂ) သင်နှင့်အတူ သင်ခန်းစာတစ်လျှောက် ပွင့်ပွင့်လင်းလင်း အကျိုးရှိရှိ ဆွေးနွေးငြင်းခုံကြမည်ဖြစ်သည်။

( ၄ ) သင်တန်းတက်သူများအတွက် အမြဲအဆင်သင့်ရှိပါစေ။

၃။ သင်တန်းတက်သူများကို ဆွေးနွေးမှုတွင် ပါဝင်ပါစေ

သင်တန်းတက်သူများအား သူတို့နားလည်မှုကို စစ်ရန်နှင့် ထိထိရောက်ရောက် စဉ်းစားရန်နှင့် ပါဝင်ဆောင်ရွက်ရန်အတွက် မကြာခဏ မေးခွန်းမေးပါ။ ဘာလဲ၊ ဘာကြောင့်၊ ဘယ်လို စသည့် မေးခွန်းများကိုဖြေဆိုရာတွင် စကားအလုံးအနည်းငယ်ထက်ပိုလိုအပ်သည်။ ဟုတ်တယ်၊ မဟုတ်ဘူး စသည့်အတိုကောက် သာဖြေနိုင်မည့် မေးခွန်းမျိုးကို ရှောင်ကြဉ်ရမည်။ မေးခွန်းမေးပြီးနောက်တွင် ခဏရပ်ပါ။ သင်တန်းသား/သူများကို စဉ်းစားရန် အချိန်ပေးပြီး တုံ့ပြန်ဖြေဆိုမည့်သူကို ရှာပါ။ ဖြစ်တတ်သည့်အမှားမှာ မေးခွန်းမေးပြီး မိမိဘာသာ ပြန်လည်အဖြေမေးမိခြင်းပင်ဖြစ်သည်။ ဘယ်သူမှ သင်၏မေးခွန်းကို မဖြေလျှင် အခြားနည်းဖြင့် ပြန်လည်ပြော ဆိုခြင်းဖြင့်လည်း တိတ်ဆိတ်ငြိမ်သက်နေမှုကို ချေဖျက်နိုင်သည်။ သို့ရာတွင် ၄င်းကို

အကြိမ်ကြိမ်မပြုလုပ်ရပါ ။ အချို့သော ဆိတ်ငြိမ်မှုသည် အကျိုးရှိသည်။

သင်တန်းတက်သူတို့၏ ထင်မြင်ချက်များကို ကျေးဇူးတင်ကြောင်းပြောခြင်း (သို့) ခေါင်းငြိမ့်သည့် အမူအယာဖြင့် အသိအမှတ်ပြုရမည်။ ဤသို့ဖြင့် သင်တန်းတက်သူတို့အား သူတို့၏ ပူးပေါင်းပါဝင်မှုကို တန်ဘိုးထားခြင်းနှင့် အားပေးရာ ရောက်ပေမည်။ သင်တန်းတက်သူတစ်ဦးသည် အကြောင်းအရာကို နားမလည်ဟု သင်ထင်လျှင် ပြန်လည်ရှင်းလင်းခိုင်းပါ (သို့) အခြားသူတစ်ဦးဦးမှ အကြံပြုချက် ရှိ/မရှိမေးပါ။ တစ်စုံတစ်ဦးသည် သင်၏ပြောစကားကို ဂရုမစိုက်ခြင်း (သို့) လျစ်လျူရှုခြင်းကို ခံစားရလျှင် သူသည် ဆွေးနွေးမှုတွင် မပါဝင်တော့ဘဲ အလိုအလျောက် ပါဝင်ပြောဆိုတော့မည် မဟုတ်ပေ။

သင်တန်းတက်သူများကို စကားပြောဆိုရန် ဖိတ်ခေါ်သည့်အခါ သူတို့၏ အမည်များကို ခေါ်ပါ။ ကျေးဇူးတင်စကားပြောပါ။ အရင်သင်တန်းတက်သူတစ်ဦးဦး၏ ထင်မြင်ချက်ကို ပြန်လည် သုံးသပ်ပြောဆိုလျှင် ပြောဆိုသူ၏ အမည်ကို ဖော်ညွှန်းပြပါ။ သင်တန်း တက်သူများကို မျက်လုံးအကြည့်ဖြင့် စုံအောင်ကြည့်ခြင်းဖြင့် သူတို့အားလုံး ပါဝင်မှုခံစားစေရန် ထိန်းသိမ်းပါ။ သင်တန်းတက်သူတစ်ဦးတစ်ယောက်တည်းကိုသာ စိုက်ကြည့်နေခြင်းမျိုးမဖြစ်စေရန် ဂရုပြုပါ။ သင်တန်းတက်သူတစ်ဦးဦးကို စက္ကန့်အနည်းငယ် ကြည့်ခြင်းအားဖြင့် ပြန်လည်ဖြေကြားမှုရရှိနိုင်သည် ၊ ရှက်ကြောက်သူများထံမှပင်ရရှိနိုင်သည်။

၄။ သင်ခန်းစာများကို အာရုံစိုက်ခြင်း အသက်ဝင်စေအောင် ပြုလုပ်ပါ။

( ၄.၁ ) သင်၏တင်ဆက်မှုများကို အသက်ဝင်နေပါစေ ။

အချက်အလက်များကို ဖတ်ပြနေမည့်အစား စကားအသွင်ဖြင့် တင်ဆက်ပါ။

ရှင်းရှင်းလင်းလင်းပြောပါ ။ သင်၏အသံကို အတိမ် နှင့် နှုန်းကို အပြောင်းအလဲ လုပ်ပါ ။

သင်၏ကိုယ်ပိုင်အတွေ့အကြုံနမူနာများကို အသုံးပြုပါ၊ ပြီးလျှင် သင်တန်းတက်သူများကို သူတို့၏အတွေ့အကြုံနမူနာများကို မေးပါ။

( ၄.၂ ) သူတို့ပြောဆိုလျှင် စာရွက်ကြီးပေါ်တွင် အဓိက အကြောင်းအရာများကို ရေးချပါ။ (၄င်းမှ ပြန်လည်ပြောဆိုရန်အတွက် နည်းလမ်းကောင်းတစ်ခုဖြစ်သည် )ပြောဆိုသူသည် သူ၏အကြံပြုချက်ကို နားထောင်ပြီးဖြစ်ကြောင်းသိရှိပြီး အခြားသူများကို သိစေရန် မှတ်သားထားသည့်အတွက် ကျေးဇူးတင်ရှိမည်ဖြစ်သည်)

Funded by European Union Civil Protection and Humanitarian Aid

( ၄.၃ ) စာရွက်ကြီးပေါ်တွင် အဓိက အကြောင်းအရာများကို မှတ်သားသည့်အခါတွင် သင်တန်းတက်သူတို့၏ ပြောဆိုသော စကားများဖြင့်သာ ဖြစ်နိုင်သမျှရေးမှတ်ပါ။ သင်သည် အတိုချုပ်ရေးရမည်၊ ပြန်လည်ပြင်ဆင်ရေးသား ရမည်ဖြစ်ပြီး မရေးခင်တွင် ပြောဆိုသူနှင့် အတည်ပြုရမည်။ သင်တန်းတက်သူများမှ သင်နားလည်သည်ကို သိရှိစေရန်နှင့်သူတို့၏ ပြောဆိုမှုများကို မှတ်သားထားကြောင်းကို သိရှိစေရမည်။ သင်စာရေးနေသည့်အချိန်တွင်လည်း သင်၏ကျောဘက်ကို သင်တန်းတက်သူတို့ဘက်အားအချိန် ကြာအောင် မလှည့်ထားရပါ။

၅။ ဆွေးနွေးမှုအစတွင် စာရွက်ကြီးပေါ်တွင် အဓိကမေးခွန်းကို ရေးချပါ။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ဘာသာရပ်တစ်ခုပေါ်တွင် သင်တန်းတက်သူတို့ အာရုံစိုက်စေမည်ဖြစ်သည်။ လိုအပ်သည့်အခါတွင် စာရွက်ကြီးအနီးသို့ လျှောက်လှမ်းပြီး မေးခွန်းကို လက်ညှိုးထိုးပြရမည်။

၆။ တိတ်တဆိတ်နေသည့် သင်တန်းတက်သူများကို စကားပြောဆိုရန်တိုက်တွန်းပါ။ အဖွဲ့အတွင်းတွင် ယခင်ကမပြော ဆိုဘူးသေးသူတို့အား ပြောခိုင်းပါ (သို့) ထိုသူအနီးသို့ လမ်းလျှောက်သွားပြီး အာရုံစိုက်ခံရမှုရစေရန် ဆောင်ရွက်ပြီး သူ့အားမေး နေသည်ဟု ခံစားရအောင်လုပ်ပါ။

၇။ <u>သင်တန်းတက်သူတို့၏ ကြိုးပမ်းမှုများကို အားဖြည့်ပေးပါ</u>

ဦးဆောင်ဆွေးနွေးသူတစ်ဦးအနေဖြင့် သင့်ထံတွင် သင်တန်းတက်သူများနှင့် အပြန်အလှန်ပြောဆိုရန် ကိုယ်ပိုင် ဟန်ရှိရမည်။ သို့ရာတွင် သင်တန်းတက်သူတို့၏ ကြိုးပမ်းမှုများ အားဖြည့်ပေးရန်အတွက် နည်းလမ်းအချို့မှာ-

- သင်တန်းတက်သူတစ်ဦးဦးအား အရှက်ရစေနိုင်မည့် ထင်မြင်ချက်ပေးခြင်း (သို့) မျက်နှာအမူအယာပြုလုပ်ခြင်း ကိုရှောင်ပါ။ ဥပမာ - သူ့ ကိုစကားပြောဆိုသည့်အခါတွင် သင်တန်းတက်သူနှင့် အတူကပ်၍ (သို့) ထိုင်၍ပြောဆိုခြင်း
- မေးခွန်းများကို မြန်မြန်ဆန်ဆန် မဖြေဘဲ ပြည့်ပြည့်စုံစုံ ပြန်ဖြေပါ။
- သင်တန်းတက်သူများကို အချိန်ပေးပြီးစကားပြောဆိုရန် တိုက်တွန်းပါ။
- အဲ့ဒီ မေးခွန်း/အကြံကောင်းတယ် စသည်ဖြင့် စိတ်ဝင်စားမှုကို ဖော်ပြခြင်း။

( ခ ) <u>သင်တန်းတက်သူတို့၏ အလုပ်များကို သင်ခန်းစာများအတွက် နည်းစနစ်များ</u>

၁။ ပါဝင်သော ခေါင်းစဉ်များ/ အဖွဲ့လိုက် လုပ်ဆောင်မှုများကို သင်တန်းတက်သူတို့၏ ကိုယ်ပိုင်ကျောင်းတွင် ဆွေးနွေးပါ။ ဤသင်ခန်းစာတွင် အခန်းတစ်ခန်းစီကို သင်တန်းတက်သူတို့ထံမှ မေးခွန်းအချို့ မေးမြန်းခြင်းဖြင့် စတင်ပါ။ ယင်းမေးခွန်းများကို မေးမြန်းပြီး သင်တန်းတက်သူတို့၏ အဖြေများကို နားထောင်ပါ။ ထိုသို့ဖြင့် သင်တန်းတက်သူတို့သည် သူတို့လေ့လာနေသည်များကို မည်သို့အသုံးချရမည်ကို စတင် စဉ်းစားနိုင်မည်ဖြစ်သည်။

၂။ ဆွေးနွေးသော (သို့) မေးခွန်းများ မေးသူတို့ကို သူတို့၏ ထင်မြင်ချက်များကို ပြန်လည်ဖြေကြားခြင်းအားဖြင့် အားပေးပါ။

(ဂ) <u>ဦးဆောင်ဆွေးနွေးသူအကူအတွက် အထောက်အပံ့ပြုနိုင်မည့် နည်းလမ်းများ</u>

၁။ ပထမ လုပ်ငန်းကို စတင်လုပ်ဆောင်သည့်အခါ အကူဦးဆောင်ဆွေးနွေးသူနှင့် အချိန်အနည်းငယ်ယူပါ။ယခင်သင် ကြားရေးအတွေ့အကြုံများနှင့် တစ်ဦးတစ်ယောက်ချင်း၏ အားသာချက်များ၊ အားနည်းချက်များနှင့် နှစ်သက်မှုများစသည့် အချက်အလက်များကို ဖလှယ်ပါ။ အခန်းကဏ္ဍများနှင့် တာဝန်များပေါ်တွင် အဖွဲ့တစ်ဖွဲ့အနေဖြင့်မည်သို့ လုပ်ငန်းဆောင်ရွက် ရမည်ကို လက်ခံသဘောတူညီမှု ရယူပါ။

၂။ တစ်ဦးစီအတွက်ထင်မြင်ချက်များ ပေးခြင်းနှင့်အဖွဲ့လိုက်ဆွေးနွေးမှုများ ပြုလုပ်ရာတွင် တစ်ဦးနှင့်တစ်ဦးပံ့ပိုးကူညီပါ။ ဥပမာ-ဦးဆောင်ဆွေးနွေးသူတစ်ဦးသည် အဖွဲ့လိုက်ဆွေးနွေးမှုကို ဦးဆောင်နိုင်ပြီး အခြားတစ်ဦးသည်အရေးကြီးသည့် အကြောင်းအရာများကို စာရွက်ကြီးပေါ်တွင် ရေးမှတ်နိုင်သည်။ ဒုတိယ ဦးဆောင်ဆွေးနွေးသူသည် သင်ခန်းစာအကြောင်းအရာများကို စစ်ဆေးပြီး ဖျောက်ထားသော အချက်များကို ထပ်ဖြည့်နိုင်သည်။

၃။ တစ်နေ့ဆီတွင် နောက်တစ်နေ့တွင် ဖြစ်ပေါ်မည့် သင်ကြားရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ပါ (ဥပမာ - ပြဇတ်များ၊ ခင်းကျင်းပြသမှုများ နှင့် စမ်းသပ်လေ့ကျင့်မှုများ)၊ ပြဇတ်များကို မည်သူလုပ်ဆောင်မည်ကို ဆုံးဖြတ်ပါ၊ စမ်းသပ်လေ့ကျင့်မှုများကို ဦးဆောင်ပါ၊ အခန်းကဏ္ဍတစ်ခုစီကို ကစားပါ၊ ပစ္စည်းများ စုဆောင်းပါ။

၄။ သင်ခန်းစာတစ်ခုစီတွင် တစ်ဦးတည်း တာဝန်ယူရမည့်အစား သင်ခန်းစာတစ်ခုစီအတွက် အတူတကွ လုပ်ဆောင်ပါ။

(ဂ) စုံညီ ဆွေးနွေးခြင်း

စုံညီဆွေးနွေးခြင်း ဆိုသည်မှာ သင်တန်းတက်သူအားလုံးကို သူတို့အဖွဲ့ငယ်များ၊ တစ်ဦးချင်း နှင့် အဖွဲ့ခွဲများအလုပ် (သို့) အိမ်စာများကို အလုပ်ပြီးသွားသည့်အခါတွင် ပြန်လည်ဆွေးနွေးရန် နည်းလမ်းတစ်ခုဖြစ်သည်။ စုံညီ ဆွေးနွေးခြင်း ကို ကျန်ရှိသည့်အဖွဲ့များကို အဖွဲ့ဝင် ကိုယ်စားပြုသူများမှ တင်ပြရမည့်ပုံစံဖြစ်သည်။ စုံညီ ဆွေးနွေးခြင်း ကို ကောင်းစွာ စီမံခန့်ခွဲရန် လိုအပ်သည်။ အထူးသဖြင့် ယင်းကို ဆောင်ရွက်ရန် လိုအပ်သော အချိန်အတွင်း ဆောင်ရွက်ရန်လိုအပ်သည့်အခါတွင် စီမံခန့်ခွဲရန် လိုအပ်သည်။ ဦးဆောင်ဆွေးနွေးသူသည် အဖွဲ့တစ်ဖွဲ့ချင်းစီအတွက် အချိန်ကို တင်းတင်းကြပ်ကြပ်ကန့်သတ်ထားရန်လိုအပ်ပြီး စုံညီဆွေးနွေးခြင်း အချိန်တွင် လျာထားသော အချိန်ကို ကြိုတင် တိုင်ပင်ရမည်။ ဦးဆောင်ဆွေးနွေးသူသည် ထင်မြင်ချက်များကို စီစဉ်ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ပြောဆိုသည့်အချက်အလက်များကိုရှင်းရှင်းလင်းလင်းပြန်လည်မေးမြန်းနိုင်ရမည်။

(ဃ) အဖွဲ့ငယ်ဖြင့်ဆောင်ရွက်သော အလုပ်

သင်တန်းအချိန်အတွင်းတွင် အဖွဲ့ငယ်တစ်ဖွဲ့တွင် အဖွဲ့ဝင် (၄) ဦး (သို့) (၅) ဦးပါဝင်သည်။ အဖွဲ့ငယ်များသည် အလုပ်အသေးအဖွဲ့ အမျိုးမျိုးကို တပြိုင်တည်း လုပ်နိုင်သည်။ ၎င်းတို့ကို အခြေအနေအများတွင်လည်း အသုံးပြုနိုင်သည်။ ဥပမာ သင်တန်းတက်သူများမှ အတွေ့အကြုံများကို ဖလှယ်ခြင်း၊ ပြဿနာဖြေရှင်းရာတွင် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း စသည်တို့တွင် အတွေ့အကြုံများကို ဖလှယ်နိုင်သည် အဖွဲ့ငယ်တို့၏ ဆောင်ရွက်မှုများကို ထိရောက်မှုရှိစေရန် စီမံခန့်ခွဲမှု အချို့လိုအပ်သည်။ အဖွဲ့များသည် သာမန်အားဖြင့် သူတို့၏ လုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်ကန့်သတ်မှု ရှိကြသောကြောင့် လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ဦးဆောင်ဆွေးနွေးသူသည် အောက်ပါတို့ကို ဂရုပြုဆောင်ရွက်ရမည်။

( ၁ ) အဖွဲ့သည် သူတို့အား တာဝန်ပေးထားသော လုပ်ငန်းများကို သိရှိ နားလည်စေရန် ။

( ၂ ) ဦးဆောင်ဆွေးနွေးသူသည် လုပ်ငန်းများဆောင်ရွက်နေရစဉ်တွင် ရှင်းလင်းပြောရန် အဆင်သင့်ဖြစ်နေရန် ။

( ၃ ) အဖွဲ့ငယ်များမှ ထင်မြင်ချက်များကို စီမံဆောင်ရွက်ပြီး အဖွဲ့တစ်ဖွဲ့စီတိုင်းမှ သူတို့၏ တင်ဆက်မှုများ မည်မျှကြာမြင့်ကြောင်းကို သိရှိစေရန် စည်းမျဉ်းများ ချမှတ်ထားရန် ။

( ၄ ) အဖွဲ့အတွင်းဆွေးနွေးသည့် မေးခွန်းများနှင့် ထင်မြင်ချက်များကို မည်သို့ တုံ့ပြန်ပြောဆိုရမည်ကို ဆုံးဖြတ်ချက်များ ။

( င ) သရုပ်ဖော်ပြသခြင်း

သရုပ်ဖော်ပြသခြင်းသည် သင်တန်းတွင် တန်းဘိုးရှိသော နည်းကိရိယာများဖြစ်သည်။ ၎င်းကို ရည်ရွယ်ချက် (၂) ခုဖြင့် အသုံးပြုသည်။

သင်တန်းအတွက် အသုံးဝင်သော သင်တန်းတက်သူတို့၏ အတွေ့အကြုံများကို ဖော်ပြရန် ဥပမာ - ရာသီဥတု ပြောင်းလဲမှု သက်ရောက်မှုအကြောင်း အသက်မွေးဝမ်းကြောင်း၊ ပျောက်ဆုံးသွားသော ကျေးရွာသား/သူတို့၏ အတွေ့အကြုံများ

သင်တန်းတက်သူများအား လက်တွေ့ဘဝတွင် တွေ့ကြုံနိုင်မည့်အခြေအနေကို လေ့ကျင့်ရန် အခွင့်အရေးပေးခြင်း၊ ဥပမာ - ဒေသခံရပ်မိရပ်ဖများနှင့် သူတို့ဒေသ၏ ရေပေးဝေမှုအခက်အခဲများ ဆွေးနွေးခြင်း ။

သင်တန်းတက်သူများသည် ပါဝင်ကပြရန်အခန်းကဏ္ဍများကို ကိုယ်တိုင်ရွေးချယ်ခြင်း (သို့) ဦးဆောင်ဆွေးနွေးသူမှ ရွေးချယ်ပေးနိုင်သည်။ သရုပ်ဖော်ကပြမှုကို ပုံမှန်အားဖြင့် မိနစ်အနည်းငယ်ဖြင့် စီစဉ်နိုင်သည်။ သရုပ်ဖော်ကပြမှုကို အဖွဲ့တစ်ဖွဲ့လုံး (သို့) အဖွဲ့ငယ်များဖြင့် စီစဉ်ဆောင်ရွက်နိုင်သည်။ ၎င်းကို အဖွဲ့ငယ်များ၊ (သို့) အဖွဲ့တစ်ဖွဲ့လုံးမှ အချို့သာတင်ဆက်ကပြပြီး ကျန်သူများမှ လေ့လာကြရသော“fish bowl” ကဲ့သို့ လေ့ကျင့်ခန်းဖြင့် တင်ဆက်နိုင်သည်။

တင်ဆက်ကပြမှုတိုင်းကို သင်တန်းတက်သူများအတွက် ဆုံးဖြတ်ချက်ချမှတ်ထားမှုများကို ပြန်လည်သုံးသပ်ခြင်း (သို့) အကြောင်းအရာကိုအကျဉ်းပြန်လည်ပြောပြခြင်းဖြင့် သူတို့မည်သို့ ခံစားမိကြောင်းနှင့် အတွေးအမြင်အသစ်များကို ပြန်လည်မေးမြန်းမှတ်သားနိုင်သည်။

## ( စ ) အသံ - ရုပ် ပစ္စည်းများ အသုံးပြုခြင်း

သင်မှတ်သားထားသည်နှင့်အမျှ သင်ခန်းစာအကြောင်းအရာများကို ဦးဆောင်ဆွေးနွေးသူမှ တက်ဆက်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပေးပို့ရမည်။ ဦးဆောင်ဆွေးနွေးသူသည် သင်ခန်းစာတစ်ခုခြင်းစီကို မည်သို့ တင်ဆက်ရမည်ကို ဆုံးဖြတ်ရမည်ဖြစ်သော်လည်း သူတို့၏ တက်ဆက်မှုများတွင် ရုပ်ပုံအကူပစ္စည်းများ ပါဝင်သင့်သည်။ ၎င်းတို့မှာ ရွက်လှန်စာရွက်ကြီး၊ (လျှပ်စစ်မီးမရှိလျှင်) (သို့) ဦးဆောင်ဆွေးနွေးသူမှ ပါဝါပွိုင့် ပြင်ဆင်ထားမှု မရှိလျှင်အဓိကအချက်များ ရေးသားထားသော သင်ပုံးဖြူ တို့ပါဝင်သင့်သည်။

## ( ဆ) ပါဝါပွိုင့် ပြသခြင်း

ဦးဆောင်ဆွေးနွေးသူ အများစုသည် သင်ခန်းစာကို အနှစ်ချုပ်ပြောဆိုရန်အတွက် အဆင်ပြေဆုံးမှာ ပါဝါပွိုင့်များဖြစ်ကြသည်။ သင်သည် presentation အတွက် လမ်းညွှန်ကိုအချို့သောအကြောင်းအရာများကိုသင့်တော်သည့်ပစ္စည်းများကို တိုက်ရိုက်ကူးယူဖော်ပြခြင်းအားဖြင့် ကူညီခြင်းအားဖြင့် အသုံးပြုနိုင်သည်။ ဥပမာ - အသုံးအနှုန်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တင်ပြခြင်း ဖြစ်သည်။ သို့ရာတွင် သင်၏ တင်ဆက်မှုသည် သင်ခန်းစာများ၏ အကျဉ်းချုပ် ဖြစ်သင့်သည်။ လမ်းညွှန်စာအုပ်မှ စာပိုဒ်များကို တက်ဆက်မှုတွင် ကူးယူဖော်ပြခြင်းမပြုရပါ ။ ပါဝါပွိုင့် slides များတွင် သင်တန်းတက်သူများအတွက် စာများကို ဖတ်ရမည်မှာခက်ခဲပေလိမ့်မည်။ slide တစ်ခုတွင် စာများကို ထည့်သွင်းခြင်းမှာ ထိရောက်သော တင်ဆက်မှုမဟုတ်ပေ။ slide တစ်ခုတွင် အဓိက အကြောင်းအရင်း ၂ ခု၊ ၃ခု သာ ထည့်သွင်းဖော်ပြရမည်။ အသေးစိတ်အချက်အလက်များကို နှုတ်ဖြင့် ပြောဆိုရမည်ဖြစ်ပြီး လမ်းညွှန်စာအုပ်တွင် သင်တန်းတက်သူများအတွက် ပါရှိနေမည်ဖြစ်သည်။

## ( ဇ ) သင်ပုံးဖြူ

သင်ပုံးဖြူများသည်အကြံဉာဏ်များကိုဖော်ထုတ်ရန်ကောင်းမွန်သည့်လေ့ကျင့်ခန်းများဖြစ်ပြီးဦးဆောင်ဆွေးနွေးသူသည် အတွေးအခေါ်များကို အလျင်အမြန်ချရေးရန်လိုအပ်သည်။ သို့ရာတွင် သင်ပုံးဖြူ ကိုအသုံးပြုသည့်အခါတွင် အဓိက ပြဿနာများ ၊ အကြံဉာဏ်များကိုသာ ရေးချပြီး သင်တန်းတက်သူများကို ရေးချထားသည့် အကြံဉာဏ်များကို သူတို့ဘာသာ ပြန်လည်စဉ်းစားသုံးသပ်နိုင်ရန်အတွက် အချိန်ပေးရမည်။

## ( ဈ ) ရွက်လှန်စာရွက်ကြီး

ရွက်လှန်စာရွက်ကြီးများသည် ပြောဆိုထားသောအချက်များ၊ အကြံဉာဏ်များကို သင်ခန်းစာများတွင် ထည့်သွင်းဆွေးနွေးသည့်အခါတွင် အသုံးဝင်သည်။ ၎င်းတို့ကို အခန်းနံရံများတွင် ပြသထားနိုင်သည်။ ၎င်းတို့ကို နောက်ပိုင်းသင်တန်းလေ့ကျင့်ခန်းများတွင် အသုံးပြုရန် (သို့) နောက်ပိုင်းအကိုးအကားပြုရန် (သို့) သင်တန်းအစီရင်ခံစာများအတွက် ဆွေးနွေးထားသည်များကို မှတ်တမ်းအဖြစ် သိမ်းဆည်းထားနိုင်သည်။

(ည) လုပ်ဆောင်ချက် ၅၊ သင်တန်းအတွက် ပြင်ဆင်မှုများ

( ၄.၁ )၊ အကြိုပြင်ဆင်မှုများ

အဆင့် ၁၊ ကိုယ့်ကိုကိုယ် ပြင်ဆင်မှု

- ဦးဆောင်ဆွေးနွေးသူ လမ်းညွှန်စာအုပ်ကို ဖတ်ပါ ။
- အရင်းအမြစ်များကို စုဆောင်းပါ ။
- ဆောင်ရွက်ပြီးစီးပါက ဘယ်လိုပုံစံရှိမလဲ စသည်တို့ပါဝင်သည့် ပေါ်ပေါက်လာနိုင်သည့် အခက်အခဲများကို ကြိုတင်မှန်းဆထားပါ။
- နောက်ခံ အကြောင်းအရာဗဟုသုတများကို ပြင်ဆင်ဖတ်ရှုပါ ။
- အောင်မြင်မှုကို သင်ယူသူတို့ စိတ်ကျေနပ်မှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် အရည်အသွေး တို့ဖြင့် သတ်မှတ်ပါ၊

အဆင့်( ၂ )၊ ပရိတ်သတ်၏ လိုအပ်ချက်များကို တိုင်းတာပါ ။

- သင်ယူသူတစ်ဦးစီအတွက် စဉ်းစားပြီး စားပွဲတွင် ဝင်ရောက်ဆွေးနွေးစေပါ ။
- လူတို့ကြုံတွေ့နေရသည့် အဓိက အခက်အခဲများကို စဉ်းစားပါ ။
- လူတစ်ဦးစီအတွက် ရလဒ်များကို (ခန့်မှန်း) စစ်ဆေးပါ ။
- စုပေါင်းရလဒ်များ ကို ရှာဖွေပါ။
- လူတစ်ဦးစီက ဘယ်လိုပါဝင်ပြီး အလေ့အကျင့်နှင့် အကြံပြုချက်များဘယ်လိုပေးနိုင်မယ်ဆိုတာ အတည်ပြုပါ။

အဆင့်( ၃ )၊ စီစဉ်ဆောင်ရွက်ခြင်း

- ပန်းတိုင်များနှင့် မျှော်မှန်းချက်များကို ရှင်းလင်းပါ။
- လုပ်ငန်းစဉ်အတွက် မူဘောင်ကို ဖန်တီးပါ ၊ လုပ်ငန်းလမ်းညွှန်မြေပုံနှင့် အချိန်ကို စစ်ဆေးပါ ။
- အဖွဲ့၏ ပါဝင်ဆောင်ရွက်မှုများကို သင်ဘယ်လိုဆောင်ရွက်ရမည်ကို စဉ်းစားပါ ။
- သင်တန်းတက်သူတို့ စိတ်အားထက်သန်စေရန် သင်ဘာလုပ်မလဲ ။
- ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းအားဖြင့် သင်လျှော့ချနိုင်မည့် အခက်အခဲများ ရှိပါသလား။

အဆင့်( ၄ )၊ ဦးဆောင်ဆွေးနွေးသူ၏ အတွေ့အကြုံ

- ရယူပိုင်ဆိုင်မှုများကို သင်တန်းတက်သူများသို့ အမြဲလွှဲပြောင်းပေးပါ။
- တစ်ဦးချင်းစီနှင့် အဖွဲ့တို့၏ တိုးတက်မှုကို ကြည့်ရှုလေ့လာပါ။
- လုပ်ငန်းစဉ်၏ အခက်အခဲများကို အပြုသဘောဖြင့် ကြားဝင်ဖြေရှင်းပေးပါ၊
- သင်တန်းတက်သူတို့ကို စိန်ခေါ်ရန် အစီအစဉ်ကို အရှိန် မြှင့်တင်ပါ။
- အောင်မြင်မှု၏ ရည်မှန်းချက်ကို အမြဲစောင့်ကြည့်ပြီး အောင်မြင်မှုသေချာစေရန်အတွက် ဆောင်ရွက်ပါ။

အဆင့် ၅၊ နိဂုံး

- အချိန် (သို့) တန်ဘိုးများ မကျဆင်းခင်တွင် တက်တက်ကြွကြွဖြင့် အဆုံးသတ်ပါ။
- အခက်အခဲများ အကောင်းနှင့် အဆိုးကို အကျဉ်းချုပ်ရန် ကိုယ်စားပြု တစ်ဦးလိုအပ်သည်။
- အဖွဲ့တစ်ဖွဲ့စီနှင့် သဘောတူညီမှု ၊ မတူညီမှုကို သိရှိရန် ခန့်မှန်းပါ ။
- အခက်အခဲတိုင်းတွင် သက်ဆိုင်သူရှိပြီး အဖြေရှာရန်အတွက် နောက်ဆုံးရက်ကို သတ်မှတ်ထားပါ။
- သင်ယူမှုလုပ်ငန်းစဉ်များကို ကိုယ်တိုင် ဆန်းစစ်မှုလုပ်ရန်နှင့် ပြန်လည်သုံးသပ်ရန် တိုက်တွန်းပါ။

အဆင့်( ၆ )၊ လိုက်လံဆောင်ရွက်မှု

- အပြုသဘောဆောင်သည့် ဝေဖန်ချက်များကိုလက်ခံပြီး တိုးတက်အောင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအတွက် ကတိပေးပါ။
- အချက်အလက်အားလုံးကို သင်တန်းတက်သူတို့ထံမှ ကောက်ယူရရှိမှုသေချာပါစေ။
- ကောင်ကျိုး၊ ဆိုးကျိုး ပြဿနာ နှစ်မျိုးစလုံးကို ညီတူညီမျှအရေးကြီးကြောင်း ပြောဆိုပါ လုပ်ငန်းစဉ်၏ နောက်တစ်ဆင့်ကို ရှင်းလင်းပါ။

အောင်မြင်သော သင်တန်းပံ့ပိုးမှု လုပ်ငန်းများ၏ လက္ခဏာများ

သင့်လျော်သော ရက်စွဲကို ရွေးချယ်ခြင်း ( သာမန် ရက်တစ်ရက်လည်းဖြစ်နိုင်သည်) စာသင်ကျောင်းလုပ်ငန်းတို့၏ ဗဟုသုတသည် ဘေးကင်းလုံခြုံသော စာသင်ကျောင်း သင်တန်းအတွက် နေ့ကောင်း/နေ့ရက် ရွေးချယ်နိုင်ရန် အရေးကြီးသည်။ ဥပမာ-စာသင်ကျောင်းလုပ်ငန်းတစ်ခုလုပ်သည့် နေ့ရက်ကို သိရှိခြင်းအားဖြင့် သင်ဦးတည်ထားသော လူအများစုသည် စာသင်ကျောင်းလုပ်ငန်းများတွင် ပါဝင်နေကြသောကြောင့် စကားပြောဆိုရန် နေ့ရက်ကို သိရှိရန် အရေးကြီးသည်။ သင့်အတွက်ဖြစ်နိုင်သော နေ့ရက်ကောင်းသည် တနင်္ဂနွေ နေ့ခင်းဖြစ်နိုင်သည်။

သင့်လျော်သော အချိန်ကို ရွေးချယ်ခြင်း၊ ထိုနည်းတူစွာ အချိန်ရွေးချယ်နိုင်မှုသည်လည်း သင်ဦးတည်ထားသော အဖွဲ့များတက်ရောက်နိုင်ခြင်းရှိ/မရှိကို ဆုံးဖြတ်ရာမှာ အလွန်အရေးကြီးသည်။ ဥပမာ - စာသင်ကျောင်းအများစုတွင် နံနက်ပိုင်းအချိန်များတွင် ဆရာ/မများသည် သူတို့၏ နံနက်ခင်းအလုပ်များတွင် ပါဝင်လုပ်ကိုင်နေကြရသောကြောင့် အဆင်မပြေကြပေ။ ထို့ကြောင့် ဆွေးနွေးမှုများပြုလုပ်ရန်အတွက် နေ့ခင်းပိုင်း(သို့) ရုံးပိတ်ရက်ပင်လျှင် အသင့်လျော် ဆုံးဖြစ်နေနိုင်သည်။

သင့်လျော်သော နေရာ/အဆောက်အအုံ ရွေးချယ်ခြင်း၊ နေရာရွေးချယ်ခြင်းသည် အခြားအရေးကြီးသည့် အချက်တစ်ခုဖြစ်သည်။ လေဝင်လေထွက်ကောင်းသော နေရာကို ရွေးချယ်နိုင်ရန်မှာလည်း အရေးကြီးသည်။ ဥပမာ ဘုရားကျောင်း၊ စာသင်ကျောင်းဝန်း (စာသင်ကျောင်း အားလပ်ရပ်များ (သို့) ရုံးပိတ်ရက်များ) (သို့) သင့်အတွက် စာသင်ကျောင်း (သို့) ရပ်ရွာခေါင်းဆောင်များမှ သင့်အားအသုံးပြုရန် ညွှန်ကြားထားသောနေရာ။ သင်ရွေးချယ်ထားသော နေရာသည် ရပ်ရွာအဖွဲ့ဝင်များအတွက် သွားလာနိုင်ပြီး အဆင်ပြေသည့် နေရာဖြစ်စေရမည်။

သင်တန်းပံ့ပိုးမှု လုပ်ငန်းများအတွက် ပစ္စည်းများနှင့် နည်းလမ်းများ - စီမံကိန်း၊ ပြောဆိုရန်အချက်များ၊ အသုံးပြုသည့် နည်းကိရိယာများ၊ သင်တန်းပေးရန် နည်းလမ်းရွေးချယ်မှုများ စသည့်ကဏ္ဍများကို ကြိုတင်ပြင်ဆင်ထားခြင်းသည် သင်တန်းပံ့ပိုးပေးမှု ရလဒ်ကောင်းများကို လွှမ်းမိုးထားနိုင်သည်။

( ၄.၂ ) သင်တန်းကို လေ့လာခြင်း

စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

အကဲဖြတ်သုံးသပ်ခြင်းသည် သင်တန်းတိုင်းအတွက် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်။ အကဲဖြတ်သုံးသပ်မှုကို သင်တန်းပြုလုပ်နေစဉ်နှင့် ပြီးဆုံးသည့်အချိန်တွင် ပြုလုပ်နိုင်သည်။ သင်တန်းအချိန်အတွင်း ဆောက်ရွက်လျက်ရှိသည့် ပူးပေါင်းပါဝင်သော စောင့်ကြည့်လေ့လာရေးမှာ သင်တန်းတက်သူများပါဝင်စေရန် အထောက်အကူဖြစ်နိုင်ပြီး သင်တန်းလုပ်ငန်းစဉ်ကို ပိုင်ဆိုင်မှုပေးသည်။

Funded by European Union Civil Protection and Humanitarian Aid
PLAN INTERNATIONAL


## သင်တန်းအချိန်အတွင်း စောင့်ကြည့်လေ့လာခြင်း

နည်းစနစ်တစ်ခုမှာ တစ်နေ့တာပြီးဆုံးသည့်အချိန်တွင် စောင့်ကြည့်လေ့လာရေး စာရွက်ကို ပေးပြီး ကောက်ယူရန်ဖြစ်သည်။ စောင့်ကြည့်လေ့လာရေးစာရွက်တွင် မေးခွန်း ယနေ့သင်ခန်းစာတစ်လျှောက်မှာ ဘာတွေအဆင်ပြေခဲ့သလဲ၊ (သို့) ဘာတွေပိုကောင်းအောင်လုပ်ဆောင်ဖို့လိုအပ်သလဲ ။ ၂-၃ ခုပါဝင်သင့်သည်၊သင်တန်းတက်သူများသည် သင်တန်းကိုဘယ်လိုပြုလုပ်ခဲ့သည် (သို့) သင်တန်း အကြောင်းအရာကို နားလည်ခြင်း စသည့် အခြေအနေများကို သင်တန်းတက်သူတို့မှ ဖြေကြားစေရန် သေချာဆောင်ရွက်ပါ။ နောက်တစ်ရက်တွင် လိုအပ်ပါက အပြောင်းအလဲများ ပြုလုပ်နိုင်ရန် သင်တန်းတက်သူများ၏ စာရွက်များကို ဖတ်ရှုသင့်သည်။

## သင်တန်းအဆုံးတွင် အကဲဖြတ်သုံးသပ်ခြင်း

အကဲဖြတ်သုံးသပ်မှုကို သင်တန်းနိဂုံးပိုင်းနှင့် တွဲ၍ပြုလုပ်နိုင်သည်။ နောက်ဆုံး အကဲဖြတ်သုံးသပ်ရေး ပုံစံကို သင်တန်းတက်သူတို့မှ သင်တန်းအတွေ့အကြုံများကို ကျယ်ကျယ်ပြန့်ပြန့် ရေးနိုင်စေရန်နှင့် သူတို့၏ ကျွမ်းကျင်မှုများ အသိများ တိုးတက်လာခြင်း ရှိ/မရှိကို သိရှိစေရန် ပေးဝေထားသင့်သည်။

သင်၏ ပြောစကားများ အောင်မြင် (သို့) နားလည်သည်ကို သိရှိစေရန်တွင် သင့်အနေဖြင့် အကဲဖြတ်သုံးသပ်ရန် နည်းလမ်းများစွာရှိသည်။ အောက်ပါတို့မှာ သင်အသုံးပြုနိုင်သည် နည်းကိရိယာအချို့ဖြစ်သည်။




(က) အားပေး စက်ဝန်း

(ခ) ဘေးကင်းလုံခြုံသော စာသင်ကျောင်း ဆရာဖြစ် သင်တန်း
အကဲဖြတ်သုံးသပ်ရေး အကြံပြု ပုံစံ
ရမှတ် ၁ (မကောင်း) မှ ရမှတ် ၅ (အလွန်ကောင်း) စသည်ဖြင့် အမှတ်ပေးပါ။

| | ၁ | ၂ | ၃ | ၄ | ၅ | ထင်မြင်ချက် |
|---|---|---|---|---|---|---|
| ၁ သင်တန်းကို ယေဘုယျ စိတ်ကျေနပ်မှု | | | | | | |
| ၂၊ သင်ခန်းစာ အကြောင်းအရာ | | | | | | |
| ၃၊ တင်ဆက်မှု၊ အဖွဲ့လိုက်ဆောင်ရွက်မှု နှင့် energizers ညီမျှမှု | | | | | | |
| ၄၊ နေရာနှင့် ထောက်ပံ့ပို့ဆောင်မှု | | | | | | |
| ဘယ်အရာက အကောင်းဆုံးလဲ/ အသုံးဝင်ဆုံး သင်ခန်းစာလဲ။ | ဘာကြောင့်လဲ… | | | | | |
| ဘယ်အရာက အသုံးဝင်မှု အနည်းဆုံးလဲ ။ | | | | | | |

Funded by European Union Civil Protection and Humanitarian Aid

ဘေးကင်းလုံခြုံသောစာသင်ကျောင်း ဆရာဖြစ်သင်တန်းသည် သင်အတွက် တန်ဘိုးရှိပါသလား ၊ ဘာကြောင့်လဲ ။

ထင်မြင်ချက်များ/အကြံပြုချက်များ

( ဂ )မေးခွန်းများ

- ဘယ်အရာက သင့်ကို စိတ်ဝင်စားစေသလဲ ။
- ဘယ်လိုအကြောင်းအရာအသစ်တွေ လေ့လာခဲ့ရသလဲ ။
- ဘယ်အကြောင်းအရာတွေက မရှင်းလင်းသလဲ ။
- ဘယ်အကြောင်းအရာတွေကို သင်ပြောင်းလဲချင်သလဲ ။

( ၄.၃ ) ကြိုတင်စမ်းသပ်မှုနှင့် နောက်ပိုင်းစမ်းသပ်မှု အကိုးအကား

ဘေးကင်းလုံခြုံသော စာသင်ကျောင်း သင်တန်းများ

ကြိုတင်စမ်းသပ်မှုနှင့် နောက်ပိုင်းစမ်းသပ်မှု

Plan ရုံး

၃။ အောက်ပါတို့မှ ဘယ်အရာတွေက ပြည့်စုံသည့် စာသင်ကျောင်းဘေးကင်းလုံခြုံမှု စာရင်း ဝင်ပါသလဲ ။

(က) ဘေးကင်းသည့် သင်ကြားရေး ပံ့ပိုးမှု ပစ္စည်းများ

( ခ) စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု

(ဂ ) ဘေးဖြစ်နိုင်ခြေလျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး

(ဃ) အဖြေအားလုံး မှန်သည်

၄။ ဘေးကင်းသော သင်ကြားရေး ပံ့ပိုးပစ္စည်းများတွင်အောက်ပါတို့ပါဝင်သည်။

(က) ဖွဲ့စည်းပုံ/ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကို တိုးမြှင့်ဆောင်ရွက်ခြင်း

(ခ) ဘေးကင်းသော နေရာရွေးချယ်ခြင်း

(ဂ) အဆောက်အအုံပိုင်းနှင့် အဆောက်အအုံမဟုတ်သည့် အပိုင်း ဘေးကင်းလုံခြုံမှု

(ဃ) အရည်အသွေးမြှင့် သင်ကြားရေးနှင့် သင်ယူရေး ပစ္စည်းရေး

(င ) (ခ) နှင့် (ဂ) မှန်ကန်သည်

၅။ ဘာကြောင့် စာသင်ကျောင်းအဆောက်အအုံတို့ ကျဆုံးသလဲ ။

(က) အဆောက်အအုံတို့သည် အိုမင်းပြီး ၊ ခိုင်ခံ့မှုလျော့နည်းသည်

(ခ ) အဆောက်အအုံဟောင်းများကို အဆောက်အအုံ စံချိန်စံနှုန်းများ မရှိခင်က တည်ဆောက်ခဲ့ကြသည်။

(ဂ ) အဆောက်အအုံအသစ်များတွင် စံချိန်စံနှုန်းများကို မလိုက်နာကြခြင်း

(ဃ) အင်ဂျင်နီယာများသည် မြေငလျင်ဒဏ်ခံနိုင်သည် ပုံစံများကို မသိရှိကြခြင်း

(င ) ပစ္စည်းများ အရည်အသွေး ညံ့ခြင်း

(စ ) တည်ဆောက်မှု ညံ့ဖျင်းခြင်း

(ဆ) လေ့ကျင့်မှုမရှိသည့် ပန်းရံများ

(ဇ) အဖြေအားလုံးမှန်ကန်သည်

Funded by European Union Civil Protection and Humanitarian Aid

၆။ စာသင်ကျောင်းအဆောက်အအုံ၏ အဆောက်အအုံပိုင်းမဟုတ်သည့် အစိတ်အပိုင်းတွေကဘာလဲ ။

(က) ဗိသုကာ အစိတ်အပိုင်းများ

(ခ) စက်ပိုင်းဆိုင်ရာ အပိုင်းများ

(ဂ) လျှပ်စစ် အစိတ်အပိုင်းများ

(ဃ) ပရိဘောဂများ

(င) အဖြေအားလုံးမှားသည်

(စ) အဖြေအားလုံးမှန်သည်။

၇။ စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင်

(က) အစမ်းလေ့ကျင့်မှု

(ခ ) စာသင်ကျောင်း ဘေးအန္တရာယ်ထိခိုက်မှုလျှော့ချရေး အစီအစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရေး

(ဂ) လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများ

(ဃ) အထက်မှအရာအားလုံး

၈။ ဘေးကင်းလုံခြုံသော စာသင်ကျောင်း အစီအစဉ်တွင် အောက်ပါတို့ပါဝင်သင့်သည်။

(က) အဆောက်အအုံပိုင်း ဘေးကင်းလုံခြုံမှု

(ခ ) အဆောက်အအုံပိုင်း မဟုတ်သည့် ကဏ္ဍ ဘေးကင်းလုံခြုံမှု

(ဂ ) ဒေသတွင်း အခြေခံအဆောက်အအုံ

(ဃ) ပတ်ဝန်းကျင် ဘေးကင်းလုံခြုံမှု

(င ) အဖြေအားလုံးမှန်ကန်သည်

၉။ အိမ်ထောင်စုနှင့် ရပ်ရွာ ထိခိုက်လွယ်မှုများကို လျှော့ချရန် သဘောတူလက်ခံထားသည့် အဓိက သတင်းစကားများမှာ

(က) အန္တရာယ်အကြောင်းအရာများ

(ခ ) အန္တရာယ်အမျိုးမျိုး

(ဂ ) ထိခိုက်လွယ်မှု အကြောင်းအရာများ

(ဃ) (က) နှင့် (ခ) မှန်ကန်သည်

၁၀။ လူထုအသိပညာပေးရေးနှင့် လူထု ပညာပေးရေးအတွက် ပူးပေါင်းပါဝင်သည့် အဓိက နည်းလမ်းတွေက ဘာတွေလဲ။

(က ) ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာချက်ကဲ့သို့သော လုပ်ငန်းအခြေပြု လေ့လာချက်များ

(ခ ) ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်

(ဂ ) ဘေးဖြစ်နိုင်ခြေလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ခြင်း

(ဃ) စောင့်ကြည့်လေ့လာရေးနှင့် အစီအစဉ်များကို အစမ်းလေ့ကျင့်မှုများနှင့် ဇတ်တိုက်လေ့ကျင့်ခန်းများဖြင့် တိုးတက်အောင်ပြုလုပ်ခြင်း

(င) အဖြေအားလုံးမှန်ကန်သည်။

Funded by European Union Civil Protection and Humanitarian Aid

၁၁။ ဘေးကင်းသော စာသင်ကျောင်းများ စီမံချက်များအတွက် ရေရှည်တည်တံ့စေမည့် အချက်တွေက ဘာတွေလဲ ။

(က) ပံ့ပိုးမှုရှိသော အဖွဲ့အစည်းဝန်းကျင်
(ခ) ကတိကဝတ်နှင့် ပိုင်ဆိုင်မှု
(ဂ) အဖွဲ့အစည်း စွမ်းဆောင်ရည်
(ဃ) စီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍ
(င) ထိရောက်ပြီး စစ်မှန်သည့် ပူးပေါင်းပါဝင်မှု
(စ) အဖြေအားလုံးမှန်ကန်သည်။
ကံကောင်းပါစေ ။

( ၄.၅ ) ဦးဆောင်ဆွေးနွေးသူအတွက် သင်တန်းဆောင်ရွက်ရန် စာရင်း

| စစ်ဆေးရမည့်အချက် | ဒီနေရာတွင် ခြစ်ပါ။ |
|---|---|
| ၁၊ သင်တန်းတက်သူများကို သိနိုင်သမျှသိအောင်လုပ်ပါ။ သူတို့ဘယ်သူလဲ၊ ဘယ်နှစ်ယောက်လဲ၊ ဘယ်ကလဲ၊ နေရပ်ဇာတိကဘာလဲ။ | |
| ၂၊ သင်နှင့် သင်၏အကူ ဦးဆောင်ဆွေးနွေးသူမှ ဆောင်ရွက်မည့်အလုပ်များကို ဂရုတစိုက် ပြင်ဆင်ထားရမည်။ | |
| ၃၊ သင်တန်းတက်သူတို့သည် သူတို့ဘယ်နေရာမှ ပါဝင်ရမည်ကို သိပါစေ ။ | |
| ၄၊ နေရာနှင့် ပံ့ပိုးမှုပစ္စည်းများကို စစ်ပါ။ ဖြစ်နိုင်လျှင် ဆွေးနွေးပွဲပြုလုပ်မည့် နေရာကို သွားရောက်ကြည့်ရှုပြီး လိုအပ်ချက်များရှိ/မရှိ ကြည့်ထားပါ။ | |
| ၅၊ လိုအပ်သည့်စာရင်းကိုရေးချပြီး သင်တန်းပေးမည့် တာဝန်ခံကို ပေးထားပါ။ အောက်ပါတို့ဖြစ်နိုင်သည် ။<br>သင်တန်းအကြောင်းအရာ မိတ္တူများ<br>လမ်းညွှန်စာအုပ်မှ သင်ခန်းစာ မိတ္တူများ (လိုအပ်ချက်ပေါ် မူတည်၍ ထုတ်ပါ)<br>သင်တန်းနှင့် ကြိုတင်စမ်းသပ်မှုနှင့် သင်တန်းအပြီး စမ်းသပ်မှု<br>သင်တန်းအကဲဖြတ်သုံးသပ်ရေး ပုံစံ<br>သင်တန်း တက်ရောက်သူစာရင်း<br>ရွက်လှန်ကားချပ်<br>Markers<br>တိပ်<br>LCD projectors<br>သောက်ရေသန့် နှင့် မုန့်များ<br>သင်ခန်းစာတစ်ခုစီအတွက် ရွေးချယ်ထားသော အခြားအရာများ | |
| ၆၊ သင်တန်းနေရာကို သင်သည်ကြိုတင် မသွားရောက်နိုင်ပါက၊ သင်တန်းနေ့တွင် သင်တန်းတက်သူများမရောက်ခင် စောစောသွားနိုင်အောင် စီစဉ်ခြင်းဖြင့် သင်တန်းနေရာကို သူတို့မရောက်ခင် စီစဉ်နိုင်မည်ဖြစ်သည်။ | |
| ၇၊ သင်တန်းတက်သူများသည် သူတို့လိုအပ်သည့် အချက်များ ရရှိစေရန် သေချာပါစေ။ အထူးသဖြင့် သင်တန်းသည် ရက်ပေါင်းများစွာ ဆက်လက်ပြုလုပ်လျှင် ... | |
| သင်တန်း၏ နေရာ၊အချိန် အချက်အလက် | |
| လိုအပ်ပါက သင့်အား ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ် | |
| အရေးပေါ် အချိန်တွင် သင်တန်းတက်သူများမှ ဆက်သွယ်ရမည့် အချက်အလက်အသေးစိတ် | |
| ၈၊ သင်တန်းတက်သူများကို အစားအစာ၊ နေရာထိုင်ခင်း၊ နှင့် သင်တန်းနေရာသို့ ရောက်ရှိနိုင်မှု၊ သင်တန်းပစ္စည်းများနှင့် အကြောင်းအရာပေါ် မူတည်သည့် အချက်အလက်များ နှင့် ပတ်သက်ပြီးအထူးလိုအပ်ချက်များ ရှိ/မရှိ ကြိုတင်မေးထားပါ။ | |

( ၄.၆ )၊ ဘေးကင်းလုံခြုံသောစာသင်ကျောင်းသင်တန်း အစီအစဉ်

(၅ ရက်ဆောင်ရွက်လျှင်၊ ကွင်းဆင်းဆောင်ရွက်ရန် နေ့ဝက်နှင့် ပြန်လည်သုံးသပ်မှုပြုလုပ်ရန် နေ့ဝက်ပြုလုပ်ပါ)

| နေ့(၁) | | |
|---|---|---|
| အချိန် | သင်ခန်းစာ | နည်းလမ်း အကျဉ်းချုပ် |
| ၀၈း၀၀<br>၀၉း၀၀ | စာရင်းသွင်းခြင်း၊<br>အဖွင့်မိန့်ခွန်းပြောခြင်း၊<br>သင်ခန်းစာများ မိတ်ဆက်ပေးခြင်း | - အဖွင့်မိန့်ခွန်းပြောခြင်း<br>- မိတ်ဆက်ခြင်း<br>- သင်ယူလေ့လာခြင်းရည်ရွယ်ချက်များ နှင့် သင်တန်းတက်သူတို့၏ မျှော်မှန်းချက်များ<br>- စည်းကမ်းများ<br>- နေ့စဉ် စီမံခန့်ခွဲရေး အဖွဲ့အခန်းကဏ္ဍနှင့် တာဝန်များ<br>- ထောက်ပံ့ပို့ဆောင်ရေး စီစဉ်မှု<br>- အဖွဲ့လိုက် ဓာတ်ပုံရိုက်ကူးခြင်း |
| ၀၉း၀၀<br>၀၉း၃ | ကြိုတင် စစ်ဆေးမှု | |
| ၀၉း၃၀<br>၀၉း၄၅ | အားလပ်ချိန် | |
| ၀၉း၄၅<br>၁၁း၁၅ | သင်ခန်းစာ ၁ - ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု (DRM) အခြေခံအယူအဆများ ၊ပညာရေးကဏ္ဍ မူဝါဒများနှင့် အစီအစဉ်များရှိ DRR များ ပါဝင်သည်။<br>အခန်း ၁.၁၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု အခြေခံ အယူအဆ | |
| ၁၁း၁၅<br>၁၂း၀၀ | သင်ခန်းစာ ၁၊ Con't<br>အခန်း ၁.၂ - မှ ကမ္ဘာနှင့် ဒေသ ပညာရေးကဏ္ဍ DRR ဦးတည်ရာ | |
| ၁၂း၀၀<br>၁၃း၃၀ | နေ့လည်စာ | |
| ၁၃း၀၀<br>၁၄း၅၀ | သင်ခန်းစာ ၂ ၊ ပြည့်စုံသည့် စာသင်ကျောင်း ဘေးကင်းလုံခြုံရေး မူဘောင်<br>အခန်း ၂.၁ ပြည့်စုံသည့် စာသင်ကျောင်း ဘေးကင်းလုံခြုံမှုဆိုတာဘာလဲ ။ | |
| ၁၄း၅၀<br>၁၅း၀၅ | အားလပ်ချိန် | |
| ၁၅း၀၅<br>၁၆း၀၂၅ | သင်ခန်းစာ ၃၊ ဘေးကင်းလုံခြုံသော သင်ကြားရေး ပံ့ပိုးမှုများ<br>အခန်း ၃.၁ အဆောက်အအုံပိုင်းနှင့် အဆောက်အအုံ ပိုင်းမဟုတ်သည့်ကဏ္ဍ ဘေးကင်းလုံခြုံမှု | |

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

| နေ့ (၁) | | |
|---|---|---|
| အချိန် | သင်ခန်းစာ | နည်းလမ်း အကျဉ်းချုပ် |
| ၁၅း၃၀<br>၁၅း ၄၅ | သင်ခန်းစာ ၃ Con't<br>အခန်း ၃.၂ ဘေးဒဏ်ခံနိုင်သောစာသင်ကျောင်း | |
| ၁၇း၁၅-၁၇း၃၀ | နေ့စဉ် အကဲဖြတ်သုံးသပ်မှု | |
| နေ့ ၂ | | |
| ၀၈း၃၀-၀၉း၀၀ | ပြန်လည်သုံးသပ်ခြင်း | |
| ၀၉း၀၀ - ၀၉း၄၀ | သင်ခန်းစာ ၃ Con't အခန်း ၃.၂ ဘေးအန္တရာယ်<br>ဒဏ်ခံနိုင်စွမ်း စာသင်ကျောင်း (Con't ) | |
| ၀၉း၄၀-၀၉း၅၅ | အားလပ်ချိန် | |
| ၀၉း၅၅-၁၀း၅၅ | သင်ခန်းစာ ၄၊ စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု<br>အခန်း ၄.၁ စာသင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲ<br>မှုကော်မတီ၏ လုပ်ငန်းများ | |
| ၁၀း၅၅-၁၂း၀၀ | သင်ခန်းစာ ၄၊ Cont အခန်း ၄.၂ ၊ ဘေးဖြစ်နိုင်ခြေ၊<br>ထိခိုက်လွယ်မှုနှင့် စွမ်းဆောင်ရည်ကို<br>သိရှိနားလည်ခြင်း | |
| ၁၄း၀၀-၁၅း၀၀ | သင်ခန်းစာ ၄၊ Con't အခန်း ၄.၃ ၊<br>၏အစီအစဉ်များကို စီစဉ်ပြီး | |
| ၁၅း၀၀-၁၅း၁၅ | အားလပ်ချိန် | |
| ၁၅း၁၅-၁၆း၁၅ | သင်ခန်းစာ ၄ Con't အခန်း ၄.၃၊ သင်၏<br>အစီအစဉ်များကို ပြုစုပြီး ဖော်ဆောင်ပါ | |
| ၁၆း၁၅-၁၇း၀၀ | သင်ခန်းစာ ၄ Con't<br>အခန်း ၄.၄ စောင့်ကြည့်လေ့လာခြင်းနှင့်<br>အကဲဖြတ်ဆုံးဖြတ်ခြင်း | |
| ၁၇း၀၀ -၁၇း၁၅ | တနေ့တာ သုံးသပ်မှု | |
| နေ့ ၃ | | |
| ၀၈း၃၀-၀၉း၀၀ | ပြန်လည်သုံးသပ်ခြင်း | |
| ၀၉း၀၀-၁၀း၃၀ | သင်ခန်းစာ ၅၊ ဘေးဖြစ်နိုင်ခြေလျှော့ချခြင်း<br>နှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး အခန်း ၅.၁<br>ထိခိုက်မှုလျှော့ချရေး နှင့်ပညာရေးအတွက်<br>အဓိကသတင်းစကားများ | |

| နေ့(၁) | | |
|---|---|---|
| အချိန် | သင်ခန်းစာ | နည်းလမ်း အကျဉ်းချုပ် |
| ၁၀း၃၀-၁၀း၄၅ | အားလပ်ချိန် | |
| ၁၀း၄၅-၁၂း၁၅ | သင်ခန်းစာ ၅၊ Con't<br>အခန်း ၅.၂ စာသင်ကျောင်း သင်ရိုးညွှန်းတမ်းတွင် DRR ကိုထည့်သွင်းခြင်း နှင့် ဘေးဖြစ်နိုင်ခြေ လျှော့ချခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း ပညာရေး အတွက် အလေ့အကျင့်ကောင်းများကို ဝေမျှခြင်း | |
| ၁၂း၁၅ - ၁၃း၃၀ | နေ့လည်စာ | |
| ၁၃း၃၀ - ၁၅း၃၀ | သင်ခန်းစာ ၆၊ ဘေးကင်းလုံခြုံရေးစာသင်ကျောင်း များတွင် ကဏ္ဍပေါင်းစုံကို တည့်သွင်းခြင်း | |
| ၁၅း၃၀ - ၁၅း ၄၅ | အားလပ်ချိန် | |
| နေ့ ၄ | | |
| ၀၈း၃၀ - ၀၉း၀၀ | ပြန်လည်သုံးသပ်ခြင်း | |
| ၀၉း၀၀ - ၁၀း၂၀ | သင်ခန်းစာ ၆၊ Con't Session 6.3 ဘေးကင်းလုံခြုံသော စာသင်ကျောင်းများတွင် မသန်စွမ်းများပါဝင်စေရန် လမ်းညွှန်ချက်များ | |
| ၁၀း၂၀ - ၁၀း၃၅ | အားလပ်ချိန် | |
| ၁၀း၃၅ - ၁၂း၀၀ | သင်ခန်းစာ ၇၊ သင်တန်းပေး စွမ်းရည်<br>အခန်း ၇.၁ ဦးဆောင်ဆွေးနွေးသူကောင်းတစ်ယောက် ဘယ်အရာတွေက ဖြစ်စေသလဲ | |
| ၁၂း၀၀ - ၁၃း၃၀ | နေ့လည်စာ | |
| ၁၃း၃၀ -၁၄း၀၀ | သင်ခန်းစာ ၇၊ Con't<br>အခန်း ၇.၁ ဦးဆောင်ဆွေးနွေးသူကောင်းတစ်ဦးကို ဘယ်အရာတွေက ဖြစ်စေသလဲ ။ | |
| ၁၄း၀၀-၁၄း၄၀ | သင်ခန်းစာ ၇ ၊ Con't အခန်း ၇.၂၊ ချက်များပေးခြင်းနှင့် ရယူခြင်း | |
| ၁၄း၄၀-၁၅း၁၀ | သင်ခန်းစာ ၇၊ Con't  အခန်း ၇.၂ ဦးဆောင်ဆွေးနွေးသူ ပြုလုပ်လေ့ရှိသော အမှားများ | |

| နေ့(၁) | | |
|---|---|---|
| အချိန် | သင်ခန်းစာ | နည်းလမ်း အကျဉ်းချုပ် |
| ၁၅း၁၀-၁၅း၂၅ | အားလပ်ချိန် | |
| ၁၅း၂၅-၁၆း၂၅ | သင်ခန်းစာ ၇ Con't အခန်း ၄၊ Leraning blocks. | |
| ၁၆း၂၅-၁၆း၄၅ | သင်တန်းအပြီး စမ်းသပ်မှု | |
| ၁၆း၄၅-၁၇း၁၅ | နောက်ဆုံးအကဲဖြတ်သုံးသပ်မှုနှင့် နိဂုံး | |

နောက်ဆက်တွဲ ( ၆.၂ )၊ ဦးဆောင်ဆွေးနွေးသူတစ်ဦးအတွက် မှတ်စုများ၊ ထင်မြင်ချက်များ ပေးခြင်းနှင့် ရယူခြင်း

လုပ်ဆောင်ချက် ( ၁ )၊ အများအားဖြင့် တန်ဘိုးရှိသည့် ထင်မြင်ချက်ကောင်းများ ပေးရန် စည်းမျဉ်း ( ၁၀ )ခု

| စဉ် | အပြုသဘောဆောင်သည့် ထင်မြင်ချက်ပေးရန် စည်းမျဉ်း ၁၀ ခု |
|---|---|
| ၁ | |
| ၂ | |
| ၃ | |
| ၄ | |
| ၅ | |
| ၆ | |
| ၇ | |
| ၈ | |
| ၉ | |
| ၁၀ | |

လုပ်ဆောင်ချက် ( ၂ )၊ အပြုသဘောဆောင်သည့် ထင်မြင်ချက်များ ပေးရန်စည်းမျဉ်းများ

ဦးဆောင်ဆွေးနွေးသူများအတွက် အကြံပြုချက်များ ၊ (အလုပ်သဘောအားဖြင့် ) ပညာရှင်ဆန်ပါ၊ သင်ယူသူတို့သည် သင်၏ ထင်မြင်ချက်များသည် ရိုးသားခြင်း(သို့)မှန်ကန်ခြင်း ရှိ/မရှိကို ကောင်းကောင်းသိနိုင်သည်။

- သင်ယူသူများကို ထင်မြင်ချက် ဘယ်လိုပေးကြမလဲ ။
- ထင်မြင်ချက် နှင့် ဝေဖန်ချက်များ ပေးရန် စည်းမျဉ်းများ
- ကျွမ်းကျင်မှုရှိသော ထင်မြင်ချက်များကို ဘယ်လိုပေးမလဲ ။
- ကောင်းသည့်ထင်မြင်ချက်ဖြင့်စပါ။
- မှတ်ချက်ကောင်းနှင့် မှတ်ချက်ဆိုး နှစ်မျိုးစလုံးပေးပါ ။ ကျွန်ုပ်တို့ယဉ်ကျေးမှုအရ မကောင်းသည်များကိုသာ ဂရုပြုမိကြသည်။ ကျွမ်းကျင်မှုထက် အမှားများကိုသာ အာရုံပြုမိကြသည်။

သို့ရာတွင် လူတို့သည် အားပေးမှုလိုအပ်ပြီး သူတို့သည် တစ်စုံတစ်ခုကို ကောင်းစွာဆောင်ရွက်ကြောင်းပြောဆိုခြင်းဖြင့် သူတို့၏ ဆောင်ရွက်မှုများကို ပို၍ ကောင်းမွန်စေသည်။ အများထောက်ပြသည့် မှတ်ချက်များကိုပေးသည့်အခါတွင် သူ၏ အားသာချက်များပေးခဲ့သည့် မှတ်ချက်များကြားတွင် ညှပ်၍ပြောဆိုရမည်။

- တိကျမှုရှိပါ။

- ဒါအရမ်းကောင်းတာပဲ စသည့် ယေဘုယျဆန်သည့် မှတ်ချက်မျိုးကို ရှောင်ပါ၊ ၎င်းက ဘယ်အချက်က ကောင်းသည်ကို မဖော်ပြပါ။ ထိုသူ၏ ဘယ်ဆောင်ရွက်ချက်ကကောင်းသည်ကို တိတိကျကျဖော်ပြပါ။

- ပုံဖော်ပြပါ။

- သင်တွေ့မြင်၊ ကြားမိသည်များကို ဖော်ပြပါ။
  ဥပမာ - Sudeep ကိုနားထောင်တဲ့အခါမှ သင်သည်ရှေ့အနည်းငယ်စိုက်ပြီး စိတ်ဝင်တစားရှိနေလိမ့်မည်။ ပြီးတော့ အဲ့ဒါက ကျွန်တော်တကယ်ပဲ အဲ့ဒီအထဲရောက်သွားသလိုခံစားရတယ်။

- တခြားနည်းလမ်းကိုလည်းပေးပါ။

- မှတ်ချက်အများပေးရမည်ဆိုလျှင် ထိုသူတခြားဘာလုပ်နိုင်မလဲဆိုသည်ကိုလည်း အကြံပေးပါ။
  ဥပမာ - Mike က Phil နဲ့ ပြဿနာတက်တဲ့အကြောင်းကို ပြောခဲ့တုန်းက မင်းသူ့ကို အကြံဉာဏ် တွေပေးခဲ့တယ်။ သင်ရဲ့ အကြံပြုချက်ကို မပေးခင် တကယ်လို့သင်က အဲ့ဒီပြဿနာနဲ့ ပတ်သက်ပြီး ဘယ်လိုထင်သလဲလို့ မေးခဲ့မယ်ဆိုရင် သူ့ကို အထောက်အကူဖြစ်စေမှာဖြစ်ပါတယ် ။

- သင်ရဲ့တုံ့ပြန်မှုတွေကို တာဝန်ယူပါ

- ကျွန်ုပ်တို့တစ်ဦးစီသည် ကျွန်ုပ်တို့ကိုယ်ပိုင်ခံစားချက်များနဲ့ တုံ့ပြန်မှုများအတွက် တာဝန်ရှိပါတယ်။ ဘယ်သူမှ ကျွန်ုပ်တို့ကိုဒီလိုမခံစားစေရအောင် လုပ်လို့မရပါ။
  ဒါကြောင့် မင်းငါ့ကို တော်တော်စိတ်ဆိုးအောင်လုပ်တာပဲ၊ လို့ မပြောသင့်ပါ။ အဲ့လိုပြောမဲ့အစား. မင်းအဲ့ဒီလိုပြောတုန်းက ကျွန်တော် ခံစားမိတာက……

- နားထောင်သူအတွက်ရွေးချယ်စရာပေးပါ
  ကျွန်ုပ်တို့သည် တစ်စုံတစ်ဦးအတွက် အပြောင်းအလဲကိုလိုလျှင် အတိုက်အခံဆွေးနွေးမှုကို လက်ခံရမည်။ ကျွမ်းကျင်မှုဆိုင်ရာ ထင်မြင်ချက်များပေးသည့်အခါ လူတို့အား သူတို့၏ အချက်အလက်များကို ပေးပြီး ဆောင်ရွက်မည် / မဆောင်ရွက်မှု ဆိုသည့်ရွေးချယ်စရာကိုပေးခြင်းဖြစ်သည်။ မပြောင်းလဲချင်သည့် အကျိုးဆက်များကို ဆွေးနွေးနိုင်သည်။ သို့ရာတွင် ရွေးချယ်မှုကို ထိတွေ့သူတို့နှင့်သာ ဆိုင်သည်။ ကျွန်ုပ်တို့ အပြောင်းအလဲကို အောင်မြင်အောင်မဆောင်ရွက်နိုင်ပေ။

- သင့်အကြောင်းဘာပြောသလဲ စဉ်းစားပါ။

အခြားသူများအား ထင်မြင်ချက်ပေးခြင်းသည် သင့်၏ ကိုယ်ပိုင်ယုံကြည်ချက်များနှင့် တန်ဘိုးများဖြစ်သည်။အချို့သူများသည် သူတို့ကိုယ်တိုင် စိတ်မရှည်မှုကို အခြားသူများအပေါ် သို့ သက်ရောက်ကြသည်။ ဥပမာ စိတ်လိုက်မာန်ပါ လုပ်တတ်သူတစ်ဦးသည် အခြားသူများအား လုပ်ငန်းများကို ကတိုက်ကရိုက်လုပ်ဆောင်စေသည်။
၎င်းမှာ အမြဲရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းမဟုတ်ပေ၊ ထို့ကြောင့် သင်၏ အပြုအမူတွင် အလွဲလွဲပြောဆိုမှုကို ဂရုပြုပါ။

## လုပ်ဆောင်ချက် ၃၊ သင်ယူသူများ၏ ထင်မြင်ချက်များ

| Observation | ပေးမှတ်ကိုဝိုင်းပါ | | | | | |
|---|---|---|---|---|---|---|
| | မှန်/မှား | | | | | |
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁။ ဦးဆောင်ဆွေးနွေးသူက စိတ်ရှည်ပြီး ကူညီတတ်တယ်၊ ကျွန်ုပ်ရှေ့ဆက်မရတဲ့အခါ (သို့) နေးနေတဲ့အခါမှာကူညီတယ် | | | | | | |
| ၂၊ ကျွန်ုပ်တို့မလုပ်ခင်မှာစကားပြောခဲ့လို့ ဦးဆောင်ဆွေးနွေးသူက ကျွန်ုပ်တို့ဘာလုပ်မယ်ဆိုတာကို သိနိုင်တယ် | | | | | | |
| ၃၊ ကျွန်ုပ်တို့လုပ်မယ်လို့သတ်မှတ်ထားတဲ့ အရာတွေကို သင်ယူတဲ့အခါမှာ ရှင်းရှင်းလင်းလင်းမြင်ခဲ့တယ် | | | | | | |
| ၄၊ ကျွန်ုပ်ရှေ့ဆက်မရတဲ့အခါ၊ ဦးဆောင်ဆွေးနွေးသူက လာပြီးတော့ အခက်အခဲကို ကူညီမယ်လို့ ကျွန်ုပ်ယုံကြည်တယ် | | | | | | |
| ၅၊ သူ/သူမ ကျွန်ုပ်ပြောစကားကို ဂရုတစိုက်နားထောင်ပြီး ကျွန်ုပ်ခံစားချက်ကို သိရှိလွယ်တယ်လို့ထင်တယ်. | | | | | | |
| ၆၊ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက အမြဲအာရုံစိုက်ပြီးတော့ အချိန်ပြည့်စိတ်ပါဝင်စားမှုရှိတယ် | | | | | | |
| ၇၊ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက ဒီသင်ခန်းစာ၊ တိုးတက်မှု၊ အခက်အခဲတွေကို ကျွန်ုပ်ဘယ်လိုခံစားရတယ်ဆိုတာ နားလည်မယ်လို့ ကျွန်ုပ်ယုံကြည်တယ်။ | | | | | | |
| ၈၊ သူ/သူမ မေးခွန်းမေးတဲ့အခါတိုင်း ကျွန်ုပ်စဉ်းစားရန် အချိန်ရှိပါတယ်၊ အဖြေကို အလျင်စလိုပေးမိတယ်လို့ မခံစားရပါ။ | | | | | | |
| ၉၊ မေးခွန်းတွေက ရှင်းပါတယ်၊ သင့်လျော်ပါတယ်၊ ပြီးတော့ ကောင်းစွာစီစဉ်ထားပြီး ကျွန်ုပ်သင်ယူဖို့ အကူအညီဖြစ်စေပါတယ်။ | | | | | | |
| ၁၀၊ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက ကျွန်ုပ်ပြောတာတွေကိုနားလည်ဖို့ မေးခွန်းများမေးခြင်း၊ ကျွန်ုပ်ပြောတာတွေပြန်ပြောခြင်း စသည်တို့လုပ်ပြီး အမြဲဂရုစိုက်ပါတယ် ။ | | | | | | |
| ၁၁၊ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက ကျွန်ုပ်ဘယ်လိုခံစားရသလဲ၊ ကျွန်ုပ်ဘာပြောသလဲဆိုတာ နားလည်မယ်လို့ ကျွန်ုပ်ယုံကြည်တယ် ။ | | | | | | |
| ၁၂၊ သူ/သူမက အချက်အလက်တွေ ပေးဖို့တိုက်တွန်းတယ် ။ | | | | | | |
| ၁၃၊ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက အဆုံးပိုင်းကို ဘယ်တော့မှ ကျော်မပြောဘူး။ ပြီးတော့ အချက်အလက်တွေရပြီးမှ ထင်မြင်ချက်ပေးတာမဟုတ်ပါ။ | | | | | | |
| ၁၄၊ ကျွန်ုပ် ပံ့ပိုးမှု အားပေးမှုတွေရပါတယ်၊ပြီးတော့ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက ကျွန်ုပ်စွမ်းရည်အပေါ်မှာ ယုံကြည်မှုရှိဖို့ ပြောပါတယ်။ | | | | | | |
| ၁၅၊ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက ကျွန်ုပ်တို့ဆွေးနွေးမှုတွေကို အကျဉ်းချုပ်ပြောတဲ့အခါမှာ နားထောင်နေတယ်၊ ပြီးတော့ နားလည်တယ်ဆိုတာသိတယ်။ | | | | | | |
| ၁၆၊ မှတ်ချက်တွေက အရေးကြီးပြီးတော့ မျှမျှတတရှိပါတယ်ပြီး ကျွန်ုပ်တိုးတက်ဖို့ စီစဉ်နိုင်ဖို့ အကူအညီဖြစ်ပါတယ် ။ | | | | | | |
| ၁၇၊ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက သင်ခန်းစာတစ်လျှောက်မှာ သက်ဆိုင်ရာအချက်အလက်တွေ ကျွန်ုပ်ဆီက အကုန်ရပြီးပြီလို့ထင်ပါတယ် ။ | | | | | | |
| ၁၈၊ ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူနဲ့ ကျွန်ုပ် ဘာတွေဖြစ်နေတယ်ဆိုတာ ကောင်းကောင်းနားလည်မယ်လို့ ထင်ပါတယ် ။ | | | | | | |
| ၁၉၊ ကျွန်ုပ်တိုးတက်မှုကို ကျွန်ုပ်ဦးဆောင်ဆွေးနွေးသူက ကောင်းကောင်း တုံ့ပြန်ဖြေဆိုပါတယ် ။ | | | | | | |
| ၂၀၊ ဒီဦးဆောင်ဆွေးနွေးသူနဲ့ ထပ်ပြီးအလုပ်လုပ်နိုင်ဖို့ အခွင့်အရေးကို ကျွန်ုပ်အမြဲစောင့်မျှော်နေပါတယ်။ | | | | | | |

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

လုပ်ဆောင်ချက် ၁၊ မိတ်ဆက်ခြင်းနှင့် learning block

| | |
|---|---|
| Learning Blocks | |
| ပတ်ဝန်းကျင် | |
| ဘာသာစကား အခက်အခဲ | |
| အိမ်စာများ မပြီးခြင်း (ကြိုတင် ဖတ်စာများ) | |
| သင်တန်းတက်သူတို့၏ အဆင့် | |
| ယဉ်ကျေးမှု ကွာဟချက် | |

နောက်ဆက်တွဲ ( ၆.၃ ) ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု၊ သင်ယူမှု အတားအဆီးများ

လုပ်ဆောင်ချက် ၂၊ သင်ယူမှု အတားအဆီးများ ကျော်ဖြတ်ခြင်း

ဖြေရှင်းနည်းမှာ အောက်ပါတို့ဖြစ်နိုင်သည်...

| အသင်ယူမှု အတားအဆီးများ | ဖြေရှင်းနည်း |
|---|---|
| ပတ်ဝန်းကျင် | ☛ အားလုံးကိုစစ်ဆေးဖို့ တစ်ရက်ကြိုရောက်ပါ<br>☛ အိမ်ရှင်လက်ခံကျင်းပသူနဲ့ ပထမ ဆွေးနွေးခြင်း<br>☛ အခြားရွေးချယ်မှုများ |
| ဘာသာစကား အခက်အခဲများ | ☛ ပြင်ဆင်ပါ<br>☛ ဘာသာပြန်ထားသော ပစ္စည်းများ |
| ပုဂ္ဂိုလ်ရေး အခက်အခဲများ | ☛ စီမံရေးရာကို အခန်းကဏ္ဍများ သတ်မှတ် ပေးခြင်း<br>သင်တန်းအချိန်အတွင်းပြီးမြောက်ရန်အခက်အခဲ<br>တစ်စုံတစ်ရာရှိလျှင် တစ်စုံတစ်ဦးအား လာရောက်ရန်<br>အကြံပြုပါ |
| အိမ်စာများ မပြီးခြင်း (ကြိုတင်ဖတ်စာများ) | ကြိုတင်ဖတ်စာ၏ အရည်အသွေးကို ကြည့်ပါ<br>ဖတ်စာများကို သင်တန်းအချိန်အတွင်းတွင် ထပ်တလဲလဲ<br>ဖတ်ရမည်။<br>သင်တန်းတွင် ဖတ်ရန်အချိန် ချန်ထားပါ ။<br>အဆိုးဆုံးအခြေအနေအတွက် ပြင်ဆင်ထားပါ ။ |
| သင်တန်းတက်သူတို့၏ အဆင့်များ | ဆွေးနွေးမှုများကို သီးခြားပြုလုပ်ပါ။<br>အဖွဲ့များကို ကြိုတင်ခွဲထားပါ။ |
| ယဉ်ကျေးမှု ကွာဟချက် | အသေးစိတ်ကို သိနိုင်သမျှသိအောင်လုပ်ပါ ။<br>ဘယ်လိုဝတ်ဆင်ရမလဲ ။<br>နေ့လည်စာ ဘယ်အချိန်စားမလဲ၊ ဝက်သားမပါရ ၊ စသဖြင့်... |

Funded by European Union Civil Protection and Humanitarian Aid

PLAN INTERNATIONAL

<u>အကျဉ်းချုပ်</u>

သင်ယူရေးအတားအဆီးများကို ကျော်ဖြတ်ရန် ဦးဆောင်ဆွေးနွေးသူမှ သင်တန်းပေးသည့်နည်းလမ်းများကို မြှင့်တင်ပေးရမည် ။ ဥပမာ -

၁။ VIPP စည်းမျဉ်း

Visualization ပုံဖော်ခြင်း

IN

Participatory ပူးပေါင်းပါဝင်မှု

Program စီမံကိန်း

၂။ Meta ကဒ်ပြားများကို ပါးနပ်စွာအသုံးပြုမှု

ကဒ်ပြားတစ်ခု အကြောင်းအရာတစ်ခု

စကားလုံး (သို့) စကားစု

ကဒ်တစ်ခုတွင် အများဆုံး ၂ ကြောင်း ( ကဒ်အရွယ်အစားပေါ် မူတည်သည်)

ကဒ်ပြားအားလုံးကို လေးစားပါ( အားလုံး၏ကဒ်များကို ပြန်ကြည့်ပါ၊ ဥပမာ ရွက်လှန်ကားချပ် သို့ လာရောက်၍ ဒေါက်တိုင် ၃ ခုဖြစ်စေရန် နေခိုင်းပါ။ )

Funded by European Union Civil Protection and Humanitarian Aid

# Key resources include:

- Comprehensive School Safety Framework:
  *http://gadrrres.net/resources/comprehensive-school-safety-framework*
- Guidance Notes on Safer School Construction:
  *www.ineesite.org/en/disaster-risk-reduction/safer-schools*
- VISUS methodology: a quick assessment for defining safety upgrading strategies of school facilities.
  *www.unesco.org/new/en/natural-sciences/special-themes/disaster-preparedness-and-mitigation/disaster-risk-reduction/safe-educational-facilities/*
- School Safety Index.
  *www.www.ineesite.org/uploads/files/resources/Indice_de_Seguridad_Escolar_ISE_Final.pdf*
- Sendai Framework for DRR 2015-2030
  *http://www.preventionweb.net/files/43291_sendaiframeworkfordrren.pdf*
- Towards Safer School Construction: A community-based approach'
  *http://www.preventionweb.net/english/professional/publications/v.php?id=45179*
- Towards a learning culture of safety and resilience: Technical guidance on DRR in school curricula (UNESCO/UNICEF, 2014)
  *http://unesdoc.unesco.org/images/0022/002293/229336E.pdf*
- Disaster risk reduction in school curricula: Case studies from 30 countries
  *http://unesdoc.unesco.org/images/0021/002170/217036e.pdf*
- Version française : La réduction des risques de catastrophes dans les programmes scolaires: Études de cas concernant trente pays
  *http://unesdoc.unesco.org/images/0023/002303/230303F.pdf*
- Public awareness and public education for disaster risk reduction: key messages (English, French, Spanish, Arabic, Russian)
- Public awareness and public education for disaster risk reduction: a guide (English, Spanish, Arabic, French, Russian)
- Learning and teaching for a sustainable future: A multimedia teacher education program
  *http://www.unesco.org/education/tlsf/*
- Stay safe and be prepared: three-book Compendium on Disaster Risk Reduction (DRR)
- Stay safe and be prepared: a student's guide to disaster risk reduction
  *http://unesdoc.unesco.org/images/0022/002287/228798e.pdf*
- Stay safe and be prepared: a teacher's guide to disaster risk reduction
  *http://unesdoc.unesco.org/images/0022/002289/228963e.pdf*
- Stay safe and be prepared: a parents 's guide to disaster risk reduction
  *http://unesdoc.unesco.org/images/0022/002289/228964e.pdf*

Funded by European Union Civil Protection and Humanitarian Aid

* Climate Change in the classroom: Course for the Secondary Teachers New! (also in Spanish and Portuguese)
  *http://www.unesco.org/new/ccesd*
* Videos
* Video Clip: learning to address Climate change ( also in FR and SP)
  *http://www.unesco.org/archives/multimedia/index.php?s=films_details&pg=33&id=2795 or http://www.youtube.com/watch?v=gQqcm0-zYMc*
* Video Clip: education for Disaster preparedness ( also In FR and SP)
  *http://www.youtube.com/watch?v=USLHmwvpjX8UN Convention on the rights of the child*
* CEDAW
* Useful resources for inclusive DRR and general programming
* These offer technical information for programming, and have lists of further references.
* Malteser International (2013)
* Manual on Disability Inclusive Community-Based Disaster Risk Management
  *http://www.didrrn.net/home/files/9014/0057/9145/EN_TL_Disaster_Risk_Management_2page.pdf.*

Developed in the Vietnam context, but of wider relevance, this manual provides specific tips and recommendations for including people with disability in local level disaster risk management; the suggestions are also applicable to other socially marginalized groups.

* Disability Inclusion in Community Based Disaster Risk Management in Vietnam: Policy Brief. Available upon request: http://www.didrrn.net/home/index.php/resources/. This short document summarises policy development in the Vietnam context.
* CBM (2012)
* Inclusion Made Easy: A quick program guide to disability in development. http://www.cbm.org/Inclusion-Made-Easy-329091.php. This is an introductory guide to mainstreaming disability within development programs. Links to more detailed resources are provided throughout. It is also useful for understanding: where a program is succeeding in providing equal access; opportunities to maximise the contribution people with a disability can make to all development programs; challenges or opportunities; increasing participation and access to development programs; and implementing inclusion strategies.
* CBM International and Disability Inclusive DRR Network for Asia and Pacific (2013)
* Disability Inclusive Disaster Risk Management: Voices from the field and good practices.
  *http://www.preventionweb.net/english/professional/publications/v.php?id=33274.*

This presents examples of 'good practices' in this field, stories of DRM involvement by people with disability, and organisational decisions and impacts on programs.

* Handicap international (no date)
* Disability Check List for Emergency Response.
  *http://www.handicap-international.de/fileadmin/redaktion/pdf/disability_checklist_booklet_01.pdf.*

In addition to general guidelines for the protection and inclusion of injured persons and people with disability in emergencies, it also deals specifically with school accessibility, including considerations for school construction for children with different impairments.

* The Sphere Project (2004)
* Humanitarian Charter and Minimum Standards in Humanitarian Response: the Sphere Handbook. http://www.sphereproject.org/handbook/. This is an internationally recognised sets of common principles and universal minimum standards for delivery of good humanitarian responses. It is not owned by one organisation, so is widely accepted by the humanitarian sector as a whole.
* Australian Aid (formerly AusAID), Department of Foreign Affairs and Trade (2013)
* Accessibility Design Guide: Universal Design Principles for Australia's Aid Program, January 2013, Registration Number 13. http://aid.dfat.gov.au/Publications/Pages/accessibilty-design-guide.aspx. This publication offers rationale and concrete suggestions for building designs that are more likely to be accessible for people with disability.

